၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၁၁)၊ အမှတ်(၆) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက် ၊ ကြာသပတေး၊ (မေ ၁၂ ၊ ၂၀၁၂)

# အစိုးရသစ် ပထမဆုံးဘဏ္ဍာနှစ် ကုန်သွယ်မှုပမာဏ စံချိန်တင်

**အောင်သူရ** **ရန်ကုန်၊ မေ-၅**

အစိုးရသစ်လက်ထက်ပထမဆုံးဘဏ္ဍာနှစ်ဖြစ်သော ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင်ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၈ဒသမ ၁၅ဘီလီယံ ရရှိခဲ့ကာ အများဆုံးအဖြစ် စံချိန်သစ်တင်ခဲ့ကြောင်း စီးပွားကူးသန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အကြံပေးစီးပွားရေးပညာရှင် ဒေါက်တာမောင်မောင်အောင်ကပြောသည်။

ထိုကုန်သွယ်မှုတွင် ပို့ကုန်မှ ၉ဒသမ ၀၉ ဘီလီယံနှင့် သွင်းကုန်မှ ၉ ဒသမ ၀၅၃ ဘီလီယံရရှိခဲ့ပြီး ပို့ကုန်တွင် လယ်ယာထွက်ကုန်နှင့် ရေထွက်ပစ္စည်းတို့ သိသိသာသာတိုးလာခဲ့ကြောင်း ဒေါက်တာမောင်မောင်အောင်က ဆိုသည်။

စာ(၁၂)သို့

**မကြာမီကျရောက်တော့မည့် မြန်မာ့ရိုးရာသင်္ကြန်အခါသမယနှင့် မြန်မာနှစ်သစ် ၁၃၇၄ခုနှစ်တွင် မြန်မာနိုင်ငံ ပြည်သူပြည်သားအပေါင်း ကျက်သရေမင်္ဂလာခညောင်းစွာဖြင့် လိုရာဆန္ဒပြည့်ဝပါစေကြောင်း 7Day News ဂျာနယ်မိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်**

# ဘန်ကီမွန်း မြန်မာနိုင်ငံသို့ မေ ၂၉ လာမည်

**ရန်ကုန်၊ မေ - ၅**



ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း မြန်မာနိုင်ငံသို့ မေ ၂၉ရက်တွင် လာရောက်မည်ဖြစ်ကြောင်း ကုန်သည်/စက်မှု အသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ဘန်ကီမွန်းလာရောက်လျှင် တွေ့ဆုံရန် ကုန်သည်/စက်မှုအသင်းချုပ်ရှိ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အသင်းဝင်များနှင့် ယင်းအဖွဲ့အစည်းမှ လူ ၁၀၀ကျော်ကို တွေ့ဆုံရန် စာရင်း ကောက်ယူနေကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။ ဘန်ကီမွန်းမှာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဖြစ်ပြီးနောက် မြန်မာနိုင်ငံသို့ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီး နှစ်ကြိမ်နှင့် ၂၀၀၉ ခုနှစ်တွင် တစ်ကြိမ် စုစုပေါင်း သုံးကြိမ်လာရောက်ဖူးသည်။

SPECIAL REPORT

## လွှတ်တော်သို့ ဒေါ်အောင်ဆန်းစုကြည် ရောက်သွားသောအခါ...

**အားမာန်၊ အောင်သူရ**

ဒီမိုကရေစီအရေးအတွက် နှစ်ပေါင်း ၂၀ကျော်အခက်အခဲပေါင်းစုံကို ရင်ဆိုင်ကျော်လွှားခဲ့ပြီးနောက်တွင်ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်သည် ယခုအခါလွှတ်တော်သို့ရောက်ရှိသွားပြီဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဒီမိုကရေစီအရေးတွက် ကြိုးပမ်းခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှကိုယ်စားလှယ်၄၀ကျော်မှာလည်း လွှတ်တော်အသီးသီးသို့ ရောက်ရှိသွားပြီဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီချုပ်ကိုယ်စားလှယ်များ လွှတ်တော်အတွင်းသို့ရောက်ရှိလာခြင်းမှာ မြန်မာ့ဒီမိုကရေစီအရေးအတွက် မည်ကဲ့သို့သော အဓိပ္ပာယ်ဆောင်ပြီး နိုင်ငံ့အနာဂတ်အတွက် မည်သို့ဖြစ်လာနိုင်သည် ဆိုသည်မှာ အထူးစိတ်ဝင်စားစရာကောင်းလှသည်။**အချပ်ပို(B)သို့**



ဒေါ်အောင်ဆန်းစုကြည်နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU)၏ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ဧပြီ၈ရက်နံနက်ပိုင်းက တွေ့ဆုံဆွေးနွေးပြီးနောက် တွေ့ရစဉ် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီချုပ်ကိုယ်စားလှယ်များ လွှတ်တော်တက်ရန် ပြင်ဆင်နေပြီ

## လွှတ်တော်တွင် အလုပ်ကြိုးစားသော ကိုယ်စားလှယ်များကြောင့် အားတက်မိကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြောကြား . . .

**အောင်သူရ** **ရန်ကုန်၊ မေ - ၈**

ကျင်းပနေသောလွှတ်တော်အစည်းအဝေးများတွင်အလုပ်ကြိုးစားသော လွှတ်တော်ကိုယ်စားလှယ်များကြောင့် အားတက်မိကြောင်းဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကပြောကြားသည်။

"အန်တီ့အမြင်မှာတော့တကယ့်ဒီမိုကရေစီ ၁၀၀ ရာခိုင်နှုန်းရတဲ့ နိုင်ငံတွေက လွှတ်တော် တွေအတိုင်းတော့ မဟုတ်သေးပေမယ့်လည်း

စာ(၁၂)သို့

## ပြည်ခိုင်ဖြိုးက ကန့်ကွက်တော့မည်

**အိဖြူလွင်၊ ဥက္ကာကိုကို**
**ရန်ကုန်၊ မေ - ၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်သုံးခုမှ တင်သွင်းလာသော ရွေးကောက်ပွဲဥပဒေစည်းကမ်းနှင့် မညီညွတ်ကြောင်း ကန့်ကွက်လွှာ ၁၂၃ စောင်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့သွားမည်ဖြစ်ကြောင်း... စာ(၂)

**ရေတွင်းသန့်ရှင်းရေးလုပ်စဉ် အောက်ဆီဂျင်ပြတ်၍ ရဟန်းတစ်ပါးပျံလွန်ပြီး လူတစ်ဦးကွယ်လွန်**
သတင်းအပြည့်အစုံ-စာ(၅)သို့



7 DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012

# ပြည်ခိုင်ဖြိုးက ကန့်ကွက်လွှာ ၁၂၃ စောင်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့မည်ဟုဆို

**အိဖြူလွင်၊ ဉက္ကာကိုကို**
**ရန်ကုန်၊ ဧပြီ - ၆**



ကြားဖြတ်ရွေးကောက်ပွဲတွင် NLD အပြတ်အသတ်အနိုင်ရရှိခဲ့၍ ပျော်ရွှင်နေကြသော ပြည်သူများ။ ဓာတ်ပုံ - ဇေယျာမောင်မောင်(အမရပူရ)
ပြည်ခိုင်ဖြိုးမှတာဝန်ရှိသူအချို့က ဒီချုပ်ထောက်ခံသူအချို့၏ အောင်ပွဲခံမှုမှာ ဘောင်ကျော်သည်ဟုထင်ကြသည်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးခုမှတင်သွင်းလာသော ရွေးကောက်ပွဲဥပဒေစည်းကမ်းနှင့် မညီညွတ်ကြောင်း ကန့်ကွက်လွှာ ၁၂၃ စောင်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ တာဝန်ရှိသူများကပြောသည်။

ထို့အပြင် ရွေးကောက်ပွဲအပြီး အောင်ပွဲခံမှုများသည် နှစ်ဖက်ပါတီကြား ရုန်းရင်းဆန်ခတ်ဖြစ်မှုကိုဦးတည်စေသည်ဟု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်အချို့က ဧပြီ၆ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

"ဒီလိုဖြစ်တာဟာ တည်ငြိမ်အေးချမ်းမှုကို ထိခိုက်နိုင်တာပေါ့ဗျာ။ အောင်ပွဲမခံရဘူးလို့ မဆိုလိုပါဘူး။ ပျော်လို့ အောင်ပွဲခံတာလည်း ခံတာပေါ့။ ကျွန်တော်တို့က ငြိမ်းငြိမ်းချမ်းချမ်းဖြစ်ချင်တဲ့အတွက် ကျွန်တော်တို့လူကို ကျွန်တော်တို့ထိန်းသိမ်းတယ်။ တစ်ဖက်ကလည်း သူတို့လူတွေကို ထိန်းသိမ်းမှာပဲလို့ ကျွန်တော်တို့ယုံကြည်ပါတယ်"ဟု ဦးအောင်သိန်းလင်းက ရွေးကောက်ပွဲအပြီး အနိုင်ရပါတီ၏ အောင်ပွဲခံမှုများနှင့်ပတ်သက်၍ပြောသည်။

"ရွေးကောက်ပွဲတွေကနောင်မှာလည်း လုပ်ကြရဦးမှာပဲ။ ကြားဖြတ်ရွေးကောက်ပွဲတွေ ရှိဦးမယ်။ ငါးနှစ်တစ်ကြိမ်လုပ်တဲ့ ရွေးကောက်ပွဲတွေရှိဦးမယ်။ အဲဒီပွဲတွေမှာလည်း စည်းနဲ့ကမ်းနဲ့ဖြစ်ဖို့ရည်ရွယ်တာပါ။ ဘယ်ပါတီကို ကန့်ကွက်တယ်ဆိုတာမဟုတ်ပါဘူး။ ကျွန်တော်တို့က ဖြစ်စဉ်ကိုပဲ ကန့်ကွက်တာပါ။ အဲဒီဖြစ်စဉ် မှန်၊မမှန်ကို သက်ဆိုင်ရာတာဝန်ရှိသူတွေက ဖော်ထုတ်မှာပေါ့ဗျာ" ဟု ဦးအောင်သိန်းလင်းက ထပ်လောင်း ပြောကြားသွားသည်။

ကော့မှူးမြို့နယ် မဲဆန္ဒနယ်မှ ပြည်ခိုင်ဖြိုးပါတီကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်သူ ဒေါက်တာစိုးမင်းကလည်း "ကျွန်တော်တို့ ပြည်ခိုင်ဖြိုး မြို့နယ်ရုံးရှေ့မှာ ခွပ်ဒေါင်းအကျႌဝတ်လာပြီး အားလုံးကို ကျေးဇူးတင်ပါတယ်ဆိုပြီး လာပြောကြတာမျိုး၊ ရုံးရှေ့မှာ အလံကို လာယမ်းပြတာမျိုးတွေလုပ်ပါတယ်။ **စာ(၁၂)သို့**

## အသေးစားချေးငွေလုပ်ငန်းလိုင်စင် အဖွဲ့ ၁၆ဖွဲ့ကို ထုတ်ပေးထား

**ထူးသန့်**
**နေပြည်တော်၊ ဧပြီ - ၅**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို အထောက်အကူပြုနိုင်သည့် အသေးစားချေးငွေလုပ်ငန်းလိုင်စင်များ ထုတ်ပေးလျက်ရှိရာ ဥပဒေ ထုတ်ပြန်ပြီးနောက် ယနေ့အထိ အဖွဲ့၁၆ဖွဲ့ကိုလုပ်ငန်းလိုင်စင်ထုတ်ပေးထားပြီးဖြစ်ကြောင်း သမဝါယမဝန်ကြီးဌာနမှညွှန်ကြားရေးမှူးဦးဆွေတင့်က ပြောကြားသည်။

"ပြီးခဲ့တဲ့လမတ်လ ၂၆ရက်ကပဲ အစည်းအဝေးထိုင်ပြီးအဖွဲ့ ၁၆ဖွဲ့ကိုလုပ်ငန်းလိုင်စင်ထုတ်ပေးလိုက်တယ်။ ကျန်တဲ့၃ဖွဲ့ကိုတော့ လိုအပ်တဲ့ အချက်အလက်လေးတွေထပ်တောင်းထားတယ်" ဟု လိုင်စင်ချထားပေးခြင်းနှင့်ပတ်သက်၍ ၎င်းကပြောသည်။

နိုင်ငံအနှံ့ရှိ အဆိုပါ အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်လိုသူများအနေဖြင့်ဒေသအသီးသီးရှိသက်ဆိုင်ရာဌာနများမှလည်းကောင်း၊ နေပြည်တော်တွင် လာရောက်လျှောက်ထား၍လည်းကောင်း လုပ်ငန်းလိုင်စင်များ လျှောက်ထားရယူနိုင်ကာ လုပ်ငန်းလိုင်စင်ကို ရက်ပေါင်း ၃၀ အတွင်း ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းပြုလုပ်နိုင်ကြောင်းလည်းသိရသည်။

နေပြည်တော်ကောင်စီနယ်မြေ ငကောင်းကန်ကျေးရွာမှ လယ်သမားတစ်ဦးကလည်း "အတိုးနှစ်ကျပ်ခွဲနှုန်းလောက်နဲ့ရတဲ့ အဲဒီလိုလုပ်ငန်းတွေ ကျွန်တော်တို့ဆီမှာလည်း ရှိစေချင်တယ်။ မဟုတ်ရင် လယ်စိုက်ချိန်ရောက်ရင် ရှိတာပေါင်၊ ပွဲရုံက အတိုး(၁၅ ရာခိုင်နှုန်း)နဲ့ယူပြီးအရင်းအနှီးလုပ်ရတာ အရမ်းနစ်နာတယ်"ဟု လယ်သမားများ၏ အခြေအနေကို ပြောဆိုသည်။

အဆိုပါလုပ်ငန်းလိုင်စင်လျှောက်ထားလိုသူများအနေဖြင့် တည်ဆဲဥပဒေများအရ ဖွဲ့စည်းထားသော အဖွဲ့အစည်း တစ်မျိုးမျိုးဖြစ်ရန်လိုကြောင်း ဦးဆွေတင့်က ထပ်မံရှင်းလင်းပြောကြားသည်။



# လားရှိုးမြို့နယ်တွင် ဥပဒေနှင့်မညီသော ကြိုတင်မဲ ၉၉၁ မဲကို ပယ်ချခဲ့

ဥက္ကာကိုကို၊ သန်းဌေး

လားရှိုး၊ ဧပြီ- ၃

ဥပဒေနှင့်ညီညွတ်ခြင်း မရှိသော ကြိုတင်မဲများအား ပြတ်ပြတ်သားသား ပယ်ချခဲ့ကြောင်း လားရှိုးမြို့နယ်ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးစိုင်းဇော်မင်းက 7Day News သို့ ပြောသည်။

"ကျွန်တော်တို့က ကြိုတင်မဲဆိုရင် မခွဲခြားဘူး။ မဲဆန္ဒရှင်လို့ပဲ သတ်မှတ်တယ်။ ဥပဒေနဲ့မညီရင် ပယ်ရမှာပဲ။ ဥပဒေနဲ့မညီတာကို လက်ခံလိုက်ရင် ကျွန်တော်တို့မှာ အပြစ်ရှိတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။



*အကြိုတ်အနယ်အဖြစ်ဆုံး မဲဆန္ဒနယ်တစ်ခုဖြစ်သော ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ရွေးကောက်ပွဲအပြီး မဲပုံးများအား ကော်မရှင်ရုံးသို့ သယ်ဆောင်လာစဉ်*

ဓာတ်ပုံ-ဥက္ကာကိုကို

ယခု ကြားဖြတ်ရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မဲဆန္ဒနယ်အမှတ်(၃)အတွင်းရ ရှိလာသော မဲစာရင်းတွင် လားရှိုးမြို့နယ်မှ ရောက် ရှိလာသော ကြိုတင်မဲစုစုပေါင်း ၂,၃၄၃ မဲအနက်မှ ၉၉၁ မဲအား ပယ်ချခဲ့သည်။

အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၃)အတွက် လားရှိုး၊ သိန္နီ၊ တန့်ယန်း၊ မိုင်းရယ်၊ ကွမ်းလုံမြို့နယ်တို့ပါဝင်ခဲ့ပြီး ကြိုတင်မဲမဟုတ်သည့်ပယ်မဲများမှာလည်း သိန္နီတွင် ၂,၁၅၃ မဲ၊ တန့်ယန်းမြို့နယ်တွင် ၃,၇၇၈ မဲ၊ မိုင်းရယ်မြို့နယ်တွင် ၂,၀၆၉ မဲ၊ကွမ်းလုံမြို့နယ်တွင် ၆၈၄ မဲတို့ရှိကြောင်း စာရင်းများအရ သိရသည်။

အဆိုပါရှမ်းပြည်နယ်မြောက်ပိုင်း အမျိုးသားလွှတ်တော်နေရာအတွက် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီများအသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြရာ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ကိုယ်စားလှယ်လောင်း ဦးစိုင်းစံမင်းက ၂၆ ဒသမ ၅၃ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့သည်။

# သမ္မတနှင့် ကေအင်န်ယူပထမဆုံးအကြိမ်တွေ့ဆုံရာတွင် မတရားအသင်းကြေညာထားခြင်းနှင့်ကိစ္စ ဆွေးနွေး

အောင်သူရ

ရန်ကုန်၊ ဧပြီ - ၈

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU) တို့ ပထမဆုံးအကြိမ်တွေ့ဆုံစဉ် မတရားအသင်းကြေညာထားခြင်းအရေးကိစ္စကို ဆွေးနွေးခဲ့ကြောင်း KNU အထွေထွေအတွင်းရေးမှူး နော်စီဖိုးရာစိန်က ပြောသည်။

"ဒီမတရားအသင်းကိစ္စနဲ့ပတ်သက်လို့ငြိမ်းချမ်းရေးအကောင်အထည်ဖော်ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်တစ်လျှောက်လုံးမှာ ဒီမတရားအသင်းဆိုတာကြီးက အန္တရာယ်လည်းဖြစ်တယ်၊ ကြောက်စရာလည်းဖြစ်တယ်၊ တိုင်းသူပြည်သားတွေအတွက်လည်း စိုးရိမ်စရာဖြစ်တဲ့အတွက် ဒီကိစ္စကိုစဉ်းစားပေးဖို့ သမ္မတကြီးနဲ့ ဆွေးနွေးခဲ့ပါတယ်"ဟု နော်စီဖိုးရာစိန်က ရှင်းပြသည်။

ရန်ကုန်မြို့သို့ ရောက်ရှိနေသော KNU အဖွဲ့သည် ဧပြီလ ၇ ရက် နံနက် ၈ နာရီအချိန်ခန့်တွင် စင်းလုံးငှားလေယာဉ်ဖြင့် နေပြည်တော်သို့ သွားရောက်ကာ သမ္မတဦးသိန်းစိန်နှင့် တစ်နာရီကြာတွေ့ဆုံခဲ့ကြသည်။ ထိုကဲ့သို့ တွေ့ဆုံပြီးနောက် သမ္မတအပေါ် ထားရှိသော သဘောထားအားမေးကြည့်ရာ "တကယ်ပဲတိုင်းပြည်ရဲ့ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကိုအကောင်အထည်ဖော်ဖို့အတွက် သမ္မတကြီးမှာ ဆန္ဒရှိပါတယ်"ဟု အထွေထွေအတွင်းရေးမှူးက မှတ်ချက်ပြုသည်။

လက်ရှိKNU အပါအဝင်အပစ်အခတ်ရပ်စဲရေး ဆွေးနွေးနေသော အဖွဲ့အစည်းများအား မတရားအသင်းအဖြစ် ကြေညာထားပြီး အဆိုပါအသင်းများနှင့်ဆက်သွယ်ပါက ပုဒ်မ-၁၇(၁)ဖြင့် ထောင်ဒဏ်ငါးနှစ်ကျခံရနိုင်သည်။ ကရင်အမျိုးသားအစည်းအရုံး(KNU) အဖွဲ့သည် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ဧပြီလ ၅ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေး ပါတီအချို့နှင့်ပါ တွေ့ဆုံခဲ့ကြပြီး ဧပြီလ ၇ ရက်တွင် ယင်းတို့၏ ဌာနချုပ်သို့ ပြန်သွားခဲ့ကြသည်။






7 DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012

## CRIME မှုခင်းသတင်း CORNER

### ဖောက်ပြန်သည့် ဇနီးကို သတ်ပြီး ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်

**ကျော်ဇေယျ**

**နေပြည်တော်၊ ဧပြီ- ၄**

အိမ်ထောင်ရေးဖောက်ပြန်သည့် ဇနီးသည်အား ဓားဖြင့် အသေထိုးသတ်ပြီး မိမိကိုယ်မိမိပါ အဆိုပါဓားဖြင့် ပြန်ထိုးသတ်ကာ သေကြောင်းကြံစည်သည့်ဖြစ်ရပ်တစ်ခု မတ်လ ၂၆ရက်က နေပြည်တော် ပျဉ်းမနားတွင်ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မတ်လ ၂၆ရက် ည ၁၀နာရီ၄၅ မိနစ်အချိန်ခန့်က နေပြည်တော်ပျဉ်းမနားမြို့ ကင်ပွန်းတန်းအုပ်စု၊ တပ်ပိုးရွာတွင် ခိုက်ရန်ဖြစ်ပွားမှုဖြစ်ပွားကြောင်း သတင်းအရ ပျဉ်းမနားရဲစခန်းမှ တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ မသန်းသန်းထိုက်(၂၈နှစ်)သည် ယာဘက်ရင်ဘတ်၌ စူးဝင်ဒဏ်တစ်ချက်နှင့် ၎င်း၏ ခင်ပွန်း တင်ထွန်းအောင်(၃၆နှစ်) ဝမ်းပိုက်ချက်အောက် တစ်လက်မခန့်မှာ ဓားရိုးမပါ စတီးဓားတစ်လက် စူးဝင်နေကြောင်း တွေ့ခဲ့ရသည်ဟုဆိုသည်။

၎င်းတို့နှစ်ဦးအား ဆိုက်ကားဖြင့် ပျဉ်းမနား ခုတင် ၂၀၀ ဆေးရုံသို့ တင်ပို့စဉ် လမ်းခုလတ်တွင် မသန်းသန်းထိုက်မှာ ရရှိထားသောဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး ၎င်း၏ခင်ပွန်း တင်ထွန်းအောင်မှာမူ အသက်ရှင်ကျန်ရစ်ခဲ့သည်ဟုသိရသည်။

သက်ဆိုင်ရာက စစ်ဆေးရာ တင်ထွန်းအောင်မှာ ဇနီးသည်ဖြစ်သူက လူမှုရေးဖောက်ပြန်သဖြင့် စတီးဓားဖြင့် ထိုးသတ်ကာ မိမိကိုယ်မိမိလည်း ပြန်လည်သေကြောင်းကြံစည်ခဲ့ကြောင်း ထွက်ဆိုခဲ့သည်။ တင်ထွန်းအောင် (၃၆ နှစ်) အား နေပြည်တော် ပျဉ်းမနား ရဲစခန်း (ပ)၁၉၃/ ၂၀၁၂ ဥပဒေ ပုဒ်မ ၃၀၂(လူသတ်မှု)အရ လည်းကောင်း၊ နေပြည်တော် ပျဉ်း မနားရဲစခန်း(ပ)၁၉၄/ ၂၀၁၂ဥပ ဒေပုဒ်မ ၃၀၉ (မိမိကိုယ်ကို မိမိ သေကြောင်းကြံစည်မှု)အရလည်းကောင်း အသီးသီးအမှုဖွင့်ထားကြောင်းသိရသည်။

### သမီးယောက်ဖချင်းရိုက်ရာမှ လူသေမှုဖြစ်

**ကျော်ဇေယျ**

**နေပြည်တော်၊ ဧပြီ- ၄**

ခင်ပွန်းဖြစ်သူနှင့် မောင်ဖြစ်သူ ရန်ဖြစ်ပြီးရိုက်နှက်ကြရာမှ ခင်ပွန်း သေဆုံးခဲ့ရကြောင်း သိခဲ့ရ၍ လာရောက်တိုင်တန်း အမှုဖွင့်ခဲ့သော ဖြစ်ရပ်တစ်ခု ယခုလ ၃ရက်က နေပြည်တော်ပျဉ်းမနားတွင် ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဧပြီလ ၃ ရက် နံနက် ၇ နာရီမိနစ် ၃၀ အချိန်ခန့်က တရားလိုဖြစ်သူ ဒေါ်ခင်ဝင်းကြည်သည် ယမန်နေ့ညက ယောက္ခမနေအိမ်သို့ အိပ်စက်ပြီး မနက်ပိုင်းတွင် ရန်အောင်(၂)ရပ်ကွက်ရှိ ဆောက်လုပ်ရေးဝင်းလိုင်းခန်းသို့ ပြန်လာရာ အပေါင်းအသင်းများ၏ပြောပြချက်အရ ယင်း၏ ခင်ပွန်း၏ အိမ်ဘက်တွင် ဆူပူသံများကြားရကြောင်းသိရသည်။ ဒေါ်ခင်ဝင်းကြည်လည်း အခန်းသို့ပြန်လာပြီး တံခါးဖွင့်သောအခါ ယင်း၏ခင်ပွန်း ဦးစိုးသန်း(၅၃နှစ်) သည် အိမ်ထဲ၌ ရိုက်ပုတ်ထားသော ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရသည်ဟုဆိုသည်။

ထိုအခါဒေါ်ခင်ဝင်းကြည်ကလည်း ထိုဖြစ်စဉ်ကိုမောင်ဖြစ်သူ ဝဏ္ဏာအောင်(၂၆နှစ်)ထံ မေးမြန်းရာ ဧပြီ ၂ ရက် ည ၁၁နာရီအချိန်ခန့်က ဝဏ္ဏာအောင်နှင့် ဦးစိုးသန်းတို့စကားများပြီး ဝဏ္ဏာအောင် က ဦးစိုးသန်းအား ရိုက်နှက်ခဲ့ကြောင်း သိရှိရသည်ဆို၏။

ဝဏ္ဏာအောင်ကိုနေပြည်တော်ပျဉ်းမနားရဲစခန်း(ပ)၂၀၆/ ၂၀၁၂ ဥပဒေပုဒ်မ ၃၀၂ (လူသတ်မှု)အရ အမှုဖွင့်ထားကြောင်း သိရသည်။

# ရန်ကုန်တွင် ညပိုင်း မီးမပြတ်တော့ဟုဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဧပြီ - ၆**

ရန်ကုန်မြို့တွင် ဧပြီလ ၆ရက်မှစ၍ နေ့စဉ်ညနေ ၅နာရီမှ နံနက် ၅ နာရီထိ ညပိုင်းလျှပ်စစ်မီးအပြည့်ပေးသည့်စနစ်ကို စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဥက္ကဋ္ဌဦးအောင်ခိုင်ကပြောသည်။

ထိုသို့ လျှပ်စစ်မီးပေးပုံစနစ်ပြောင်းလဲလိုက်သောကြောင့် ရန်ကုန်မြို့နေ ပြည်သူများမှာ သုံးရက်လျှင် တစ်ရက် ၂၄ နာရီ လျှပ်စစ်မီးရရှိမည်ဖြစ်ပြီး ကျန်နှစ်ရက်တွင် ၁၈ နာရီစီ ရရှိမည်ဖြစ်သည်။

ယခုကဲ့သို့ ရန်ကုန်မြို့ကို လျှပ်စစ်မီးပေးနိုင်ရန် နယ်ဒေသများရှိ မလိုအပ်သော ဓာတ်အားသုံးစွဲမှုများကို လျှော့ချသွားခြင်းနှင့် စက်မှုဇုန်များကို ညပိုင်းလျှပ်စစ်မီးပေးဝေမှု ရပ်နားထားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယခု စမ်းသပ်ပေးဝေနေသော လျှပ်စစ်မီးဝေမှုပုံစံကို ဆက်လက်ပေးဝေနိုင်ရန်နှင့် ယခုထက်ပို၍ အချိန်တိုးမြှင့်ပေးနိုင်ရန်အတွက် ရွှေလီရေအားလျှပ်စစ်စက်ရုံမှ ဝယ်ယူထားသော တာဘိုင်စက်နှစ်လုံးမှ ၁၈၀ မဂ္ဂါဝပ်အထိ တိုးမြှင့်ရရှိရန် ညှိနှိုင်းဆောင်ရွက်နေကြောင်းသိရသည်။ အဆိုပါဓာတ်အားများကို ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးဝေရေးအတွက်သာ သုံးစွဲသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

"ရန်ကုန်မှာ ဂတ်စ်မရလို့ ရပ်ထားတဲ့ တာဘိုင်ငါးလုံးရှိတယ်။ အဲဒီ ငါးလုံး လည်နိုင်ဖို့ ဂတ်စ်ရအောင် စွမ်းအင်ဝန်ကြီးဌာနကို တောင်းထားတယ်။ အဲဒါတွေ လည်နိုင်ရင် ၆၉ မဂ္ဂါဝပ်တိုးထုတ်နိုင်မယ်"ဟုလည်း ဦးအောင်ခိုင်က ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၀ နှင့် ၂၀၁၁ ခုနှစ်တို့၏ နွေရာသီများတွင် အချိန်ပြည့် လျှပ်စစ်မီး ပေးဝေနိုင်ခဲ့သော်လည်း ယခုနှစ်တွင် အချိန် ပိုင်းဓာတ်အားပြတ်တောက်ရခြင်းမှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု တိုးမြှင့်နိုင်ခြင်းမရှိဘဲ သုံးစွဲမှု ယခင်နှစ်များကထက် ၁၉ ရာခိုင်နှုန်းအထိတက်လာ၍ဖြစ်ကြောင်းလည်း ၎င်းကဆိုသည်။

"ရန်ကုန်မြို့ကို ၂၄ နာရီ လျှပ်စစ်မီးပေးဖို့ ဓာတ်အားမလုံလောက်တာက မတ်လဆန်းကတည်းက ဖြစ်နေတာ။ ရန်ကုန်မြို့အစွန်မှာရှိတဲ့ မြို့နယ်တွေကို မသိမသာမီးဖြတ်နေခဲ့ရတယ်။ နောက်ပိုင်းဘယ်လိုမှမတတ်နိုင်တဲ့ အဆုံး ဒီစနစ်ကို ကျင့်သုံးလိုက်ရတာ"ဟု ဒုတိယဥက္ကဋ္ဌဦးမောင်မောင်လတ်ကပြောသည်။

လက်ရှိ ရန်ကုန်မြို့၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ အများဆုံး ၆၂၂ မဂ္ဂါဝပ်ရှိပြီး အနည်းဆုံး ၃၀၂ ဒသမ ၉၀ မဂ္ဂါဝပ်ရှိသောကြောင့် ပျမ်းမျှ ၄၈၅ ဒသမ ၃၀ မဂ္ဂါဝပ်သုံးစွဲနေသည်။

စက်မှုဇုန်များ၏ သုံးစွဲမှုမှာ အများဆုံး ၈၀ ဒသမ ၇၅ မဂ္ဂါဝပ်ရှိပြီး အနည်းဆုံး ၄၄ ဒသမ ၆၀ မဂ္ဂါဝပ်သုံးစွဲနေ၍ ပျမ်းမျှ ၂၇ မဂ္ဂါဝပ်သုံးစွဲမှုရှိသည်။

ပြည်သူအများစုကမူ ရန်ကုန်ကဲ့သို့နယ်ကိုပါလျှပ်စစ်မီး တိုးပေးစေလိုကြောင်း ပြောကြသည်။

## နိုင်ငံခြားသားတစ်ဦးလျှင် ဒေါ်လာတစ်သောင်းအထိ ပြည်တွင်းသို့ လွတ်လပ်စွာ ယူဆောင်ခွင့်ပြု

**ပြည်သိမ်း**

**ရန်ကုန်၊ ဧပြီ-၅**

နိုင်ငံခြားသားများ အမေရိကန်ဒေါ်လာတစ်သောင်းထိ အကောက်အခွန်ဦးစီးဌာနတွင် ကြေညာခြင်းမပြုဘဲ ပြည်တွင်းသို့ ဧပြီ ၁ ရက်မှစတင်၍ ယူဆောင်ခွင့်ပြုကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ တရားဝင် သတင်းထုတ်ပြန်သည်။

ယခင်က နိုင်ငံခြားသားများ ပြည်တွင်းသို့ ကန်ဒေါ်လာ ၂၀၀၀ အထက်ကို ယူဆောင်လိုပါက လေဆိပ်ရှိအကောက်အခွန်ဦးစီးဌာနတွင် တရားဝင်ကြေညာရသည်။ ဒေါ်လာ ၂,၀၀၀ အထက် ယူဆောင်လာသည့် ဒေါ်လာတစ်ရွက်ချင်း၏ နံပါတ်ကိုလည်း အကောက်ခွန်ဦးစီးဌာနသို့ စာရင်းသွင်းပေးရသဖြင့် စိတ်အနှောင့်အယှက်ဖြစ်ခြင်းနှင့်နှောင့်နှေးကြန့်ကြာမှုများရှိကြောင်း သမဝါယမဘဏ်လီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးဖေမြင့်ကပြောသည်။

"ဒီလိုလုပ်လိုက်တော့ နိုင်ငံခြားငွေလဲနှုန်းတည်ငြိမ်တာပေါ့။ ပြီးတော့အစိုးရကို နိုင်ငံခြားငွေဝင်မှုပိုရလာနိုင်တယ်"ဟု ဦးဖေမြင့်က ရှင်းပြသည်။

စာ(၁၂)သို့



ရန်ကုန်မြို့လယ်တစ်နေရာ၌တွေ့ရသော ကမ္ဘာလှည့်ခရီးသွားနှစ်ဦး

## အရည်အသွေးနိမ့် ဆန်တန် ၇၀၀အတွက် ဈေးလျှော့ပေးရန် အင်ဒိုနီးရှားတောင်းဆို

**ပြည်သိမ်း**

**ရန်ကုန်၊ ဧပြီ-၅**

အင်ဒိုနီးရှား နိုင်ငံတော် ဆန်စပါးရောင်းဝယ်ရေးအဖွဲ့မှ အရည်အသွေးလိုအပ်ချက်ရှိသည့် ဆန်တန်ချိန် ၇၀၀ အတွက် တစ်တန်လျှင် ကန်ဒေါ်လာ ၂၅ ဈေးလျှော့ပေးရန် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းသို့တောင်းဆိုထားကြောင်း သတင်းရရှိသည်။

မတ်လဆန်းက အင်ဒိုနီးရှားနိုင်ငံ နိုင်ငံတော်ဆန်စပါးဝယ်ယူရေးအဖွဲ့က မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ ဆန်တန်ချိန် ၅ မှတ် ဆန်(အကျိုးအကြေ ၅ ရာခိုင်နှုန်းပါဆန်) တစ်တန်လျှင် ကန်ဒေါ်လာ ၄၈၀ ဖြင့် ဝယ်ယူခဲ့သည်။ တန်ချိန် ၅,၀၀၀ တွင် အရည်အသွေးမမီသော ဆန်တန်ချိန် ၇၀၀ ပါဝင်ခဲ့သည်။

"သူတို့ဘက်ကတော့ တစ်တန်ကို ကန်ဒေါ်လာ ၂၅ တောင်းတယ်။ အသင်းကတော့ ဒေါ်လာ ၂၀ လျှော့ပေးဖို့ ကမ်းလှမ်းထားတယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ရှင်းပြသည်။

အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့ခဲ့သည့် ဆန်တန်ချိန် ၅,၀၀၀ ကို မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ ကြီးကြပ်ပြီး ပြည်ပဆန်တင်ပို့သူများ စုပေါင်းတင်ပို့ခဲ့ခြင်းဖြစ်သည်။

"စုပေါင်းပြီးပါက ကိုယ့်ပစ္စည်းရဲ့ အရည်အသွေးကို မထိန်းနိုင်လို့ အခုလို စစချင်း ပြဿနာကြုံရတာ။ ဒါကောင်းဖို့ဆိုရင် ကိုယ့်အရည်အသွေးကို ကိုယ်အာမခံနိုင်ရမယ်"ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ ဥက္ကဋ္ဌ ဦးချစ်ခိုင်က မတ်လဆန်းက နွေစပါးအရန်ဆန်ဝယ်ယူရေး တွေ့ဆုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

ယင်းအခြေအများကြောင့် အင်ဒိုနီးရှားနိုင်ငံသို့ ထပ်မံဆန်တင်ပို့ရာတွင် တင်ဒါစနစ်ဖြင့် အရည်အသွေးကောင်းပြီး ဈေးသက်သာသူများထံမှသာ ဝယ်ယူတင်ပို့မည်ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ အတွင်းရေးမှူး ဦးရဲမင်းအောင်က ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံတော်ဆန်စပါးဝယ်ယူရေးအဖွဲ့ Perum Bulog သည်မြန်မာနိုင်ငံမှ တန်းမြင့်ဆန်ကို တစ်နှစ်အတွင်း တန်ချိန်နှစ်သိန်းဝယ်ယူရန် ဇန်နဝါရီ ၂၈ ရက်က မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းနှင့် နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးခဲ့သည်။ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းက အင်ဒိုနီးရှားနိုင်ငံသို့ လစဉ်ဆန်တန်ချိန် ၁၅,၀၀၀ ခန့် တင်ပို့ရန် စီစဉ်ထားပြီး ဝယ်ယူမည့် ဆန်များမှာ ညှော်မထအုပ်စုဝင် ၅ မှတ်၊ ၁၀ မှတ်စသည့် တန်းမြင့်ဆန်များဖြစ်သည်။

# စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အဆင့်သုံးဆင့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု သမ္မတပြောကြား

**ကိုကိုကြီး**

**ရန်ကုန်၊ ဧပြီ - ၆**

မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်သုံးဆင့်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ရည်မှန်းထားကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ယခုလ ၆ ရက်တွင်ပြောကြားသည်။

သမ္မတဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ Ministry of Knowledge Economy မှ ဒုတိယဝန်ကြီးမစ္စတာ Cho Seok ဦးဆောင်သော စီးပွားရေးလုပ်ငန်းရှင်များအား ယခုလ ၆ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနတွင်တွေ့ဆုံစဉ် အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

အလုပ်အကိုင်များ ဖန်တီးပေးနိုင်မည့် ယခုကဲ့သို့ စက်ရုံများတည်ထောင်ပြီး ပထမအဆင့်အနေဖြင့်စက်မှုကဏ္ဍဖွံ့ဖြိုးလာရန် ဆောင်ရွက်သွားရန်ရှိကြောင်း နိုင်ငံတော်သမ္မတက ပြောကြားသည်။

လက်ရှိတွင် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်းကြောင့် မြန်မာနိုင်ငံသားသုံးသန်းနီးပါးသည့် ကိုရီးယား၊ စင်ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံများတွင် သွားရောက်လုပ်ကိုင်လျက်ရှိကြောင်း၊ ကိုရီးယားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ပြည်တွင်း စက်ရုံတစ်ရုံလျှင် လုပ်သားအင်အားတစ်ထောင်ခန့်လိုအပ်သည့်စက်ရုံ၁၀ရုံတည်ထောင်မည်ဆိုပါက

စာ(၁၂)သို့



နိုင်ငံတော်သမ္မတနှင့် ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ တွေ့ဆုံစဉ်

# ရေတွင်းသန့်ရှင်းရေးလုပ်စဉ် အောက်ဆီဂျင်ပြတ်၍ ရဟန်းတစ်ပါးပျံလွန်ပြီး လူတစ်ဦးကွယ်လွန်

**နိုင်ကြီး(ကသာ)**

**ကသာ၊ ဧပြီ - ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၊ ပေါမမြိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ၂၇ ပေနက်သော ရေတွင်းအား ဆယ်ယူသန့်ရှင်းကြရာမှ အောက်ဆီဂျင်ပြတ်လပ်၍ ဦးပဥ္စင်း တစ်ပါး ပျံလွန်တော်မူပြီး လူတစ်ဦးကွယ်လွန်သွားခဲ့ကြောင်းသတင်းရရှိသည်။

ဖြစ်စဉ်မှာ နွေရာသီကာလရောက်ပြီဖြစ်၍ ဧပြီလ ၁ရက်တွင် ရေတွင်းအတွင်း၌ ရေနည်းလာပြီဖြစ်သောကြောင့် အမှိုက်များ ဆယ်ယူသန့်ရှင်းခြင်း၊ ရေထွက်ပေါက်များအား ကောင်းမွန်လာစေရန်အတွက် ကုသိုလ်ဖြစ်ကူညီပေးကြသူ ကိုအောင်လွင်နှင့် ဦးပဥ္စင်း ဦးစန္ဒောတို့နှစ်ဦး ရေတွင်းထဲ အောက်ဆီဂျင်ပြတ်လပ်မှုနှင့် ကြုံတွေ့ခဲ့သည်။

ဖြစ်စဉ်မှာ ဧပြီလ ၁ရက် မွန်းလွဲ ၂ နာရီ မိနစ် ၃၀ အချိန်တွင် ကသာမြို့နယ်၊ ပေါမမြိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း အနောက်ဘက် ၂၇ ပေအနက်ရှိသောရေတွင်းအား ပြန်လည်တူးဖော်ဆယ်ယူသန့်ရှင်းကြရာ ဟွန်ဒါလက်ဆွဲရေစုပ်စက်ငယ်အား ရေတွင်းထဲသို့ ထည့်သွင်းပြီး ရေကို စုပ်ထုတ်ခဲ့ကြသည်ဟုဆိုသည်။

ရေခန်းချိန်တွင် ပေါမမြိုင်ကျေးရွာတွင်နေထိုင်သူကိုအောင်လွင်က တွင်းထဲဆင်း၍ အောက်ခြေကို သန့်ရှင်းခြင်း၊ အမှိုက်များဆယ်ယူခြင်းတို့ကို လုပ်ဆောင်ပေးစဉ် ၁၀ မိနစ်အကြာ ရေတွင်းအောက်ခြေ၌ မှောက်ခုံလဲကျသွားခဲ့သည်။ ၎င်းအားကူညီကယ်ဆယ်ရန် ထိုကျောင်းမှ ဦးပဥ္စင်း ဦးစန္ဒောက ရေတွင်းထဲသို့ ဆင်းသက်ပြီး သတိလစ်လဲကျသွားသူကိုအောင်လွင်ကို ရေတွင်းပေါ်သို့ ရောက်ရှိသွားစေရန် ကယ်ဆယ်နေချိန်အတွင်း ဦးပဥ္စင်း ဦးစန္ဒောပါ ရေတွင်းနံရံကို မှီပြီးလဲကျသွားခဲ့သည်။

ကိုအောင်လွင်နှင့် ဦးပဥ္စင်း ဦးစန္ဒောတို့အား ကူညီကယ်ဆယ်ရန်အတွက် ဦးတင်ထွန်းမင်း၊ ကိုဝင်းမင်း၊ ကိုထွန်းမြင့်၊ ကိုဖိုးသေးတို့က ကြိုးပမ်းခဲ့ကြသည်။

ကနဦး အောက်ဆီဂျင်ပြတ်လပ်မှုကြောင့် သတိလစ်လဲကျခဲ့သူများဖြစ်ကြသော ကိုအောင်လွင်နှင့် ဦးပဥ္စင်း ဦးစန္ဒောတို့အား ကသာခရိုင် ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြရာ ဆေးရုံကြီးရောက်ချိန်တွင် အသက်မရှိတော့ဟု ဆိုသည်။

ထိုဖြစ်ရပ်ကို သုံးသပ်ပြောဆိုကြရာ ရေတွင်းအတွင်း အင်ဂျင်ကိုထည့်သွင်း၍ မောင်းနှင်ရေစုပ်ထုတ်သောကြောင့် မီးခိုးငွေ့များ ရှူရှိုက်မိကာ ဤကဲ့သို့ဖြစ်ရသည်ဟုဒေသခံများကပြောဆိုကြသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ကသာ ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်စောစိုးမိုးက (ပ)၄/ ၂၀၁၂ သေမှုသေခင်းဖြစ်စဉ်အရစုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012


# ယခုနှစ် ရန်ကုန်သင်္ကြန် ရေကစားမဏ္ဍပ်များမည်

ကျော်သီဟ

**ရန်ကုန်၊ ဧပြီ - ၆**

ရန်ကုန်မြို့တွင် ယခုနှစ် သင်္ကြန် ရေကစားမဏ္ဍပ်ကြီးများ ယခင်နှစ်များကထက် ပိုများမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ဒီနှစ် သင်္ကြန်မှာ ပေ ၅၀ နဲ့ ပေ ၁၀၀ ကြား ရေကစားမဏ္ဍပ်ကြီးတွေမှာ ဧပြီ ၆ ရက်အထိ ၇၁ ခုရှိတယ်။ ထပ်တိုးပြီး လျှောက်ထားလာနိုင်သေးတယ်။ ကျွန်တော်တို့ဆီက မဏ္ဍပ်ပါမစ်ကို စနေ၊ တနင်္ဂနွေပါ ချထားပေးတယ်။ နောက်ဆုံး ရုံးဖွင့်ရက်အထိ အလုပ်လုပ်ပေးသွားမှာပါ"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာန ဒုတိယဌာနမှူးကပြောသည်။




**ကန်တော်ကြီးပတ်လမ်းတွင် ဆောက်လုပ်ဆဲရေကစားမဏ္ဍပ်များ** ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပေ ၅၀ မှ ပေ ၁၀၀ ကြားကို အကြီးဆုံးရေကစားမဏ္ဍပ်ဟု သတ်မှတ်ထားသည်။ လမ်းတံတားအခွန်အဖြစ် ပေ ၅၀ မှ ပေ ၁၀၀ ကြား မဏ္ဍပ်ကြီးမှာ ကျပ်ငါးသောင်း၊ ၂၅ ပေမှ ပေ ၅၀ ကြား မဏ္ဍပ်အလတ်မှာ ကျပ်သုံးသောင်းနှင့် ၂၅ပေအောက်မဏ္ဍပ်အငယ်မှာ ကျပ်နှစ်သောင်း ဖြစ်သည်။ ဟိုတယ်နှင့် ကုမ္ပဏီများ၏ မဏ္ဍပ်များအတွက်မူ လမ်းတံတားအခွန် ကျပ်ခုနစ်သောင်း စသဖြင့် အသီးသီးသတ်မှတ်ထားသည်။ ရန်ကုန်တွင် ၂၅ ပေမှ ပေ ၅၀ကြား ရေကစားမဏ္ဍပ်အလတ်မှာ ဧပြီလ ၆ ရက် အထိ ၃၄ ခုနှင့် မဏ္ဍပ်အငယ်မှာကိုးခုဆောက်လုပ်ခွင့်ပြုပြီးဖြစ်သည်။

ရေကစား မဏ္ဍပ်များမှာ ကန် တော်ကြီးပတ်လမ်းတွင် ၂၃ ခု၊ ဒဂုံမြို့နယ်တွင် သုံးခု၊ ပါရမီလမ်းတွင် နှစ်ခု၊ ပြည်လမ်းတွင် ငါးခု၊ ဆရာစံလမ်း၊ စက်မှု(၁)လမ်း၊ ကမ္ဘာအေးဘုရားလမ်းတို့တွင် ၁၈ ခု၊ မရမ်းကုန်းတစ်လျှောက်တွင် ၁၈ ခု၊ စက်ရုံလမ်းတွင် တစ်ခု၊ ကမ်းနားလမ်းတွင် တစ်ခု၊ ရောဝတီလမ်းတွင် တစ်ခု စသဖြင့် မဏ္ဍပ်ကြီးများ တည်ရှိသွားမည် ဖြစ်သည်။ ယခင်နှစ်က ရန်ကုန်တစ်မြို့လုံးတွင် သင်္ကြန်မဏ္ဍပ်စုစုပေါင်း ၃၃ ခု တည်ဆောက်ခဲ့သည်။

# ရန်ကုန်တွင် သင်္ကြန်တွင်း အချိန်အကန့်အသတ်ဖြင့် ရေပေးမည်

ကျော်သီဟ

**ရန်ကုန်၊ ဧပြီ - ၅**

သင်္ကြန်ကာလအတွင်း ရန်ကုန်ပြည်သူများအား ရေပေးဝေမှုကို အချိန်အကန့်အသတ်ဖြင့် ခွင့်ပြုသွားမည်ဖြစ်ကြောင်း မြို့တော်စည်ပင်၊ ရေနှင့်သန့်ရှင်းမှုဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သင်္ကြန်ကာလအတွင်းပြည်သူများ ရေပြတ်လပ်မှုမရှိစေရန် အကျနေ့၊ အကြတ်နေ့နှင့် အတက်နေ့တို့တွင် တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်နှင့် ရန်ကုန်ဆေးရုံကြီးတို့တွင် ၂၄ နာရီရေပေးဝေမည်ဟုဆိုသည်။ ကျောက်တံတား၊ ပန်းပဲတန်း၊ လသာ၊ လမ်းမတော်၊ ဗဟန်းနှင့် ဒဂုံမြို့နယ်များတွင် နံနက် ၇နာရီမှ ၁၁ နာရီအထိတစ်ကြိမ်၊ ညနေ ၃ နာရီမှ ၆ နာရီအထိ တစ်ကြိမ်၊ တစ်နေ့ နှစ်ကြိမ်ခွဲ၍ ရေပေးဝေမည်ဖြစ်ပြီး အလုံ၊ ကြည့်မြင်တိုင် နှင့် စမ်းချောင်းမြို့နယ်တို့တွင် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရေပေးဝေသွားမည်။

မင်္ဂလာဒုံ၊ အင်းစိန်၊ မရမ်းကုန်း၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သဃ်ာန်းကျွန်း၊ သာကေတ၊ ဒေါပုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း၊ တောင်ပိုင်း၊အရှေ့ပိုင်း)မြို့နယ်များအား မူလရေပေးဝေချိန်အတိုင်းပေးဝေမည်ဖြစ်ကြောင်းနှင့် နှစ်ဆန်းတစ်ရက်နေ့တွင် မြို့နယ်အားလုံးရေပေးဝေမှု မူလအချိန်အတိုင်းပေးဝေသွားမည်ဖြစ်သည်။

သတ်မှတ်ရေပေးဝေချိန်တွင် အရေးပေါ် ရေပိုက်ပြင်ဆင်နိုင်ရန် (ရေနှင့်သန့်ရှင်းမှုဌာနမှ) ဖုန်း- ၂၄၉၆၅၅၊ ၂၄၃၅၅၀၊ ၃၈၂၉၈၉၊ ၃၈၂၉၉၀၊ ၆၆၀၃၄၀ တို့အား ပြည်သူများ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

# သင်္ကြန်တွင်း ကန်ပတ်လမ်း တစ်လမ်းမောင်းစနစ် ကျင့်သုံးမည်

ကျော်သီဟ

**ရန်ကုန်၊ ဧပြီ - ၆**

သင်္ကြန်ကာလအတွင်း ရေကစားမဏ္ဍပ်များတည်ရှိရာ ကမ္ဘာအေးဘုရားလမ်းနှင့်ကန်တော်ကြီးကန်ပတ်လမ်းအား တစ်လမ်းမောင်းစနစ်ဖြင့်သာ မောင်းနှင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီလမ်းတံတားဌာနမှ ဒုတိယ ဌာနမှူးကပြောသည်။

"ကမ္ဘာအေးဘုရားလမ်းကို မြို့ထဲဘက်နဲ့ ဆရာစံလမ်း၊ တက္ကသိုလ်ရိပ်သာလမ်းက ဝင်ခွင့်ပြုမယ်။ ကမ္ဘာအေးဘုရားလမ်းက ဝင်လို့မရဘူး။ တစ်လမ်းမောင်းစနစ်ပဲ သုံးသွားမှာ။ ကန်တော်ကြီးကိုဦးထောင်ဘိုလမ်းကဝင်ပြီး ကိုယ့်မင်းကိုယ့်ချင်းလမ်းဘက်က ပြန်ထွက်ရမယ်။ အဲဒီနေရာနှစ်ခုကိုတော့ တစ်လမ်းမောင်းစနစ်ပဲ ဝင်ခွင့်ပြုထားတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ထို့အပြင် ပြည်လမ်းမှာ လမ်းမကျယ်၍ နှစ်လမ်းသွားခွင့်ပြုသွားမည်ဖြစ်ပြီး ရန်ကုန်-အင်းစိန်လမ်းပိုင်းအား အများပြည်သူအရေးပေါ်အသုံးပြုရန်ထားရှိသွားမည်ဖြစ်သည်။

ထို့အပြင် သင်္ကြန်မဏ္ဍပ်များအတွက် စည်းကမ်းချက်များမှာ ယခင်နှစ်များက ၃၈ ချက် ရှိခဲ့ရာမှ ယခုနှစ် ၂၀၁၂ သင်္ကြန်တွင် ၂၅ ချက်အထိ လျှော့ချသတ်မှတ်ခဲ့သည်။

၂၀၁၀ ပြည့်နှစ်က ဗုံးပေါက်ကွဲခဲ့သော $X_2O$ မဏ္ဍပ်နေရာတွင် သင်္ကြန်ရေကစားမဏ္ဍပ်ချထားပေးသွားမည်မဟုတ်ဘဲ အကြောင်းရင်းမှာ သိမ်ဖြူကားမောင်းဝင်းရှိ သင်္ကြန်မဏ္ဍပ်ရေဝင်ခြင်းကြောင့် ယင်းနေရာအစား နေရာသစ်တစ်ခုချထားပေးသွားမည်ဖြစ်သည်။ ထို့အပြင် သင်္ကြန်မဏ္ဍပ်များပေးသွင်းသောအခွန်ငွေဖြင့် သင်္ကြန်ကာလအတွင်း ပျက်စီးသွားသော ပလက်ဖောင်းများ၊ မြောင်းများ၊ ပန်းအလှပင်များအားလမ်းတံတားဌာနမှ ပြန်လည်ပြင်ဆင်သွားမည်ဖြစ်ကြောင်း ယင်းဌာနမှသတင်းရရှိသည်။

မဏ္ဍပ်များ၏ လုံခြုံရေးနှင့် စီစီတီဗီ(လုံခြုံရေးကင်မရာ)တပ်ဆင်ရန်၊ မြန်မာ့ရိုးရာသင်္ကြန်အား မြန်မာဆန်ဆန် ရေကစားမဏ္ဍပ်များ အမည်ပေးရန် စသည်တို့ညွှန်ကြားထားကြောင်း သတင်းရရှိသည်။

# သင်္ကြန်ရေကစားမဏ္ဍပ်များအတွက် ယာယီရေပိုက်ဆက်သွယ်ခ ပြောင်းလဲ



**၂၀၁၁ရန်ကုန်သင်္ကြန်** ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ကျော်သီဟ

**ရန်ကုန်၊ ဧပြီ - ၅**

သင်္ကြန်ရက်အတွင်း ရေကစားမဏ္ဍပ်များတွင် ရေဆက်သွယ်အသုံးပြုခနှုန်းအား ယခုနှစ်၌ ကျပ်နှစ်သောင်း တိုးမြှင့်လိုက်ကြောင်း မြို့တော်စည်ပင် ရေနှင့်သန့်ရှင်းမှုဌာနမှ သတင်းရရှိသည်။

"ဒီနှစ် ထူးခြားတာက ရေသုံးစွဲတဲ့ ရေကစားမဏ္ဍပ်တွေကို ရေခွန် ကျပ်နှစ်သောင်းမြှင့်လိုက်တာပဲ။ အရင်က ကော်မတီပိုင် ရေပိုက်လိုင်းတွေကို ကျပ်ခြောက်သောင်း၊ အခု ကျပ်ရှစ်သောင်းကနေ အဆင့်ဆင့် နှစ်သောင်းစီတက်သွားတာပါ"ဟုအဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးကရှင်းပြသည်။

ရေအသုံးပြုခ တိုးမြှင့်ကောက်ခံမှုမှာ ရေသုံးစွဲမှု ပိုမိုစနစ်ရှိစေရန်ဖြစ်သည်ဟု ဆိုသည်။ ထို့အပြင် ရေကစားမဏ္ဍပ်များ ခွင့်ပြုမိန့်မရှိဘဲ ကော်မတီပိုင် ရေပိုက်လိုင်းများ၊ အင်းလျားကန်၊ ကန်တော်ကြီးကန်နှင့် အခြား မြေစိုက်ကန်များမှ ရေပိုက်ကိုဆက်သွယ်၍ ရေကစားခြင်းမပြုရန်နှင့် ကော်မတီပိုင် မီးသတ်ပိုက်ခေါင်းများမှ ရေကစားခြင်း လုံးဝမပြုလုပ်ရန် တားမြစ်ကြောင်း ယင်းဌာနမှထုတ်ပြန်ထားသည်။

ရေကစားမဏ္ဍပ်များ ယာယီရေဆက်သွယ်ခွင့် ပေးသွင်းရမည့်နှုန်းများမှာ ကော်မတီပိုက်ဖြင့် ဆက်သွယ်ပါက တစ်လက်မမှ တစ်လက်မခွဲအထိ ပိုက်တစ်ချောင်းအတွက် ၈၀,၀၀၀ ကျပ်၊ နှစ်လက်မပိုက်ဖြင့် ဆက်သွယ်အသုံးပြုပါက ၁၂၀,၀၀၀ ကျပ်နှင့် အင်းလျား၊ ကန်တော်ကြီးမှ ရေကိုရယူပါက သုံးလက်မပိုက်အတွက် ကျပ် ၂၂၀,၀၀၀ ဖြစ်သည်။

ယခုနှစ် သင်္ကြန်တွင် ရေသုံးစွဲမှုမှာ ပြီးခဲ့သည့်နှစ်များကထက် ပိုမိုနိုင်ကြောင်း မြို့တော်စည်ပင် ရေနှင့် သန့်ရှင်းမှုဌာနမှ တာဝန်ရှိသူတစ်ဦးက ဆက်လက်ပြောသည်။

"ပြီးခဲ့တဲ့နှစ် သင်္ကြန်က လေးရက်၊ ဒီနှစ် တစ်ရက်ပိုလာတော့ ရေပိုကုန်မယ်" ဟု မြို့တော်စည်ပင်ရေနှင့် သန့်ရှင်းမှုဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ပြီးခဲ့သည့်နှစ် သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့၏ ရေပက်မှုအဓိကကျသော အင်းလျားကန်၊ ကန်တော်ကြီးများမှ ရေစုပ်ယူသုံးစွဲမှုပမာဏမှာ ကန်တော်ကြီးတွင် သင်္ကြန်ကာလလေးရက်အတွင်း ရေပြင်ညီ ခုနစ်လက်မအထိ လျော့ကျခဲ့ပြီး ရေဂါလန် သန်းပေါင်း ၂၄ ဒသမ ၄၁ နှင့် အင်းလျားကန်တွင် သင်္ကြန်လေးရက်အတွင်း သင်္ကြန်မဏ္ဍပ်များသုံးစွဲမှုမှာ ရေပြင်ညီ ၃ ဒသမ ၅ လက်မအထိလျော့ကျခဲ့သည်။ ရေဂါလန် သန်းပေါင်း ၇၆ ဒသမ ၂၃ သန်းအား သင်္ကြန်ကာလတွင် သုံးစွဲခဲ့သည်ဟု အထက်ပါဌာန၏ တွက်ချက်မှုများအရသိရသည်။

ယခုနှစ်သင်္ကြန်မှာစုစုပေါင်းငါးရက်ဖြစ်၍ ပြီးခဲ့သည့် နှစ်များကထက် ရေသုံးစွဲမှု ပိုလာနိုင်ကြောင်းနှင့် သင်္ကြန်ကာလတွင် ရေကစားမဏ္ဍပ်များ၏ ရေသုံးစွဲမှုတွင် မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၂ နာရီအထိ ရေကစားမှု ခေတ္တပိတ်သိမ်းပေးထားရမည်ဟုထုတ်ပြန်ထားသည်။



မြန်မာနိုင်ငံတွင် သွယ်တန်းဖောက်လုပ်နေသော တရုတ်ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းမှုလုပ်ငန်းခွင်တစ်ခု ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# သတ္တုနှင့် သဘာဝဓာတ်ငွေ့ တူးဖော်သည့်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ကိုရီးယား စီစဉ်

**ကိုကိုကြီး**

**ရန်ကုန်၊**
**ဧပြီ - ၆**

ကိုရီးယားနိုင်ငံက မြန်မာနိုင်ငံတွင် သတ္တုတူးဖော်သည့်လုပ်ငန်း၊ သဘာဝဓာတ်ငွေ့ ထုတ်လုပ်သည့် လုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်ရှိကြောင်း သတင်းရရှိသည်။

ကိုရီးယားမှ Lotte ကုမ္ပဏီသည်လုပ်ငန်းစတင်လည်ပတ်နိုင်ရန် ဧပြီလမှ စတင်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်လယ်ပိုင်းတွင် လုပ်ငန်းစတင်စီမံခန့်ခွဲမည့်လုပ်ငန်းကိုစတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ ၎င်းကုမ္ပဏီသည် အစားအသောက်ထုတ်လုပ်သည့် လုပ်ငန်း၊ ဆောက်လုပ်ရေး၊ ပို့ကုန်သွင်းကုန်လုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ရှိကြောင်း KOTRN မှသတင်းထုတ်ပြန်သည်။

၂၀၀၀ပြည့်နှစ်တွင် စတင်ဝင်ရောက်လာသည့် ဒေဝူးနိုင်ငံတကာကုမ္ပဏီသည်လည်းပြည်တွင်းသဘာဝဓာတ်ငွေ့ထုတ်လုပ်သည့် လုပ်ငန်းများကို ဆက်လက်တိုးချဲ့လုပ်ကိုင်သွားရန် ရှိကြောင်း သိရသည်။

ထို့ပြင် ၂၀၁၃ မှ ၂၀၁၅ ခုနှစ် ကာလကြားတွင် သတ္တုတူးဖော်ရေးလုပ်ငန်းကို Korea Institute of Geoscience and Mineral Resources (KIGAM) က စတင်လုပ်ကိုင်ရန် ရည်မှန်းထားကြောင်း၊ ကိုရီးယား-မြန်မာနှစ်နိုင်ငံကြားတွင် အစိုးရချင်းပူးပေါင်းဆောင်ရွက်ရန်အတွက် ကိုရီးယားမှ KIGAM နှင့် DGSE (Department Geological Survey and Mineral Exploration) တို့ပူးပေါင်းဆောင်ရွက်ရန်ရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံမှ သတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အစီအစဉ်ရှိကြောင်းသိရပြီး ကိုရီးယားအခြေစိုက် Woori ဘဏ်သည်လည်း ဗဟိုဘဏ်ထောက်ပံ့မှုရပါက ဝင်ရောက်လုပ်ကိုင်ရန်ရှိကြောင်း သိရသည်။

# မြစ်ဆုံစီမံကိန်း လုံးဝရပ်နားထားကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းပြောကြား

**အောင်သူရ** **ရန်ကုန်၊ ဧပြီ - ၆**

ဧရာဝတီမြစ်ဆုံစီမံကိန်းကိုလုံးဝရပ်နားထားကြောင်း အမှတ်(၁)လျှပ်စစ်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက ဧပြီလ ၆ ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်များအား ပြောကြားခဲ့သည်။

"မြစ်ဆုံနဲ့ပတ်သက်လို့သမ္မတကြီးက လွှတ်တော်မှာ သဝဏ်လွှာပို့ပြီး ရပ်ဆိုင်းထားဖို့ကြေညာခဲ့တယ်။ အစိုးရအကြီးအကဲသမ္မတ၊ လွှတ်တော်မှာ ဆုံးဖြတ်ထားတဲ့ကိစ္စကို ဝန်ကြီးဌာန က ဆက်လုပ်စရာမရှိပါဘူး။ လုံးဝရပ်ဆိုင်းထားပါတယ်"ဟု ဦးဇော်မင်းကပြောကြားခဲ့သည်။

သို့သော် စီမံကိန်းစတင်ခဲ့သည်မှာ နှစ်အနည်းငယ်ကြာမြင့်ခဲ့သဖြင့် ရွှေ့ပြောင်းရခက်သော ပစ္စည်းများအား စောင့်ရှောက်ရန် လုံခြုံရေးတစ်ဖွဲ့သာရှိပြီး ထိုပစ္စည်းများအား ပြန်ထုတ်ရန် အစီအစဉ်ရှိကြောင်းလည်း ၎င်းက ထပ်လောင်းရှင်းပြခဲ့သည်။

မကြာသေးမီက အင်တာနက်ပေါ်တွင် ပျံ့နှံ့နေသော မြစ်ဆုံစီမံကိန်းနှင့်ပတ်သက်၍ CPIကုမ္ပဏီ ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးပို့သောစာ၌ပါသော စာသားအသုံးအနှုန်းမှာ လွဲမှားနေသဖြင့် သံသယဖြစ်စရာရှိကြောင်း တရုတ်-မြန်မာအရေး လေ့လာသူ ရွှေလီမြို့တွင် နေထိုင်သူတစ်ဦးက မှတ်ချက်ပေးသည်။

ရပ်ဆိုင်းခဲ့သော ဧရာဝတီမြစ်ဆုံစီမံကိန်းအား ပြန်လည်စတင်ရန်မျှော်လင့်ကြောင်း CPI ဥက္ကဋ္ဌက မတ်လဒုတိယပတ်က ပြောကြားခဲ့ကြောင်း တရုတ်နိုင်ငံထုတ်သတင်းစာများတွင်ဖော်ပြထားသည်။

ဧရာဝတီမြစ်ဆုံစီမံကိန်းအား အမှတ်(၁)လျှပ်စစ်ဝန်ကြီးဌာနနှင့် CPI ကုမ္ပဏီတို့က ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံ အကုန်ကျခံကာ ၂၀၀၆ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၉ ခုနှစ် တွင်စတင်ခဲ့သည်။

ရွေးကောက်ပွဲအပြီး တက်လာသော အစိုးရသစ်၏ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၂၀၁၁ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ၎င်းတို့အစိုးရသက်တမ်းအတွင်း ဧရာဝတီမြစ်ဆုံစီမံကိန်းအား ရပ်ဆိုင်းထားရန် လွှတ်တော်သို့ သဝဏ်လွှာပေးပို့ခဲ့သည်။



# Home

7Day News Journal
Vol.11, No.6 • APRIL 12 , 2012

## ၂၀၁၂ ဧပြီ ၁၀မှ ၁၆ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်မုန်တိုင်းအခြေနေ**

ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၊ မြောက်ပိုင်းနဲ့ ကပ္ပလီပင်လယ်ပြင်တွေမှာ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်မှာ တိမ်အနည်းငယ်သာ ဖြစ်ထွန်းနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ လှိုင်းအနည်းငယ်သာ ရှိနိုင်ပါတယ်။ အများဆုံးဖြစ်ပေါ်နိုင်တဲ့ လှိုင်းအမြင့်ဟာ ၁ ပေမှ ၁ပေခွဲခန့် အထိသာရှိနိုင်ပါတယ်။ မိုးတိမ်တောင်များဖြစ်ပေါ်စဉ်လေပြင်းတိုက်ခတ်မှုကြောင့်ခေတ္တခဏမျှလှိုင်းအသင့်အတင့်ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

ပြီးခဲ့တဲ့ မတ်လ(၃၁)ရက်မှ ဧပြီလ(၇)ရက်နေ့အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများနဲ့ တောင်ပိုင်းဒေသတွေမှာမိုးရေချိန် ၀. ၈ လက်မမှ ၁. ၄ လက်မအထိ မိုးထစ်ချုန်းရွာသွန်းခဲ့ပြီး၊ ကျန်ဒေသအများအပြားမှာ မိုးရေချိန် ၀. ၄ လက်မမှ ၀. ၈ လက်မအထိ မိုးထစ်ချုန်းရွာသွန်းခဲ့ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

ခန့်မှန်းကာလအတွင်းမြန်မာနိုင်ငံမြောက်ပိုင်းဒေသတွေမှာမိုးထစ်ချုန်းရွာသွန်းနိုင်ပါတယ်။ မိုးရွာသွန်းနိုင်မှု ခန့်မှန်းချက်အနေနဲ့ကတော့ ကချင်ပြည်နယ်မြောက်ပိုင်း၊စစ်ကိုင်းတိုင်းအထက်ပိုင်း ချင်းပြည်နယ်မြောက်ပိုင်းဒေသကြီးတွေမှာ(၅)ရက်ခန့်၊တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်တွေမှာ(၃)ရက်ခန့်နဲ့ ကျန်ဒေသတွေမှာတော့(၁)ရက်ခန့် မိုးအနည်းငယ် ထစ်ချုန်းရွာသွန်းနိုင်ပါတယ်။

**မိုးတိမ်တောင်များဖြစ်ပေါ်နိုင်မှုအခြေအနေ**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ တွင်(၅-၇)ရက်ခန့်၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်ဆို့တွင်(၂-၃)ရက်ခန့်၊ ကျန်ဒေသများတွင်(၁-၂)ရက်ခန့် မွန်းလွဲညနေပိုင်း အချိန်အခါများတွင် မိုးတိမ်တောင်များဖြစ်ပေါ်မှုကြောင့် ထစ်ချုန်းမယ့်အခြေအနေများကို ဖြစ်ပေါ်နိုင်ပါသည်။ အဆိုပါကာလများတွင် မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း အပြင်လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးကြိုးပစ်ခြင်းတို့ကို အထူးဂရုစိုက်ရန်လိုအပ်ပါမယ်။

**နေ့အပူချိန်များအခြေအနေ**

မြန်မာနိုင်ငံ အလယ်ပိုင်း၊ မြေလတ်ပိုင်း၊ မြစ်ဝကျွန်းပေါ် ဒေသများနဲ့ တောင်ပိုင်းဒေသများမှာ အပူချိန်များ အနည်းငယ်မြင့်တက်နေဆဲဖြစ်သော်လည်း တိမ်များဖြစ်ပေါ်နေမှာဖြစ်တဲ့အတွက် အပူကို လျော့ပါးနေစေမှာဖြစ်ပါတယ်။ ဒါကြောင့်အပူချိန်တွေဟာ အထူးသဖြင့်မြန်မာနိုင်ငံတောင်ပိုင်း၊ မြစ်ဝကျွန်းပေါ်နဲ့ မြေလတ်ပိုင်း ဒေသတွေမှာဖြစ်မြဲအောက်လျော့နည်းနိုင်ပြီး၊ အပူဒဏ်သက်သာရာရနိုင်ပါတယ်။ ကျန်ဒေသတွေမှာတော့ အများအားဖြင့် ဖြစ်မြဲခန့်သာ ရှိနိုင်ပါတယ်။ နေ့အပူချိန်နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံကို (၄)ပိုင်းခွဲခြားပြောနိုင်ပါတယ်။ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းတွေမှာ 38-40 deg C၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ကချင်ပြည်နယ် အနောက်ပိုင်း၊ မွန်ပြည်နယ်။ ကယားပြည်နယ်၊ ချင်းပြည်နယ် ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတွေမှာ 36-37 deg C၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရှမ်းပြည်နယ်တွေမှာ 27-28 C၊ ကချင်ပြည်နယ်မြောက်ပိုင်းစွန်း ဒေသတွေမှာ 22-23 deg C ရှိနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်တို့တွင် လက်ရှိရေအမှတ်များဟာ ဆက်လက်ကျဆင်းနေပြီး မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှာမိုးရွာသွန်းမှုလျော့နည်းနေတဲ့အတွက် ချင်းတွင်းမြစ်နဲ့ ဧရာဝတီမြစ်တို့မှာ ပြည်တွင်းရေကြောင်းသွားလာရေးအတွက် ရေနည်းမှုအန္တရာယ်ကို ကြုံတွေ့နေခဲ့ရာမှ ဧပြီလ ပထမ(၁၀)ရက်ပတ်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသတွေမှာ မိုးရွာသွန်းခဲ့တာကြောင့် မြစ်များမှာ ရေပြန်လည်ရရှိလာနိုင်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင် ပစိဖိတ်သမုဒ္ဒယာအနောက်ပိုင်းမှာ ဖြစ်ပေါ်နေခဲ့တဲ့ ဒုတိယမြောက် တိုင်ဖွန်း PAKHAR ဟာ ဗီယက်နမ်နိုင်ငံကမ်းခြေကို ဧပြီလဆန်းပိုင်းမှာဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ကုန်းတွင်းပိုင်းမှာ အားပျော့ပျက်ပြယ်သွားခဲ့ပြီဖြစ်ပါတယ်။ ဘင်္ဂလားပင်လယ်ပြင်မှာအခုလာမယ့်ရက်သတ္တတစ်ပတ်အတွင်းမှာတော့မုန်တိုင်းဖြစ်ဖို့ မရှိသေးဘူးလို့ ခန့်မှန်း ရပါတယ်။

**၂၀၁၂အတွက် အရေးကြီးသောအခြေအေန**

လက်ရှိဖြစ်ပေါ်နေတဲ့ လာနီညာရာသီဥတုဟာ မတ်လအကုန်ဧပြီလဆန်းမှာ ပြီးဆုံးတော့မယ်လို့ ခန့်မှန်းရပါတယ်။ ထူးခြားမှုတစ်ခုအနေနဲ့ ၂၀၁၂ ခုနှစ်ဟာ နေအမည်းစက် အများဆုံးနှစ် ဖြစ်နေပါတယ်။ နေအမည်းစက်အများဆုံးနှစ်တွေမှာ အယ်လ်နီညိုနှစ် ဖြစ်လာပါက အလွန်ပူပြင်း ခြောက်သွေ့တတ်တဲ့ အတွက် ၂၀၁၂ ရဲ့ လက်ကျန်ကာလတွေမှာ အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်နိုင်မှုကို စောင့်ကြည့်ဖို့ အရေးကြီး နေပါတယ်။

ဧပြီလဆန်းမှစတင်ကာ မိုးတိမ်တောင်များရဲ့ အန္တရာယ်ကို မေလပထမပတ်အထိ သတိထားဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းဒေသနဲ့ အရှေ့ပိုင်းဒေသတွေမှာ နေ့စဉ်လိုပင်မွန်းလွဲညနေပိုင်း အချိန်အခါများတွေမှာ မိုးတိမ်တောင်များကြောင့် မိုးကြိုးပစ်ခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်းစတာတွေကိုကြုံတွေ့နိုင်ပြီး၊ တစ်ခါတစ်ရန် လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ စိုက်ဆင်းလေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်း စတာတွေကိုလည်းကြုံတွေ့နိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**

# တန့်ယန်းမြို့နယ်အတွင်းရှိ ကျေးရွာ ကိုးရွာတွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့

**ဥက္ကာကိုကို၊ သန်းဌေး**

**လားရှိုး၊ ဧပြီ- ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (၃)၊ ငါးမြို့နယ်တွင်ပါဝင်သည့် တန့်ယန်းမြို့နယ်အတွင်းရှိမဲဆန္ဒနယ်မြေအတွင်း ကျေးရွာအုပ်စု ၁၀ ခု၌ မဲရုံ ၁၁ ရှိသော်လည်း SSA (မြောက်ပိုင်း)အဖွဲ့မှ ယင်းတို့စိုးမိုးသည့်နယ်မြေအတွင်း ပါဝင်နေသဖြင့် မဲရုံဖွင့်လှစ်ခွင့်၊ မဲဆန္ဒပေးခွင့်မပြုရန်နှင့် ယင်းမဲရုံ ၁၁ ရုံအနက် ၂ ရုံကိုသာ ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း တန့်ယန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်သို့ ယခုလ ၂၈ ရက်က အကြောင်းကြားသဖြင့် ၎င်းတို့ခွင့်ပြုသည့် ၂ရွာတွင်သာ ရွေးကောက်ပွဲကျင်းပပေးနိုင်ခဲ့သည်။ ကျေးရွာ ၂ ရွာတွင်သာ ရွေးကောက်ပွဲကျင်းပပေးခဲ့ရကြောင်း တန့်ယန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးစံအေးက ပြောသည်။

တန့်ယန်းမြို့နယ်အတွင်း မဲရုံဖွင့်လှစ်မည့် ကျေးရွာအုပ်စု ၈၆ ခုရှိပြီး SSA (မြောက်ပိုင်း)အဖွဲ့မှ ခွင့်မပြုသည့် ကျေးရွာများမှာ ရှမ်းပြည်မြောက်ပိုင်းဒေသ အစွန်းဖျား၊ မိုင်းရှူးဒေသအနီးတွင် တည်ရှိသည့် တောင်သျှိုး၊ နမ့်လပ်၊ ကောင်းလန်း၊ မန်လွယ်၊ မန်ကောင်း၊ နားဝိုင်၊ ပန်ဖိ၊ နမ့်စိုင်၊ ခမ်းပုန်း၊ နမ့်အွန်ကျေးရွာတို့ ဖြစ်ကြသည်။

ယင်းကျေးရွာ ၁၀ ရွာတွင် မဲရုံ ၁၁ ရုံဖွင့်လှစ်ရန် မူလစီစဉ်ထားရှိပြီး ယခုအခါ SSA (မြောက်ပိုင်း)အဖွဲ့မှ တောင်သျှိုးနှင့် မန်လွယ်ကျေးရွာတို့ကိုသာ ခွင့်ပြုပေးသည့်အတွက် ကျန်ကျေးရွာ ရှစ်ရွာရှိမဲရုံများကို တောင်သျှိုးနှင့် မန်လွယ်သို့ ရွှေ့ပြောင်းပေါင်းစပ်ရမည့်အနေအထားဖြစ်နေကြောင်း သိရသည်။

တန့်ယန်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်မှ မဲရုံမှူးများနှင့်တကွ၊ မဲရုံတာဝန်ယူမည့်ကျောင်းဆရာ၊ ဆရာမများအင်အား ၆၀ ကျော် ပါဝင်သည့်အဖွဲ့ကို ယင်းကျေးရွာများသို့ ယခုလ ၂၉ ရက်က စေလွှတ်လိုက်ပြီး မူလရည်မှန်းချက်အတိုင်း ဝင်ရောက်နိုင်သည့်နေရာအထိ ညှိနှိုင်း၍ ဝင်ရောက်ဆောင်ရွက်ကြရန် ညွှန်ကြားလိုက်ကြောင်း တန့်ယန်းမြို့နယ် ကော်မရှင်ဥက္ကဋ္ဌ ဦးစံအေးက 7Day News သတင်းထောက်သွားရောက်မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့သည်။

"ခက်ခဲပေမယ့်လို့ကျွန်တော်တို့က သွားမှာပဲ။ လုပ်သားပြည်သူတွေ ရနိုင်သလောက်မဲပေးနိုင်ကြဖို့ ကျွန်တော်တို့မှာ တာဝန်ရှိတယ်။ မဲပေးနိုင်သူတွေ အခွင့်အရေးမဆုံးရှုံးရအောင် ကျွန်တော်တို့ရော နိုင်ငံရေးပါတီတွေရော ကြိုးစားနေပါတယ်"ဟု ဦးစံအေးက ပြောသည်။

အဆိုပါဒေသများသည် SSA (မြောက်ပိုင်း)မှ ကြီးစိုးထားသည့်နယ်မြေဖြစ်ပြီး ရွေးကောက်ပွဲအတွက် မူလညှိနှိုင်းချက်အရ မဲရုံများ ဖွင့်လှစ်ခွင့်ပြုခဲ့သော်လည်း မတ်လ ၂၈ ရက်တွင်မှ အခြေအနေ ပြောင်းလဲသွားခဲ့ခြင်းဖြစ်ကာ SSA (မြောက်ပိုင်း)က ၎င်းတို့တပ်ဖွဲ့ဝင်များ တပ်ဖြန့်ထားသည့်နေရာများသို့ မဝင်ရောက်စေလိုကြောင်း သိရသည်။ တန့်ယန်းရွေးကောက်ပွဲကော်မရှင်ထံ SSA (မြောက်ပိုင်း) မှ အကြောင်းကြားခဲ့သည့်နေ့တွင် သိန္နီမြို့နယ်သို့ သွားရာလမ်းရှိ ကြိုးတံတားအား မိုင်းဖောက်ခွဲမှုတစ်ခုဖြစ်ပွားခဲ့သည်။

အကယ်၍သာ အဆိုပါကျေးရွာများတွင် မဲရုံများ ဖွင့်လှစ်ခွင့်မရရှိပါက ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၁၇၀ ဦးမှာ မဲပေးခွင့်များ ဆုံးရှုံးသွားမည်ဖြစ်သည်။ ယင်းအရေအတွက်မှာ တန့်ယန်းမြို့နယ်တစ်မြို့နယ်လုံးရှိမဲပေးပိုင်ခွင့်ရှိသူဦးရေ၏ ၄ ဒသမ ၅၁ ရာခိုင်နှုန်းဖြစ်သည်။

အဆိုပါကျေးရွာများမှ မဲစာရင်းများကို ဧပြီ ၂ ရက်နေ့ နံနက် ၁၀ နာရီမှ မြို့နယ်ကော်မရှင်က လက်ခံရရှိပြီး မဲပေးသူ အလွန်နည်းပါး ခဲ့ကြောင်း ဦးစံအေးက ဧပြီ ၃ ရက် နံနက်တွင်ပြောသည်။

# ဒေါ်လာနှုန်းရှင်သတ်မှတ်မှုသမိုင်း ၈၁၈ ကျပ်ဖြင့် စတင်

**အောင်သူရ**

**ရန်ကုန်၊ ဧပြီ-၅**



မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထိန်းကျောင်းမှုရှိသည့် နှုန်းရှင်ငွေလဲနှုန်းစနစ်အား ဧပြီ ၂ ရက်မှ စတင်သတ်မှတ်ပြီး သုံးရက်အကြာ၌ တစ်ဒေါ်လာလျှင် သုံးကျပ်ဈေးတက်လာကြောင်း သတင်းရရှိသည်။

ဧပြီ ၂ ရက်မှစ၍ အမေရိကန်တစ်ဒေါ်လာလျှင် ၈၁၈ ကျပ်သတ်မှတ်ခဲ့ပြီး ဧပြီ ၅ ရက်တွင် ၈၂၁ ကျပ်ဈေးသို့ ရောက်ရှိလာခြင်းဖြစ်သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှစ၍ တစ်ဒေါ်လာလျှင်ခြောက်ကျပ်နှုန်းဖြင့်သတ်မှတ်ခဲ့ပြီး ပြင်ပဈေးကွက်တွင် ဈေးနှုန်းနှစ်မျိုး၊ သုံးမျိုးဖြစ်လာကာ တစ်ဒေါ်လာလျှင် ၁,၃၀၀ ကျပ်ထိ ဈေးပေါက်ခဲ့သည်။

"ဈေးကွက်အခြေအနေကိုကြည့်ပြီး ၈၁၈ကျပ်ကနေ အနုတ်ခုနစ်ကျပ်၊ အပေါင်း ခုနစ်ကျပ်ထိ ကွာခြားလိမ့်မယ်"ဟု သမဝါယမဘဏ်မှဦးဆောင်ညွှန်ကြားရေးမှူးကဆိုသည်။

ယခု နေ့စဉ်သတ်မှတ်ပေးသော ဈေးမှာ ပြင်ပပေါက်ဈေးထက် တစ်ဒေါ်လာလျှင် သုံးကျပ်ခန့်လျော့နည်းနေပြီး၊ အစိုးရကတရားဝင်ဖွင့်ခွင့်ပေးထားသော ငွေလှယ်ကောင်တာဈေးမှာ ဗဟိုဘဏ်သတ်မှတ်ဈေးထက် သုံးကျပ်ခန့် လျော့နည်းနေသည်။

ထို့အတူ အခွန်ဆောင်ရာတွင် နေ့စဉ်ပေါက်ဈေးအလိုက် တွက်ချက် အခွန်ဆောင်ခဲ့ကြသော်လည်း ၈၁၉ ကျပ်နှုန်းဖြင့် ဧပြီတစ်လလုံးတွက်ချက်ရန် သတ်မှတ်လိုက်ကြောင်း မူဆယ်နန့်ခမ်းကုန်သည်အသင်းမှ သတင်းရရှိသည်။

# မိုးစပါး ဧကနှစ်သိန်းကို ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်မည်

**ပြည်သိမ်း**

**ရန်ကုန်၊**

**ဧပြီ - ၇**

အာမခံဈေးနှုန်းဖြင့် စပါးဖိုးကြိုတင်ထုတ်ပေးသည့် ကန်ထရိုက် လယ်ယာစနစ်ကို လာမည့် မိုးစပါးရာသီတွင် ဧကနှစ်သိန်းစတင်လုပ်ကိုင်ရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှသတင်းရရှိသည်။

"လောလောဆယ် ဆန်အထူးပြုကုမ္ပဏီတွေ လုပ်သလိုမျိုးမဟုတ်ဘဲ ကန်ထရိုက်လယ်ယာစနစ်ကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဖို့ပါ"ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ပြောသည်။

ထိုစီမံကိန်းများတွင် ပြည်တွင်းအထွက်ကောင်းမျိုးများဖြစ်သည့် ဆင်းသွယ်လတ်၊ ရတနာတိုး၊ ဆင်းသုခတို့ကဲ့သို့ စပါးမျိုးကို ဧကတစ်သိန်းခွဲအထိ စိုက်ပျိုးရန်စီစဉ်ထားသည်။ ပုလဲသွယ်စပ်မျိုးစပါးကို ဧကငါးသောင်းစိုက်ပျိုးမည်ဖြစ်သည်။

ကန်ထရိုက်လယ်ယာစနစ်ကို နိုင်ငံတော်အစိုးရဘက်မှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပုဂ္ဂလိကဘက်မှမြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းနှင့် ဆန်အထူးပြုကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။

အာမခံဈေးနှုန်း သတ်မှတ်ရာတွင် အထူးအထွက်တိုးမျိုးများကိုမူ တင်း၁၀၀လျှင် ကျပ်သုံးသိန်းခွဲဖြင့် ကြိုတင်ငွေကျပ် ၁၇၅,၀၀၀ ကို စပါးစိုက်ပျိုးချိန်တွင် ထောက်ပံ့ပေးမည်ဖြစ်သည်။ ပုလဲသွယ်စပ်မျိုးစပါးများကို တင်း ၁၀၀လျှင် ကျပ်လေးသိန်းသတ်မှတ်ပြီး စတင်စိုက်ပျိုးချိန်တွင် ကျပ်နှစ်သိန်းထောက်ပံ့ပေးမည်ဖြစ်သည်။

"ဒီဈေးတွေက အခြေခံဈေးတွေပါ။ စပါးပေါ်ချိန်မှာ ဒီထက်ဈေးမြင့်ရင်လည်း ပေါက်ဈေးအတိုင်းဝယ်မှာပါ"ဟု ဦးရဲမင်းအောင်ကရှင်းပြသည်။

ကန်ထရိုက်လယ်ယာစနစ်ကို ဆန်စပါးအဓိကစိုက်ပျိုးသည့် ရန်ကုန်၊ စစ်ကိုင်း၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးများနှင့် နေပြည်တော်ကောင်စီတို့တွင် စတင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ သတင်းရရှိသည်။

Life
7 DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012



# သကြ်န်ရောက်ပြန်ပေါ့ သီချင်းလှလှလေးရေ…

ချမ်းငြိမ်း

အကိုင်းအပြိုင်းပြိုင်းနဲ့ သစ်ခြောက်ပင်အိုကြီးပေါ်က ဥဩငှက်တစ်ကောင်ရဲ့ ဆွေးဆွေးပျစ်ပျစ် တွန်ကျူးလိုက်တဲ့‘ဥဩဥဩ’ဆိုတဲ့အသံဟာ ရင်ဝကိုဆို့နင့်သွားစေပါတယ်။ ပူလောင်ကြွပ်ရွတဲ့နေရောင်ဟာ သစ်ပင်တွေ အိမ်တွေ၊ လမ်းမတွေပေါ် အတားအဆီးမဲ့စွာ အဝါရောင်လှိုင်းတွေအဖြစ် ဖြန့်ကြက်လှုပ်ရှားနေလေရဲ့၊ လေတစ်ချက်အဝှေ့မှာ သကြ်န်သီချင်းလေးတစ်ပုဒ်ဟာ ‘တူးပို့ . . တူးပို့’အသံနဲ့ ဝေ့ဝေ့ဝဲဝဲ နွဲ့နွဲ့ကလေး အသော့နှင်လာပြန်တယ်။

မြူးကြွတဲ့တေးသံ . . ပျံ့လွင့်-လို့နေ. . ကူးပြောင်းစတန်ခူးလေမှာ. . တစ်ယောက်တစ်လက်မို့ လှမ်းကာ. . . ဖျန်းပက်ကြစဉ်. . . ပိတောက်ဖူးလေးတွေ ပန်ဆင်ထားသူရေ. .


စိတ်ဆိုးစိတ်ကောက်တတ်သော သကြ်န်အပျိုမလေး၊ သူများတွေလိုပွင့်သော ပိတောက်ကို မပန်ဆင်၊ ချစ်သူအပေါ် စိတ်ကောက်ပြီး အစိမ်းရောင် အဖူးအငုံလေးကိုသာ ဆင်မြန်း၍ ထွက်လာသော အပျိုမလေး၊ သကြ်န်မိုးနဲ့ ထိတွေ့လေမှ ဖူးပွင့်မည့်သဘော၊ အော်. . သကြ်န်တောင် ရောက်တော့မှာပါလားကွယ်။

(၁)

လွန်ခဲ့သောနှစ်ဆယ့်ငါးနှစ်ကျော်၊ တိတိကျကျဆိုရပါလျှင် ၁၉၈၄ ခုနှစ်တွင် ရန်ကုန်မြို့ရှိ လင်း စတူဒီယို၌ နောက်တစ်ချိန်တွင် ဂန္ထဝင်ဖြစ်လာမည့် ရုပ်ရှင်ကားကြီးတစ်ကား၏ နောက်ခံတေးဂီတနှင့် ဇာတ်ဝင်တေးသီချင်းများကို အသံသွင်းယူနေကြသည်။ အဆိုပါဇာတ်ကားကြီးမှာ သကြ်န်မိုး ဇာတ်ကားဖြစ်ပြီး နာမည်ကြီး ဒါရိုက်တာမောင်တင်ဦးရိုက်ကူး၍ နောက်ခံတေးဂီတနှင့် ဇာတ်ဝင်တေးများကို မြို့မဆရာပေါ၊ တေးရေးအဥ္ဇလီမောင်မောင်နှင့် စန္ဒရားဦးလှထွတ်၏ သား ဇော်မျိုးထွဋ်တို့က ဂီတမှူးများအဖြစ် ဆောင်ရွက်ကာ အသံသွင်းယူနေကြခြင်းဖြစ်သည်။ အဥ္ဇလီမောင်မောင်က ဇာတ်ကားနှင့် ကိုက်ညီသည့် အဓိက ဇာတ်ဝင်သီချင်းအား တာဝန်ယူထားသည်ဖြစ်ရာ ထိုနေ့အသံသွင်းကြရာတွင် ကိုမောင်မောင်ကကြိုတင်ရေးလာသော သံစဉ်နှင့် စာသားအား ဒါရိုက်တာမောင်တင်ဦးထံ ပြသတီးခတ်ခဲ့သည်။ ဒါရိုက်တာဖြစ်သူက သီချင်းသံ အဆုံးသတ်သွားသောအခါ အလိုမကျဟန်ဖြင့် တေးရေးသူအား ၎င်း လိုချင်သည့် သီချင်းမှာ ထိုပုံစံမျိုး မဟုတ်ကြောင်း ပြောဆိုလေသောအခါ တေးရေးဆရာမှာ ငိုင်ကျသွားပါသည်။ ဒါရိုက်တာကလည်း မတတ်သာ၍ ပြောသာပြောရသည် တေးရေးဆရာသည် သူ့နယ်ပယ်၌ လျှမ်းလျှမ်းတောက် အောင်မြင်ထင်ရှားသူဖြစ်၍ တစ်စုံတစ်ရာ အခန့်မသင့်ဖြစ်သွားမှာကို ပူပန်မိသော်လည်း ဇာတ်ကားကောင်းမွန်ရေးအတွက် ရင်ထဲရှိသမျှဖွင့်ချလိုက်ပုံရသည်။ တေးရေးဆရာသည် အတန်ကြာ ငိုင်တွေနေပြီး တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေလေသည်။ ခဏကြာတော့ ဘောပင်တစ်ချောင်း၊ မှတ်စုစာရွက်အချို့၊ ဂစ်တာတစ်လက်နှင့် စတူဒီယိုရှိ တစ်ခုသော ချောင်၌ ထိုင်ကာ သံစဉ်သစ်များ စမ်းသပ်ရှာဖွေလေတော့သည်။ အချိန်ကာလသည် တဖြည်းဖြည်း ကုန်လွန်သွားလေသည်။ နေ့လယ်ကတည်းက ဂစ်တာတစ်လက်ဖြင့် သီချင်းရေးစပ်နေသော တေးရေးဆရာသည် ညအတော်မိုးချုပ်လေမှ ကျေနပ်သွားဟန်ဖြင့် ထိုင်ရာမှ ထကာ အသစ်ရှာဖွေထားသည့် သံစဉ်နှင့် စာသားကို ဒါရိုက်တာအား တီးခတ်ပြလေသောအခါ ဒါရိုက်တာ၏ မျက်လုံးများ အရောင်တဖျပ်ဖျပ်လက်လာပြီး အားရကျေနပ်စွာဖြင့် ပြုံးပြုံးရွှင်ရွှင်ဖြစ်လာသည်။ ငြိမ့်ညောင်းသော စန္ဒရားသံနဲ့အတူ သကြ်န်မိုး သီချင်းသည် လင်းစတူဒီယိုတစ်ခုလုံး၊ တီးဝိုင်းအဖွဲ့သားများအားလုံး၊ ထိုမှ မြန်မာပြည်သူများထံ လွင့်ပျံ့ခဲ့လေသည်။

စာ(၁၁)သို့



## ခဝဲသီးကြာဆံကြော်ချက်

ဒီတစ်ပတ်တော့ဝိုက်ဖီက ခပ်ရိုးရိုးဟင်းလေးတစ်ခွက်ကို ပြင်ဆင်ချက်ပြုတ်ထားပါတယ်။ ဒီဟင်းကပုံမှန်အားဖြင့်တော့ ခဝဲသီးသပ်သပ်ကိုပဲ ကြော်ချက်လုပ်စားကြတာပါ။ ဝိုက်ဖီက အခုပြင်ဆင်ထားတာ ကြော်ချက်ဆိုပေမယ့် အရည်လေးနဲ့လည်း ဟင်းချိုအဖြစ်သုံးဆောင်နိုင်မှာပါ။

ဒီဟင်းချက်ဖို့ ခဝဲသီအနေတော် နှစ်တောင့်။ ကြာဆံအနည်းငယ်နှင့်ပုစွန်ခြောက်တို့ပဲလိုပါတယ်။ အပေါ်ယံအခွံခြစ်ထားပြီးလက်နှစ်သစ်စာလောက်စီ လှီးထားပါ။ စချက်တော့မယ်ဆိုရင် ကြက်သွန်နီပါးပါးလှီးထားတာကိုအရင်ဆီသတ်ပါမယ်။ ဆီသတ်ပြီးတာနဲ့ရေစိမ်ထားတဲ့ ပုစွန်ခြောက်ပျော့ပျော့လေးတွေထည့်ပါမယ်။ ပြီးရင် ခဝဲသီးထည့်ပြီး ဟင်းခပ်မှုန့် ငံပြာရည်တို့ထည့်ပါမယ်။ ကြာဆံထည့်ဖို့ ရေနည်းနည်းထည့်ပြီးမှ ကြာဆံထည့်ပါ။ ကြာဆံနူးသွားပြီဆိုရင် ငရုတ်ကောင်းစေ့လေးတွေကို အစေ့ကွဲရုံထုထားတာလေး ထည့်အုပ်ပြီး ချလို့ရပါပြီ။

ကြော်ချက်ပဲဆိုရင်တော့ ရေစပ်စပ်လေးမှာချလို့ရပါပြီ။ ဟင်းချိုဆိုရင်တော့ ရေနဲ့ချရမှာပေါ့။ ဟင်းချိုချက်ဖို့ရည်ရွယ်ထားရင်တော့ ကြက်သားပြုတ်ရည်လေးနဲ့ဆိုရင် ပိုအရသာရှိစေမှာပါ။

## ဈေးဝယ်ထွက်မယ်

## အလန်းစားဖက်ရှင်နဲ့ သကြ်န်လည်ချင်ရင်







**အိဖြူလွင်**

မကြာမီရောက်လာတော့မယ့် ဒီနှစ်ရဲ့နှစ်သစ်ကူးကာလမှာ အမျိုးသားတွေရော အမျိုးသမီးတွေပါ။ အားလုံး အလှချင်းပြိုင်နိုင်ကြဖို့ အမေရိကန် အမှတ်တံဆိပ် အဝတ်အထည်၊ ဖိနပ်နဲ့ မျက်မှန်တွေ အားလုံးကို တစ်နေရာတည်းမှာ ရနိုင်မယ့်ဆိုင်ကို ဒီတစ်ပတ်မှာ ဈေးဝယ်လမ်းညွှန်ပေးလိုက်ပါတယ်။

အမျိုးသားတွေအတွက်ဆို သကြ်န်မှာပါ ဝတ်လို့ရတဲ့ ဒီဇိုင်းတွေဖြစ်တဲ့ သကြ်န်အဆင်တီရှပ်တွေ ကပွင့်လင်းရာသီနဲ့လည်းကိုက်၊ ကမ်းခြေသွားလို့လည်း မိုက်တဲ့ ဒီဇိုင်းတွေဖြစ်တာကြောင့် အားလုံးနှစ်သက်လိမ့်မယ်လို့ထင်ပါတယ်။

အမျိုးသမီးတွေ အတွက်လည်း ပုံစံမရိုးဘဲ အမြဲတမ်းဝတ်လို့ရနိုင်မယ့် အမြင်လည်းလန်းစေတဲ့စွပ်ကယ်ပုံစံတွေ၊ ကြိုးတစ်ချောင်းလက်ပြတ်ပုံစံအင်္ကျီလေးတွေကို ရနိုင်ပါတယ်။

ဒါ့အပြင် အခြားလိုအပ်တဲ့ ပစ္စည်းတွေထဲမှာပါတဲ့ရေစိုခံဖိနပ်တွေကိုလည်း ကလေးစီးပါမကျန် ရနိုင်ပါသေးတယ်။နေအပူကိုကာကွယ်ဖို့ လိုတဲ့အထဲမှာ မေ့လျော့လို့မဖြစ်တဲ့ မျက်မှန်ကိုလည်း အမျိုးသမီးတွေအတွက်ရော အမျိုးသားတွေအတွက်ပါ ဒီဇိုင်းစုံ၊ တံဆိပ်စုံကို ရနိုင်တာပါ။

တံဆိပ်စုံရှိတယ်ဆိုတယ်ဆိုပေမယ့် ဒီဆိုင်မှာရှိတဲ့ပစ္စည်းအားလုံးက အမေရိကန်နိုင်ငံထုတ် တံဆိပ်တွေချည်းပဲဖြစ်ပြီး သင့်တင့်တဲ့ဈေးနှုန်းနဲ့ ပစ္စည်းအမှန်ကို ရနိုင်တယ်လို့ သိရပါတယ်။

ဈေးဝယ်ထွက်မယ့်ပရိသတ်ကြီးက အမေရိကန်တံဆိပ် အစစ်အမှန်နဲ့ ပစ္စည်းတွေကို လိုချင်တယ်ဆိုရင်ဖြင့် ဒဂုံမြို့နယ် ဗိုလ်ရာညွှန့်လမ်းထဲက USA စတိုးကို သွားကြည့်ဖို့လမ်းညွှန်ပေးလိုက်ပါတယ်။





ဓာတ်ပုံ - TG

7 DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012



တောင်သားအမျိုးသမီးများကိုရိုးရာဝတ်စုံဖြင့် တွေ့ရစဉ် ဓာတ်ပုံ-သီဟ

# တောင်သားတို့ ဘာသာစကား ကွယ်ပျောက်တော့မလား

သီဟ

**သန့်ရှင်းသပ်ရပ်သော မြေသားရွာလယ်လမ်းလေးထဲဝင်သည်ဆိုသည်နှင့် ရိုးသားမှုတဲ့ မျက်လုံးများက စူးစမ်းစွာကြည့်နေသည်ကိုတွေ့လိုက်ရသည်။**

မျက်နှာသွင်ပြင်၊ ခန္ဓာကိုယ်ဖွဲ့စည်းပုံ၊ ဝတ်ပုံစားပုံများမှာ မြေပြန့်ဒေသတွင်နေထိုင်ကြသည့် ဗမာများနှင့် ကွဲပြားခြားနားမှုမရှိ။ သို့သော် စူးစမ်းနေကြသည့်မျက်နှာပိုင်ရှင်တို့တွင် မြေပြန့်ဒေသမှ ဗမာလူမျိုးများနှင့် သိသာစွာကွဲပြားမှုတစ်ခုတော့ရှိနေသည်။

ဒါပေမဲ့ ထိုကွဲပြားမှုသည်လည်း မကြာခင် ကွယ်ပျောက်သွားတော့မည်ကို သူတို့သိနေကြသည်။ ထိုအရာအား ကွယ်ပျောက်သွားမှုမရှိစေရန်လည်း သူတို့တတ်နိုင်သမျှအင်အားများနှင့် အတတ်နိုင်ဆုံး ခုခံကာကွယ်နေကြသည်။

သူတို့နှင့် မြေပြန့်ဗမာလူမျိုး များ ကွဲပြားနေသည့်အရာမှာ ထိုသူတို့၏ဘာသာစကားပင်ဖြစ်သည်။

ဗမာလူမျိုးများကဲ့သို့ပင် နေထိုင်ကာ ဗမာလူမျိုးများကဲ့သို့ပင် လုပ်ကိုင်စားသောက်၍ ဘဝကိုရိုးသားစွာ ဖြတ်သန်းနေကြသည့် ထိုသူများတွင် ဘာသာစကားကွဲပြားမှုရှိနေသည်။


ထိုသူများကား ပုံတောင်၊ပုံ ညာ တောင်တန်းကြီးများ၏ အလွန်တွင် ရှေးဘိုးဘေးဘီဘင် အဆက်ဆက်ကတည်းက နေထိုင်ခဲ့ကြသည့် "တောင်သား"ဟုခေါ်သည့် လူမျိုးများပင်ဖြစ်သည်။

တစ်ဖက်သို့









တစ်ဖက်မှ

ထိုတောင်သားတိုင်းရင်းသားများတွင် ရှေးယခင်က ကိုယ်ပိုင်လူမျိုးရှိကြသည်။ ကိုယ်ပိုင်ယဉ်ကျေးမှုရှိကြသည်။ ကိုယ်ပိုင်ဘာသာစကားရှိခဲ့ကြသည်ဟု တောင်သား လူမျိုးများနေထိုင်သည့် “မိအယ်”ရွာလေးမှ ဒေသခံများက ပြောသည်။

ရွာလယ်လမ်းတစ်လျှောက်တွင် ဟိုဟိုဒီဒီသွားလာသူများ၊ ပြေးလွှားဆော့ကစားနေသည့် ကလေးငယ်များ၊ ညနေပိုင်း ပင်ကျရည်(ထန်းရည်) သိမ်းရန်သွားလာနေကြသည့် ထန်းတက်သမားများဖြင့် မိအယ်ရွာကလေး၏ ညနေခင်းသည် သက်ဝင်လှုပ်ရှားလျက်ရှိနေသည်။

အခြားဒေသများနှင့် ခြားနားသည့်မြင်ကွင်းတစ်ခုမှာ ထန်းပင်ပေါ်တွင် လင့်စင်ထိုး၍ထန်းရည်သိမ်းခြင်း၊ထန်းရည်သောက်ခြင်း စသည့် အလေ့အထများလည်း ထိုရွာကလေးတွင်ရှိသည်။

အဆိုပါမြင်ကွင်းမှာ တောင်သားလူမျိုးများ နေထိုင်သည့် ရွာများတွင်သာမက ပုံတောင်ပုံညာ ပတ်ဝန်းကျင်တွင်ရှိသည့် ယောနယ်တစ်ဝိုက်မှ ရွာများ၌ မြင်ရသည့်မြင်ကွင်းတစ်ခုပင်ဖြစ်သည်။

ထန်းပင်ထိပ်ဖျားပေါ်သို့ တက်၍ ထန်းရည်သောက်ကြသော်လည်း အမူးလွန်ကာ ထန်းပင်ပေါ်မှ ပြုတ်ကျခြင်းအလေ့အထမှာ ဖြစ်တောင့်ဖြစ်ခဲ ဖြစ်ရပ်တစ်ခုပင်ဖြစ်သည်။

“ထန်းရည်သောက်ချင်တဲ့သူက ထန်းပင်ပေါ်တက်သွားပြီး လင့်စင်ပေါ်မှာ ထိုင်သောက်နေရုံပဲ တစ်ခါတလေဆို သုံးလေးယောက်လောက်တောင် ထိုင်သောက်နေကြသေးတယ်။ မူးလာရင်ပိုပြီးသတိထားလာကြတယ်။ ကိုယ်သောက်လို့ဝရင် ထန်းပင်ပေါ်ကနေ သတိထားပြီးပြန်ဆင်းလာကြတယ်။ မူးလို့ပြုတ်ကျတယ်ဆိုတာ ဖြစ်ခဲပါတယ်”ဟု မိအယ်ရွာခံတစ်ဦးကပြောသည်။

မြန်မာနိုင်ငံအလယ်ပိုင်း ပုံတောင် ပုံညာအလွန်တွင်ရှိသော်လည်း ရွာသူရွာသားများ၏သွင်ပြင်မှာ ဖြူဖြူသန့်သန့်နှင့်ရည်မွန်သည့် အသွင်ကိုဆောင်နေသည်။ တောင်သား တိုင်းရင်းသား များ၏ ရာဇဝင်သမိုင်းအစအားသမိုင်းအထောက်အထားများနှင့် ပြောဆိုနိုင်ရန် ခက်ခဲသော်လည်း ပုဂံခေတ် သမုဒရာဇ်မင်းလက်ထက်မှစတင်ခဲ့သည်ဟု ဒေသခံများက ယုံကြည်ပြောဆိုကြသည်။

ရောင်းဒူးတိုင်းရင်းသားဟုလည်း ခေါ်ဆိုကြသည့် တောင်သား တိုင်းရင်းသားများသည် သမုဒရာဇ်မင်း လက်ထက်က ရာဇဝတ်ဘေးတစ်ခုကြောင့် မင်းနေပြည်တော်မှ ထွက်ပြေးလာခဲ့ကြရာမှ ကြီးမားသည့်တောင်တန်းကြီး၏ နောက်ကွယ်တွင် ပုန်းအောင်းနေထိုင်ကြပြီးနောက် ကိုယ်ပိုင်ဘာသာစကားတစ်ရပ်တီထွင်ကာ နေထိုင်ခဲ့ကြသည်ဟု ဒေသခံများက အခိုင်အမာဆိုကြသည်။

ထိုလူမျိုးများ ပုန်းအောင်းနေသည့် တောင်ကိုလည်း ထိုသူများကို အစွဲပြုကာ ပုန်းတောင်ဟု ခေါ်ဆိုခဲ့ကြရာမှ နောက်ပိုင်းတွင် ပုံတောင်ဟု ကာလရွေ့လျားလာခြင်းဖြစ်သည်ဟုလည်း သိရသည်။

ဒေသခံများ၏ အဆိုသာမှန်ခဲ့မည်ဆိုပါက အဆိုပါ လူမျိုးတို့၏ ဘာသာစကားသည် မကြာမီတွင်ပျောက်ကွယ်တော့မည်ဖြစ်သည် ဟုသိရသည်။

အဘယ်ကြောင့် ဆိုသော် လက်ရှိတွင် ပုံတောင်ပုံညာတစ်ဝိုက်တွင် တောင်သားတိုင်းရင်းသားများနေထိုင်ကြသည့် ရွာပေါင်း ၂၀ ကျော်ခန့်ရှိနေသော်လည်း ယင်းတို့၏ ဘာသာစကားကိုပြောဆိုလျက်ရှိကြသည့် ရွာမှာ မိအယ်ရွာ အပါအဝင် နှစ်ရွာခန့်သာရှိတော့သည်။

တောင်သားစကား ဆိတ်သုဉ်းလုနီးဖြစ်သွားရသည့် အဓိကအကြောင်းအရင်းမှာ တောင်သားတိုင်းရင်းသားများသည် စကားသာရှိပြီး စာမရှိခြင်းကြောင့်လည်းဖြစ်သည်။

ထို့အပြင် တောင်သားတိုင်းရင်းသားကလေးငယ်များ ကျောင်းတက်ပါက အခြားကလေးငယ်များနည်းတူ ဗမာစကားကိုသာ ပြောဆိုရခြင်းကြောင့်လည်း နောက်ပိုင်းတွင် ကလေးများသည် မိမိတို့၏ ဘာသာစကားကို မပြောတတ်တော့ကြောင်းသိရသည်။

“အခုဆိုရင် ကျွန်တော်တို့လေးဆယ် ဝန်းကျင်အရွယ်ရှိတဲ့သူတွေလောက်ပဲ တောင်သားစကားကို ပြောတတ်တော့တယ်။ ကလေးတွေကတော့ နားတော့လည်တယ်။ ဒါပေမဲ့ ပြန်မပြောကြတော့ဘူး။ သူတို့ပြောရင် ဗမာလိုပဲပြောကြတော့တယ်”ဟု မိအယ်ရွာသားတစ်ဦးကပြောသည်။

လူတိုင်းသည် ကိုယ့်လူမျိုးစာပေ၊ယဉ်ကျေးမှုဘာသာစကားများအား နှစ်သက်မြတ်နိုးတန်ဖိုးထားကြသည့် အလေ့အထရှိကြရာ တောင်သားတိုင်းရင်းသားများသည်လည်းမိမိတို့၏ ဘာသာစကားအား မပျောက်ပျက်စေရန် ထိန်းသိမ်းသွားရန် ကြိုးပမ်းသွားကြမည်ဖြစ်သည်ဟုသိရသည်။

ထန်းပင်ထိပ်ဖျားတွင် နေရာယူနေသည့် နေလုံးကြီးလည်း တဖြည်းဖြည်းနှင့် နေကွယ်သို့ ဝင်ရောက်သွားပြီဖြစ်သည်။ မိအယ်ရွာလေး၏ တစ်နေ့တာသည်လည်းကုန်ဆုံးတော့မည်ဖြစ်၍ တစ်နေ့ကုန်ဆုံးလေ မကြာမီပျောက်ကွယ်တော့မည့် ဘာသာစကားအတွက် ပူပန်စိတ်များ ရင်ဝယ်ပိုက်ရင်း မိအယ်ရွာသူရွာသားများလည်း အိပ်ရာဝင်ခဲ့ကြသည်။



# ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## ကံကို ဆက်မလား၊ ကံကို ဖြတ်မလား ...

ကောင်းသောအလုပ်တွေကို ပြုလုပ်ရင် ကောင်းကျိုးတွေ ရလာမှာဖြစ်တယ်။ ကောင်းကျိုးရလာတော့ ကောင်းကျိုးတွေနဲ့ပဲ သံသရာလည်ပြန်ပါတယ်။ မသိနားမလည်လို့ မကောင်းတာတွေလုပ်ပြီး ဆိုးကျိုးတွေ ရလာပြန်တော့လည်း သံသရာက ဆိုးကျိုးဒုက္ခတွေနဲ့ လည်ရပြန်တယ်။ လည်နေတာ တစ်နေ့မဟုတ်ဘူး။ တစ်ရက်မဟုတ်ဘူး။ နေ့စဉ်နေ့တိုင်း၊ နှစ်စဉ်နှစ်တိုင်း၊ ဘဝတိုင်း ဘဝတိုင်းမှာ သံသရာလည်ပတ်နေတာပါ။ သံသရာလည်အောင်လည်း လူသားတွေက ကံစွမ်းအားတွေဖြည့်ဖြည့် ပေးနေကြတယ်။ သံသရာရှည်တာထက်ရှည်အောင်၊ ပွားတာထက်ပွားအောင်၊ တိုးတာထက်တိုးအောင်လည်း နေ့တိုင်း နေ့တိုင်း ကံအသစ်တွေ စုဆောင်းနေကြတယ်။

ကံပြုနေကြတဲ့ တစ်နေ့ တစ်ရက်ဟာ ရှေးဘဝပေါင်းများစွာကို ကိုယ်တိုင်ဖန်တီးနေတာနဲ့တူပါတယ်။ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏဆိုတော့ ကံတစ်ချက်ဖြစ်ရင် ဟိုဘက်က ဇာတိတစ်ချက် ရောက်လာပါပြီ။ တစ်နေ့၊ တစ်ရက်၊ တစ်နာရီလောက်ကာလအတွင်းမှာပဲ ဖြစ်သွားတဲ့ကံတွေကို တွက်ကြည့်လိုက်ရင် ကြောက်စရာကောင်းလောက်အောင် များလှပါတယ်။ တစ်နေ့တစ်နေ့မှာ ကာယကံ၊ ဝစီကံ၊ မနောကံတွေ အကြိမ်ပေါင်းများစွာဖြစ်နေကြတာပါ။ ကာယကံ၊ ဝစီကံ မလုပ်ထားဘူးထား။ ငြိမ်ငြိမ်လေး နေပြီးတော့ ပါးစပ်ပိတ်ထားတောင်မှ မနောကံတွေဖြစ်နေပါတယ်။ ကံမဖြစ်တဲ့အချိန်ဆိုတာမရှိပါဘူး။ ကံတစ်မျိုးမျိုးတော့ဖြင့် အမြဲတမ်းဖြစ်နေကြတယ်။ ကံတွေကို ထပ်ထပ်ဖြစ် အောင် လုပ်နေလို့ ဒုက္ခတွေ ထပ်ထပ်ရနေကြတာ၊ ဒုက္ခတွေရနေလို့ သံသရာရှည်နေရတာ၊ သံသရာရှည်နေတာကြောင့် နိဗ္ဗာန်နဲ့ ဝေးနေတယ် ဆိုတာ ကောင်းကောင်းနားလည်သွားရင် ကံတွေကိုဖြတ်တဲ့အလုပ်ပဲ လုပ်ချင်လာမှာဖြစ်တယ်။ ကံတွေကိုဆက်တဲ့အလုပ် လုပ်နိုင်မှာမဟုတ်တော့ဘူး။

ရည်ညွှန်း-‘ဓမ္မလမ်းပေါ်မှာ’ ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ



## စာ-၉၊ သင်္ကြန်ရောက်ပြန်ပေါ့ သီချင်းငှက်ကလေးရေ မှ



အမှန်တကယ်တွင်မူ ဒါရိုက်တာက တေးရေးဆရာအပေါ် ငြင်းဆိုမှုမရှိခဲ့သော်၊ တေးရေးဆရာက အနုပညာမာန်မာနဖြင့် ပြန်လည်တုံ့ပြန်ခဲ့သော် အဆိုပါ ဂန္ထဝင်တွင်မည့် သင်္ကြန်မိုးသီချင်း ပေါ်ထွက်လာဖွယ်မရှိပါ။ ဒါရိုက်တာက ရဲရဲဝံ့ဝံ့ငြင်းဆိုခြင်း၊ တေးရေးဆရာကလည်း နာမည်ကြီးတေးရေးဆရာပီပီ မာန်မာနမထားဘဲ အကောင်းဆုံးပေါင်းစပ်မှုပေးခဲ့၍သာ ဤသီချင်း ပေါ်ထွက်လာခြင်းဖြစ်ပါသည်။ သင်္ကြန်မိုးသီချင်းသည် ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်သည့်တိုင် ရိုးသွား၊ ဟောင်းသွားသည်မရှိနောင်လည်း ဘယ်သောအခါမှ ရိုးလိမ့်မည်မဟုတ်၊ ရွှေဦးပေါက်တိုင်း၊ သင်္ကြန်ရောက်လေတိုင်း မြန်ပြည်တစ်လွှား လွင့်ပျံ့နေဦးမည်သာဖြစ်ပေမည်။ သင်္ကြန်နှင့် ပတ်သက်လျှင်မူ မြို့မငြိမ်း၏ သီချင်းများနှင့်အတူ သင်္ကြန်မိုးသည် ဂန္ထဝင်ဖြစ်ခဲ့ပါပြီ။ ဆယ်စုနှစ်ပေါင်းများစွာအတွင်း သင်္ကြန်သီချင်းတွေ ဘယ်လောက်ထွက်ထွက် သင်္ကြန်မိုးဇာတ်ကားထဲက သီချင်းတွေကို ဖောက်မထွက်နိုင်သေး၊ ပြည်သူက လက်ခံသော သင်္ကြန်မိုးဇာတ်ကားနှင့်အတူ သင်္ကြန်မိုးသီချင်းသည် သင်္ကြန်နှင့်အတူ တစ်ကျော့ပြန်လာပေတော့မည်။

(၂)

မြန်မာ့ရိုးရာ သံစဉ်စစ်စစ်ဟုဆိုနိုင်သော သင်္ကြန်သီချင်းများကို မည်သည့်နေရာတွင် နားထောင်နားထောင် ‘တူးပို့. . တူးပို့’ဆိုသည့် သံစဉ်ပါဝင်လေသည်။ ထိုသင်္ကြန် ဒိုးတီးကွက်ကို မန္တလေးမြို့မတူရိယာအဖွဲ့ကြီးမှ မြို့မငြိမ်း၊ မြို့မ လေးလေးရင်၊ ဦးလှဒင်(ဗုံ)၊ ဦးထွန်းရှိန်နှင့် ဦးထွန်းရင်တို့က တာပလာခေါ် ဗုံတစ်မျိုးနှင့်စည် တိုတို့အားတွဲဖက်၍ စည်းချက်ကျကျ အကကောင်းအောင် စမ်းသပ်တီထွင်ခဲ့ခြင်းဖြစ်သည်။ ‘ဘေပို့. . . တူးပို့. . တူးပို့. . တူး’ မြည်သောအသံသည် မြူးကြွဆန်းသစ်ခြင်းကြောင့် သင်္ကြန်သီချင်းဟူ၍ တညီတညွတ်တည်း လက်ခံလာခဲ့ကြသည်။ ထို‘တူးပို့. . တူးပို့’ အသံလွှမ်းနေသော သင်္ကြန်မိုးဇာတ်ကားကြီးကို မန္တလေးဆိုင်းတန်းရပ်၌ တည်ရှိသည့် ရီမြင့်ရုပ်ရှင်ဖြန့်ချိရေးမှ ဦးဇော်မြင့်က စီစဉ်ထုတ်လုပ်၍ ဒါရိုက်တာမောင်တင်ဦးရိုက်ကူးပြီး မြို့မငြိမ်း၊ ဦးဘသိန်း၊ အေဝမ်းဆရာ ညွှာ၊ မြို့-မကို ပေါနှင့် အဥ္စလီမောင်မောင်၊ ကိုနေဝင်းတို့၏ တေးသီချင်းများဖြင့်ဝေဝေဆာဆာထည့်သွင်းထားကာ သရုပ်ဆောင်များဖြစ်ကြသော နေအောင်၊ ခင်သန်းနု၊ ဇော်ဝမ်း၊ ဇင်ဝိုင်း၊ မေသန်းနု၊ သီတာသိမ့်နှင့် သရုပ်ဆောင်များစွာဖြင့် အင်ပြည့်အားပြည့် ရိုက်ကူးခဲ့၍လည်း အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာ ဖော်ကျူးသော တေးဂီတရုပ်ရှင်ကားကြီးအဖြစ်မှတ်ကျောက်တင်ခံရခြင်းဖြစ်ပါသည်။

အလျဉ်းသင့်၍ ဆိုရပါလျှင် နာမည်ကြီး ‘မန်းတောင်ရိပ်ခို’သီချင်းသည် မြို့မငြိမ်းတစ်ဦးတည်း ရေးသည်မဟုတ်၊ မြို့မငြိမ်းနှင့် ခေတ်ပြိုင် နာမည်ကြီး တေးရေးဆရာများဖြစ်သော ဦးဘသိန်းနှင့် အေးဝမ်းဆရာညွှာအပါအဝင် သုံးဦးရေးခဲ့ခြင်းဖြစ်ပါ၏။ အတိအကျဆိုရပါလျှင် ‘ချိုပြုံးရွှင်သော’ အစချီသည့် အပိုဒ်ကို အေဝမ်းဆရာညွှာ၊ ‘မြနန္ဒာ ရေညိုညို ရစ် ခတ်သမ်းတော့’ CHORUS အပိုဒ်ကို မြို့မငြိမ်း၊ ‘ခါးသေးလို့ မူယာကြွယ်’အပိုဒ်ကို ဦးဘသိန်းကရေးစပ်ခဲ့ခြင်းဖြစ်ပါ၏။ ဤနေရာတွင်လည်း ယခုခေတ် အများဆိုသလို ‘နေညိုညို ရစ်ခါသမ်းတော့’ မဟုတ်ပါ။ ကျုံးရေကို စံထားရေးဖွဲ့ခြင်းဖြစ်၍ ‘ရေညိုညို’ဟုလည်းကောင်း၊ ယိမ်းသမလေးများ စည်းချက်နဲ့အတူ ကလိုက်တိုင်း ခြေသလုံးသား ဝင်းမွတ်မွတ်လေးတွေ ဖွေးဖွေးလက်သွားအောင် ခတ်လိုက်သော ထဘီအနားစကို ရည်ညွှန်း၍ ‘ရစ်ခတ်သမ်း’ဟုလည်းကောင်း ဂီတပညာရှင်ကြီး မြို့မငြိမ်းက ရေးဖွဲ့ခဲ့ကြောင်း စာရေးဆရာမကြီးလူထုဒေါ်အမာ ရေးဖူးပါသည်။ ဦးခင်အေး မောင်ခင်မင်(ဓနုဖြူ)လည်း ရေးဖူးပါ၏။ ‘မန်းတောင်ရိပ်ခို’ သီချင်းထဲတွင်ပါဝင်သော ‘မြနန္ဒာ’ ဆိုသည့် မဟာနန္ဒာကန်တော်ကြီးမှာမူ ရေများ ဖောက်ထုတ်၍ လယ်မြေအဖြစ် ပြုလုပ်ခဲ့ခြင်းကြောင့် ယခုအခါ မရှိတော့ပါ။

(၃)

ထို့အတူ ဂန္ထဝင် သင်္ကြန်မိုး သီချင်း ရေးဖွဲ့ခဲ့သူ တေးရေးကို မောင်မောင်လည်းမရှိတော့ပါ။ ပြီးခဲ့သည့် မတ်လ ၂၂ ရက်သည် ကိုမောင်မောင် ကွယ်လွန်ခြင်းဆယ့်ခုနစ်နှစ်ပြည့် နေ့ဖြစ်ပါသည်။ ဖော်ပြပါအတိုင်း ပါရမီရှင်ကိုမောင်မောင်သည် သင်္ကြန်မိုးအပြင်သင်္ကြန်မိုးဇာတ်ကားထဲမှ ‘ယိမ်းနွဲ့ကာ တီးကွက်နဲ့အတူ ကချင်. . . လက်ခုပ်သံစည်းချက်လိုက်မှာလား၊ ညီညီညာ ညင်းသွဲ့သွဲ့. . အတာရေသဘင်ပွဲ ရက်မှာ. . ယှဉ်ပြိုင်ရင်း ကကွက်မျိုးစုံလင်. . ’ ဆိုသည့် နောက်ဆုံးဇာတ်ဝင်တေး **ရွှေဦးကဗျာ**သီချင်းနှင့် ‘ပိတောက်ပန်းလေးတို့နဲ့အတူ မြူးကြွလာရစေ့မယ်. . တာသင်္ကြန် ဂိမှာန်ရွှေအခါတော်ရှေ့ပြေး. . တူးပို့. . တူးပို့ လှိုင်းသံရင်ခွင်မှာ နာပျော်ဖွယ်. . တွယ်တာနေမြဲ’ အစရှိသည့် **ပိတောက်နှင့်အတူ** သီချင်းကို ရေးဖွဲ့ခဲ့ပါသည်။

နှစ်သစ်ဦး သင်္ကြန်ကာလ ရောက်လာပေဦးမည်။ သင်္ကြန်မိုးသီချင်းကို ရေးဖွဲ့ခဲ့သော ကိုမောင်မောင်ကား မရှိတော့။ သို့ပေမဲ့ သူရေးခဲ့သော သင်္ကြန်သီချင်းလေးတွေမှာကား မြန်မာပြည်တစ်လွှားကြားနေရပြီ။ မြန်မာပြည်တစ်ဝန်းအတိုင်းအဆမရှိပျံ့လွင့်နေကြပြီ။ ကိုမောင်မောင်သာ ရှိနေသေးလျှင် ဘယ်လိုသီချင်းတွေ ရေးနေဦးမည်မသိ။ ယခုတော့ သူ့ကို သာနှမြောတသ မြည်တမ်းမိပါသည်။

သင်္ကြန်ရောက်ပြန်ပေါ့ သီချင်းငှက်ကလေးရေ. . . တေးဖွဲ့သီပါဦး။ ။

7DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012

# အယ်ဒီတာထံ ပေးစာ



## ပြောချင်နေတာကြာပါပြီ

ပြောချင်နေတာ ကြာပါပြီ။ ကျွန်တော့်ကို ၁၉၈၉ စက်တင်ဘာလ ၁၅ ရက်မှာမွေးခဲ့တယ်။ အဲဒီတုန်းက ကျွန်တော့်မိဘများသည် ချည်ထည်စက်ရုံတစ်ခုမှာ အောက်ခြေဝန်ထမ်းတွေပါ။ ကျွန်တော့် မွေးချင်းသုံးယောက်ရှိပါတယ်။ ကျွန်တော်က အလယ်အလတ်ဆိုပေမယ့် အစ်ကိုနဲ့ ကျွန်တော်က အမြွှာပူးပါ။ ကျွန်တော်တို့နှစ်ယောက်ကို မွေးတော့ အောက်ခြေဝန်ထမ်းတွေဖြစ်တဲ့ မိဘတွေဟာ လစာတွေက မလောက်မငပါပဲ။ ဒီလိုနဲ့ မိဘတွေရဲ့ မင်္ဂလာဦးလက်ဖွဲ့တွေဟာ ကျွန်တော်တို့ရဲ့ ဆေးဖိုးဝါးခနဲ့ မုန့်ဖိုးတွေအဖြစ် ပြောင်းလဲသွားခဲ့ပါတယ်။

ကျပ်တည်းတဲ့ အချိန်ကာလတွေကို အများကြီးဖြတ်သန်းခဲ့ရတယ်။ ဝက်စာကျွေးတဲ့ ဆန်တွေဟာ ကျွန်တော်တို့ ဝမ်းစာပေါ့။ ကျွန်တော် လေးတန်းရောက်တော့ ပါးစပ်တစ်ပေါက်တိုးလာခဲ့တယ်။ တိုးလာတဲ့ ပါးစပ်ပေါက်ကို မင်္ဂလာဦးလက်ဖွဲ့ လယ်တွေက အသက်ဆက်ခဲ့ပြန်တယ်။

၂၀၀၀-၀၁ လစာနှုန်းနဲ့ ကျောင်းသားသုံးယောက်စရိတ်၊ မိသားစုစားဝတ်နေရေးကို အမေ၊ အဖေတို့ရဲ့ လစာနည်းနည်းလေးနဲ့ လောက်ပါ့မလား။ ခုချိန်ထိ မလောက်ပါဘူး။ ဒီလိုနဲ့ ကျွန်တော်တို့ အရွယ်ရောက်လာခဲ့တယ်။ ညီလေးက လောကီကို ငြီးငွေ့ပြီး သာသနာ့ဘောင်ထဲဝင်သွားခဲ့တယ်။ ထုံးစံအတိုင်း ကျွန်တော်တို့နှစ်ယောက် စက်ရုံထဲရောက်ခဲ့ရတယ်။ မိသားစုလေး ချောင်လည်မလားလို့။ မချောင်လည်ခဲ့ပါဘူး။ လစာနှစ်သောင်းတိုးတော့ ချောင်လည်မယ်ထင်ခဲ့ဖူးပါတယ်။ ဒုံရင်းပါပဲ။ ကုန်ဈေးနှုန်းတက်လာပြန်တယ်။ ဒီကြားထဲမှာ ၂၀၁၀ ခုနှစ်တည်းက ကုန်ထုတ်လုပ်မှုရှုံးတယ်ဆိုပြီး ဝန်ထမ်းတွေအပေါ် အတော်အလေးပေးလုပ်ဆောင်ပေးခဲ့တဲ့ ကျွန်တော်တို့ စက်ရုံမှူးကိုလည်း အတော်လေးစားစရာကောင်းပါတယ်။ ဒီနေ့အထိမမေ့ပါဘူး။ ၂၀၁၁ ဧပြီ၊ မေလမှာ ဝန်ထမ်းတွေကို လစာထုတ်မပေးဘဲ အောက်ခြေဝန်ထမ်းတွေကစပြီး လစာအစားအထည်တွေ ၈၀,၀၀၀ ကျပ်ဖိုးထုတ်ပေးခဲ့ပါတယ်။ စာဖတ်သူ-တို့ စဉ်းစားကြည့်ပါ။ ကျွန်တော် လစာ ၃၅,၀၀၀၊ ယူရတဲ့ အထည်ဖိုးက ၈၀,၀၀၀ ကျွန်တော်တို့ဝန်ထမ်းတွေဟာ လစာငွေလေးရမှ ထမင်းစားရတာပါ။ မဖြစ်စလောက်ရတဲ့ လစာငွေလေးအစား အထည်တွေပေးလိုက်တော့ အဲဒီ့အထည်တွေ ထိုင်စားနေရမှာလား။ အထည်ဆိုတာလည်း ထားမကောင်း ရောင်းမစွံ ပြည်တွင်းဖြစ် ရေလျှော်ဆေးကျွတ်အထည်တွေပါ။ ဒီလို အထည်တွေကို လျှော့ဈေးနဲ့ ရောင်းပြီး ကျွန်တော်တို့မိသားစုအပါအဝင် ဝန်ထမ်းတိုင်းဟာ ဘဝအရှုံးခံကာ ထမင်းနပ်မှန်အောင် အသက်ဆက်ခဲ့ရတယ်။

အခုတစ်လော လစာတိုးမယ်ကြားတော့ဝမ်းသာလိုက်တာ။ ဝမ်းသာသာနဲ့ပဲ ကျွန်တော့် အထက်အရာရှိက စက်ရုံတွင်းက ချုံနွယ်ပိတ်ပေါင်းများစွာကို ရှင်းခိုင်းပြန်ရော။ လစာတိုးမယ်ဆိုတဲ့ အတွေးကိုယ်စီနဲ့ လူမရှင်းနိုင်လောက်တဲ့ ချုံတွေကို ပျားတုပ်ခံ၊ ပုရွက်ဆိတ်အကိုက်ခံ၊ ခွေးလျှာသီးဒဏ်တွေကို သည်းခံပြီး ငါးရက်တိုင်တိုင် မိမိကို တာဝန်ချထားတဲ့အလုပ် မလုပ်ရဘဲ ချုံရှင်းခဲ့ရပါတယ်။

ဒီလို အားတက်စွာနဲ့ ချုံရှင်းပြီး ကြားရတဲ့ သတင်းကတော့ အတော်စိတ်ပျက်စရာကောင်းခဲ့ပါတယ်။ ဒီဘဏ္ဍာနှစ် လစာမတိုးသေးဘဲ အပိုထောက်ပံ့ကြေးသာ ချီးမြှင့်မည်တဲ့. . .။ **အမိပတိ**

## မျက်နှာဖုံး-ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီချုပ်ကိုယ်စားလှယ်များ လွှတ်တော်တက်ရန် ပြင်ဆင်နေပြီ မှ

အဲဒီ့ထဲမှာကြိုးစားနေတဲ့ကိုယ်စားလှယ်တွေကိုတွေ့ရလို့ အန်တီတို့ အားတက်မိတယ်”ဟု နေအိမ်တွင် ပြုလုပ်သော ဧပြီလ ၈ ရက် သတင်းစာရှင်းလင်းပွဲ၌ပြောကြားသည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသော လွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်နည်းဥပဒေနှင့် လွှတ်တော်လုပ်ထုံးလုပ်နည်းများ ဆွေးနွေးရန် ဧပြီလ ၁၉ နှင့် ၂၀ ရက်များတွင် အစည်းအဝေးခေါ်ထားကြောင်း NLD ပါတီမှ ဦးဉာဏ်ဝင်းကပြောသည်။

“၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာပြီးမှ ဒီအစည်းအဝေးကို လာတက်ပါလို့လည်း မှာလိုက်တယ်”ဟု မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမေဝင်းမြင့်က ပြောသည်။

လွှတ်တော်ထဲ ရောက်ရှိပါက မည်သည့်အကြောင်းအရာအား အရင်ဆုံး ဆွေးနွေးမည်နည်းဟု သတင်းထောက်တစ်ဦးက မေးမြန်းရာ “ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေကို ၁၉ ရက်နဲ့ ၂၀ ရက်တွေမှာ အစည်းအဝေးခေါ်ထားတယ်။ ခေါ်တဲ့အခါမှာ ဆုံးဖြတ်မှာဖြစ်ပါတယ်။ လွှတ်တော်ထဲ ရောက်ရောက်ချင်း ဘယ်လိုကိစ္စတွေကို ကျွန်မတို့ စပြီး ကိုင်တွယ်မလဲဆိုတာကို အများနဲ့ ဆွေးနွေးပြီးမှ ဆုံးဖြတ်ရမှာဖြစ်ပါတယ်”ဟု ဒေါ်အောင်ဆန်းစုကြည်က ပြန်လည်ဖြေကြားခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်စည်းရုံးရေးကာလများ၌ ပါတီ၏ အဓိကဆောင်ရွက်မည့် အချက်သုံးချက်မှာ တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ဖြစ်သည်။

ဧပြီ ၁ ရက်တွင် အနိုင်ရရှိခဲ့သော NLD ပါတီမှ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ မဲဆွယ်စည်းရုံးရေးအသုံးစရိတ်များအား အမြန်ဆုံးရှင်းလင်းရန် မှာကြားထားပြီး ၂၃ ရက်တွင် ပြန်လည်စတင်မည့် လွှတ်တော်တွင် တက်ရောက်နိုင်ရန် မျှော်လင့်နေကြသည်။

ကြားဖြတ်ရွေးကောက် ပွဲတွင် NLD ပါတီမှ ၄၄ နေရာဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၄၃ နေရာအနိုင်ရရှိထားခဲ့သည်။

## မျက်နှာဖုံး-အစိုးရသစ် ပထမဆုံးဘဏ္ဍာနှစ် ကုန်သွယ်မှုပမာဏ စံချိန်သစ်တင် မှ

ယမန်နှစ်ကထက် လယ်ယာထွက်ကုန်မှ အမေရိကန်ဒေါ်လာ ၅၇၅ သန်း၊ သဘာဝဓာတ်ငွေ့မှ တစ်ဘီလီယံခန့် ပိုမိုရရှိခဲ့ပြီး ကျောက်မျက်ပို့ကုန်မှ အမေရိကန်ဒေါ်လာ၁ဒသမ၃ဘီလီယံကျဆင်းခဲ့သည်။ သစ်တောထွက်မှရရှိသော ဝင်ငွေမှာ ယခင်နှစ် နီးပါးရရှိခဲ့သည်။

“ယေဘုယျအနေနဲ့ပြောရင် ဒီနှစ်ဆန်ဈေးက နိုင်ငံတကာဈေးကွက်မှာ ၁၀ကနေ ၂၀ ရာခိုင်နှုန်းထိ ဈေးတက်သွားတယ်။ တစ်တန်ကို ကန်ဒေါ်လာ ၃၅၀-၃၆၀ လောက်ရောင်းရတယ်”ဟုမြန်မာနိုင်ငံဆန်စပါးအသင်း အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က သုံးသပ်သည်။

သို့သော် ထိုကဲ့သို ရောင်းချမှု ပမာဏတိုးလာသော်လည်း ငွေလဲနှုန်းကျဆင်းခြင်း၊ တောင်သူများ စပါးပေါ်ချိန်တွင် ဝယ်ယူမည့်သူမရှိခြင်းနှင့် ဈေးကျဆင်းခြင်းတို့ကြောင့် ယခုနှစ် စပါးစိုက်တောင်သူများ အထိနာခဲ့ကြသည်။

ထိုကဲ့သို့ကုန်သွယ်မှုပမာဏတိုးလာသော်လည်း တင်ပို့သည့် ကုန်ပစ္စည်းအရေအတွက် တိုးမလာသဖြင့် တင်ပို့သော ပစ္စည်းအရေအတွက် တိုးလာရန်ဆောင်ရွက်သင့်ကြောင်း သမ္မတစီးပွားရေးအကြံပေး ဒေါက်တာဦးမြင့်က ဆိုသည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလကုန်ထိ စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာ ၁၃ ဒသမ ၄ ဘီလီယံရရှိခဲ့သည်။

**-ပြင်ဆင်ဖတ်ရှုပါရန်**

7Day News အတွဲ(၁၁)၊ အမှတ်(၅) Opinion ကဏ္ဍတွင် ဖော်ပြပါရှိသည့် ‘မီတာခနှင့်အမြန်မချောတဲ့ချစ်နှမ’ဆောင်းပါး၌ ‘ရန်ကုန်မြို့မှ မုံရွာကို အမြန်ချောပို့တာ သုံးပတ်မက ကြာနေပါတယ်’ဟူသည့်စာသားတွင် အမြန်ချောအစား မှတ်ပုံတင်စာပေးပို့ခြင်းဟူ၍လည်းကောင်း၊ ပေးပို့သည့်စာမှာလည်း ၁-၃-၂၀၁၂ တွင်ပေးပို့ခဲ့ခြင်းဖြစ်၍ ၉-၃-၂၀၁၂တွင် ပေးပို့ခံရသူထံသို့ရောက်ရှိခဲ့ပြီဖြစ်ပြီး ကိုးရက်ကြာခဲ့ခြင်းမှာ ကြားတွင် ရုံးပိတ်ရက်များရှိနေ၍ဖြစ်ကြောင်း သက်ဆိုင်ရာဌာနမှသိရသည်။

ယင်းဂျာနယ်တွင်ပင်စာ-၁၅ပါ‘မန္တလေးသင်္ကြန်တွင်နာမည်ကြီးလူရွှင်တော်များသံချပ်ဖြင့် ဖျော်ဖြေမည်’သတင်းတွင် နဂါးဒေါ်ရီအစား နဂါးဒေါ်ဦးဟုလည်းကောင်း၊ ရုပ်ရှင်မင်းသမီးဝင်းရီအစားရုပ်ရှင် မင်းသားဝင်းဦးဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

**အယ်ဒီတာ**

## စာ-၅၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အဆင့်သုံးဆင့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု သမ္မတပြောကြား မှ

လုပ်သားတစ်သောင်းနီးပါးကိုအလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတကပြောကြားသည်။

ဒုတိယအဆင့်အနေဖြင့် ပြည်တွင်းမှ ထွက်ရှိသည့် ပစ္စည်းများကို တန်ဖိုးဖြင့် ထုတ်လုပ်တင်ပို့နိုင်သည့်အဆင့်သို့တက်လှမ်းနိုင်ရန် ရည်မှန်းထားကြောင်း နိုင်ငံတော်သမ္မတကပြောကြားသည်။

“ပြည်တွင်းက ထွက်ရှိတဲ့ ရာဘာကို ကုန်ကြမ်းအတိုင်း ရောင်းနေရာမှတစ်ဆင့် တာယာထုတ်ပြီး ရောင်းနိုင်မယ်ဆိုရင် တာယာစက်ရုံတည်ထောင်တဲ့အတွက် အလုပ်အကိုင်ပေးနိုင်လာမှာဖြစ်တဲ့အတွက် အဲဒီမျိုးတွေမှာ ရင်းနှီးမြှုပ်နှံစေချင်တယ်”ဟု နိုင်ငံတော်သမ္မတကပြောကြားသည်။

ထို့အပြင် ပြည်တွင်းသစ်လုပ်ငန်းကဏ္ဍတွင်လည်း ထွက်ရှိလာသည့် သစ်ကုန်ကြမ်းအမျိုးမျိုးကို သစ်အချောထည် ထုတ်လုပ်သည့်စက်ရုံများ တည်ထောင်မည်ဆိုပါက စက်မှုကဏ္ဍအဆင့်မြှင့်တင်လာနိုင်မည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတကပြောကြားသည်။

## စာ-၂၊ ပြည်ခိုင်ဖြိုးက ကန့်ကွက်လွှာ ၁၂၃ စောင်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့မည် မှ

ဒါရန်စတာပါ။ ဒါရုန်းရင်းဆန်ခတ်မှုကိုဦးတည်စေပါတယ်”ဟု ပြောကြားခဲ့သည်။

ဧပြီလ ၁ ရက်ကြားဖြတ်ရွေးကောက်ပွဲ၏ မဲရလဒ်များစတင်သိရချိန်မှစ၍ ရန်ကုန်၊ မန္တလေး စသည့်မြို့များ၌ အနိုင်ရပါတီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ထောက်ခံသူများက အောင်ပွဲခံမှုများ ပြုလုပ်ခဲ့ကြသည်။

ထိုသို့အောင်ပွဲခံမှုများနှင့် ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ် အနိုင်ရရှိပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ပြောရေးဆိုခွင့်ရှိသူ ဦးအုန်းကြိုင်က “ဒီကိစ္စက လူငယ်တွေ အရက် သောက်ပြီး အပျော်လွန်တဲ့ပုံစံမျိုးတော့မဟုတ်ပါဘူး။ ရွေးကောက်ပွဲရဲ့ လွတ်လပ်မှုကနေ ခံစားမှုတွေကပွင့်ထွက်ပြီး အရှိန်လွန်သွားကြတာပါ။ ကျွန်တော်တို့ကလည်း မဖြစ်စေချင်ပါဘူး။ အချိန်မီလည်း ထိန်းပါတယ်။ အဖွဲ့ချုပ်ဥက္ကဋ္ဌကလည်း သူတစ်ပါးကို အနှောင့်အယှက်မဖြစ်စေဖို့ မေတ္တာရပ်ခံစာချက်ချင်းထုတ်ခဲ့ပါတယ်”ဟုပြောကြားခဲ့သည်။

ဧပြီလ ၁ ရက် ညသန်းခေါင်မတိုင်မီ အချိန်ကတည်းကပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က အောင်ပွဲခံသူများအနေဖြင့် သူတစ်ပါးကိုအနှောင့်အယှက်ဖြစ်စေနိုင်သော အောင်ပွဲခံမှုများ မပြုလုပ်ရန် မေတ္တာရပ်ခံစာ ထုတ်ပြန်ခဲ့သည်။

ထို့အပြင် မန္တလေးမြို့တွင် ဧပြီလ ၂ရက်၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ လူငယ်များက မန္တလေးမြို့ရှိ ပြည်ခိုင်ဖြိုးပါတီရုံးကို လုံခြုံရေးယူပေးရန် ပြည်သူ့ ရဲတပ်ဖွဲ့က ဖိတ်ခေါ်၍ အဖွဲ့ချုပ်လူငယ် ၂၀ ကလည်း သွားရောက် လုံခြုံရေးယူပေးခဲ့ကြောင်း ဦးအုန်းကြိုင်ကပြောသည်။

## စာ-၄၊ နိုင်ငံခြားသားတစ်ဦးလျှင် ဒေါ်လာတစ်သောင်းအထိ ပြည်တွင်း၌ လွတ်လပ်စွာ ယူဆောင်ခွင့်ပြု မှ

နိုင်ငံခြားသားတစ်ဦးကို ဒေါ်လာတစ်သောင်းထိ တရားဝင်ကိုင်ဆောင်ခွင့်ပြုခြင်းကို နိုင်ငံတကာတွင် ကျင့်သုံးခဲ့ခြင်းမှာ ကာလကြာရှည်နေပြီဖြစ်ကြောင်းကိုလည်း ကမ္ဘောဇဘဏ်ဒုတိယ ဥက္ကဋ္ဌ-၂ ဦးသန်းလွင်ကပြောသည်။

“အခုအစီအစဉ်က နိုင်ငံခြားသား ခရီးသွားတွေ ပြည်တွင်းကို တိုးဝင်လာဖို့ အားပေးရာရောက်တယ်” ဟု ဦးသန်းလွင်က ရှင်းပြသည်။

မြန်မာနိုင်ငံတွင်ငွေလဲနှုန်းကိုဧပြီ၁မှစတင်ပြီး(manage floating)ထိန်းချုပ်နှုန်းရှင်စနစ်ကို စတင်ကျင့်သုံးသည်။ နေ့စဉ်ငွေလဲနှုန်းထားများကိုလည်း ဗဟိုဘဏ်မှ တရားဝင်ကြေညာပေးသည်။ ယနေ့ ငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ၈၂၀ကျပ်ဖြစ်သည်။

# Health

7 DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012


ကျောက်ကပ်အစားထိုးအဖွဲ့မှ ဆရာဝန်ကြီးများ



## ကျောက်ကပ်အစားထိုးကုသမှု ကဏ္ဍသစ်ဖွင့်လှစ်

ဝတ်ရည်အောင်

ကျောက်ကပ်ပျက်စီးသွားသည့်အခါပုံမှန်အတိုင်းပြန်လည်လှုပ်ရှားနိုင်ရန် ကျောက်ကပ် အစားထိုးကုသနိုင်သည်။ ထိုကဲ့သို့ အစားထိုးလိုသည့်အခါ ယခင်က ပြည်ပနိုင်ငံများသို့ ငွေအမြောက်အမြား အကုန်ခံ၍ သွားရောက်အစားထိုးရလေ့ရှိသည်။ သို့သော် ယခုအခါပြည်တွင်းမှာပင်ကျောက်ကပ်အစားထိုးခြင်းအား ပုံမှန်ခွဲစိတ်မှုအဖြစ် ဆောင်ရွက်ပေးလျက်ရှိကြောင်း အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုပညာဌာနမှ ပါမောက္ခဒေါက်တာတိုးလွင်က ပြောသည်။

ကျောက်ကပ်ဆိုသည်မှာ ခန္ဓာကိုယ်အတွင်း မလိုအပ်သည့်အရာများကို ဆီးအဖြစ်ပြန်လည်စွန့်ထုတ်ပေးသည့်လုပ်ငန်းဆောင်တာအား ဆောင်ရွက်သည့် အစိတ်အပိုင်းတစ်ခုလည်း ဖြစ်သည်။

ကျောက်ကပ်အစားထိုးခြင်းအား အသက်ရှင်နေသည့် ညီ၊ အစ်ကို၊ မောင်နှမ ဆွေမျိုးအရင်းအချာများ၏လှူဒါန်းမှုဖြင့် အစားထိုးခြင်း၊ အသက်သေပြီး နှလုံးခုန်နေသည့် အလှူရှင်ထံမှ ရယူအစားထိုးခြင်း၊ ဆွေမျိုးမတော်သူ သူစိမ်းများထံမှ ရယူအစားထိုးခြင်းနှင့် အသက်သေပြီး နှလုံးမခုန်တော့သည့် အလှူရှင်မှ ရယူအစားထိုးခြင်း စသောနည်းလမ်းများရှိပြီးမြန်မာနိုင်ငံတွင်မူဆွေမျိုးအရင်းအချာများထံမှ လှူဒါန်းခြင်းဖြင့်သာ အစားထိုးကုသပြီး ထိုအရာကိုလည်း ဥပဒေများဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားခြင်းဖြစ်သည်။

အခြားသောနိုင်ငံများတွင် အကန့်အသတ်မရှိ လဲလှယ်ရန်ခွင့်ပြုထားသည့်အခါကျောက်ကပ်အစားထိုးကုသနိုင်မှု ပိုမိုများပြားသော်လည်း အိမ်နီးချင်းနိုင်ငံအချို့တွင် ခန္ဓာကိုယ်အစိတ်အပိုင်းရောင်းဝယ်ခြင်းဈေးကွက်များ ပေါ်ထွန်းလာပြီး ပြဿနာပေါင်းများစွာ ဖြစ်ပွားသည်များလည်းရှိသည်။ မြန်မာနိုင်ငံတွင် ထိုကဲ့သို့သော ပြဿနာများအားရှောင်ရှားနိုင်ရန်အတွက် ဥပဒေသတ်မှတ်ပြီး ကန့်သတ်ထားခြင်းလည်းဖြစ်သည်။

ဆွေမျိုးအရင်း ဖြစ်ရမည့်အပြင် အလှူရှင်သည် ဆီးချို၊ နှလုံးရောဂါတွေရှိသည့်အခါတွင်လည်းကောင်း၊ ကျောက်ကပ်က အရည်အသွေးမပြည့်မီသည့်အခါတွင်လည်းကောင်း၊ ပေးလိုသည့် ဆန္ဒမရှိသည့်အခါတွင်လည်းကောင်း အစားထိုးကုသရန်မဖြစ်နိုင်သည့်အတွက် ပြည်တွင်းတွင် အစားထိုးကုသနိုင်သည့်အခြေအနေ နည်းပါးလျက်ရှိကြောင်း ဒေါက်တာတိုးလွင်ကဆက်လက်ပြောသည်။

ကျောက်ကပ်အလှူရှင်သည်အသက်အလွန်ကြီးသည့်အခါကျောက်ကပ်၏ လုပ်ငန်းများ မကောင်းတော့သဖြင့် ၁၈နှစ်မှ ၆၀ နှစ်အတွင်း သတ်မှတ်ထားပြီး အလှူရှင်နှင့် လက်ခံသည့်သူသည် အသက်ကွာခြားချက် များလျှင်လည်း မကောင်းသည့်အတွက်သတ်မှတ်ထားခြင်းဖြစ်ကြောင်းသိရသည်။

"အဲလိုအကြောင်းတွေကြောင့် အစားထိုးကုသနိုင်မှု အခွင့်အလမ်းက အရမ်းနည်းတယ်။ ဒါကြောင့်အခြားနိုင်ငံတွေမှာတစ်ဝမ်းကွဲတွေ၊ ဆွေမျိုးနီးစပ်တွေ၊ ဘုန်းကြီးခေါ်ပြီး သွားရောက်အစားထိုးတာတွေများတယ်" ဟု ဒေါက်တာတိုးလွင်ကပြောသည်။

ပုံမှန် ကျောက်ကပ်အစားထိုးခွဲစိတ်ခြင်းကို ဖေဖော်ဝါရီလတွင် စတင်ဆောင်ရွက်ခဲ့ပြီး မတ်နှင့် ဧပြီလများ၌ တစ်လလျှင် တစ်ယောက်နှုန်းဖြင့် ခွဲစိတ်ခဲ့ရာ ပထမဆုံး ခွဲစိတ်သည့်လူနာသည် ကျန်းမာစွာဖြင့် ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်းသိရသည်။

စာ(၁၄)သို့



## ဆေးမတိုးသောငှက်ဖျားရောဂါတစ်မျိုး မြန်မာ-ထိုင်းနယ်စပ်တွင် ပျံ့နှံ့နေဟုဆို

ဟောင်ကောင်၊ ဧပြီ - ၆

အထိရောက်ဆုံးဆေးဝါးများကိုပင် ခံနိုင်ရည်ရှိသော ဆေးမတိုးသည့်ငှက်ဖျားရောဂါတစ်မျိုး မြန်မာ-ထိုင်းနယ်စပ်တွင် ပျံ့နှံ့နေသည်ကို ၁၀နှစ်ကြာ လေ့လာခဲ့သော သုတေသနတစ်ရပ်က တွေ့ရှိခဲ့ကြောင်း လန်းဆက်ဆေးပညာဂျာနယ်၌ ဖော်ပြထားသော သတင်းတစ်ရပ်ကဆိုထားပြီး ယင်း ငှက်ဖျားရောဂါအား ထိန်းချုပ်နိုင်သောနည်းလမ်းများကို မတွေ့ရှိပါက အိန္ဒိယနှင့် အာဖရိကဒေသသို့ပါ ကူးစက်သွားနိုင်ကြောင်း သိရသည်။

ယခု ငှက်ဖျားရောဂါသည် ငှက်ဖျားရောဂါကို ကုသရာတွင် အကောင်းဆုံးဟု အသိအမှတ်ပြုထားသော အာတီမီစီနင်ဆေးဝါး အတွဲအစပ်များနှင့် ကုသလျှင်ပင် ရောဂါသက်သာရန် အချိန်ကြာမြင့်စွာကုသရကြောင်း သတင်းတွင်ဖော်ပြသည်။

"အာတီမီစီနင်ကို ခံနိုင်ရည်ရှိတဲ့ ငှက်ဖျားရောဂါပိုးတစ်မျိုး ထိုင်းအနောက်ဘက်နဲ့ မြန်မာနိုင်ငံ အရှေ့ဘက်နယ်စပ်ဒေသမှာ သေချာပေါက်တွေ့ရှိထားပါတယ်" ဟု အောက်စဖို့ဒ်တက္ကသိုလ်အပူပိုင်းဒေသဆေးပညာဌာနနှင့်ထိုင်းနိုင်ငံမဟီဒေါလ်တက္ကသိုလ်၊မဟီဒေါလ်-အောက်စဖို့ဒ်အပူပိုင်းဆေးပညာသုတေသနဌာနမှ ပါမောက္ခနီကိုလပ်ဝှိုက်ကပြောကြားသည်။

ယင်းငှက်ဖျားပိုးမှာ အခြားနေရာမှပျံ့နှံ့လာခြင်း(သို့မဟုတ်) ထိုနေရာမှာပင်စတင်ထွက်ပေါ်လာခြင်းဖြစ်နိုင်ကြောင်း ဒေါက်တာဝှိုက်က ရိုက်တာသတင်းဌာနအား တယ်လီဖုန်းဖြင့်ပြောသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အာတီမီစီနင်ဆေးဝါးအား နည်းလမ်းမှန်ကန်စွာအသုံးမပြုခြင်း၊ ဆေးအတုနှင့်အရည်အသွေးမမီသော ဆေးဝါးများကြောင့်ဖြစ်ရသည်ဟုဆိုသည်။

ထို့အတွက်မြန်မာနိုင်ငံအတွက်လည်းပံ့ပိုးကူညီမှုအများအပြားလိုအပ်ပြီး ယင်းငှက်ဖျားရောဂါပိုး မည်သည့်နေရာများသို့ပျံ့နှံ့နေသည်ကိုလည်းထောက်လှမ်းသိရှိရန်လိုအပ်ကြောင်း ပါမောက္ခဝှိုက်ကပြောကြားပြီး ယင်းမှာ စစ်ပွဲတစ်ရပ်ဆင်နွှဲသကဲ့သို့ပင်ဖြစ်ကြောင်းပြောသည်။

"ဒီရောဂါကို ဒီဒေသမှာပဲ ထိန်းချုပ်ထားနိုင်ဖို့ ငွေကြေးအထောက်အပံ့များများစားစားလိုအပ်ပါတယ်။ အဲလိုမှမဟုတ်ရင်တော့ လူပေါင်းများစွာ ထိခိုက်ပါလိမ့်မယ်"ဟု ဒေါက်တာဝှိုက်က သတိပေးပြောကြားသည်။ —Ref: Reuters

## ရင်သားကင်ဆာရှိသူများ ပဲပိစပ်သည် အန္တရာယ်ဖြစ်စေနိုင်ဟုဆို

ဝါရှင်တန်၊ ဧပြီ - ၃



အရွယ်ရောက်ချိန်မှ ပဲပိစပ်စားသုံးသော အမျိုးသမီးအချို့သည် ယင်းပဲကြောင့် ဆေးကုသမှုဒဏ်ခံနိုင်ရည်ရှိသည့် ရင်သားကင်ဆာ ပြန့်ပွားမှုကို ဖြစ်နိုင်စေကြောင်း အမေရိကန်သုတေသီများကပြောသည်။

ဓာတ်ခွဲခန်းရှိကြွက်များကို စမ်းသပ်ချက်အရ တစ်ဘဝတာလုံး ပဲပိစပ်ကျွေးမွေးခံရသော ကြွက်များသည် ရင်သားကင်ဆာ ဆေးဖြစ်သည့် tamoxifen ကို ကောင်းစွာ တုံ့ပြန်နိုင်စွမ်းရှိကြောင်း၊ သို့သော် အရွယ်ရောက်မှ ပဲပိစပ်စားသည့် ကြွက်များမှာမူ ရင်သားကင်ဆာဖြစ်ချိန်တွင် ဆေးကို ပြန်လည်ခုခံမှုမြင့်မားလာကြောင်းတွေ့ရသည်။ သုတေသနကိုဦးဆောင်ခဲ့သည့်ဂျော့ချ်တောင်းတက္ကသိုလ်မှပညာရှင်ပါမောက္ခလီနာဟီလာကီဗီကလက်က"ရလဒ်တွေကပြသနေတာကတော့ အရွယ်ရောက်ချိန်မှပဲပိစပ်ကိုစတင်စားသုံးတဲ့အနောက်တိုင်း အမျိုးသမီးတွေဟာရင်သားကင်ဆာဖြစ်နေပြီဆိုရင် စားသုံးမှုရပ်သင့်တယ်"ဟုပြောသည်။ ပါမောက္ခလီနာနှင့် အခြားပညာရှင်များ၏ ယခုလေ့လာမှုကိုအမေရိကန်ကင်ဆာသုတေသနအသင်း၏ နှစ်ပတ်လည်ဆွေးနွေးပွဲတွင်တင်ပြခဲ့ခြင်းဖြစ်သည်။ —Ref: AP



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012

# ပင်ပန်းမှု၊ စိတ်ဖိစီးမှုများနှင့် သွေးပေါင်ကျခြင်း

**မေပယ်လ်**

"နေပူထဲကနေချွေးစိုစိုနဲ့ပြန်လာပြီး အဲကွန်းနဲ့အေးနေတဲ့ ရုံးခန်းထဲကိုဝင်လိုက်ရာကနေ သူငယ်ချင်းတစ်ယောက် သွေးပေါင်တွေကျ၊ ခေါင်းတွေမူးပြီးသတိလစ်သလိုဖြစ်သွားတယ်"

"အအိပ်ပျက်၊ အစားမမှန်၊ အလုပ်နဲ့ စိတ်ဖိစီးမှုတွေများပြီး သွေးပေါင်တွေကျပြီး အန်လို့၊ ဆေးသွားသွင်းလိုက်ရတယ်"

စသည်ဖြင့် ယခုရက်ပိုင်းအတွင်း အနီးပတ်ဝန်းကျင်တွင် ရာသီဥတုပူပြင်းခြင်းကြောင့် သော်လည်းကောင်း၊ စိတ်ခံစားမှုနှင့်နေထိုင်စားသောက်မှုပုံမှန်မဟုတ်ခြင်း စသည့်အကြောင်းရင်းများကြောင့်သော်လည်းကောင်း သွေးပေါင်ကျမှုများအဖြစ်များလျက်ရှိသည်။

"ပူပြင်းတဲ့ရာသီဥတုမှာသွားလာလှုပ်ရှားရင်း ချွေးထွက်များတာတွေ၊ လေ့ကျင့်ခန်းတွေ မနားတမ်းလုပ်တာတွေ၊ အစားအသောက်မမှန်တာတွေ၊ အအိပ်ပျက်တာများရင်လည်း သွေးပေါင်ကျတတ်တယ်။ ကိုယ်နေထိုင်တဲ့ပတ်ဝန်းကျင်တို့၊ လုပ်ငန်းခွင်တို့မှာလည်းစိတ်ဖိစီးမှုတွေများလို့လည်း ဖြစ်တတ်ပါတယ်" ဟု အထွေထွေရောဂါကုဆရာဝန် ဒေါက်တာခင်ဇော်ကပြောသည်။

သွေးပေါင်ကျခြင်း (Hypotension) သည်အသက်အရွယ်အပိုင်းအခြားမရွေးဖြစ်ပွားလေ့ရှိပြီး အသက် ၄၀ အောက်ဆိုပါက ပုံမှန်သွေးဖိအား ၁၂၀/၈၀ ရှိရမည်ဖြစ်ကာ၊ အသက် ၄၀ ကျော်ဆိုပါက အသက်အရွယ်အလိုက် သွေးပေါင်တက်သွားသည်ဟုဆိုသည်။

"အသက် ၅၀ မှာသွေးပေါင် ၁၅၀ ဆိုရင် သွေးတိုးတယ်လို့မဆိုနိုင်ဘူး။ အသက် ၆၀ ကျော်မှာသွေးပေါင် ၁၆၀ ရှိတယ်ဆိုရင်လည်း သွေးတိုးနေတယ်လို့မပြောဘူး။ ဒါပေမဲ့ ပုံမှန်ဆိုရင် အောက်သွေးက ၉၀ထက် မကျော်ရဘူး" ဟုဒေါက်တာခင်ဇော်က ပြောသည်။

နှလုံးကညှစ်ပြီးထုတ်လိုက်သည့်သွေးသည် ခန္ဓာကိုယ်ထဲရှိသွေးကြောများမှတစ်ဆင့်လည်ပတ်စီးဆင်းခြင်းဖြစ်ပြီး သွေးပေါင်တက်ခြင်း၊ ကျခြင်းကိုတိုင်းတာခြင်းမှာ နှလုံးခုန်လိုက်ပြီး ညှစ်လိုက်ချိန်တွင် သွေးကြော၏တွန်းကန်အားကိုတိုင်းတာခြင်းဖြစ်သည်။

နှလုံးသည် ဝဒသမ၅စက္ကန့်-တွင်တစ်ခါခုန်ပြီးဝဒသမ၃စက္ကန့်တွင် တစ်ခါနားသည်။ ဝဒသမ၈ စက္ကန့်သည်နှလုံးအလုပ်လုပ်သည့် OneCircle အချိန်ဖြစ်ပြီးဝဒသမ ၅စက္ကန့်အတွင်း နှလုံးကညှစ်ထုတ်လိုက်ချိန်တွင် သွေးကြော၏တွန်းကန်အားကိုအပေါ်သွေးဟုသတ်မှတ်ပြီး၊နှလုံးကမညှစ်ဘဲနားလိုက်ချိန်၊ Relax လုပ်လိုက်ချိန်သွေးကြော၏တွန်းကန်အားကိုအောက်သွေးဟု သတ်မှတ်တိုင်းတာသည်ဟုဆိုသည်။

သွေးတိုး၊ သွေးကျခြင်းများပုံမှန်ဖြစ်လေ့ရှိသူများအနေဖြင့်ဖြစ်နိုင်ပါက နေအိမ်တွင်သွေးပေါင်ချိန်တိုင်းကိရိယာကိုထားပြီး ပုံမှန်တိုင်းတာမှုမျိုးပြုလုပ်သင့်ကာ သွေးပေါင်ချိန်တိုင်းစက်မရှိပါကလည်း ထူးခြားသည့်လက္ခဏာဖြစ်ပါက ဆေးခန်းတွင် သွားရောက်သွေးပေါင်ချိန်ခြင်းမျိုး ပြုလုပ်သင့်သည်။




သွေးဖိအားကျသွားခြင်းမှာ ရှိရမည့်သွေးဖိအား ထုထည်ပမာဏလျော့သွားပြီး ရှိသင့်သည့်ပမာဏမရှိသဖြင့် မူးဝေကာ ရှော့ခ်ဖြစ်ခြင်းမျိုးဖြစ်သည်။ ရုတ်တရက် သွေးပေါင်ကျသည့်အနေအထားမျိုးတွင် သကြားရည်ဖျော်သောက်ခြင်း၊ ဓာတ်ဆားရည်သောက်ခြင်း၊ ဖျော်ရည်သောက်ခြင်းများကို အမြန်ဆုံးပြုလုပ်ရမည်ဖြစ်သည်။

သွေးပေါင်ကျခြင်းကြောင့် မူးဝေခြင်း၊ အားနည်းခြင်း၊ အော့အန်ခြင်း၊ သတိလစ်ခြင်းစသည်များဖြစ်ပွားလေ့ရှိသည်။

သွေးပေါင်ကျသည့်အခြေအနေအလိုက် ဓာတ်ဆားရည်သောက်ခြင်းအပြင် ဆေးထိုး၊ ဆေးသွင်းခြင်းများဖြင့်ပုံမှန်အခြေအနေရောက်အောင် လုပ်ဆောင်ရသည်ဟုဆိုသည်။

"သွေးပေါင်ကျပြီး မူးမော်၊ သတိလစ်တာတွေက ပူပြင်းတဲ့ရာသီဥတုတွေမှာ ပိုပြီးဖြစ်တတ်တယ်။ သွေးတိုးတတ်တဲ့သူကော၊ ကျတဲ့သူကောသွေးပေါင်ကျတတ်တယ်။ ချွေးထွက်များပြီဆိုတာနဲ့ သီးစုံဓာတ်ဆားရည်လေးသောက်လိုက်တာ အကောင်းဆုံးပါပဲ။ ရာသီဥတုပူလာပြီဆိုရင် ပိုပြီးသတိထားရတော့မယ်" ဟု အဆိုပါဆရာဝန်က ပြောကြားသည်။

## ရင်သားကင်ဆာ ဓာတ်မှန်များကြောင့် မလိုအပ်သော ဆေးကုသမှုများ ဖြစ်ပေါ်

**ဝါရှင်တန်၊ မေ - ၄**

ဓာတ်မှန်ရိုက်၍ သိရှိလာသော ရင်သားကင်ဆာရောဂါဖြစ်ပွားမှု လေးပုံတစ်ပုံသည် အသက်အန္တရာယ်ရှိလာမည် မဟုတ်သလို ရောဂါလက္ခဏာများလည်း ပြသမှုမရှိကြောင်း အမေရိကန်သုတေသီများက ပြောကြားသည်။

အမျိုးသမီးပေါင်း ၃၉,၈၈၈ ဦးကို လေ့လာထားသော နော်ဝေးနိုင်ငံမှပြုလုပ်သည့်သုတေသနတစ်ရပ်အရရင်သားကင်ဆာတွေ့ရှိ မှု ၁၅ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းမှာ ရောဂါအခြေအနေကို ပုံကြီးချဲ့ထားကြောင်းသိရသည်။ ယင်းသို့ ပုံကြီးချဲ့ရောဂါ ဖော်ထုတ်ထားသော အခြေအနေကြောင့် ခွဲစိတ်ခြင်း၊ ဓာတ်ကင်ခြင်းနှင့် သံလိုက်လှိုင်းဖြင့် ကုသခြင်းကဲ့သို့မလိုအပ်သောကုသမှုများထိရောက်ရှိသွားကြောင်း သုတေသီများက ပြောကြားသည်။

ဗြိတိန်နိုင်ငံတွင်လည်း ရင် သားကင်ဆာရှိ၊ မရှိဓာတ်မှန်ရိုက်၍ စစ်ဆေးပြီး ထွက်ပေါ်လာသောရလဒ်များမှာ ထိရောက်မှုရှိသည်လားဆိုသည်ကို ပြန်လှန်သုံးသပ်နေကြကြောင်းသိရသည်။

ရင်သားကင်ဆာအား ဓာတ် မှန်ရိုက်စစ်ဆေးခြင်းဖြင့် အမျိုးသမီးများ၏ အသက်ကို ကယ်တင်နိုင်သည်ဟူသော အယူအဆ ဖြင့် ကမ္ဘာတစ်ဝန်းကျန်းမာရေး အဖွဲ့များက ဓာတ်မှန်ရိုက်စစ်ဆေးရန် လုပ်ဆောင်နေကြသည်။ သို့သော် ယခုအခါ ဓာတ်မှန်ရိုက် စစ်ဆေးမှုများကြောင့်ကောင်းကျိုးထက်ဆိုးကျိုးကို ပိုမိုဖြစ်ထွန်းနိုင်သည်ဟုအချို့သုတေသီများက ပြောကြားလာကြသည်။

—Ref: BBC

**မွန်မြတ်ဆေးခန်း** ဗိသုကာ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း။ အမှန်ယုံကြည်ရ

**ဆေးခန်းသုံး တိုင်းရင်းဆေးများသာ**

**လိပ်ခေါင်းရောဂါကုသခြင်း**
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

**သွေးတိုးနှင့်ဆက်နွယ်သောနလုံးရောဂါ၊ သွေးထဲအဆီများသူများ ကုသခြင်း**
- (၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
- (၇)ရက်သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
- (၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါ ပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။ 30% Discount

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

( ဆေးခန်းဖွင့်ချိန် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ )

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၅၃၂၊ ၀၉ ၅၁၉၆၅၁၈

## စာ-၁၃၊ ကျောက်ကပ်အစားထိုးကုသမှု ပုံမှန်ကုသပေးပြီ မှ

ပြည်တွင်းတွင် ကျောက်ကပ်အစားထိုးခြင်းကို ၁၉၉၇ ခုနှစ်မှ စတင်ဆောင်ရွက်နိုင်ခဲ့ပြီး ယခုကဲ့သို့ လစဉ်မဟုတ်ဘဲ နှစ်အပိုင်းအခြားဖြင့်သာ ခွဲစိတ်နိုင်ခဲ့သည်။

ကျောက်ကပ်အစားထိုးခြင်းကို ပြည်ပရှိ အာရှနိုင်ငံများတွင် သွားရောက်လုပ်ကိုင်ပါက ငွေကျပ်သိန်းပေါင်း ၂၀၀ မှ ၂၅၀ အထိကုန်ကျသည်။ ယခု ပြည်တွင်းတွင် ခွဲစိတ်မှု၌ လူနာက ငွေကျပ်သိန်း ၆၀ ခန့် ကုန်ကျခံရပြီး ကျန်ရှိသည့်ငွေကြေးအား နိုင်ငံတော်မှ ကျခံပေးခြင်းဖြစ်ကြောင်း သိရသည်။

ကျောက်ကပ်ပျက်စီးခြင်းသည် လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်က ကျောက်ကပ်ရောင်ခြင်းကြောင့် အများဆုံး ကျောက်ကပ်ပျက်စီးကြသော်လည်း ယခုနှစ်ပိုင်းမှစ၍ ဆီးချိုရောဂါဝေဒနာရှင်များသည် ကျောက်ကပ်ပျက်စီးမှုရာခိုင်နှုန်းများပြားပြီး ကျောက်ကပ်ပျက်စီးသူများမှာ ဆီးချိုရောဂါဝေဒနာရှင်များဖြစ်နေကြောင်း ဒေါက်တာတိုးလွင်ကပြောသည်။

"ပထမ စဖြစ်တုန်းကတော့ တစ်ကိုယ်လုံး ယားတယ်။ အင်ပျဉ်တွေထွက်တယ်။ သွေးပေါင်တွေတက်တယ်ပေါ့။ အဲဒါကိုဆေးထိုးလိုက်၊ သံချဆေးသောက်လိုက် လုပ်နေတာကနေ မသက်သာလာတာနဲ့ ဆေးစစ်လိုက်တဲ့အခါ ကျောက်ကပ်ရောင်နေတယ်။ အဲဒါ ဆေးသောက်တာ ၁၇နှစ်ကြာတယ်။ အခုနောက်ပိုင်းမှာ လက္ခဏာက ပိုပိုဆိုးလာတဲ့အခါ လွန်ခဲ့တဲ့ နှစ်လလောက်က ကျောက်ကပ် အစားထိုးမလား၊ အလှူရှင်ရှိလားဆိုပြီး ဆရာတွေ မေးရာကနေ အစ်မကလည်း လှူမယ်ဆိုတာနဲ့ အစားထိုးခွဲစိတ်ဖြစ်တာ" ဟု ကျောက်ကပ်အစားထိုးကုသမှုခံယူခဲ့သူ ဒေါ်သန်းသန်းဝင်းကပြောသည်။

ကျောက်ကပ်လှူဒါန်းခဲ့သူ ဒေါ်ဝင်းမြင့်ဦးသည် ကျန်းမာရေးကောင်းမွန်နေပြီဖြစ်ပြီး ရက်အနည်းငယ်အတွင်း ဆေးရုံမှ ဆင်းနိုင်ပြီဖြစ်သည်။

လူတစ်ဦး၏ ခန္ဓာကိုယ်တွင် ကောင်းမွန်သည့်ကျောက်ကပ်တစ်လုံးရှိလျှင် လုံလောက်ပြီဖြစ်ပြီး ကျောက်ကပ်အစားထိုးပြီးသွားသောအခါ အစားထိုးထားသည့် ကျန်းမာသည့် ကျောက်ကပ်မှ တာဝန်ယူထားပြီး ကုန်ကျစရိတ်တွင်လည်း နောက်ထပ်ကျောက်ကပ်ဆေးရသည့် ပထမ တစ်နှစ်စာ ကုန်ကျငွေသည် ကျောက်ကပ်အစားထိုးခြင်းကုန်ကျစရိတ်နှင့် ညီမျှကြောင်းသိရသည်။

ကျောက်ကပ်ခွဲစိတ်ပြီးသည့်အချိန်တွင် လက်ခံထားသူသည် အစားထိုးထားသည့် ကျောက်ကပ်အား ခန္ဓာကိုယ်မှ တိုက်ထုတ်မှုမရှိစေရန် ဆေးပုံမှန်သောက်ရန် လိုအပ်ပြီး ပုံမှန်အတိုင်း နေထိုင်စားသောက်နိုင်ကြောင်း သိရသည်။

ဆီးနှင့် ကျောက်ကပ်အထူးကုဌာနသို့လာရောက်ပြသသူများသည် ၂၀၀၁ ခုနှစ်တွင် နှစ်ထောင်နီးပါးရှိရာမှ ၂၀၁၁ ခုနှစ်တွင် တစ်သောင်းနီးပါးရှိလာသည့်အတွက် လူနာနှင့်ဆရာဝန်မမျှတ၍ ကျောက်ကပ်နှင့်ပတ်သက်သည့် ရောဂါခွဲစိတ်ကုသမှုမှာ စောင့်ဆိုင်းရချိန်ကြာမြင့်လေ့ရှိသည်။

ယခု ကျောက်ကပ်အစားထိုးခွဲစိတ်မှုတွင် ဆီးနှင့် ကျောက်ကပ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာဦးတိုးလွင်အဖွဲ့ကဦးဆောင်ပြီး ဆီးနှင့်ကျောက်ကပ်သမားတော်ကြီး ဒေါက်တာခင်မောင်ဌေးနှင့်အဖွဲ့က ပြင်ဆင်ဆောင်ရွက်ပေးကာ မေ့ဆေးဆရာဝန်ကြီးပါမောက္ခဒေါက်တာဦးတင်မြင့်နှင့်အဖွဲ့က မေ့ဆေးပေးပြီး နှလုံးနှင့် သွေးကြောခွဲစိတ်အထူးကုဆရာဝန်ကြီး ဦးခင်မောင်လွင်အဖွဲ့က ပါဝင်ခွဲစိတ်ပေးခြင်းဖြစ်သည်။

**TRADEMARK CAUTION**
**Vestergaard SA.**, a company incorporated in Switzerland at Chemin Messidor 5-7, 1006 Lausanne, Switzerland Change to **Vestergaard Frandsen SA,** Chemin Messidor 5-7, 1006 Lausanne, Switzerland is the Owner and Sole Proprietor of the following Trademark:-

LifeStraw

**Reg:No.4/1501/2006**
**Reg:No.4/1502/2006**
**Reg:No.4/5976/2007**
**Reg:No.4/2677/2012**

In respect of : Int'l Class 11: Filters for drinking water, water filtering apparatus, water purification installations.
In respect of : Int'l Class 20: Straws for drinking .
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
Ph : 371990 10.April.2012

Regional
7 DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012

# သင်္ကြန်ရက်အတွင်း မန္တလေးတွင် လျှပ်စစ်မီးအချိန်ပြည့်ရနိုင်ဖွယ်ရှိဟုဆို

**ညီညီဇော်**

**မန္တလေး၊ ဧပြီ - ၆**

မန္တလေးမြို့ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း စက်ရုံ၊ အလုပ်ရုံများရပ်နား၍ လျှပ်စစ်ဓာတ်အားသုံးစွဲမှုလျော့နည်းမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား အပြည့်အဝပေးရန်လုံလောက်ပါက သင်္ကြန်ပွဲတော်ကာလအတွင်း အချိန်ပြည့်ရရှိနိုင်ကြောင်း သတင်းရရှိသည်။

“သင်္ကြန်ကာလဆိုတော့ တော်တော်များများ စက်ရုံ၊အလုပ်ရုံတွေလည်း နားကြမယ်ဆိုတော့ လျှပ်စစ်ဓာတ်အားတွေ ပိုလာမယ်လို့ မှန်းရတာပေါ့။ သေချာတော့ ပြောလို့မရသေးဘူး။ ပိုလျှံရင်တော့ ပေးဖြစ်မှာပါ”ဟု လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက 7Day News သို့ ပြန်လည်ဖြေကြားသည်။

ယခုလက်ရှိမန္တလေးမြို့တွင် မတ်လ ၂၈ ရက်မှ စတင်ကာ ခြောက်နာရီပြတ်၊ ၁၂ နာရီလာ အစီအစဉ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေပြီဖြစ်သည်။ လျှပ်စစ်ဓာတ်အား အချိန်အပိုင်းအခြားဖြင့် ရရှိနေမှုကြောင့် မန္တလေးမြို့ခံများ အခက်အခဲအချို့နှင့် စတင်ရင်ဆိုင်နေရပြီဖြစ်သည်။

“ကျွန်တော်တို့ကတော့ ကုန်သည်ဆိုတော့ အိမ်သုံးပဲ ဒုက္ခရောက်တာ။ အဓိကကတော့ ဆီစက်တွေ၊ ဂျုံစက်တွေ အများဆုံးအခက်အခဲ ကြုံရတာပေါ့။ အမှန်ဆိုရင် ကုန်ထုတ်စရိတ် တိုးလာရင် ဈေးနှုန်းတက်လာနိုင်ပေမယ့် ခုချိန်က အရောင်းအဝယ်မကောင်းတော့ ဈေးတက်မလာသေးဘူး”ဟု ပဲကုန်သည်တစ်ဦးကပြောသည်။

အင်တာနက်ဆိုင်ရှင်တစ်ဦးကလည်းသူမတို့အနေဖြင့် မီးစက်တစ်လုံးကိုအရေးပေါ်ဝယ်လိုက်ရပြီဖြစ်ပြီး မီးစက်နေရာအခက်အခဲနှင့်လောင်စာဆီစရိတ်များ ပိုကုန်လာကြောင်းပြောသည်။ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း လျှပ်စစ်မီး အချိန်ပြည့်မရရှိနိုင်ပါက မိမိတို့ နှစ်သစ်ကူးအားလပ်ရက်များသည် အပြည့်အဝအနားယူရမည့်နေ့ရက်များ ဖြစ်မလာနိုင်ကြောင်း မန္တလေးမြို့သူမြို့သားများက ဆိုသည်။

“သင်္ကြန်မှာ နှစ်တိုင်းလိုလို လျှပ်စစ်မီးအချိန်ပြည့်ရလာတာကြာပြီလေ။ အိမ်မှာနားနေတဲ့ လူတွေကလည်း တီဗီကြည့်ချင်ကြည့်မယ်။ တရားနာချင်နာမယ်။ အဲဒါတွေ အကုန်လုံးက လျှပ်စစ်မီးပေးမှုကိုဖြစ်မှာ။ ဒါမှ သင်္ကြန်အားလပ်ရက်က အဓိပ္ပာယ်ရှိမယ်လေ”ဟု အသက် ၃၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးကဆိုသည်။

မန္တလေးတိုင်း ဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားပေးစနစ်သည်ရေအားလျှပ်စစ်အပေါ်တွင် မူတည်နေပြီး ဆည်များ၌ ရေများနည်းပါးနေခြင်းကြောင့် လျှပ်စစ်ဓာတ်အားရရှိမှု လျော့နည်းလာကာ အချိန်လျှော့ပေးရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# မန္တလေးတွင် မိုးသက်လေပြင်းကျ
# သစ်ပင်၊ ဓာတ်တိုင်၊ တယ်လီဖုန်းတိုင်၊ လမ်းညွှန်မှတ်တိုင်များ ပြိုလဲ

**စိုင်းသာအောင်**

**မန္တလေး၊ ဧပြီ - ၆**

မန္တလေးမြို့တွင် ဧပြီလ ၆ ရက် ညနေ ၃ နာရီခန့်က မိုးသက်လေပြင်းများ ကျရောက်ကာ ၃ နာရီ မိနစ် ၂၀ ခန့်က မိုးကြိုးပစ်သံနှစ်ချက်ကြားရပြီး မိုးရွာကြောင်းမိုးနှင့် အတူဆီးသီးစေ့ခန့် မိုးသီးများပါပါသဖြင့် မန္တလေးသူ၊ မန္တလေးသားများ မိုးသီးကောက်ကြပြီး မိုးရွာချိန် ၁နာရီခွဲခန့်ကြာကြောင်း သိရသည်။

*စာ(၁၈) သို့*



**လေပြင်းကြောင့်ပြိုလဲသွားသော သစ်ပင်တစ်ပင်။**

# ကားလက်မှတ် ဈေးတင်ရောင်းလျှင် လုပ်ငန်းလိုင်စင် ရုပ်သိမ်းမည်ဟုဆို

**ထူးသန့်**

**နေပြည်တော်၊ ဧပြီ- ၅**

နှစ်သစ်ကူးရက်ရှည်ရုံးပိတ်ရက်အတွက် မိမိနေရပ်သို့ပြန်ကြမည့်ခရီးသွားသူများအား ကားလက်မှတ်ခများ ရောင်းချပေးရာတွင် သတ်မှတ်နှုန်းထားထက် ပိုမိုတောင်းယူကြောင်းတွေ့ရှိပါက အရောင်းကိုယ်စားလှယ်သက်ဆိုင်ရာ ယာဉ်အသင်းကိုပါ ယာဉ်ပြေးဆွဲခွင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) ဥက္ကဋ္ဌဦးဝင်းဆွေက ပြောသည်။

“အကျိုးဆောင် ၂၆ ခုကိုရော ယာဉ်အသင်းတွေကိုပါ ခေါ်ပြီး သတိပေးထားပါတယ်။ ကားလက်မှတ်ကို သတ်မှတ်နှုန်းထက်ပိုရောင်းရင်လုပ်ငန်းလိုင်စင် ရုပ်သိမ်းမယ်။ ယာဉ်ပြေးဆွဲခွင့်ရုပ်သိမ်းမယ်”ဟု ဦးဝင်းဆွေက ပြောသည်။ တစ်ဆက်တည်း ခရီးသွားပြည်သူများ အဆင်ပြေစေရန်အတွက် ယခုလ ၁၀ ရက် တွင် ယာဉ်စီးရေ ၁၀၀ ကျော်ထပ်မံပြေးဆွဲပေးမည်ဖြစ်ကြောင်းလည်း ၎င်းကပင် ဆက်လက်ပြောကြားသည်။

“ကားလက်မှတ်အတွက် စိတ်မပူစေချင်ဘူး။ မနှစ်က လူဦးရေဒီထက်များတုန်းကတောင် အဆင်ပြေအောင်လုပ်ပေးခဲ့သေးတယ်။ ဒီနှစ်ယာဉ်အသင်းတွေ ယာဉ်တွေပါထပ်တိုးလာပါတယ်။ နောက်ပြီး ဆယ်ရက်နေ့နဲ့မလုံလောက်ရင် ၁၁ ရက်နေ့မနက်မှာပါပြေးဆွဲပေးမှာပါ”ဟူ၍ ၎င်းကထပ်မံရှင်းလင်းပြောကြားသည်။ ဧပြီ ၁၀ ရက်အတွက် ကားလက်မှတ်ကြိုတင်မှာယူရာတွင် အဆင်မပြေကြောင်း မန္တလေးပြန်မည့် ပုဂ္ဂလိကဝန်ထမ်းတစ်ဦး၏ ပြောကြားချက်နှင့်ပတ်သက်ပြီး “အဲဒီရက်အတွက် ဘယ်သူ့ကိုမှ ဘွတ်ခ်ကင်လက်မခံပါဘူး။ အဲဒီနေ့ကျမှ ရောင်းပေးမှာပါ”ဟု ဆိုသည်။

နေပြည်တော်တွင် တည်ဆောက်ရေးလုပ်ငန်းအများစု ရပ်နားခဲ့သည့်အတွက် သင်္ကြန်ရုံးပိတ်ရက်နေရပ်ပြန်မည့် ခရီးသွားဦးရေလည်း ယခင်လိုရှိမည်မထင်ကြောင်း ယာဉ်မောင်းတစ်ဦးကပြောကြားသည်။ ခရီးသည်သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို သင်္ကြန်ကာလအတွင်း ရပ်နားထားမည်ဖြစ်ပြီး နှစ်ဆန်းတစ်ရက် ဧပြီ ၁၇ ရက်တွင် ပြန်လည်ပြေးဆွဲပေးမည်ဖြစ်သည်။

# မန္တလေးတွင် ခွေးရူးပြန်ကာကွယ်ဆေး ရောင်းကောင်းနေဟုဆို

**စိုင်းသာအောင်**

**မန္တလေး၊ ဧပြီ - ၅**

မန္တလေးမြို့ပေါ်တွင် ခွေးလေခွေးလွင့်များပေါများလာသဖြင့် ခွေးကိုက်ခံရသော လူနာများ ပိုမိုများပြားလာကာ ခွေးရူးပြန်ကာကွယ်ဆေးများ ရောင်းကောင်းနေကြောင်း လမ်း ၃၀၊ ၇၆×၇၇ ကြားဆေးဆိုင်တန်းမှ သိရသည်။

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၁၉ လမ်း ပုဂ္ဂလိကဆေးခန်းမှ ဆရာဝန်တစ်ဦးက “ဒီရက်ပိုင်း ခွေးကိုက်ခံရလို့ဆိုပြီး လူနာတွေ တစ်ရက်ခြား၊ နှန်းလောက်ရောက်လာတယ်။ အကိုက်ခံရတာကတော့လမ်းဘေးကခွေးလေခွေးလွင့်တွေ ကိုက်တာကြောင့်ဖြစ်တယ်။ ခွေးကိုက်ခံရရင်တော့ ဆေးပတ်လည်အောင် ခွေးရူးပြန်ကာကွယ်ဆေးလေးလုံးလောက် သတ်မှတ်ရက်အတိုင်း ထိုးပေးပါတယ်”ဟုပြောသည်။

၎င်းက ဆက်လက်၍ “အိမ်မွေးခွေး အကိုက်ခံရရင်လည်း ခွေးရူးပြန်ကာကွယ်ဆေးထိုးဖို့လိုပါတယ်။ ပြီးခဲ့တဲ့နှစ်ပိုင်းက အသက် ၆၀လောက်အမျိုးသားတစ်ဦး အိမ်မွေးခွေး၊ မွေးစုတ်ဖွားက ကိုက်လိုက်တယ်။ သာမန်ပဲထင်တယ်။ ခွေးက ရိုးရိုးနေမကောင်းတာဆိုပြီး နှစ်လလောက်နေ သေသွားတယ်။ အဲဒီခွေးလေးသေပြီး ခြောက်လအကြာမှာ အဲဒီခွေးအကိုက်ခံရတဲ့သူ ခွေးရူးပြန်ရောဂါနဲ့သေသွားပါတယ်။ အိမ်မွေးခွေးဖြစ်ဖြစ်၊ လမ်းပေါ်က ခွေးဖြစ်ဖြစ် ခွေးရူးပြန်ကာကွယ်ဆေးထိုးမှ ကောင်းပါတယ်။ ကာကွယ်ဆေးထိုးမထားဘူးဆိုရင် အချိန်ကာလက ပြောမရဘူး။ အချိန်မရွေး ခွေးရူးပြန်ရောဂါနဲ့ သေနိုင်ပါတယ်”ဟု သူ၏အမြင်ကိုပြော သည်။

ချမ်းအေးသာစံမြို့နယ်မှ တိမွေးကု ဆရာဝန်တစ်ဦးက “မြို့တော်စည်ပင်ဥပဒေအရ အိမ်မွေးတိရစ္ဆာန်တွေမွေးရင် သက်ဆိုင်ရာ မြို့နယ်မှာ မှတ်ပုံတင်ရမယ်။ ကာကွယ်ဆေးထိုးရပါမယ်။ မြို့ပေါ်မှာ အခု ခွေးတွေ အလှမွေးပြီး ကားပေါ်တင်သွားကြတာ။ ဆိုင်ကယ်ပေါ် တင်သွားကြတာတွေ့တယ်။ ကျွန်တော့်ဆီ ဆေးလာထိုးတဲ့ခွေးဆိုရင် ဓာတ်ပုံရိုက်တယ်။ ဆေးထိုးတဲ့မှတ်တမ်းနဲ့ ရက်စွဲပါ ရေးပေးတယ်။ အဲဒီလို ခွေးကိုက်ရင်တော့ ခွေးရူးရောဂါကာကွယ်ဆေးထိုးဖို့ မလိုပါဘူး။ ဒါပေမဲ့ မြို့ပြတွေမှာ ခွေးတွေမွေးကြပြီး စနစ်တကျ မိမိခွေးကို ကာကွယ်ဆေးတွေထိုးတာ၊ ရောဂါဖြစ်ရင် ဆရာဝန်နဲ့ ဆေးကုတဲ့လူက ၂၅ ရာခိုင်နှုန်းလောက်ပဲရှိပါတယ်” ဟု သူ၏အမြင်ကို ပြောသည်။

အမရပူရမြို့နယ်မှ တောင်သူတစ်ဦးက “ကျွန်တော်တို့ရွာမှာ ခွေးတစ်ကောင်က ဘုန်းကြီးတစ်ပါး၊ ကျောင်းသူနှစ်ဦး၊ အမျိုးသမီးကြီးတစ်ဦးကိုက်သွားတယ်။ ခွေးက ခွေးရူးပဲ။ ရွာက ဝိုင်းသတ်လို့ သေသွားတယ်။ အဲဒီ့ထဲက ပိုက်ဆံတတ်နိုင်တဲ့ ခြောက်တန်းကျောင်းသူတစ်ဦးက မြို့သွားပြီး ခွေးရူးပြန်ကာကွယ်ဆေး ထိုးတယ်။ ကျန်တဲ့ ဆရာတော်တစ်ပါးနဲ့ ကျောင်းသူတစ်ဦး၊ အမျိုးသမီးကြီးတစ်ဦးက အရပ်မန်းမန်းပြီး ခွေးရူးပြန်ကာကွယ်ဆေးမထိုးဖြစ်ဘူး။ ဘုန်းကြီးလည်း ပျံလွန်တော်မူသွားတယ်။ အမျိုးသမီးနှစ်ဦးလည်း ခွေးရူးပြန်ပြီး သေသွားကြတယ်။ ကျွန်တော်တို့ နယ်တွေမှာ ခွေးကိုက်ရင် ခွေးရူးပြန်ကာကွယ်ဆေးထိုးရမှန်းမသိကြဘူး။ ဆေးမြီးတိုနဲ့ ပြီးကြတယ်။ ပြီးတော့ ခွေးရူးပြန်ကာကွယ်ဆေးက တစ်လုံး တစ်သောင်းလောက်ရှိတယ်။ အနည်းဆုံး လေးကြိမ်ထိုးရမယ်ဆိုတော့ ငွေကြေးမတတ်နိုင်လို့ကာကွယ်ဆေးမထိုးဖြစ်တာကြောင့် မသေသင့်ဘဲ သေကြရတယ်”ဟု ၎င်း၏အတွေ့အကြုံကို ပြောသည်။

မန္တလေးမြို့တွင် ယခုနွေဦးရာသီ လက်ပံပွင့်ချိန်၌ ခွေးလေခွေးလွင့်များပေါပြီး မကြာခဏ ခွေးကိုက်ခံရသူများ တွေ့ရသဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသန့်ရှင်းရေးဌာနသို့ ခွေးလေခွေးလွင့်များအား မည်သို့ရှင်းလင်းထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ 7Day News မှ သွားရောက်တွေ့ဆုံမေးမြန်းရာ ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက “ကျွန်တော်တို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနအနေဖြင့် လေလွင့်တိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့ဆိုပြီး ဖွဲ့ထားတာရှိတယ်။ အဲဒီ့အဖွဲ့အနေနဲ့ မန္တလေးမြို့ပေါ်က ခွေးလေခွေးလွင့်တွေကို ၁၆-၃-၂၀၀၇ မှ ၂၁-၁၀-၂၀၁၁ အထိ ဆဌမအကြိမ်ထိ (Stychrine Hydrochlinide) ဆေးကို အသုံးပြုပြီး သုတ်သင်ရှင်းလင်းခဲ့ရာမှာ ခွေးလေခွေးလွင့် ၅၂,၈၉၆ ကောင်ကိုသုတ်သင်ရှင်းလင်းခဲ့ပါတယ်။ မြို့သူမြို့သားတွေ ခွေးရူးအန္တရာယ်ကင်းရှင်းရေးအတွက် ခွေးလေခွေးလွင့်တွေကို ကျွန်တော်ဆက်ရှင်းသွားမှာပါ”ဟု ရှင်းလင်းပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦးက “ဒီအချိန်ဟာ လက်ပံပွင့်ချိန်၊ ခွေးရူးချိန်ဖြစ်ပါတယ်။ ခွေးရူးပြန်ကာကွယ်ဆေးက ဈေးကြီးပါတယ်။ ကျေးလက်ဒေသအရောက် ကျွန်တော်တို့ကြက်ခြေနီတပ်ဖွဲ့တွေဆီကိုဖြန့်ထားရင်ကောင်းပါမယ်။ ကျေးလက်တွေမှာ ခွေးရူးပြန်ကာကွယ်ဆေး ထိုးရမှန်းမသိကြသေးဘူး” ဟု ၎င်း၏အမြင်ကို ပြောကြားသည်။

**စာ(၁၈)သို့**

7 DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012

# ဆောင်းဒါးရက်ကန်းကျောင်း အဆင့်မြှင့်တင်ရေး စာတမ်းဖတ်ပွဲကျင်းပ

**ညီညီဇော်**

**မန္တလေး၊ ဧပြီ-၅**

အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းကျောင်းတွင် ရက်ကန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆောင်းဒါးရက်ကန်းကျောင်း အဆင့်မြှင့်တင်ရေး စာတမ်းဖတ်ပွဲကိုဧပြီ၄ရက်ကကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

"အဓိကကတော့ ဆောင်းဒါးရက်ကန်းကျောင်းမှာ အဆင့်မြင့်မြင့်နဲ့ရက်ကန်းပညာတွေ သင်ကြားပေးနိုင်စေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့လုပ်တာပါ။ ဆွေးနွေးပွဲကနေရလာတဲ့အချက်တွေကိုအဆင့်ဆင့်တင်ပြပြီး ဆောင်ရွက်သွားမှာပါ" ဟု ဆောင်းပါးရက်ကန်းကျောင်းမှ တာဝန်ရှိသူ ဆရာမကြီးတစ်ဦးကပြောသည်။ စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲအပြင် အရောင်းပြပွဲပါ ကျင်းပခဲ့သည်ဟု သိရသည်။

အဆိုပါ စာတမ်းဖတ်ပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ရက်ကန်းအတတ်ပညာရှင်များ၊ ပိုးထည်လုပ်ငန်းရှင်များ၊ ပန်းချီဆေးရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ပြီး စာတမ်းဖတ်ခြင်းနှင့် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။ ဆွေးနွေးပွဲသို့တက်ရောက်ခဲ့ပြီး စာတမ်းဖတ်ခဲ့သူ ဆရာမတစ်ဦးက "နောက်ဆိုရင် ဒီကျောင်းမှာ ဒီဇိုင်းပညာကို ဦးစားပေးပြီးသင်ဖို့၊ နောက်ပြီး ပန်းချီပညာ ပုံဆွဲပညာတွေပါ သင်ဖို့ နောက်ပြီး ခေတ်မီစက်ပစ္စည်းတွေနဲ့ပါ သင်ကြားပေးနိုင်အောင် ဆောင်ရွက်ဖို့ ဆွေးနွေးခဲ့ကြပါတယ်" ဟု ပြောသည်။

အမရပူရမြို့ရှိ ဆောင်းဒါးရက်ကန်းကျောင်းကို ၁၉၁၄ ခုနှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့ပြီး မကြာမီနှစ်တစ်ရာပြည့်တော့မည်ဖြစ်ကာ ရာပြည့်ပွဲတော်ကျင်းပရန်လည်း ဆွေးနွေးခဲ့သည်ဟု သိရသည်။ ဆောင်းဒါးရက်ကန်းကျောင်းတွင်ဝါမှ အထည်အဆင့်ဖြစ်သည်အထိ သင်ကြားပေးပြီး စက်မောင်း စက်ပြင်ပညာများလည်းသင်ကြားပေးနေသည်ဟုဆိုသည်။

ရိုးရာလွန်းချိတ်ပညာ၊ ရွှေချည်ငွေချည်ထိုး အတတ်ပညာ၊ အထည်အလိပ်အတတ်ပညာများ သင်ကြားပေးနေပြီး သင်တန်းအမျိုးအစားအလိုက် လူဦးရေ ကန့်သတ်လက်ခံသည်ဟု ဆိုသည်။ ၂၀၁၂ ခုနှစ်အတွက် သင်တန်းကို ဇွန်လတွင်ဖွင့်လှစ်မည်ဟု သတင်းရရှိသည်။

# စစ်တွေ-ဘူးသီးတောင် ပုဂ္ဂလိက သင်္ဘောပြေးဆွဲမှုရပ်နား

**မောင်ကံ**

**ဘူးသီးတောင်၊ ဧပြီ- ၅**

စစ်တွေ-ဘူးသီးတောင်ရေလမ်းခရီးတွင် ပြေးဆွဲနေသည့်သင်္ဘောများယခုနှစ်တွင် ၄၅ရမ်းခဈေးတက်သွားသဖြင့် အစိုးရထံပြန်လည်အပ်နှံလိုက်ပြီဖြစ်ကြောင်း နဂါးမင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ သိရသည်။

"သင်္ဘော၁၄၅ရမ်းခဈေးတက်သွားတဲ့အတွက် ပြန်ပြီးအပ်နှံလိုက်တာဖြစ်ပါတယ်။ အရင်နှစ်ဈေးနဲ့တောင်မှ သင်္ဘောလိုင်းက နည်းနည်းပဲ ကျန်တာပါ။ အခုဈေးထပ်တိုးလိုက်တော့ လုံးဝအဆင်မပြေတော့ဘူး"ဟု နဂါးမင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရခိုင်ပြည်နယ်တွင်ပြည်တွင်းရေကြောင်းသင်္ဘောများကို အစိုးရမှ ပုဂ္ဂလိက လုပ်ငန်းများသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုခဲ့သည့် အနက် စစ်တွေ-တောင်ကုတ်ခရီးစဉ်၌ ပြေးဆွဲနေသည့် သင်္ဘောများကိုလည်း တွက်ခြေမကိုက်သဖြင့် အစိုးရထံပြန်လည် အပ်နှံလိုက်ပြီဖြစ်ကြောင်းသိရသည်။

စစ်တွေ-ဘူးသီးတောင် ရေလမ်းကြောင်းတွင် ဧည့ဝတီအမည်ရှိ သင်္ဘောသုံးစီးက နေ့စဉ်အစုန်အဆန်ပြေးဆွဲနေပြီး ပုဂ္ဂလိကမှလုပ်ကိုင်ခဲ့စဉ်က သင်္ဘောပေါ်တွင် နေရာထိုင်ခင်း ဝန်ဆောင်မှုကောင်းခြင်း၊ အချိန်စော ဆိုက်ရောက်ခြင်းများကြောင့် ခရီးသည်များ စိတ်ချမ်းသာစွာသွားလာခဲ့ရကြောင်း သိရသည်။

# မုံရွာမြို့နယ်အတွင်း မြေအုတ်လုပ်ငန်းအချို့ရပ်နား၍ ဘိလပ်မြေအုတ်လုပ်ငန်း တိုးချဲ့လုပ်ကိုင်

မျိုးမင်းဦး


**မုံရွာ၊ မတ်- ၂၉**

မုံရွာမြို့နယ်အတွင်းဆောက်လုပ်ရေးလုပ်ငန်းသုံးမြေအုတ်လုပ်ငန်းအချို့သည် လွန်ခဲ့သောလအနည်းငယ်ခန့်မှရပ်နားခဲ့သည့် နောက်ပိုင်းမုံရွာဆောက်လုပ်ရေးလုပ်ငန်းဈေးကွက်တွင်ဘိလပ်မြေအုတ်လုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်သူပိုမိုများပြားခဲ့ကြောင်း မုံရွာဒေသခံအုတ်လုပ်ငန်းရှင်များပြောပြချက်အရ သိရှိရသည်။

"ဒီနှစ်ဘဏ္ဍာရေးနှစ်ပိုင်းမှာ မြေအုတ်လုပ်ငန်းတွေရပ်နားမယ့်သူပိုများလာတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအရသစ်တောမပြုန်းတီးရေးအတွက်ထင်းက ဝယ်လို့မရတော့ဘူး။မြေကြီးတူးလို့ကျင်းကြီးတွေဖြစ်တော့ စိုက်ပျိုးမြေလည်းပျက်စီးတယ်ဆိုပြီး အုတ်လုပ်ငန်းရှင်တွေကိုအသိပညာပေးလုပ်ငန်းတွေလည်း ဆောင်ရွက်ခဲ့တယ်။ မြေအုတ်တစ်ချပ်ကို ၇၀ ကျပ်ဆိုပေမယ့်ထင်းကလည်းရှားတော့ သိပ်မကိုက်ဘူး။ အခုနောက်ပိုင်း မြေအုတ်လုပ်ငန်းအစား တစ်ပိုင်တစ်နိုင် ဘိလပ်မြေအုတ်လုပ်ငန်း တွေတိုးချဲ့လုပ်ကိုင်သူပိုများလာတယ်" ဟုမုံရွာမြို့နယ်၊ အလုံ-စစ်ပင်ရပ်မြေအုတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"မုံရွာစက်မှုဇုန်မှာရော မြို့သစ်ရပ်ကွက်တွေမှာပါဘိလပ်မြေအုတ်လုပ်ငန်းတွေပိုများလာတယ်။မြေအုတ်ထက်လည်းဈေးသက်သာတယ်။ ခိုင်ခံ့မှုလည်းပိုရှိတယ်ဆိုတော့ ဘိလပ်မြေအုတ်ကိုဝယ်လိုအားပိုများလာတယ်။ စောစောပိုင်းက ဘိလပ်မြေအုတ်ကိုလက်ရိုက်လုပ်တာ အခုနောက်ပိုင်းစက်ရိုက်အုတ်လုပ်ငန်းတွေနဲ့တွင်တွင် ကျယ်ကျယ်ထုတ်လုပ်တဲ့အတွက် ဘိလပ်မြေအုတ်တွေ အရည်အသွေးသပ်ရပ်လာတယ်"ဟု မုံရွာမြို့ဆောက်လုပ်ရေးအင်ဂျင်နီယာ ဦးမျိုးမင်းအောင်က ပြောကြားခဲ့သည်။ မုံရွာမြို့တွင် မြေအုတ်တစ်ချပ်လျှင် ကျပ် ၇၀ မှ ၁၀၀ ကျပ် အထိရောင်းချလျက်ရှိပြီး ဘိလပ်မြေအုတ်တစ်ချပ်လျှင်၃၅ကျပ်မှ ကျပ်၇၀အထိ ဈေးကွက်တွင် ရောင်းချလျက်ရှိကြောင်းသိရှိရသည်။မုံရွာမြို့ပေါ်ရှိဆောက်လုပ် ရေးလုပ်ငန်းများတွင် ဘိလပ်မြေအုတ်လုပ်ငန်းများအားလွန်ခဲ့သော ၂နှစ်ခန့်က စတင်လုပ်ကိုင်ခဲ့ရာ ယခုနှစ်တွင်ဘိလပ်မြေအုတ် အသုံးပြုမှုတွင်ကျယ်လာကြောင်း သိရှိရသည်။

## PHOTO NEWS



မန္တလေးမြို့တွင် ဧပြီ ၆ ရက်၊ ညနေ ၃ နာရီကျော်တွင် လေပြင်းတိုက်ပြီး ရုတ်တရက် မိုးရွာသွန်းကာမိုးသီးများကြွေကျခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့်မန္တလေးမြို့ ကျုံးဘေးရှိရေကစားမဏ္ဍပ်တစ်ခုပြိုလဲပျက်စီးသွားသည်ကို တွေ့ရစဉ်။ မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်နှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့က ဒေသအချို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းရွာခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း ကြိုတင်ခန့်မှန်းချက်များ ထုတ်ပြန်ထားသည်။

ဓာတ်ပုံ -စိုင်းသာအောင်



# သူ့ငွေးချောင်းရေအားလျှပ်စစ်စီမံကိန်းကို အိန္ဒိယ ကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းဆောင်ရွက်မည်

**မေဝင်းမွန်**

**ရန်ကုန်၊ မတ် - ၂၃**

လျှပ်စစ်ဓာတ်အားကီလိုဗို့ ၂၃၀ ထုတ်လွှတ်ပေးနိုင်မည့် သူ့ငွေးချောင်းရေအားလျှပ်စစ်စီမံကိန်းကို အိန္ဒိယလျှပ်စစ်ကုမ္ပဏီတစ်ခုနှင့် ၁၅ လအတွင်းပြီးစီးရန်ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အိန္ဒိယနိုင်ငံ Power Grid Corporation of India Limited (PGCIL) နှင့် အမှတ် ၂ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့သည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုဆိုင်ရာဝန်ဆောင်မှုနှင့်နည်းပညာများ၊ စက်ပစ္စည်းများ ပူးပေါင်းဆောင်ရွက်ရန်အတွက် သဘောတူလက်မှတ်ရေးထိုးပွဲကို ယခုလ ၂၀ ရက်က နေပြည်တော်တွင် ပြုလုပ်ခဲ့သည်။

ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို အမှတ် ၂ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှညွှန်ကြားရေးမှူးဦးခင်မောင်ဇော်နှင့် PGCIL မှစီမံကိန်းဒါရိုက်တာမစ္စတာအိုင်အက်စ်ဂျေဟာတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါရေအားလျှပ်စစ်စီမံကိန်းမှထွက်ရှိလာမည့် ၂၃၀ ကီလိုဗို့လျှပ်စစ်ဓာတ်အားလိုင်းအရှည် ၂၆၈ မိုင်သွယ်တန်းခြင်း၊ ဓာတ်အားခွဲရုံ ၄ ခုတည်ဆောက်ခြင်း၊ တည်ဆောက်ပြီးသားဓာတ်အားခွဲရုံ ၂ ခုကို တိုးမြှင့်ပြင်ဆင်မှုများကို လျှပ်စစ်ဓာတ်စမ်းသပ်ထုတ်လွှတ်ချိန်အထိ အိန္ဒိယကုမ္ပဏီမှ ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို အမှတ် ၂ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ အမှတ် ၁ လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးဦးသန်းဌေး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှထွန်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံရုံးမှ ပထမအတွင်းဝန်တို့လက်မှတ်ရေးထိုးပွဲသို့တက်ရောက်ခဲ့ကြသည်။

## မြို့သစ်မြို့နယ်တွင် ဓမ္မကျောင်း စတင်ဖွင့်လှစ်

**သန်းဦးမောင် (မြို့သစ်)**

**ရန်ကုန်၊ ဧပြီ- ၅**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ဈေးဝင်းမင်းကျောင်းပရိယတ္တိစာသင်တိုက်ကြီး၌ ဓမ္မကျောင်းတော် (ဗုဒ္ဓဘာသာယဉ်ကျေးမှုအခြေခံသင်တန်း)ကို မတ်လ ၂၅ ရက်တွင် ပထမဆုံး စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြို့သစ်မြို့ပေါ်ရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများမှ ကျောင်းသား/သူ ၁၈၃ ဦးတက်ရောက်ခဲ့သည်။ ဓမ္မကျောင်းတော်ကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်းနှစ်ပတ်လည် စဉ်ဆက်မပြတ် ဖွင့်လှစ်သွားမည်ဖြစ်ပြီး တစ်နေ့ နှစ်နာရီကြာသင်ကြားပို့ချမည်ဖြစ်သည်။

ဓမ္မကျောင်းတော်တွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုအခြေခံအချက်များ၊ ဗုဒ္ဓဝင်၊ ကုသိုလ်၊ အကုသိုလ်၊ ကံကံ၏အကျိုး၊ ယဉ်ကျေးလိမ္မာကလေးကဗျာများနှင့် စာရိတ္တနှင့် ပြည်သူ့နီတိသင်ခန်းစာများကို ပို့ချသင်ကြားပေးမည်ဟု သိရသည်။

## စစ်တွေတွင် ပုဂ္ဂလိက ဆရာ၊ ဆရာမအသင်းဖွဲ့စည်း

**မောင်မိုးသက်**

**စစ်တွေ၊ဧပြီ- ၄**

စစ်တွေမြို့တွင် ပုဂ္ဂလိက ဆရာ၊ ဆရာမများပါဝင်သော အသင်းဖွဲ့ခြင်းကို မတ်လ ၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

နာယကခြောက်ဦး အမှုဆောင်ကော်မတီဝင် ၁၅ ဦးအပါအဝင် စုစုပေါင်းအဖွဲ့ဝင် ၇၀ ဦး ကျော်ပါဝင်ဖွဲ့စည်းခဲ့သည်ဟုသိရသည်။ ယင်းအဖွဲ့၌ စစ်တွေမြို့တွင်းရှိ ကျူရှင်ဆရာ၊ ဆရာမများနှင့် ဘော်ဒါဆောင်ဆရာ၊ ဆရာမအချို့တို့ပါဝင်ခဲ့သည်။

ပုဂ္ဂလိက ဆရာ၊ ဆရာမ ဥက္ကဋ္ဌဖြစ်သူက "အဓိက ရည်ရွယ်ချက်ကတော့ ရခိုင်ပြည်နယ်အတွင်း ကျောင်းသား၊ ကျောင်းသူတွေ စာရိတ္တနဲ့ ပညာရေးမြင့်မား စေဖို့ရယ်၊ ဆရာအချင်းချင်း ဝိုင်းဝန်းပြီး ကျောင်းသားပညာရေးမြင့်မားဖို့ အဖြေရှာဖို့ရယ်နဲ့ အသင်းဝင် ဆရာအချင်းချင်း အခက်အခဲတွေကို ဖြေရှင်းပေးနိုင်ဖို့ရယ်"ဟု ရှင်းလင်းပြောဆိုသည်။

ရခိုင်ပြည်နယ်၏ ပညာရေးစနစ်ယခင်ထက် ပိုမိုကောင်းလာစေရန် ပုဂ္ဂလိက ဆရာ၊ ဆရာမများနှင့်အစိုးရဝန်ထမ်းဆရာ၊ ဆရာမများအနေဖြင့် အတူပူးပေါင်းလုပ်ဆောင်ခြင်းဖြင့်ပိုမိုအကျိုးဖြစ်ထွန်းလာစေရန်လည်းမျှော်လင့်ကြောင်းဆရာများက ပြောသည်။

## မန်းတွင် ဂက်စ်မီးဖို ပေါက်ကွဲ၍ မီးလောင်

**ညီညီဇော်**

**မန္တလေး၊**

**ဧပြီ - ၆**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်တွင် အသေးစား ဂက်စ်မီးဖိုပေါက်ကွဲရာမှ နေအိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း သတင်းရရှိသည်။

ဧပြီလ ၄ ရက် နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ် သံလျက်မော်အရှေ့အကွက် ၄၂၀ ရှိ နေအိမ်၌ အသေးစား ဂက်စ်မီးဖိုပေါက်ကွဲပြီး သွပ်မိုးထရံကာ နှစ်ခန်း၊ သုံးခန်းပုံစံ ဆောက်လုပ်ထားသော အခင်းဖြစ်ပွားသည့် နေအိမ်လောင်ကျွမ်းခဲ့သည်။ အိမ်အတွင်းရှိ ကွန်ပျူတာတစ်စုံ၊ ဆိုင်ကယ်တစ်စီး၊ စက်ဘီးသုံးစီးနှင့် အခြားပစ္စည်းများ လောင်ကျွမ်းခဲ့ပြီး ငွေကျပ်တန်ဖိုး ငါးသိန်းခွဲခန့် ဆုံးရှုံးခဲ့သည်ဟု မီးသတ်ဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

မီးလောင်ရာသို့ဇဗဟိုမီးသတ်နှင့် မြို့နယ်အသီးသီးမှ ဒေသအရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ကား ၁၀ စီးဖြင့် ငြိမ်းသတ်ခဲ့ရာ မိနစ် ၂၀ ခန့်အကြာတွင် ငြိမ်းသွားခဲ့သည်ဟုဆိုသည်။ မီးလောင်မှုကြောင့် အဆိုပါအိမ်ရှင်ကိုအမှတ်(၇)ရဲစခန်းက(ပ)၁၄၉/၂၀၁၂ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

## အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ရာတွင် အဖိုးတန်သစ်မျိုးများ စိုက်ပျိုးခွင့်ပြုထား



*အစုအဖွဲ့ပိုင် သစ်တောတစ်ခုကို တွေ့ရစဉ်*

ဓာတ်ပုံ - အိဖြူမွန်

**အိဖြူမွန်**

**ရန်ကုန်၊ မတ်- ၂၈**

ဒေသအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း လမ်းညွှန်ချက်တွင် အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းကို ထင်းလိုအပ်ချက်အရ စိုက်ခင်းတည်ထောင်ခွင့်ဟု ဖော်ပြထားသော်လည်း အခြားအဖိုးတန်သစ်မျိုးများကိုလည်း လက်ရှိတွင် ခွင့်ပြုထားကြောင်း သစ်တောစီမံကိန်းနှင့် စာရင်းအင်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက ပြောသည်။

"လက်ရှိကတော့ ခွင့်ပြုနေပါပြီ။ CF လမ်းညွှန်ချက်ကို နည်းဥပဒေပြန်ဆင်ဆင်ရေးဆွဲတဲ့အခါကျရင် အသေးစိတ်ဖော်ပြဖို့ရှိပါတယ်။ အဲဒီအခါကျရင်တော့ တရားဝင်ဖြစ်လာမှာပါ" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ကျွန်းသစ်သည် မည်သည့်နေရာတွင် စိုက်ပျိုးသည့်ဖြစ်စေ နိုင်ငံတော်ပိုင်ဖြစ်သည်ဟု ၁၉၉၂ နှင့် ၁၉၉၄ ခုနှစ်တွင် ရေးဆွဲသော သစ်တောဥပဒေ အပိုဒ် ၈(က) တွင် ဖော်ပြထားသည်။

ထိုသို့ ဖော်ပြထားသော်လည်း နိုင်ငံတော်၏ ဝင်ငွေ ရရှိစေရန်အတွက် စီးပွားဖြစ် သစ်စိုက်ပျိုးသည့် လုပ်ငန်းရှင်များကို စိုက်ပျိုးခွင့်ပြုခဲ့သည်။ ယခုအခါ CF စိုက်ပျိုးတည်ထောင်သူများအတွက် ထင်းလိုအပ်ချက်အပြင် ကျွန်းနှင့် အခြားသစ်မာများကိုလည်း စိုက်ပျိုးခွင့်ပြုခဲ့သည်။

ဒေသအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလမ်းညွှန်ချက်သည် သဘာဝတောများမှ ထင်းအသုံးချမှု တဖြည်းဖြည်း လျော့နည်းလာစေရေး အတွက် ကျေးရွာများအုပ်စုဖွဲ့၍ အသုံးပြုမှုကို မျှဝေသုံးစွဲရန် ရည်ရွယ်ပြီးချမှတ်ခဲ့ခြင်းဖြစ်သည်။ ဒေသခံများ စိတ်ပါဝင် စားမှုလျော့နည်းခြင်းကြောင့် ၂၀၀၅ ခုနှစ် နောက်ပိုင်းတွင် တိုး တက်မှုမရှိခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် အကျိုးမြတ်ခွဲဝေမှုနှင့် အသုံးချမှုပုံသဏ္ဌာန်များသည် လမ်းညွှန်ချက်နှင့်ကွဲပြားခြားနားမှုရှိသော်လည်း ဒေသခံများ စိတ်ပါဝင်စားမှုမြင့်တက်လာခဲ့သည်။

ထို့ကြောင့် သစ်တောထိန်းသိမ်းရေးနည်းလမ်းများအနက်မှ အစုအဖွဲ့ ပိုင်သစ်တောများ ကာကွယ်စောင့်ရှောက်ခြင်းကို စနစ်တကျနှင့်ခေတ်ကာလနှင့်ကိုက်ညီမှုရှိစေရန်နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သစ်တောရေးရာ ကျွမ်းကျင်သူများက ထောက်ပြဆွေးနွေးခဲ့ကြသည်။

7DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012

## ယုံကြည်ကိုးကွယ်မှုဆိုင်ရာဘာသာပေါင်းစုံ အစည်းအဝေးသို့ မြန်မာမှတက်ရောက်

**စိုင်းသာအောင်**

**မန္တလေး၊ မတ်- ၃၀**

(၆)ကြိမ်မြောက်ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘာသာပေါင်းစုံအစည်းအဝေး (Sixth Regional Inter-faith Dialogue) အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံဆမာရမ်မြို့တွင် မတ်လ ၁၂ ရက်မှ ၁၅ ရက်ထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာဝင် ကိုယ်စားလှယ် ၁၀ ဦးတက်ရောက်ခဲ့ကြောင်းသိရသည်။

(၆)ကြိမ်မြောက်ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘာသာပေါင်းစုံအစည်းအဝေးသို့ နိုင်ငံပေါင်း ၁၅ နိုင်ငံမှ ဘာသာရေး ကိုယ်စားလှယ် ၃၀၀ ခန့်တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာကိုယ်စားပြု လေးဦး၊ ခရစ်ယာန်ဘာသာဝင် နှစ်ဦး၊ အစ္စလာမ်ဘာသာဝင် နှစ်ဦး၊ ဟိန္ဒူဘာသာဝင် နှစ်ဦး စုစုပေါင်း ဆယ်ဦးတက်ရောက်ခဲ့ကြောင်း ကိုယ်တိုင်တက်ရောက်ခဲ့သူဦးကျော်ဝင်း(မန္တလေး) ကပြောသည်။

အဆိုပါဆွေးနွေးပွဲသည် ဘာသာပေါင်းစုံ ချစ်ကြည်စွာဖြင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ ဘာသာပေါင်းစုံပါဝင်သော ပြည်သူများက ပြည်သူတွေ စုပေါင်းစွမ်းအားနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေး၊ ဘာသာပေါင်းစုံ ပဋိပက္ခမဖြစ်ပွားရေး၊ ဘာသာရေးအခြေခံပြီး အကြမ်းဖက်မှုများ မဖြစ်ပေါ်ရေးတို့အတွက်ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း မြန်မာနိုင်ငံကိုယ်စားပြုပြီး ဗုဒ္ဓဘာသာဝင်များကိုယ်စား ဒေါက်တာမျိုးမြင့်၊ ညွန်ကြားရေးမှူးချုပ်(ငြိမ်း)သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ဦးသာညဏ်(မြန်မာနိုင်ငံ ကလျာဏယုဝခရစ်ယာန်အသင်း)၊ ဦးကျော်လှ (ယုဒသာန်နှစ်ခြင်း အသင်းတော်)၊ ဦးညွန့်မောင်ရှိန် (အစ္စလာမ်သာနာရေးကောင်စီအဖွဲ့ချုပ်)တို့က ဘာသာပေါင်းစုံငြိမ်းချမ်းရေး၊ ချစ်ကြည်ရေးတို့အတွက် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သူ ဦးကျော်ဝင်း(မန္တလေး)က "ဘာသာတွေအားလုံးက လူသားအားလုံးလိမ္မာယဉ်ကျေးမှုကို ရှေးရှုပါတယ်။ လူဖြစ်လာရင် ဘာသာတစ်ခုရှိလာတယ်။ မိမိခံယူကျင့်သုံးတဲ့ ဘာသာရဲ့ အဆုံးအမအတိုင်း ကျင့်ကြံနေထိုင်ခြင်းဟာ မိမိနိုင်ငံမိမိလူမျိုးအတွက် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဖြစ်ပါတယ်" ဟု ၎င်း၏အမြင်ကိုပြောသည်။

အရှေ့တောင်အာရှနိုင်ငံပေါင်း ၁၅ နိုင်ငံမှ (၆)ကြိမ်မြောက် ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘာသာပေါင်းစုံအစည်းအဝေးသို့တက်ရောက်မည့် ပုဂ္ဂိုလ်များအတွက် အသွား/ပြန် လေယာဉ်စရိတ်နှင့် ပြည်တွင်းနေထိုင်စားသောက်စရိတ်တို့ကို ဩစတြေးလျအစိုးရက ကျခံပေးပြီး တည်းခိုနေထိုင်ခြင်းကိစ္စကို အင်ဒိုနီးရှားနိုင်ငံက စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်သည်။

## မုံရွာ-ရန်ကုန် E Lite ယာဉ်လိုင်းပြေးဆွဲ

**မျိုးမင်းဦး**

**မုံရွာ၊ ဧပြီ- ၅**

မုံရွာ-ရန်ကုန်အဝေးပြေးခရီးသည်ယာဉ်လိုင်းများတွင် ခရီးသည်များအား အခြေခံကျန်းမာရေးနှင့်ယာဉ်ပေါ်တွင်ဝန်ဆောင်မှုအပြည့်အဝဆောင်ရွက်ပေးနိုင်ရန် ယာဉ်မယ်(Service Crew) များဖြင့် ပထမဆုံးပြေးဆွဲပေးမည့် E Lite အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းကို ယခုနှစ်ဧပြီလ ၄ ရက်တွင် စတင်ပြေးဆွဲကြောင်းသိရှိရသည်။

"မုံရွာ-ရန်ကုန် ခရီးသည် ပို့ဆောင်ရေးယာဉ်တွေအားလုံးမှာဝန်ဆောင်မှုတွေ အပြိုင်အဆိုင်ပေးပြီးခရီးသည်တွေအတွက်သက်သောင့်သက်သာစီးနိုင်မယ့် ယာဉ်တွေထားရှိပေးတာကြိုဆိုပါတယ်။ အခုနောက်ပိုင်း ယာဉ်မယ်တွေထားရှိပြေးဆွဲပေးတဲ့ဝန်ဆောင်မှုတွေ စတင်လာပြီ။မုံရွာ-မန္တလေးယာဉ်လိုင်းတွေလည်း အဆင့်မြင့်ယာဉ်တွေနဲ့ ဝန်ဆောင်မှုကောင်းပေးတဲ့ယာဉ်လိုင်းတွေကိုခရီးသည်တွေက လိုလိုလားလားစီးကြတယ်" ဟု မုံရွာမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက သုံးသပ်ပြောကြား ခဲ့သည်။

ရန်ကုန်-မုံရွာ ခရီး စဉ်အားနေ့စဉ်ညနေ ၅ နာရီတွင်ပြေးဆွဲပြီး ယာဉ်စီးခမှာ တစ်ဦးလျှင် ကျပ် ၁၂,၅၀၀ ဖြစ်သည်။

မုံရွာ-ရန်ကုန် ခရီးစဉ်အား နေ့စဉ် ည ၈ နာရီတွင် ပြေးဆွဲပြီး ယာဉ်စီးခမှာ ကျပ် ၁၁,၅၀၀ ဖြစ်သည်။

## မန်းကုန်စည်ဒိုင် အရောင်းအဝယ်အေးစက်

**ညီညီဇော်**

**မန္တလေး၊ ဧပြီ - ၆**

မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန်းကုန်စည်ဒိုင်)ကို သင်္ကြန်ပွဲတော်ကာလအတွင်း နှစ်စဉ် ပိတ်နေကျရက်အတိုင်း ပိတ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"သင်္ကြန်အကြိုနေ့ကနေ နှစ်ဆန်းတစ်ရက်နေ့အထိ ခြောက်ရက် ပိတ်သွားမှာပါ။ နှစ်ဆန်းနှစ်ရက်နေ့ကနေစပြီး အရောင်းအဝယ်တွေပြန်လုပ်ကြမှာပါ"ဟုမန်းကုန်စည်ဒိုင်မှ ပြန်ကြားရေးအဖွဲ့ဝင်တစ်ဦးက ပြောသည်။ သင်္ကြန်ကာလပိတ်ရက် မရောက်ခင်ရက်သတ္တပတ်အလိုလောက်ကတည်းက အရောင်းအဝယ်များအေးနေကြောင်း ကုန်သည်များကပြောသည်။

"ရွှေကောက်ပွဲ စောင့်ကြည့်လို့အေးနေတာရယ်။ ရွှေကောက်ပွဲပြီးတော့လည်း ခရီးတွေ ဘာတွေ ထွက်တာနဲ့ အရောင်းအဝယ်ကမဖြစ်ဘူး"ဟု ပဲကုန်သည်တစ်ဦးကဆိုသည်။

ယခုလက်ရှိတွင် ကုန်သည်ငယ်အချို့သာ သင်္ကြန်တွင်း သုံးရန်အတွက် ရသလောက်ရှာနေပြီး ကုန်သည်အများစုမှ အပန်းဖြေခရီးထွက်ခြင်း၊ ဒုလ္လဘဝတ်ခြင်းများ ပြုလုပ်နေကြပြီဖြစ်သည်ဟု ကုန်သည်များကပြောသည်။

ကုန်တင်အဝေးပြေး ကားများလည်း တရုတ်ဘက် တင်ပို့သောကုန်များ ယခုအချိန်တွင် ပို့လို့မရတော့ကြောင်း၊ ယခင်ရက်ပိုင်းကပို့ရန် လက်ခံထားသောကုန်များကိုသာ ပို့ပေးနေကြောင်း၊ ကုန်သည်တစ်ဦးက ပြောကြားသည်။

သင်္ကြန်အပြီး နှစ်ဆန်းနှစ်ရက်မှ စတင်ကာ ကုန်စည်ဒိုင်ပြန်ဖွင့်လှစ်ကာ အရောင်းအဝယ်များ ပြုလုပ်ကြမည်ဖြစ်သော်လည်း ပုံမှန်အတိုင်း အရောင်းအဝယ်ပြန်ဖြစ်ရန် ရက်ပိုင်းခန့် အချိန်ယူရဦးမည်ဖြစ်သည်ဟုကုန်သည်များက သုံးသပ်သည်။



TRADEMARK CAUTION
Sirva UK Limited in United Kingdom at Heritage House, 345 Southbury Road, Enfield, Middlesex EN1 1UP, United Kingdom as the Owner and Sole Proprietor of the following Trademark:-

PICKFORDS

Reg : No.4/2982/1993
Reg : No.4/2824/2007
Reg : No.4/2825/2007

In respect of : "Transportation and delivery services for articles, including goods and furniture by air, road, rail, overland and water; removal services for commercial and domestic articles and furniture; packing, crating and storage services; guarding of goods and guarded transport of valuables; temperature controlled transportation and storage services for articles, including goods and furniture; vehicle rental services; warehousing and warehouse rental services.

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
Ph : 371990 10.April.2012

## ၈၁(၁၅) မန္တလေးတွင် မိုးသက်လေပြင်းကျ သစ်ပင်၊ ဓာတ်တိုင်၊ တယ်လီဖုန်းတိုင်၊ လမ်းညွှန်မှတ်တိုင်များ ပြိုလဲမှု

မန္တလေးဒေသခံတစ်ဦးက ညနေ ၃ နာရီမိနစ် ၂၀ ခန့်က မိုးသက်မုန်တိုင်းနှင့်အတူမိုးရွာကြောင်း၊ မိုးသီးကျသည်မှာ ၁၅ မိနစ်ခန့်ကြာကြောင်း၊ မိုးရွာသဖြင့် ရပ်ကွက်အတွင်း သစ်ပင်ကြီးအချို့လဲကျပြီး လမ်းဘေး လမ်းညွှန်ဆိုင်းဘုတ်များ၊ ဓာတ်တိုင်များ၊ တယ်လီဖုန်းတိုင်များ ပြိုလဲသွားကြောင်း 7Day News သို့ပြောသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက နန်းမြို့ ၂၆ လမ်း၊ ၆၆ လမ်းမှလမ်း ၈၀ ကြားဆောက်လုပ်ဆဲမဏ္ဍပ်များ၊ ကျုံးရှေ့ ၆၆ လမ်း၊ ၁၂ လမ်းမှ ၂၆ လမ်းကြား မဏ္ဍပ်တည်ဆောက်မှုများ ရပ်နားခဲ့ရသည်။

လေဒဏ်ကြောင့် ဆီဒိုးနားဟိုတယ်ရှေ့ဆောက်လုပ်ဆဲနွေဦးမေမဏ္ဍပ်အလယ်ရှိပေပင်ကြီးလဲကျသွားကြောင်း၊ ၂၆ လမ်း၊ ၇၇ လမ်း×၇၈ လမ်းကြား Coka-Wi ရေကစားမဏ္ဍပ်နှင့် Pendora ရေကစားမဏ္ဍပ်ကြား သက်တမ်းရင့်မဏ္ဍပ်ကြီး လဲပြိုသွားကြောင်း၊ မဏ္ဍပ်များ ထိခိုက်မှုမရှိကြောင်း၊ ၂၆ လမ်း၊ ၆၆ လမ်းနှင့် ၆၇ လမ်းကြား၊ ဆီဒိုးနားဟိုတယ်ရှေ့ 'နွေဦးမေ' ရေကစားမဏ္ဍပ်အလယ်ရှိ နှစ် ၆၀ ခန့်ရှိ ပေပင်ကြီး လဲကျသွားသဖြင့် ရှေ့ ၁၅ပေ၊ နောက်ပေ ၂၀ ရှိ မဏ္ဍပ်အလယ် ခင်းကျင်းပြီးသား ပျက်စီးသွား၍ ကျပ်ခုနစ်သိန်းခန့် ဆုံးရှုံးသွားကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့်လဲသွားသောသစ်ပင်များ၊ ဓာတ်တိုင်များ၊ တယ်လီဖုန်းတိုင်များကို မြို့တော်စည်ပင်သန့်ရှင်းရေးဌာန၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဝန်ထမ်းများက စက်အား၊ လူအားဖြင့် ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ကြောင်း ရှင်းလင်း ပြောကြားသည်။

မန္တလေးမြို့ပေါ်တွင်ဧပြီလ ၆ ရက် ညနေ လေပြင်းမုန်တိုင်းတိုက်ပြီး မိုးရွာသွန်းမှုကြောင့် ဈေးချိုတော်ဇရိယာ ၈၄ လမ်း× ၂၈လမ်းထောင့် ကုက္ကိုလ်ပင်ကြီးနှင့် အခြားမြို့ပေါ် ရပ်ကွက်များတွင်လည်း သစ်ပင်များ ပြိုလဲမှု၊ လမ်းဘေးလမ်းညွှန်ဆိုင်းဘုတ်များ ပြိုလဲမှုများရှိသော်လည်း လူများထိခိုက်ဒဏ်ရာရမှုမရှိကြောင်း မြို့ခံများထံမှသိရသည်။

မန္တလေးမြို့ Nice ဆိုက်ဘာကဖေးမှ ဦးသက်ချိုက မိုးလေဝသပညာရှင် ဦးထွန်းလွင် ဝက်ဘ်ဆိုက်တွင် မန္တလေးမြို့၌ ဧပြီလ ၆ ရက် ခန့်မှန်းချက်မှာ မန္တလေးမြို့တွင်နေသာမည်၊ တိမ်အနည်းငယ်ဖြစ်ထွန်းမည်ဟု ခန့်မှန်းထားပြီး အပူချိန် ၃၇ ဒီဂရီစင်တီဂရိတ်ဟုဖော်ပြထားကြောင်း ပြောကြားသည်။

မန္တလေးမြို့တွင် သင်္ကြန်အကြို သင်္ကြန်မိုးကြောင့် အချို့ရပ်ကွက်များ၊ လမ်းများပေါ်၌ ရေတင်ရှိနေကြောင်းတွေ့ရသည်။

7DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012



# ပြည်ပကုမ္ပဏီအချို့ ပြည်တွင်းအလုပ်အကိုင် ဈေးကွက်အခြေအနေကို စူးစမ်းလာ

**အေးမြတ်သူ**

**ရန်ကုန်၊ ဧပြီ - ၈**

ပြည်ပရှိ ကုမ္ပဏီအချို့ မတ်လကုန်ခါနီးမှစ၍ မြန်မာပြည်တွင်းသို့ လာရောက်ဖွင့်လှစ်ရန် ပြည်တွင်းအလုပ်အကိုင်ဈေးကွက်အခြေအနေများကို စုံစမ်းမေးမြန်းမှုများ လာကြောင်း ပြည်တွင်းအလုပ်အကိုင်အေဂျင်စီအချို့မှ သတင်းရရှိသည်။

ပြည်တွင်း ဈေးကွက်အခြေအနေ၊ ဝန်ဆောင်မှုအပိုင်းနှင့် ဝန်ထမ်းများ၏လစာအခြေအနေများကို အဓိကထား စုံစမ်းမေးမြန်းဆွေးနွေးကြကြောင်းသတင်းရရှိသည်။ အချို့ပြည်ပကုမ္ပဏီများသည်လက်ရှိမြန်မာပြည်တွင်းဈေးကွက်၌ လွှမ်းမိုးနေသည့် တရုတ်ဈေးကွက်နှင့်အပြိုင် ရောင်းချလိုကြကြောင်းလည်း သိရသည်။

"အခု လောလောဆယ် ကုမ္ပဏီနှစ်ခုလောက်က စုံစမ်းထားတာတော့ရှိတယ်။ လွန်ခဲ့တဲ့ ရက်ပိုင်းလောက်ကပဲ စင်ကာပူသူဌေးတစ်ယောက် လှမ်းမေးတယ်။ လက်ရှိ ရန်ကုန်ဈေးကွက်အခြေအနေဘယ်လိုရှိလဲပေါ့။ ဘယ်လိုဟာမျိုးတွေ ခေတ်စားလဲ။ နောက်ပြီး တရုတ်ဈေးကွက်နဲ့အပြိုင် ကုန်ပစ္စည်းတံဆိပ်တွေကိုတင်ပို့ချင်တယ်ပေါ့နော်။ အဲဒါနဲ့ပတ်သက်ပြီး စုံစမ်းလေ့လာတာတော့ရှိတယ်။ သူတို့က လျှပ်စစ်ပစ္စည်းတို့၊ ရေစုပ်စက်တို့ Branded ဖြစ်တဲ့ဟာတွေတင်ပို့တဲ့ကုမ္ပဏီတစ်ခုပဲ"ဟု People's Choice General ပြည်တွင်းအလုပ်အကိုင်အေဂျင်စီမှ ဦးမျိုးဟန်ကျော်က ပြောသည်။

Perfect Link အေဂျင်စီမှ ကိုတီးတာမြင့်က "လောလောဆယ်အရင်နှစ်တွေထက်စာရင် ဒီနှစ်ထဲမှာပြည်ပကုမ္ပဏီတွေဘက်က လေ့လာမေးမြန်းတာတော့ရှိတယ်။ လာမေးတဲ့ ကုမ္ပဏီသုံးခုလောက်တော့ရှိတယ်။သူတို့ကနာမည်ကြီး ကုမ္ပဏီတွေတော့မဟုတ်ပါဘူး။ အခုမှပြည်တွင်းဈေးကွက်အခြေအနေနဲ့ ဝန်ထမ်းလစာတွေ ဒီမှာဘယ်လိုပေးလဲပေါ့။ ကိုယ်တို့ကတော့ကိုယ့်လူတွေအတွက်ပြောလိုက်တယ်။ အနိမ့်ဆုံး ရှစ်သောင်းက စရကြတယ်လို့။ နောက်ပြီး တခြား နိုင်ငံဘက်တွေကနေ အလုပ်လုပ်ချင်တဲ့သူတွေလည်း ရှိတယ်။ သူတို့ကတော့ ကျွမ်းကျင်ပါတယ်။ ဒါပေမဲ့ လခတွေက ဒေါ်လာ ၃,၀၀၀ ဝန်းကျင်တောင်းတော့ ဒီက ကုမ္ပဏီတွေနဲ့မကိုက်ဘူး။ နောက်ပြီး အင်တာဗျူးဖို့လည်း မလွယ်ဘူးလေ" ဟု ပြောကြားသည်။"ပြည်ပ ကုမ္ပဏီတွေဘက်ကနေ ဒီမှာ ကုမ္ပဏီဖွင့်ချင်လို့ ဆက်သွယ်တာရှိတယ်။ ပြီးခဲ့တဲ့ မတ်လကုန်ပိုင်းလောက်က ဆက်သွယ်တာ သုံး၊ လေးခုလောက်ရှိတယ်။ ထိုင်း၊ ဗီယက်နမ် နောက်ပြီး စင်ကာပူတို့၊ ဗီယက်နမ်နဲ့ စင်ကာပူက ပိုများတယ်။ ဆောက်လုပ်ရေးပစ္စည်းစက်ရုံတို့ ဒီမှာ သူတို့ပစ္စည်းကို ပြန်ပြီးရောင်းချင်တာပေါ့နော်။ ဝန်ထမ်းလစာကတော့ သူတို့ ညှိတုန်းပဲ"ဟု CDC အေဂျင်စီမှဒါရိုက်တာ ကိုလင်းက ပြောကြားသည်။

# ပြည်ပရောက် မြန်မာအလုပ်သမားများအတွက် ကားသွင်းခွင့်လိုင်စင်များချထားပေးနေ



ဓာတ်ပုံ - AFP

**ရန်ကုန်၊ ဧပြီ-၈**

ပြည်ပသို့တရားဝင် သွားရောက်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများအတွက် ကားတင်သွင်းခွင့်ပါမစ်များကို ဧပြီ ၆ ရက်မှ စတင်၍ထုတ်ပေးနေပြီဖြစ်ကြောင်းသတင်းရရှိသည်။

အဆိုပါအလုပ်သမားများထဲမှ ကားတင်သွင်းခွင့်လျှောက်ထားသူ ၂၃၀၀ ကျော်ကို ခွင့်ပြုပြီးဖြစ်ပြီး ၎င်းတို့အတွက် ကားတင်သွင်းခွင့်ပါမစ်များကိုတစ်ရက်လျှင် ပါမစ်စောင်ရေ ၃၀၀ နှုန်းဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း ၄၃ ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းနှင့် မင်းရဲကျော်စွာ လမ်းထောင့်ရှိ အလုပ်သမားဝန်ကြီးဌာနလက်အောက်မှ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းတွင် ဧပြီ ၆ ရက်မှစ၍ ထုတ်ပေးနေပြီဖြစ်ကြောင်း ကိုယ်တိုင်ကားပါမစ်လျှောက်ထားသူများက ပြောသည်။ ကျန်လျှောက်လွှာများကိုနှစ်သစ်ကူးရုံးပိတ်ရက်အပြီး ဆက်လက်ချထားပေးမည်ဟုလည်း သတင်းရရှိသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**
Zawgyi House Cafe'
1. Waiter ကျား (၅) ဦး
(တာဝန်ကျေပွန်နိုင်သူဖြစ်ရမည်။ အင်္ဂလိပ်စကားပြောနိုင်ရမည်။)
အမှတ် (၃၇၂)၊ ဗိုလ်ချုပ်လမ်း၊ ပန်းဘဲတန်းမြို့နယ် (FMI Center) ဘေး။
**ဖုန်း- ၃၈၀၃၉၈၊ ၂၅၆၃၅၅**
ext : ၃၀၂၇

-------------------------

**ဝန်ထမ်းအလိုရှိသည်**
Assistant Accountant (စာရင်းကိုင်) (၅) ဦး
B.Com/B.Act (or) LCCI III
Assiatant Auditor (လက်ထောက်စာရင်းစစ်) (၃) ဦး
B.Com/B.Act
စာတိုက်သေတ္တာအမှတ် (၁၂၀၁)

-------------------------

**ဝန်ထမ်းအလိုရှိသည်**
Delta Health Services Co., Ltd
၁။ သွားဆရာဝန် (အသက် ၃၀ နှင့်အထက်) ကျား (၁) ဦး
၂။ သူနာပြုဆရာမ (အသက် ၃၀ နှင့်အထက်) မ (၁) ဦး
**ဖုန်း - ၃၈၀၃၉၈၊ ၂၅၆၃၅၅**
ext: ၃၀၂၇

-------------------------

**ဝန်ထမ်းအလိုရှိသည်**
Design & Decoration
Architecture ကျား/မ (၁) ဦး
Graphics Designer ကျား/မ (၁) ဦး
Accountant မ (၁) ဦး
Office Staff မ (၂) ဦး
Driver ကျား (၃) ဦး
အမှတ် (၉၁)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း - ၀၉-၇၃၀၉၉၉၁၁**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
ကျောင်းကားအလိုရှိသည်။
မူကြိုကျောင်းကားဆွဲချင်သူများ အလိုရှိသည်။ (ပုတ်ပြတ်မပေးပါ)
**ဖုန်း - ၀၉-၇၃၀၃၁၄၀၇**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
Best Auto Co.,Ltd
၁။ မန်နေဂျာ ကျား (၅) ဦး
၂။ Account မ (၅) ဦး
၃။ Logistic ကျား/မ (၅) ဦး
၄။ စာရင်းစစ် ကျား/မ (၂) ဦး
၅။ Sale ကျား (၁၀) ဦး
၆။ H.R မန်နေဂျာ ကျား/မ (၂) ဦး
No.7,8,9, Building A,B,C, Shwe Myayar Housing, M -yayargone Street, Mingalar Taung Nyunt Township, Yangon
Ph: 8619022

-------------------------

**ဝန်ထမ်းအလိုရှိသည်**
ဆံပင်ညှပ်လျှော် ကျွမ်းကျင် မ (၃) ယောက်
ခေါင်းလျှော် အလုပ်သင် မ (၁၀) ယောက်
(လစာ၊ နေရေး၊ စာရေး စီစဉ်ပေးမည်)
No.86-C2 တာမွေလေး၊ သံလမ်း၊ ရန်ကုန်။
**ဖုန်း - ၀၉၇၃၀၀၅၆၁၁**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
စေတနာ
Marketing Manager ကျား (၃) ဦး
Accountant (LCCI III) မ (၅) ဦး
Computer Operator ကျား/မ (၃) ဦး
Designer/ Photoshop ကျား/ မ (၃) ဦး
တရုတ်၊ အင်္ဂလိပ်ဘာသာပြန် ကျား/မ (၃) ဦး
Office Staff/အရောင်းစာရေး ကျား/မ (၅) ဦး
Marketing ကျား/မ (၅) ဦး
Driver (အတွေ့အကြုံရှိသူ) ကျား (၃) ဦး
Sale Protomor ကျား/မ (၅) ဦး
အရောင်းဝန်ထမ်း (၁၀) တန်း ကျား/မ (၅) ဦး
**အမှတ် ၁၈၇၊ ၃၄ လမ်း။**
**ဖုန်း - ၂၄၃၈၁၉**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
ရွှေရည်ဝင်း မိတ္တူ
Computer စာစီစာရိုက်ကျွမ်းကျင် (၁) ဦး (မြန်မာ/အင်္ဂလိပ်)
၉/၁၁၊ အခန်း ၂၊ မြေညီထပ်၊ ၃၆ လမ်း (အောက်)။
**ဖုန်း- ၀၉၇၃၀၁၇၅၀၁**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
MANS SECURITY AGENCY
(၁) Security Guard ကျား (၂၄) ဦး
(အသက် ၂၀ မှ ၅၅ နှစ်အတွင်း အခြေခံပညာ အလယ်တန်းအဆင့်၊ နယ်ဝန်ထမ်းများအတွက် အဆောင်စီစဉ်ပေးမည်)
**အမှတ် (၇၃)၊ ၄ လွှာ၊ ၁၆၆ လမ်းတို၊ တာမွေမြို့နယ်။**
**ဖုန်း - ၀၉၇၃၀၈၂၂၈၉**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
Wang Wang Fa
ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင် ဝန်ထမ်း (၅) ဦးအမြန်အလိုရှိသည်။
အမှတ် (၁၄၁)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်။ ရန်ကုန်မြို့။
**ဖုန်း - ၂၅၃၈၇၀**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
စာရင်းကိုင်အလိုရှိသည်
1. Chief Accountant (၁)ဦး
2. Assistant Accountant (၂) ဦး (Trading Company များ တွင် လုပ်ကိုင်ဖူးသူ)
Ph: 0973153152

-------------------------

**ဝန်ထမ်းအလိုရှိသည်**
အိတ်ချုပ်သမား မ (၁) ဦး
**ဖုန်း - ၃၉၃၃၈၂၊ ၃၉၃၀၃၆**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
PATH-FINDER Technical Services Company Limited
1. Administrative Assistant: (1) female
2. Marketing Assistant (1) female
No. 51, Room 102, Sayar San Road, Bahan Township, Yangon, Myanmar.

-------------------------

**ဝန်ထမ်းအလိုရှိသည်**
Delta International Limited
Business Relation Executive ကျား/မ (၂) ဦး
No. 151/A.Ground Floor, Waizayantar Road, Thingangyun Township, Yangon. **Ph: 951-562252**

-------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012

# ပြည်ပမှ တင်သွင်းသောကားများ မှတ်ပုံတင်ခနှုန်း လျှော့ပေးသော်လည်း ကားဈေးမကျသေး

**အေးမြတ်သူ**

**ရန်ကုန်၊ မေ-၅**

ပြည်ပမှ တင်သွင်းသော မော်တော်ယာဉ်များအား အင်ဂျင်ပါဝါအလိုက် မူလတန်ဖိုးအပေါ် မှတ်ပုံတင်ခနှုန်းထား လျှော့ချခဲ့သော်လည်း လက်ရှိကားဈေးနှုန်းပြောင်းလဲမှု မရှိသေးကြောင်း ကားအရောင်းစင်တာအချို့မှ သတင်းရရှိသည်။



**သီလဝါဆိပ်ကမ်းမှ ကားများ** ဓာတ်ပုံ - TG

မေ ၃ ရက်မှစ၍ ကုန်တင်ယာဉ်နှင့် ဘတ်စ်ကားများ၏ ယာဉ်မှတ်ပုံတင်ခများကို ၅ ရာခိုင်နှုန်းကောက်ခံပြီး အိမ်စီးယာဉ်များအား အင်ဂျင်ပါဝါ ၁၃၅၀ စီစီအောက်မှ ၂၀၀၀ စီစီထိကားများအား ၅၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းထိကောက်ခံသည်။ အင်ဂျင်ပါဝါ ၂၀၀၀ စီစီအထက် ကားများအတွက် ၁၀၀ ရာခိုင်နှုန်းပင်ဖြစ်ပြီး ယာဉ်မှတ်ပုံတင်ခပြောင်းလဲမှုမရှိကြောင်း ရန်ကုန်တိုင်းကညနရုံးချုပ်မှ သတင်းထုတ်ပြန်သည်။

"မေ ၃ ရက်ကစပြီး လာအပ်တဲ့ကားတွေပဲ ဒီနှုန်းသစ်နဲ့ အကျုံးဝင်တယ်။ အရင်ရက်တွေက လာအပ်တဲ့ ကားတွေနဲ့ မဆိုင်ဘူး။ အခု ၃ ရက်က လာအပ်တဲ့ ကားတွေနဲ့ပဲ ဆိုင်တယ်။ နောက်ပြီးတော့ ယာဉ်အို ယာဉ်ဟောင်း လာအပ်တဲ့ ကားတွေဆိုရင်တော့ ကားအခြေအနေပေါ် မူတည်ပြီး ကားကောင်းနေရင် ၃၀ရာခိုင်နှုန်း၊ ကား ညံ့လို့ရှိရင်တော့ ၁၅ ရာခိုင်နှုန်းပဲ ထပ်လျှော့ပေးထားတယ်" ဟု ရန်ကုန်တိုင်း ကညနရုံးချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"လောလောဆယ်တော့ အခွန်လျှော့တာနဲ့ပတ်သက်ပြီး ကားဈေးက ကွာလည်း နည်းနည်းပဲ။ ခန့်မှန်းခြေ ငါးသိန်းလောက်ပဲ လျှော့သွားမယ်။ ကညနက အခွန်တစ်ခုပဲ ပြောင်းတာ။ တခြားဆိပ်ကမ်းအကောက်ခွန်ဘက်တွေက ပြောင်းလဲမှု မရှိဘူး။ နောက်ပြီး အင်ဂျင်ပါဝါ ၂၀၀၀ အထက်တွေက မပြောင်းတော့ ကားဈေးအပြောင်းအလဲ သိပ်မရှိဘူး။ ကုန်တင်ယာဉ်တွေနဲ့ ဘတ်စ်ကားတွေတော့ ဈေးပြောင်းလဲမှုရှိသွားမယ်။ နောက်ပိုင်း အင်ဂျင်ပါဝါ ၅၀၀၀ လောက် ကားတွေဆိုရင် သိပ်သွင်းဖြစ်မှာမဟုတ်တော့လောက်ဘူး"ဟု WK car sales centre မှ မန်နေဂျင်းဒါရိုက်တာဦးဝင်းကိုကပြောသည်။

"အခု သတ်မှတ်ချက်က ကားကြီးတွေနဲ့ အင်ဂျင်ပါဝါ အနိမ့်ကားတွေပေါ် မှာပဲပိုပြီးသက်ရောက်မှုရှိတယ်။ အင်ဂျင်ပါဝါ ၁၃၅၀ အထက်နဲ့ ၅၀၀၀ စီစီထိကတော့ အများကြီးမသက်သာဘူး။ ကားသေးသွင်းတဲ့သူတွေထဲမှာ မော်ဒယ်မြင့်ကားတွေက ဈေးပိုများသွားမယ်။ ပုံမှန်သွင်းနေတဲ့ ၂၀၀၁ စီစီတွေက ပြောင်းလဲမှုမရှိဘူး။ ခန့်မှန်းခြေဘတ်စ်ကားနဲ့ လုပ်ငန်းသုံးကားတွေတော့ အနည်းဆုံး သိန်း ၅၀ လောက်ကျသွားဖို့ ရှိတယ်။ အဲဒီကားတွေဘက်မှာ ဈေးပြောင်းလဲမှုရှိသွားမယ်" ဟု HTOO FAMILY မှ ဒါရိုက်တာဦးဝင်းနိုင်ကပြောသည်။

"လောလောဆယ်တော့ ကျွန်တော်တို့ အရောင်းပြခန်းမှာ အခွန်လျှော့တာနဲ့ပတ်သက်ပြီး ကားဈေးပြောင်းလဲမှုမရှိပါဘူး။ ပုံမှန်အတိုင်းပဲ အရင်ဈေးအတိုင်းပဲ ရောင်းနေတာပါ။ အခု လောလောဆယ် ကားဈေးအပြောင်းအလဲမရှိပါဘူး"ဟု Best Auto မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းနှုန်းထားများကို CIF တန်ဖိုးအပေါ်မှ FOB နှုန်းအားတွက်ချက်၍ အင်ဂျင်ပါဝါအလိုက် ခွဲခြားကာ နိုင်ငံတကာနည်းတူ ကောက်ခံခြင်းဖြစ်သည်။ ယခင် အင်ဂျင်ပါဝါ ၁၃၅၀ စီစီအောက်ရှိ မြန်မာမီနီဆလွန်းကားများကို ကညနတွင် ယာဉ်မှတ်ပုံတင်ခအဖြစ် ၈၅ ရာခိုင်နှုန်းကောက်ခံပြီး ၁၃၅၀ စီစီအထက်ကားများကို ၁၀၀ ရာခိုင်နှုန်း ကောက်ခံခဲ့ကြောင်းသိရသည်။




## မြန်မာအပေါ် အနောက်နိုင်ငံများ၏ ပိတ်ဆို့မှုများ ရုပ်သိမ်းရန် အာဆီယံတောင်းဆို

**ဖနွမ်းပင်၊ မေ - ၄**

အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များသည် အဖွဲ့၏ အဆင်းရဲဆုံးနိုင်ငံများထဲမှ အပါအဝင်ဖြစ်သောမြန်မာနိုင်ငံအားပိတ်ဆို့အရေးယူမှုများ ရုပ်သိမ်းပေးရန် နိုင်ငံတကာအသိုင်းအဝိုင်းအား တိုက်တွန်းလိုက်သည်။

ဖနွမ်းပင်မြို့တွင် နှစ်ရက်ကြာ ကျင်းပခဲ့သည့် နှစ်စဉ် အာဆီယံထိပ်သီးဆွေးနွေးပွဲအပြီး၌ အဓိကအတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အနိုင်ရခဲ့သော သမိုင်းဝင်ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်၍ အာဆီယံက အနောက်နိုင်ငံများအားမြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများ ရုပ်သိမ်းရန်တောင်းဆိုသွားမည်ဖြစ် သည်။

မြန်မာအစိုးရသည် မေ ၁ရက် (တနင်္ဂနွေနေ့)က ကြားဖြတ် ရွေးကောက်ပွဲတွင် အာဆီယံလေ့လာသူများကို စောင့်ကြည့်ခွင့်ပေးခဲ့ပြီး မြန်မာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း ရွေးကောက်ပွဲများသည် အောင်မြင်မှုရခဲ့ကြောင်း ဖနွမ်းပင်တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ကောင်ကင်မ်ဟွန်က "အာဆီယံခေါင်းဆောင်တွေဟာ ပိတ်ဆို့မှုရုပ်သိမ်းပေးခြင်းက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ဒီမိုကရေစီပြောင်းလဲရေးဖြစ်စဉ်အတွက် အပြုသဘောပံ့ပိုးပေးနိုင်မယ်လို့ ယုံကြည်နေပါတယ်"ဟုဆိုသည်။

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီနက်တယ်လီဂါဝါကလည်း ပိတ်ဆို့မှုများသည် လူသားမဆန်သည့်လုပ်ရပ်ဖြစ်ကာ တစ်ခါတစ်ရံတွင် ၎င်းတို့ ဦးတည်သည့် ပစ်မှတ်များကို ထိခိုက်စေခြင်းမရှိကြောင်းနှင့်ယခုအချိန်သည်ပိတ်ဆို့အရေးယူမှုများ ရုပ်သိမ်းရမည့်အချိန်ဖြစ်ကြောင်း ပြောကြားသည်။

—Ref: AFP/VOA

# Education

7DAY NEWS JOURNAL

Vol.11, No.6 • APRIL 12 , 2012


## နိုင်ငံတကာကျောင်းသားများအတွက် စင်ကာပူ မူလတန်းကျောင်းဝင်ခွင့် ပိုခက်လာ

**သီဟ၊ နေလင်းထွန်း**

**ရန်ကုန်၊ဧပြီ -၆**

ယခုနှစ်မှစ၍စင်ကာပူနိုင်ငံရှိ မူလတန်းကျောင်းများ၏ဝင်ခွင့်များအား စင်ကာပူနိုင်ငံသားများကိုသာ ဦးစားပေးဝင်ခွင့်ပြုတော့မည်ဖြစ်သည်။

စင်ကာပူနိုင်ငံရှိမူလတန်းကျောင်းများသို့ တက်ရောက်ရန် စီစဉ်နေသော ကလေးငယ်များအတွက် လာမည့်ပညာသင်နှစ်မှစတင်၍ ကျောင်းဝင်ခွင့် ခက်ခဲလာမည်ဖြစ်ကြောင်း စင်ကာပူပညာရေး ဝန်ဆောင်မှုလုပ်ငန်းများကဆိုသည်။

ထိပ်တန်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ကျောင်းလခသက်သာခြင်း၊ ကျောင်းသားနှင့်အတူ မိဘအုပ်ထိန်းသူတစ်ဦး လိုက်ပါခွင့်ရရှိခြင်း၊ မိမိရင်သွေးအား ကမ္ဘာ့အဆင့်မီပညာရေး ရရှိစေလိုသော မိဘများကြောင့် စင်ကာပူနိုင်ငံသည် ငွေကြေးပြည့်စုံသော မြန်မာမိဘများအကြား စိတ်ဝင်စားမှု မြင့်တက်လာခဲ့သည်။

သို့သော် ယခုနှစ်မှစ၍ စင်ကာပူနိုင်ငံသားမိဘများ၏ကလေးများနှင့် အမြဲတမ်းနေထိုင်ခွင့်ရသည့် မိဘများ၏ကလေးများအား ကျောင်းအပ်နှံခြင်းကို အတူပြုလုပ်နိုင်သော်လည်း ကျောင်းတွင်လက်ခံနိုင်သည့် အင်းအားထက် ကျောင်းသားဦးရေ ပိုများနေပါက နိုင်ငံသားမိဘများ၏ ကလေးများအား ဦးစားပေးလက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက်မှသာ အမြဲတမ်းနေထိုင်ခွင့်ရမိဘများ၏ ကလေးများကို ဦးစားပေးလက်ခံမည်ဖြစ်ကာ နောက်ဆုံးတွင်မှ နိုင်ငံခြားသား မိဘများ၏ ကလေးများအား လက်ခံသွားမည်ဖြစ်သည်။

**စာ(၂၂)သို့**

## “အသုံးစရိတ်ကို တိုးမြှင့် ပေးလိုက်တာက ပညာရေးလောကအတွက် အပြောင်းအလဲခြေလှမ်းလို့ မြင်ပါတယ်”

### ပညာရေးစိတ်ပညာဌာန အငြိမ်းစားပါမောက္ခဒေါက်တာသိန်းလွင်နှင့် တွေ့ဆုံခြင်း

**နေလင်းထွန်း**

အစိုးရသစ်လက်ထက်တွင် အဆင့်မြင့်ပညာနှင့် အခြေခံပညာကဏ္ဍအား ပြုပြင်ပြောင်းလဲမှုအချို့ပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရသည်။ လာမည့်ပညာသင်နှစ်တွင် ပညာရေးစရိတ်ကို တိုးမြှင့်အသုံးပြုရန် သတ်မှတ်လိုက်ပြီး သင်ရိုးညွှန်းတမ်းနှင့် ပညာသင်နှစ်များ ကို အပြောင်းအလဲပြုလုပ်သွားရန် သတင်းထွက်ပေါ် လျက်ရှိသည်။ ထို့ကြောင့်ပညာရေးဝန်ကြီးဌာနနှင့်ကုလသမဂ္ဂအဖွဲ့အစည်းအချို့တွင် တာဝန်ထမ်းဆောင်ခဲ့သော ရန်ကုန်ပညာရေးတက္ကသိုလ်၊ပညာရေးစိတ်ပညာဌာနမှအငြိမ်းစားပါမောက္ခဒေါက်တာသိန်းလွင်နှင့် ပညာရေးအပြောင်းအလဲအကြောင်း တွေ့ဆုံ မေးမြန်းထားမှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**မြန်မာနိုင်ငံရဲ့ ပညာရေး ပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်ပြီး ဆရာ့အမြင်ကို ပြောပြပေးပါ။**

ပညာရေးပြုပြင်ပြောင်းလဲရေးဆိုတာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အများကြီးလုပ်ရမယ်လေ။ လမ်းကြောင်းမှန်နဲ့ လုပ်ဖို့လည်း လိုပါတယ်။ အစိုးရက ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးတည်ဆောက်အံ့ လို့ ရေးထားတယ်လေ။ အဲ့ဒါအလွန်မှန်တဲ့ဆောင်ပုဒ်တစ်ခုပဲ။ ဒါပေမဲ့ စာရေးထားရုံနဲ့ တိုးတက်လာတာမဟုတ်ဘူးလေ။ တိုးတက်အောင် လုပ်ချင်တယ်ဆိုလို့ရှိရင် အစိုးရရဲ့ ကောင်းတဲ့လုပ်ရပ်တစ်ခုက ပညာရေးအသုံးစရိတ်ကို အရင်တုန်းကထက် တိုးပေးလိုက်တာပါပဲ။ ကောင်းအောင်၊ တိုးတက်အောင် လုပ်မယ်လို့ ပါးစပ်ကပြောဖို့လိုသလို တစ်ဖက်ကလည်း ဘာပဲလုပ်လုပ်ငွေမပါဘဲလုပ်လို့မရတာတွေ အများကြီးရှိနေပါတယ်။ အသုံးစရိတ်ကို တိုးမြှင့်ပေးလိုက်တာက ပညာရေးလောကအတွက် အပြောင်းအလဲခြေလှမ်းလို့ မြင်ပါတယ်။

**ပညာရေးအသုံးစရိတ် တိုးမြှင့်ပေးလိုက်တာကြောင့် ပညာအရည်အသွေးတွေ မြင့်တက်လာစေနိုင်ပါသလား။**

အဲ့ဒီလို တိုးမြှင့်ပေးလိုက်တဲ့ ငွေတွေကို ဘယ်လိုနည်းနဲ့ သုံးသလဲဆိုတာလည်း အရေးကြီးပါတယ်။ အရည်အသွေးပြည့်တဲ့ ပညာရေးဖြစ်လာအောင် ငွေတွေကို ဘယ်လိုသုံးမလဲဆိုတာ သေသေချာချာ စဉ်းစားဖို့လိုမယ်။ အရင်တုန်းက မြန်မာနိုင်ငံမှာ ကျေးရွာတစ်ရွာမှာ စာသင်ကျောင်းတစ်ကျောင်းရှိအောင် လုပ်မယ်ဆိုတဲ့ စိတ်ကူးမျိုးရှိခဲ့တယ်။ သာမာန်ကာလျှံကာ ကြည့်လိုက်ရင် အရမ်းကောင်းပါတယ်။ ဒါပေမဲ့ ကိုယ့်နိုင်ငံမှာ ငွေရေး၊ ကြေးရေး များများမတတ်နိုင်ဘူး။ အဲ့တော့ ကျောင်းတွေသာ များလာတယ်၊ ဒီကျောင်းမှာလည်း ဆရာ မလုံလောက်၊ ဟိုကျောင်းမှာလည်း ဆရာမလုံလောက်ဖြစ်လာတယ်။ အရေအတွက်များပြီး ပွဲမစည်ဘူးပေါ့။ ဘယ်လိုမှ အရည်အသွေး မပြည့်မီနိုင်တော့ဘူး။ ကလေးတွေ လက်လှမ်းမီတဲ့နေရာမှာ ကျောင်းတစ်ခုတည်ထောင်ပြီး ဆရာကို ပြည့်ပြည့်စုံစုံ ခန့်ထားပေးနိုင်မယ်ဆိုရင် ကျောင်းသားနဲ့ ဆရာထိတွေ့မှု များမယ်လေ။ တစ်ခါတစ်ရံမှာ မူတစ်ခုကို ချမှတ်လိုက်ရင် အများအပေါ် အရမ်းအကျိုးရှိတာလို့ အပြင်ပန်းမြင်ရပေမယ့် တကယ်တမ်းက အလွန်ကို စဉ်းစားတွေးခေါ်မှု အားနည်းတယ်လို့ မြင်ရမယ်။

**လက်ရှိပညာရေးရဲ့ အလွတ်ကျက်မှတ်တဲ့စနစ်ကို အခြေခံနေတဲ့အပေါ် သုံးသပ်ပေးပါ။**



ကျွန်တော် ပြန်စဉ်းစားကြည့်မိတယ်။ ကျွန်တော့်အသက် (၆၈)နှစ်ရှိပြီ။ ငယ်ငယ်တည်းက ကျက်ခဲ့ရတာတွေ ဘဝမှာ စဉ်းစားတွေးခေါ်တဲ့အခါ ဘယ်လောက် အသုံးကျသလဲဆိုတာ။ နေရာတကာတိုင်းက စဉ်းစားနေရတယ်လေ။ ကျွန်တော်တို့ ကလေးတွေကို အလွတ်ကျက်ခိုင်းတာလဲ ကျက်ပေါ့။ ဒါပေမဲ့ အရာရာတိုင်းကို အလွတ်ကျက် ခိုင်းနေတာဟာ ကလေးကို အရမ်းပင်ပန်းစေတဲ့အတွက် စဉ်းစားတွေးခေါ်ဖို့ အချိန်မရှိတော့ဘူး ဖြစ်နေတယ်။ ကလေးတွေကို သမားရိုးကျမဟုတ်တဲ့ စဉ်းစားတွေးခေါ်နည်းတွေ တတ်လာအောင် လေ့ကျင့်သင်ကြားပေးရမယ်။

**ပညာရေးမှာ အဓိက ပြုပြင်ပြောင်းလဲရမယ့် အချက်ဆိုရင် ဘာဖြစ်မယ်လို့ ထင်ပါလဲ။**

ကျောင်းသားတွေ ဘဝကို ငယ်ငယ်တည်းက ကောင်းတဲ့ အလေ့အကျင့်လေးတွေ ဖြစ်လာအောင်ပြုစုပျိုးထောင် ပေးရမယ်။ ကောင်းတဲ့ အလေ့အကျင့်တွေ ဖြစ်လာအောင် ဖန်တီးပေးတဲ့သူတွေရဲ့ ဘဝကိုလည်း သာယာအောင် လုပ်ပေးရမယ်။ အခု ကလေးပျော်ကျောင်းဆိုပြီး လုပ်နေတာရှိတယ်။ ကလေးတွေပျော်အောင် အဓိကအနီးကပ် လုပ်ပေးနေတာက ဆရာတွေလေ။ ဆရာတွေရဲ့ဘဝက ဘာဖြစ်နေလဲဆိုတော့ မလောက်မင ဖြစ်နေကြတယ်။ လူတစ်ယောက်က တစ်သက်လုံးစေတနာနဲ့ လုပ်ဖို့မလွယ်ဘူးလေဗျာ။ ကျွန်တော် အထက်တန်းပြကျောင်းဆရာ လုပ်တုန်းက ၂၉၅ ကျပ်ပဲ ရတယ်။ ဒါပေမဲ့ ၂၉၅ ကျပ်က ကျွန်တော့် စားရေးသောက်ရေးအပြင် ကောင်းကောင်း စုလို့ရတယ်။ ရွှေဈေးနဲ့ တွက်ကြည့်လိုက်ရင် အဲ့ဒီတုန်းက ၂၄၀ ကျပ်လောက်ပဲ ရှိတယ်။ ရွှေတစ်ကျပ်သားတန်ဖိုး ထက်ပိုရတယ်ပေါ့။ အဲ့လောက်ရတော့ ကျွန်တော်တို့က ကျူရှင်လည်း မပေးဘူး။ ကျွန်တော့်ရဲ့ အချိန်တွေကို သင်ကြားရေးမှာ သေသေချာချာ မြှုပ်နှံနိုင်တယ်လေ။ ကလေးတွေအတွက် အကောင်းဆုံးဖြစ်အောင် ဘာလုပ်ပေးမလဲပေါ့။ ဘာလို့လဲဆိုတော့ ကိုယ့်အတွက် မပူရဘူးလေ။ အခုကျောင်းဆရာ၊ ဆရာမတွေက ပူနေရတယ်။ ကိုယ်ပူနေရင် သူများကို အေးအောင် မလုပ်နိုင်ဘူးလေ။ ဆရာတွေရဲ့ ဘဝကို မြှင့်တင်ပေးနိုင်ဖို့ အရမ်းအရေးကြီးတယ်လို့ ကျွန်တော်မြင်ပါတယ်။ ဆရာတွေကို ပရော်ဖက်ရှင်နယ် အရည်အသွေးတွေပြည့်မီနေအောင်လည်း လုပ်ပေးရမယ်။ ဘာလို့လဲဆိုတော့ စေတနာရှိပေမယ့် အတတ်ပညာမရှိရင်လည်း လုပ်လို့မရဘူးလေ။ နောက်တစ်ခုက ကျောင်းကြီးတွေ ဘယ်လောက်ပဲချဲ့နေနေ၊ ဆရာမကောင်းဘူးဆိုရင် ပညာရေးက အလကားပါပဲ။

**စာ(၂၂)သို့**

**ပညာရေးသတင်းတိုများ**

## ဓမ္မစကူးလ်ဖောင်ဒေးရှင်း အမှတ်တံဆိပ် ဒီဇိုင်းယှဉ်ပြိုင်နိုင်

**ရန်ကုန်၊ ဧပြီ-၂**

ဗုဒ္ဓဘာသာ ပညာရပ်များ သင်ကြားပို့ချရန်စီစဉ်နေသည့် ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ အမှတ်တံဆိပ်(logo)ဒီဇိုင်းနှင့် ဆောင်ပုဒ် (Motto)ပြိုင်ပွဲအတွက် ဧပြီလကုန် နောက်ဆုံးထား၍ ဒဂုံမြို့နယ်၊ အိမ်တော်ရာဘုရားအနီးရှိ မြိတ်ကျားကျောင်း၊ ဆရာတော်ဦးဥတ္တရထံသို့ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ အမှတ်တံဆိပ်(Logo)ဒီဇိုင်းအတွက် ကျပ်နှစ်သိန်းနှင့်ဆောင်ပုဒ်(Motto)အတွက် ဂုဏ်ပြုဆုငွေကျပ်ငါးသောင်း ချီးမြှင့်မည်ဖြစ်ပြီး အီးမေးလ်- dham-maschoolfoundation @gmail နှင့် ဖုန်း-၀၉ ၇၃ ၂၅ ၂၅၁၉ သို့ ပြိုင်ပွဲစည်းကမ်းချက်များ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ရန်ကုန်စီးပွားရေးတက္ကသိုလ် မဟာဘွဲ့နှင့် ဘွဲ့လွန်ဒီပလိုမာသင်တန်း ဝင်ခွင့်များလျှောက်ထားနိုင်

**ရန်ကုန်၊ ဧပြီ-၄**

ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်၏ မဟာဘွဲ့သင်တန်းများနှင့် ဘွဲ့လွန်ဒီပလိုမာ သင်တန်းများအတွက် ကျောင်းဝင်ခွင့်များ လျှောက်ထားနိုင်ကြောင်း ထုတ်ပြန်ထားသည်။ မဟာဘွဲ့သင်တန်းဖြစ်သော စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု (MBA)၊ ပြည်သူ့ရေးရာစီမံခန့် ခွဲမှု (MPA)နှင့် ဖွံ့ဖြိုးမှုပညာ (MDevS)နှင့် ဘွဲ့လွန်ဒီပလိုမာသင်တန်းများဖြစ်သော စီးပွားရေးပညာ (DES)၊ စာရင်းအင်းပညာ(DAS)နှင့် စီမံအုပ်ချုပ်မှုပညာ (DMA)တို့ကို သင်ကြားပို့ချမည်ဖြစ်ပြီး တက္ကသိုလ်တစ်ခုမှ ဘွဲ့ရရှိထားသူ၊ လုပ်ငန်းခွင်အတွေ့အကြုံ အနည်းဆုံး ၃နှစ်ရှိထားသူများအနေဖြင့် သက်ဆိုင်ရာဌာနများတွင် ဝင်ခွင့်လျှောက်လွှာများ ထုတ်ယူနိုင်ကြောင်း သိရသည်။

## သမဝါယမဒီဂရီကောလိပ်နှင့် ကောလိပ်တစ်ခု တက္ကသိုလ် အဆင့်တိုးမြှင့်မည်

**ထူးသန့်**

**နေပြည်တော်၊ ဧပြီ- ၅**

သမဝါယမဝန်ကြီးဌာနအောက်ရှိ သမဝါယမဒီဂရီကောလိပ်(သန်လျင်)နှင့် သမဝါယမကောလိပ်(စစ်ကိုင်း)များကို သမဝါယမ တက္ကသိုလ်အဆင့်သို့ တိုးမြှင့်သွားမည်ဖြစ်ကြောင်း သမဝါယမဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြောကြားသည်။

ကျွမ်းကျင်ပြီး အရည်အချင်း ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးရန် အတွက် အဆိုပါဒီဂရီကောလိပ်နှင့် ကောလိပ်တို့အား တက္ကသိုလ်အဆင့် တိုးမြှင့်သွားမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနတွင် ယနေ့ပြုလုပ်ခဲ့သော ၂၀၁၂-၁၃ ခုနှစ်အတွက် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားတွင် ဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါတက္ကသိုလ်များ ဖွင့်လှစ်ရေးနှင့် ပတ်သက်ပြီး ယင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆွေတင့်ကလည်း “စစ်ကိုင်း ကောလိပ်ကော၊ သန်လျင်ဒီဂရီကောလိပ်ကိုပါ တက္ကသိုလ်အဆင့် တိုးမြှင့်သွားမှာပါ။ ခွင့်ပြုချက်လည်း ရပြီးပါပြီ။ မကြာခင် ဆိုင်းဘုတ်တင်တော့မှာပါ”ဟု ရှင်းလင်းပြောကြားသည်။ သမဝါယမ ဝန်ကြီးဌာနအောက်တွင် အထက်ပါကောလိပ်များအပြင် ပုသိမ်ကြီး ကောလိပ်၊ ဖောင်ကြီးနှင့် ယွန်းပညာကောလိပ်(ပုဂံ)များလည်း ဖွင့်လှစ်ထားရှိကြောင်းသိရသည်။

# အမေရိကန်တက္ကသိုလ်တစ်ခုမှပေးအပ်သည့် မီဒီယာဘွဲ့ရယူနိုင်

သီဟ

**ရန်ကုန်၊ဧပြီ-၆**

ရုပ်သံအစီအစဉ်များထုတ်လွှင့်ခြင်း၊ FMရေဒီယိုထုတ်လွှင့်ခြင်း၊ အီလက်ထရွန်နစ်မီဒီယာလုပ်ငန်းများ၊ကြော်ငြာအေဂျင်စီလုပ်ငန်းများလုပ်ကိုင်လိုသူများသည် အမေရိကန်နိုင်ငံ Oklahoma City University မှပေးအပ်သည့် Bachelor of Arts(Mass Communication) ဘာသာရပ်အား လျှောက်ထားနိုင်ကြောင်း သိရသည်။

အဆိုပါ ဘာသာရပ်အား တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများလျှောက်ထားနိုင်ပြီး တက္ကသိုလ်ဝင်တန်း အမှတ်စာရင်းနည်းသူများအနေဖြင့် လေးလကြာမြင့်သည့် ဒီပလိုမာ သင်တန်းတစ်ခုအား ဦးစွာတက်ရောက်ရမည်ဖြစ်သည်။

တက္ကသိုလ်ဝင်တန်းအမှတ်မီသူများအနေဖြင့် ၁၀ လကြာမြင့်သည့် ဒီပလိုမာတန်းသို့တိုက်ရိုက်တက်ရောက်နိုင်ပြီး အဆင့်မြင့် ဒီပလိုမာတန်း ၈ လနှင့် ဒီဂရီတန်း ၁၅ လ (သို့မဟုတ်) ၁၈လ တက်ရောက်ကာ ဘွဲ့တစ်ခုရယူနိုင်ကြောင်း သိရသည်။

ဒီပလိုမာနှင့် အဆင့်မြင့်ဒီပလိုမာအတန်းများအား စင်ကာပူနိုင်ငံရှိ Management Development Institute of Singapore တွင်တက်ရောက်နိုင်ပြီး နောက်ဆုံးနှစ်အတန်းအား အမေရိကန်(သို့မဟုတ်)စင်ကာပူနိုင်ငံတွင်တက်ရောက်နိုင်ကြောင်း သိရသည်။



အဆိုပါ ဘာသာရပ်တွင် သတင်းထုတ်လွှင့်ကြေညာခြင်းဆိုင်ရာအတတ်ပညာများ၊တီဗီနှင့် ရေဒီယိုထုတ်လုပ်ခြင်း အစရှိသည့်ဘာသာရပ်များ သင်ယူရမည်ဖြစ်သည်။

"မြန်မာနိုင်ငံမှာလည်း အခုဆိုရင် မီဒီယာလုပ်ငန်းတွေတိုးတက်လာတာနဲ့အမျှ ဒီနယ်ပယ်မှာပညာတတ်တွေအများကြီး လိုလာဦးမှာပါ"ဟု ပညာရေးအေဂျင်စီတစ်ခုဖြစ်သည့် Crown Education မှတာဝန်ရှိသူတစ်ဦးကပြောသည်။

# အခြေခံအဆင့် ပညာသင်ထောက်ပံ့ကြေး ကျောင်းသား ၁၁,၀၀၀ ရွေးချယ်ချီးမြှင့်မည်

**နေလင်းထွန်း**

**ရန်ကုန်၊**

**မေ-၃**

အခြေခံပညာအဆင့် ပညာသင်ထောက်ပံ့ကြေးအား သူငယ်တန်းမှ ဒသမတန်းအထိ ကျောင်းသား၊ ကျောင်းသူ ၁၁,၀၀၀ ကို ရွေးချယ်ချီးမြှင့်ရန် စီစဉ်ထားကြောင်း အမှတ်(၃)အခြေခံပညာဦးစီးဌာနမှသတင်းရရှိသည်။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အခြေခံပညာအဆင့် အတန်းတစ်တန်းလျှင် ကျောင်းသားတစ်ထောင်စီချီးမြှင့်မည်ဖြစ်ပြီး အတန်းစဉ်အလိုက် တစ်မြို့နယ်လျှင် အနည်းဆုံးကျောင်းသား နှစ်ဦးစီနှင့် မြို့နယ်ခွဲတစ်ခုလျှင် တစ်ဦးစီ ရွေးချယ်ထောက်ပံ့ရန်နှင့်ဒေသဖွံ့ဖြိုးမှုနှင့် ဆက်သွယ်သွားလာမှု အခြေအနေအရ ထောက်ပံ့ကြေး ပေးသင့်သူဦးရေကို ထပ်ဆောင်းသတ်မှတ်မည်ဖြစ်ကြောင်းသိရသည်။

ပညာသင် ထောက်ပံ့ကြေးအတွက် မိဘမဲ့ဖြစ်နေပြီး ဆင်းရဲနွမ်းပါးသည့် မိသားစုနှင့်အတူနေထိုင်သော ကျောင်းသားကို ဦး စားပေးမည်ဖြစ်ပြီး ဖခင်ကွယ်လွန်ပြီး ဆင်းရဲနွမ်းပါးသည့် မိခင်နှင့် အတူနေထိုင်သော ကျောင်းသားကို ဒုတိယဦးစားပေးမည်ဖြစ်ကာ အခြေအနေချင်း တူညီလျှင် ညီအစ်ကိုမောင်နှမ ဦးရေများသူကို ဦးစားပေးမည်ဖြစ်ကြောင်း သိရသည်။

ပညာသင်ထောက်ပံ့ကြေး လျှောက်ထားလိုသော ကျောင်းသားများအနေဖြင့် သူငယ်တန်းမှအပ ကျန်အတန်းများတွင် စာကြိုးစား၍ဉာဏ်ပညာထက်မြက်၍ အကျင့်စာရိတ္တကောင်းမွန်ကာ ကျောင်းစည်းကမ်းလိုက်နာသူဖြစ်ရန် သတ်မှတ်ထားသည်။

မူလတန်းအဆင့် အတွက် တစ်လလျှင် ကျပ် ငါးထောင်၊ အလယ်တန်းအဆင့်အတွက် ကျပ်ခြောက်ထောင်နှင့် အထက်တန်းအဆင့်အတွက် ကျပ်ရှစ်ထောင်ကို နှစ်စဉ်ဇွန်လမှ မတ်လထိ ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ရန် စီစဉ်ထားကြောင်း သိရသည်။

ပညာသင်ထောက်ပံ့ကြေး လျှောက်ထားရန် သတ်မှတ်ချက်နှင့်ပြည့်စုံသောကျောင်းသားများအနေဖြင့် မြို့နယ်ပညာရေးမှူးရုံးသို့ အဆိုပြုတင်ပြလျှောက်ထားရမည်ဖြစ်ပြီး ထောက်ပံ့ကြေးရရှိသော ကျောင်းသားများသည် အတန်းစဉ်အောင်မြင်မှသာ နောင်ပညာသင်နှစ်အတွက် ဆက်လက်ခံစားခွင့် ရရှိမည်ဖြစ်ကြောင်းသိရသည်။

## စာ-၂၁၊ ပညာရေးစိတ်ပညာဌာန အငြိမ်းစားပါမောက္ခ ဒေါက်တာသိန်းလွင်နှင့် တွေ့ဆုံခြင်း မှ

ကျောင်းက ခပ်စုတ်စုတ်ဖြစ်နေပေမယ့် ဆရာကောင်းရင် အဲ့ဒီကထွက်တဲ့ ကျောင်းသားတွေက တော်တယ်လေ။

**လက်ရှိပညာသင်ကြားရေးအပေါ် ဝေဖန်သုံးသပ်ပေးပါ။**

ကျွန်တော်တို့ မြန်မာနိုင်ငံမှာဖြစ်နေတာက သင်ရိုးတွေအများကြီးဖြစ်နေတယ်။ အဲ့ဒါကို လပိုင်း မာတိကာနဲ့ပြီးအောင် သင်နေရတယ်။ ဆရာတွေအနေနဲ့လည်း သူတို့ကိုလာရောက် ကြီးကြပ်တဲ့အဖွဲ့တွေကို သင်ရိုးတွေပြီးကြောင်း အာမခံဖို့လိုတယ်။ အဲ့ဒီတော့ ဆရာတွေက ကျောင်းသားတွေ စဉ်းစားတွေးခေါ်ဖို့အတွက် အချိန်ပေးဖို့ ရှေးမရှုနိုင်ဘူးဖြစ်နေတယ်။ သင်ရိုးပြီးပြတ်ဖို့ကိုပဲ ဦးစားပေးနေရတယ်။ ကလေးတွေ စဉ်းစားတွေးခေါ်တတ်မယ်၊ ပြဿနာကိုဖြေရှင်းတတ်မယ်၊ကလေးတွေအချင်းချင်း ပူးပေါင်းတိုင်ပင်ပြီး လုပ်တတ်မယ်၊ ယုံကြည်မှုတွေရှိလာမယ်၊ အဲ့ဒီလိုနဲ့ သင်ရိုးပြီးသွားရင် အရမ်းကောင်းတယ်။ အဲ့လိုမှမဟုတ်ရင် သင်ရိုးသာကုန်သွားတယ်ကလေးတွေ တကယ်မတတ်ဘူးလေ။

**ပညာရေးမှာ ဘယ်အချက်က အဓိက အားနည်းနေတယ်လို့ မြင်ပါလဲ။**

ပညာရေးမှာ အဓိကအားနည်းချက်အနေနဲ့ ကျွန်တော် တွေ့တာက ဆရာတွေကို သင်တန်းတစ်ခါပေးပြီး နောက်ထပ် သင်တန်းပေးတာက တအားနည်းတယ်။ ဆရာအရည်အသွေး ကျဆင်းတယ်ပေါ့။ ဆိုလိုတာက အား ဖြည့်တဲ့ စနစ်မှာ အားနည်းနေတယ်။

**ပညာသင်နှစ်တွေ တိုးမြှင့်သတ်မှတ်ဖို့စီစဉ်ဆောင်ရွက်နေတဲ့အပေါ် ဘယ်လိုမြင်ပါလဲ။**

အရည်အသွေးရှိတဲ့ပညာကို သေသေချာချာပေးတယ်ဆိုရင် တစ်နှစ်တိုးတဲ့အခါ တစ်နှစ်နဲ့တန်တဲ့ ပညာပေးနိုင်ရင် သိပ်ကောင်းတာပေါ့။ အဲ့လိုမဟုတ်ရင်တော့ နှစ်ကုန်သွားတာပဲ ရှိမှာပေါ့။ကလေးတစ်ယောက် ကျောင်းနေတယ်ဆိုတာက အစိုးရလည်း ပိုက်ဆံအများကြီး ကုန်တယ်၊ မိဘကလည်း စရိတ်ကုန်တယ်။ ကျောင်းသားလည်း အသက်တစ်နှစ်ကြီးတယ်။ ကျောင်းမှာတစ်နေ့ကိုခြောက်နာရီလောက်နေရတယ်။ ခြောက်နာရီနေရတာနဲ့တန်တဲ့ ဘဝအတွက် အသုံးကျတဲ့ အရည်အသွေး တစ်ခုရမယ်ဆိုရင်တော့ တစ်နှစ်တိုးတာ သိပ်ကောင်းတာပေါ့။

**အချိန်ပေးဖြေကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

## စာ-၂၁၊ နိုင်ငံတကာကျောင်းသားများအတွက် စင်ကာပူ မူလတန်းကျောင်းဝင်ခွင့် ပိုခက်လာ မှ

ထို့ကြောင့် မြန်မာနိုင်ငံမှ ကလေးများအပါအဝင် နိုင်ငံတကာမှကလေးငယ်များအတွက် စင်ကာပူနိုင်ငံ၏ မူလတန်းကျောင်းဝင်ခွင့်မှာ ပိုမိုခက်ခဲလာနိုင်ဖွယ်ရှိသည်ဟု ပညာရေးအေဂျင်စီများက သုံးသပ်သည်။

"အခုနှစ်ကစပြီး စင်ကာပူနိုင်ငံသားကလေးတွေနဲ့ အမြဲနေထိုင်ခွင့်ရသူတွေရဲ့ ကလေးတွေအားလုံးကျောင်း ဝင်ခွင့်ရအောင် လုပ်ပေးပြီးမှ နိုင်ငံတကာက မိဘတွေရဲ့ ကလေးတွေကို ဝင်ခွင့်စဉ်း စားမှာဖြစ်လို့ စင်ကာပူ မူလတန်း ကျောင်းဝင်ခွင့်ဟာ အမြဲနေထိုင်ခွင့် မရှိတဲ့ မြန်မာကလေးတွေအတွက် ပိုပြီးခက်ခဲလာနိုင်ပါတယ်"ဟု Crown Education မှ ပညာရေးအတိုင်ပင်ခံ ဦးအောင်ကျော်ဆန်းကဆိုသည်။

စင်ကာပူနိုင်ငံသည် နိုင်ငံတကာ ကျောင်းသားများအတွက် ပိုလီကျောင်းဝင်ခွင့် ပိုမိုခက်ခဲလာသော သတင်းထွက်ပေါ်ခဲ့ပြီးနောက် ယခုအခါ မူလတန်းကျောင်းဝင်ခွင့်အတွက် အခက်အခဲကြုံတွေ့နိုင်သည့် အခြေအနေဖြစ်ပေါ်နေခြင်းဖြစ်သည်။

❐ **Warehouse Manager** **M/F (2) Post**

- ဘွဲ့တစ်ခုခုရရှိပြီးသူ၊ အသက် (၃၀) နှစ်အတွင်းရှိသူ
- Warehouse လုပ်ငန်းများနှင့်ပတ်သက်၍ အုပ်ချုပ်ရေး အတွေ့အကြုံအနည်းဆုံး (၂)နှစ်ရှိသူ

လျှောက်ထားလိုသူများသည် - လိုအပ်သော အထောက်အထားများနှင့်တကွ Manager - အမှတ် (၃၀၅၉)၊ ရာဇဌာနီလမ်း၊ ပေါင်းလောင်း(၂)ရပ်ကွက်၊ နေပြည်တော် Ph : 067-22297 , 067-25529 သို့ ကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**Genius Team** ဆိုတာ နွမ်းပါးကလေးငယ်များနှင့် မိဘမဲ့ကလေးငယ်များ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးများကို တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးနေသော ပရဟိတအသင်းကလေး ဖြစ်ပါတယ်။

စေတနာရှင် ညီအစ်ကိုမောင်နှမများ စုပေါင်း၍ တစ်လလျှင် ၂၀၀၀ ကျပ်စု၍ ၂ လတစ်ကြိမ် လှူဒါန်းခြင်း ဖြစ်ပါသည်။ ၂၀၀၇ မတ် ၂၄ ရက်မှ စတင်၍ ဖွဲ့စည်းခဲ့ပြီး ယခု ၂၀၁၂ မတ်လ ၂၇ ရက်တွင် (၅)နှစ်မြောက် အလှူကို ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာရှိ မြန်မာ့စိမ်းလန်းမြေလူငယ်ဖွံ့ဖြိုးရေးဂေဟာတွင် လှူဒါန်းခဲ့ပါသည်။ ခန့်မှန်းတန်ဖိုး ၇၀၀၀၀၀ ခန့်ရှိပါသည်။ လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များနှင့် ဆက်သွယ်နိုင်ပါသည်။ ၀၁-၆၂၉ ၆၄၁၊ ၀၉-၅၃၉၃၀၈၀၊ ၀၉-၅၃၉၃၂၂၉၊ ၀၁-၆၂၉၆၄၁

SHINE CONSTRUCTION COMPANY LTD.
(Member of Shine Group of Companies)

➤ Shine Engineering Group (Civil)
➤ Shine Engineering Group (M & E)
➤ Shine Creator Design Group တို့တွင်

တာဝန်ထမ်းဆောင်ရန် ကျွမ်းကျင်ဝန်ထမ်း အလိုရှိသည်။

စိတ်ပါဝင်စားသူများ အောက်ပါလိပ်စာအတိုင်း မေးမြန်း စုံစမ်းနိုင်ပါသည်။

No.29, Ground Floor, Gyo Phyu Street, Mingalar Taung Nyunt Township, Yangon, Myanmar.
Tel : 01-385 344, 01-385 340-4* Ext : (203, 204, 205)

Technology

7 DAY NEWS JOURNAL

Vol.11, No.6 • APRIL 12 , 2012

# မိုဘိုင်းဖုန်းဆင်းမ်ကတ်များ ပျောက်ဆုံးပါက ကျပ်နှစ်သောင်းဖြင့် လျှောက်ထားနိုင်

**ယုဇနကိုကို**

**ရန်ကုန်၊ ဧပြီ - ၇**

မိုဘိုင်းဖုန်းဆင်းမ်ကတ်များပျောက်ဆုံး၊ ပျက်စီးခြင်းများအတွက် ပြန်လည်လျှောက်ထားရမည့်ပေးသွင်းငွေများကို ဒုတိယအကြိမ်အဖြစ် ကျပ်နှစ်သောင်းသို့ ထပ်မံလျှော့ချပေးလိုက်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ သတင်းထုတ်ပြန်ချက်အရသိရသည်။

ယခင်က မိုဘိုင်းဖုန်းကတ်ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းများအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် ပြန်လည်လျှောက်ထားပါက ကျပ်တစ်သိန်းပေးသွင်းခဲ့ရာမှ ပြီးခဲ့သည့် ၂၀၁၁ နှစ်ကုန်ပိုင်းတွင် ကျပ်ငါးသောင်းသို့ လျှော့ချပေးခဲ့သည်။

ယင်းနောက် ဒုတိယအကြိမ်အနေဖြင့် ယင်းကဲ့သို့ဖြစ်ပေါ်လာ

စာ(၂၄)သို့




# မြန်မာနိုင်ငံပိုင် ဂြိုဟ်တု ၂၀၁၅ တွင် လွှင့်တင်မည်

**ယုဇန**

**ရန်ကုန်၊ ဧပြီ - ၆**

မြန်မာနိုင်ငံပိုင် ဂြိုဟ်တုတစ်လုံးကို လာမည့် ၂၀၁၅ ခုနှစ်တွင် လွှင့်တင်နိုင်ရန် လုပ်ငန်းဆောင်ရွက်မှုများစတင်နေပြီဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

မြန်မာပိုင်ဂြိုဟ်တုတစ်လုံးကို လွှင့်တင်ရန်ဆောင်ရွက်ရခြင်းရည်ရွယ်ချက်တွင် ကမ္ဘာတစ်ဝန်းမှ ရုပ်သံလိုင်းများကို မြန်မာနိုင်ငံမှ တိုက်ရိုက်ဖမ်းယူနိုင်ပြီး လက်ရှိတွင် ပြည်ပနိုင်ငံများမှ တစ်ဆင့်အခကြေးငွေများဖြင့်ဖမ်းယူကြည့်ရှုနေရသည့် ကုန်ကျစရိတ်များကို လျှော့ပါးစေရန်နှင့် နိုင်ငံ၏ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ကဏ္ဍ အဆမျှားစွာ ပိုမိုတိုးတက်လာစေရန်အတွက်ဟု အထက်ပါလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြည်တွင်းပိုင် ဂြိုဟ်တုတစ်လုံးတည်ဆောက်ရန်အတွက် ကုန်ကျစရိတ်မှာ ကျပ်ငွေသန်းပေါင်းများစွာကုန်ကျမည်ဖြစ်ကြောင်း ယင်းလုပ်ငန်း၏ အခြားတာဝန်ရှိသူတစ်ဦးက ယခုနှစ်ဇန်နဝါရီလက 7Day News သို့ပြောကြားခဲ့သည်။

မြန်မာနိုင်ငံပိုင် ဂြိုဟ်တုတည်ဆောက်ရန်အတွက် ပြည်ပနိုင်ငံများမှ ပုဂ္ဂလိကနည်းပညာကုမ္ပဏီအချို့နှင့် ဆွေးနွေးမှုများပြုလုပ်နေကြောင်းလည်း အထက်ပါလုပ်ငန်းမှစုံစမ်းသိရသည်။

# Wimax ကို အရစ်ကျရောင်းပေးမည်

**ယုဇနကိုကို**

**ရန်ကုန်၊ မတ် - ၂၂**

ရွှေ့လျားစနစ်ဖြင့် အသုံးပြုနိုင်မည့် WiMax အင်တာနက်စနစ်ကို ရောင်းချပေးနေသည့် Red Link Communications က လာမည့်ဧပြီလကုန်နှင့် မေလဆန်းပိုင်းတွင် အရစ်ကျစနစ်ဖြင့် စတင်ရောင်းချပေးတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါကုမ္ပဏီမှ ရောင်းချမည့် ကျပ်ခြောက်သိန်းသုံးသောင်းနှုန်းထားရှိသော ရွှေ့လျားအင်တာနက်စနစ်ကို ကနဦးတပ်ဆင်ခ ကျပ်တစ်သိန်းရှစ်သောင်းပေးသွင်းပြီး ကျန်ရှိသည့် ပေးသွင်းရမည့်ပမာဏကို တစ်လလျှင် ကျပ်လေးသောင်းသုံးထောင်နှုန်းဖြင့် တစ်ဆယ့်တစ်လတိတိပေးသွင်းပြီးဝယ်ယူနိုင်သည်ဟုဆိုသည်။

ယင်း WiMax စနစ် အင်တာနက်လိုင်းကို အရစ်ကျစနစ်ဖြင့် ဝယ်ယူလိုသူများအနေဖြင့် ယခုအချိန်မှစတင်ကာ အထက်ပါ ကုမ္ပဏီထံတွင် သန်းခေါင်စာရင်း၊ မှတ်ပုံတင်မိတ္တူများဖြင့် လျှောက်လွှာတင်ကာ ဝယ်ယူနိုင်မည်ဖြစ်သည်ဟု တာဝန်ရှိသူတစ်ဦးဖြစ်သော ဦးမျိုးမြင့်ညွန့်က ပြောသည်။

အရစ်ကျစနစ်ဖြင့် ရောင်းချပေးမည့် အင်တာနက်လိုင်းအရေအတွက်ကို ကန့်သတ်ထားပြီး ကြိုက်နှစ်သက်ရာ ငွေဖြည့်စနစ်များဖြင့်အသုံးပြုနိုင်မည်ဟုသိရသည်။




အဆိုပါ ရွှေ့လျားစနစ် WiMax အင်တာနက်လိုင်းအား ရန်ကုန်မြို့တွင်းအပါဝင်နှစ်ဆယ့်လေးမြို့နယ်အတွင်းသုံးစွဲရရှိနိုင်ပြီး ဒဂုံတောင်ပိုင်း၊ မြောက်ပိုင်း၊ ဒဂုံဆိပ်ကမ်းအရှေ့ဘက်၊ သာကေတ၊ ဒေါပုံနှင့် လှိုင်သာယာအစရှိသည့်မြို့နယ်များအတွင်းတွင်မူ သုံးစွဲနိုင်ခြင်းမရှိသေးဟု အထက်ပါကုမ္ပဏီမှသိရသည်။

**စင်ထွာ**
**မီးလင်းကတ္တား**

မှ အသစ်ထပ်မံ ထုတ်လုပ်သော ဒိုင်ခွက် မိတ်ဆက်ခြင်း

- ချိန်တွယ်သွားသော ပစ္စည်းအလေးချိန်အားလုံးကို M+ ကိုနှိပ်၍ မှတ်တမ်းတင်ထားပေးခြင်း။
- ပစ္စည်းအရေအတွက်ကို ရေတွက်ပေးနိုင်သော Counting Function ပါဝင်ခြင်း။
- ပရင်တာ ထုတ်ပေးနိုင်ခြင်း။
- အရှေ့အနောက် နှစ်ဖက် မြင်နိုင်ခြင်း။




**09.7300.9641, 09.731.236.36,02.788.24**

# Tech

## WiFi ပြဿနာကို စစ်ဆေးနေကြောင်း Apple ပြောကြား

**ဝါရှင်တန်၊ မေ - ၅**

နောက်ဆုံးထုတ် iPad သည် Wi-Fi ချိတ်ဆက်ရာတွင် ပြဿနာရှိသည်ဟူသော သတင်းများအပေါ် စုံစမ်းစစ်ဆေးနေကြောင်း Apple ကုမ္ပဏီတွင် ဖြန့်ဝေသည့် အစီရင်ခံစာတစ်စောင်အား အမေရိကန် နည်းပညာဝက်ဘ်ဆိုက်တစ်ခု ကဖော်ပြသည်။

အစီရင်ခံစာ၌ ပြဿနာ၏ လက္ခဏာများကို ဖော်ပြထားပြီး ဆက်သွယ်မှု ပြတ်တောင်းပြတ်တောင်းဖြစ်နေခြင်း၊ မြန်နှုန်းနှေးခြင်းနှင့် Wi-Fi ကွန်ရက်မမိခြင်းများပါဝင်သည်ဟု Mac Rumors ဝက်ဘ်ဆိုက်က ရေးသားထားသည်။



Apple ၏ အွန်လိုင်းအထောက်အပံ့ဖိုရမ်တွင် တင်ထားသော စာသားများအရလည်း ယင်းပြဿနာကို အများဆုံး ကြုံတွေ့နေရသည်ဟု သိရပြီး iPad အသစ် ဝယ်ယူသူ ၇၀၀ ကျော်က တုံ့ပြန်ခဲ့သည်။

Apple ကုမ္ပဏီဘက်ကလည်း iPad အသစ်များ၏ Wi-Fi ပြဿနာများကို နည်းပညာ အရ ဖြေရှင်းနိုင်ရန် အလျင်အမြန်ကြိုးစားနေသည်။ ထောက်ပံ့ရေးဖိုရမ်တွင် ရေးသားတင်ပြမှုများအရ iPad Wi-Fi ဗားရှင်းတွင်သာ ပြဿနာကြုံတွေ့ရပြီး 3G မော်ဒယ်များတွင် ယင်းပြဿနာမရှိဟု ဆိုသည်။ သို့သော် ယင်းကိစ္စနှင့် ပတ်သက်၍ Apple ကုမ္ပဏီက တရားဝင်သတင်းထုတ်ပြန်မထားပေ။ *—Ref: Internet*



## တရုတ်နိုင်ငံတွင်မိုဘိုင်းဖုန်း အသုံးပြုသူ သန်းတစ်ထောင်အထိ ရှိလာ

**ဘေဂျင်း၊ မေ - ၃**

တရုတ်နိုင်ငံ၏ မိုဘိုင်းဖုန်းအသုံးပြုသူအရေအတွက်သည်ပြီးခဲ့သည့် ဖေဖော်ဝါရီလကုန်တွင် တစ်ဘီလီယံထိရောက်ရှိလာကြောင်း သိရသည်။ ၂၀၁၂ ဇန်နဝါရီလက ဆဲလ်ဖုန်းမှတ်ပုံတင် အသုံးပြုသူဦးရေ ၂၀ ဒသမ ၇ သန်းရှိခဲ့ရာမှ ဖေဖော်ဝါရီလတွင် တစ်ဘီလီယံ (သန်းတစ်ထောင်) ပမာဏရောက်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက ဆိုသည်။

တရုတ်နိုင်ငံတွင် စာရင်းများအရ ၂၀၁၁ မေပြီအထိ မိုဘိုင်းဖုန်းအသုံးပြုသူ ၉၀၀ ဒသမ ၄ သန်းရှိခဲ့သည်။ ထို့ပြင် နှိုင်းယှဉ်ချက်များအရ ထိုကာလအတွင်း လိုင်းဖုန်းအသုံးပြုသူအရေအတွက် ၂၈၄ ဒသမ ၃ သန်းရှိကြောင်း သိရသည်။ တရုတ်နိုင်ငံတွင် မကြာသေးမီနှစ်များအတွင်းဟန်းဆက်ဈေးနှုန်းများနှင့်ခေါ်ဆိုခများ ဈေးကျလာသဖြင့် မိုဘိုင်းဖုန်းအသုံးပြုမှုအထူးမြင့်တက်ခဲ့သည်။

စာရင်းများအရ မိုဘိုင်းဖုန်းအသုံးပြုသူ တစ်ဘီလီယံတွင် လူ ၁၄၄ သန်းမှာ သရီးဂျီနည်းပညာကို သုံးစွဲနေကြကြောင်း သိရသည်။ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အင်တာနက်သုံးစွဲသူဦးရေအများဆုံးဖြစ်ပြီး တရားဝင်စာရင်းများအရ အင်တာနက်သုံးသူသန်း ၅၀၀ ကျော်ရှိကြောင်း သိရသည်။ *—Ref: AFP*

## မိုဘိုင်းဖုန်းဝန်ဆောင်မှုအဆင့်မြှင့်တင်ရန် မြန်မာ-မလေးရှား ပူးပေါင်းဆောင်ရွက်မည်

**ယုဇန**

**ရန်ကုန်၊ မေ - ၆**

ပြည်တွင်း၏ မိုဘိုင်းဖုန်းဆက်သွယ်ရေးကဏ္ဍနှင့် အင်တာနက်ဆက်ကြောင်းချိတ်ဆက်ရေးကဏ္ဍများအတွက် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

မလေးရှားနိုင်ငံ၏ ပုဂ္ဂလိကနည်းပညာကုမ္ပဏီများနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့ပူးပေါင်းကာ မြန်မာ-မလေးရှားနှစ်နိုင်ငံ တိုက်ရိုက်ရေအောက်ကေဘယ်အင်တာနက်ဆက်ကြောင်း တည်ဆောက်ရေးစီမံကိန်း၊မြန်မာ-ထိုင်း-မလေးရှား သုံးနိုင်ငံနယ်စပ်ဖြတ်ကျော် ကုန်းတွင်းဖိုက်ဘာဆက်ကြောင်းစီမံကိန်းတည်ဆောက်ခြင်း၊ ၂၀၁၃ တွင်မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းကာလအတွင်း ရန်ကုန်မြို့နှင့် နေပြည်တော်မြို့များတွင် WiMax နှင့် WiFi အင်တာနက်များလွှင့်တင်နိုင်ရေးနှင့် Mobile Romaining ဆက်သွယ်မှုစနစ်များကို ဆောင်ရွက်သွားရန်အတွက် နှစ်နိုင်ငံဆွေးနွေးမှုများပြုလုပ်နေပြီဟု သတင်းရရှိသည်။

အထက်ပါ မြန်မာ-မလေးရှားနှစ်နိုင်ငံ ဆက်သွယ်ရေးနှင့် အိုင်စီတီကဏ္ဍပူးပေါင်းရေးစီမံကိန်းနှင့်ပတ်သက်ပြီး ယင်းနိုင်ငံမှ Malaysian Communication & Multi media Commission (MCMC) မှ တာဝန်ရှိသူများနှင့် ၎င်းတို့၏ ပုဂ္ဂလိကနည်းပညာကုမ္ပဏီအချို့မှ တာဝန်ရှိသူများသည် နေပြည်တော်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ပြီးခဲ့သည့် မတ်လ တတိယပတ်အတွင်း လာရောက်တွေ့ဆုံခဲ့ကြကြောင်းသိရသည်။

## အွန်လိုင်းဖုန်းဘီလ်စနစ် မကြာမီစတင်မည်




**ယုဇနကိုကို**

**ရန်ကုန်၊ မေ - ၇**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဘီလ်ဆောင်ရသော (Post Paid)စနစ်ဖြင့် ပေးဆောင်နေရသည့် ဖုန်းဘီလ်အားလုံးကို လာမည့်မေလပထမပတ်မှစတင်ကာ ပုဂ္ဂလိကဘဏ်များနှင့် ချိတ်ဆက်၍အွန်လိုင်းမှတစ်ဆင့်ပေးဆောင်နိုင်တော့မည်ဟု သတင်းရရှိသည်။

ယင်းဝန်ဆောင်မှုကို အင်တာနက်ပေါ်ရှိ ရတနာပုံဝက်ဘ်ပေါ်တယ်ပေါ် http://billing .yatanapon. com.mm/မှတစ်ဆင့်ပေးချေနိုင်မည်ဖြစ်သည်ဟု အထက်ပါလုပ်ငန်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိတွင် Post Paid စနစ်ဖြင့် ပေးဆောင်နေရသော ဖုန်းများမှာ စီဒီအမ်အေဖုန်းများ၊ အော်တိုကြိုးဖုန်းများနှင့် ဂျီအက်စ်အမ်ဖုန်းများဖြစ်ကြသည်။

ယင်းစနစ်ကို အသုံးပြုလိုသူများအနေဖြင့် အဆိုပါစနစ်ကိုအသုံးပြုမည့် ဘဏ်များအနက်မှ ကြိုက်နှစ်သက်ရာ ဘဏ်တစ်ခုတွင်လိုအပ်သည့်စာရွက်စာတမ်းများဖြင့် ကိုယ်ပိုင် Account တစ်ခုဖွင့်ပြီး ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အဆိုပါစနစ်ကိုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရတနာပုံဝက်ဘ်ပေါ်တယ်လ်တို့နှင့်အတူ မြန်မာ့စီးပွားရေးဘဏ်၊ ယူနိုက်တက်အမရာဘဏ်၊ သမဝါယမဘဏ် (CB) ၊ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ် (MOB) အစရှိသည့် အစိုးရနှင့် ပုဂ္ဂလိကဘဏ်များက အကျိုးတူပူးပေါင်းဆောင်ရွက်ထားခြင်းဖြစ်သည်။

အထက်ပါ Online Phone Billing စနစ်ကိုအသုံးပြုသူများအနေဖြင့် မိမိ Account ဖွင့်လှစ်ထားသည့် ဘဏ်တွင် ဝန်ဆောင်ခအဖြစ် ကျပ်ငါးရာကိုသာ ထပ်မံပေးသွင်းရမည်ဖြစ်ကြောင်း ရတနာပုံတယ်လီပို့ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

Online Phone Billing စနစ်ဖြင့် ဖုန်းဘီလ်များပေးဆောင်နေရသည့် ယင်းစနစ်ကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လာမည့်မေလမှစတင်ကာ ကျင့်သုံးတော့မည်ဖြစ်ပြီး နေပြည်တော်ခရိုင်နှင့် မကွေးတိုင်းဒေသကြီးတို့တွင်မူ ဇူလိုင်လမှစတင်ကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ယခုလက်ရှိတွင် ဆက်သွယ်ရေးရုံးများသို့ ကိုယ်တိုင်သွားရောက်ကာ ဖုန်းအသုံးပြုခကျသင့်ငွေများကို ပေးသွင်းခြင်းစနစ်သည် အချိန်များစွာပေးရခြင်း၊ စာရွက်စာတမ်းအဆင့်ဆင့်တို့ဖြင့် ဆောင်ရွက်နေရခြင်းစသည့်အချက်များကြောင့် ယင်းစနစ်ကိုအသုံးပြုသူအများစုက ကြိုတင်ငွေဖြည့်ကတ်စနစ်သို့ ပြောင်းလဲပေးစေလိုနေကြကြောင်းသိရသည်။

### စာ(၂၃) - မိုဘိုင်းဖုန်းဆင်းမ်ကတ်များ ပျောက်ဆုံးပါက ကျပ်နှစ်သောင်းဖြင့် လျှောက်ထားနိုင် မှ

ခြင်းများအတွက် မြန်မာ့ဆက်သွယ်ရေးသို့ ပြန်လည်လျှောက်ထားခြင်းကို ကျပ်နှစ်သောင်းအထိ ထပ်မံလျှော့ချလိုက်ခြင်းဖြစ်ပြီး ရည်ရွယ်ချက်မှာ ပြည်တွင်း၏ မိုဘိုင်းဖုန်းနှင့် အခြားဆက်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုများကို တစ်ဆင့်ချင်းလျှော့ချပေးသွားမည့်စီမံကိန်းကြောင့်ဟု ယင်းလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယခုကဲ့သို့ ပြောင်းလဲသတ်မှတ်လိုက်သော နှုန်းထားအသစ်များတွင်ပါဝင်သည့်မိုဘိုင်းဖုန်းအမျိုးအစားများမှာ GSM ဖုန်းအမျိုးအစားအားလုံး၊ WCDMA၊ CDMA ၄၅၀ နှင့် ၈၀၀ မဂါဟတ်ဇ် ဖုန်းများဖြစ်ကြသည်ဟု အထက်ပါသတင်းထုတ်ပြန်ချက်တွင်ပါရှိသည်။

ထို့အပြင် ယခုလဆန်းပိုင်းမှစတင်ကာ ရောင်းချပေးနေမည့် ကျပ်နှစ်သိန်းတန်ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများ ပျောက်ဆုံးပျက်စီးဖြစ်ပေါ်လာပါက ယင်းဖုန်းကတ်များကို ဝယ်ယူသည့်ဆိုင်များတွင်ပင် ကျပ်နှစ်သောင်းပေးသွင်းကာ နေ့ချင်းပြီးစနစ်ဖြင့် ပြန်လည်ရယူနိုင်ကြကြောင်းသိရသည်။

ယခင်က တန်ဖိုးကြီးကြီးဖြင့် ချထားပေးပြီးဖြစ်သည့် မိုဘိုင်းဖုန်းများကိုမူ မိမိတို့လျှောက်ထားခဲ့ရာ ဌာနများဖြစ်သည့် ရွှေဂုံတိုင်၊ ပန်းဆိုးတန်း၊ အလုံ အစရှိသည့် မြို့နယ် ဆက်သွယ်ရေးရုံးများနှင့် ပြည်နယ်နှင့် တိုင်းများရှိ တိုင်းမန်နေဂျာရုံးများတွင်လျှောက်ထားရမည်ဖြစ်သည်။



ဓာတ်ပုံ - ဇော်မောင်မောင် (အမရပူရ)

# ခြောက်သွေ့သောနေ့ရက်နှင့် စိုရွှဲသည့် စိတ်ကူးများ

မောင်သာချို

(တစ်)

ကျွန်တော်က စာပေဖတ်ရှုလေ့လာမှု၌ တော်တော့်ကို မွေ့လျော်သူဖြစ်ပါသည်။ ထို့ပြင် ဖတ်ရှုလေ့လာမိသမျှစာမျက်နှာပေါင်းများစွာပေါ်က မှတ်ဖွယ်မှတ်ရာတိုတိုထွာထွာကလေးများစွာတို့ကိုလည်း ကူးယူတို့ထိထားလေ့ရှိရာ မကြာခဏဆိုသလို ထိုမှတ်စုပဒေသာစာအုပ်ကလေးများကိုပြန်ပြန်ဖတ်မိနေလေ့ရှိပါသည်။

တစ်နေ့က ထိုမှတ်စုပဒေသာစာအုပ်ကလေးတစ်အုပ်ကို တောင်လှန်မြောက်လှန် ပြန်ဖတ်၍နေမိစဉ် ရေနှင့်ပတ်သက်သော မှတ်စုကလေးတစ်ခုဆီအရောက်၌ စိတ်က လှုပ်နိုး၍သွားပါသည်။ လူတို့၏ ကျင်ငယ်ရေကို သောက်ရေအဖြစ်ပြန်သန့်သည့် သတင်းမှတ်စုကလေး။

နိုင်ငံက စင်ကာပူနိုင်ငံဖြစ်ပါသည်။ စင်ကာပူသည်သောက်သုံးရေကိုပင်မလေးရှားကနေ၍မှာယူတင်သွင်းရသည့်နိုင်ငံဖြစ်ရာရေချိုအလွန်ရှားသော ဒေသအဖြစ် လူသိများပါသည်။ သို့ဖြစ်ရာ စွန့်ပစ်ရေများကိုပြန်သုံး၍ ရရန်အတွက်စက်ရုံငါးရုံတည်ဆောက်ပြီးကြိုးစားခဲ့ကြရာ ယခု အောင်မြင်ခဲ့ပြီးဖြစ်ပါသည်။ အထူးသဖြင့် ကျင်ငယ်ရေများကို သောက်ရေအဖြစ် ပြန်သန့်စင်ခြင်းဖြစ်ပါသည်။ နာမည်က New နှင့် ပေါင်းစပ်ကာ Newater တဲ့။ ထို Newater ကို စင်ကာပူနိုင်ငံသားတို့ စတင်သောက်သုံးနေပြီဆိုပဲ့လား။ အော်. . ရေ. . ရေ။ ကိုယ့်ကျင်ငယ်ရေကို ကိုယ်ပြန်သောက်ရလောက်သည်အထိ ကမ္ဘာပေါ်က အချို့အချို့သောနေရာတွေမှာ ခန်းခြောက်နေကြသည်ဆိုပဲ့ကလား။

အာဖရိကတိုက်ကြီးထဲက ကင်ညာနိုင်ငံတွင်ကား လူတစ်ယောက်အတွက် တစ်နေ့တာ ရေခွဲတမ်းက ရေဆယ်လီတာတဲ့။ ဒါဆို ရေသန့်ဘူး ဆယ်ဘူးစာလောက်ပဲရှိမှာပေ့ါ။ ချိုးတာရော မျက်နှာသစ်တာရော လျှော်တာဖွပ်တာရော သောက်တာရော ကိုယ်လက်သန့်စင်တာရော အကုန်လုံးအတွက်မှရေသန့်ဘူးဆယ်ဘူးစာလောက်ဆိုတော့ရေခွဲတမ်းက မနည်းလွန်းနေဘူးလား။ လူတစ်ယောက်အတွက် တစ်နေ့တာ ရေအခြေခံ လိုအပ်ချက်က လီတာ ၂၀ ကနေ လီတာ ၅၀ အထိလိုတယ်လို့ ခန့်မှန်းထားကြတာမဟုတ်လား။ အင်းလေ ခန်းခြောက်ရာဒေသမှာသည်ဆယ်လီတာလောက် ရနေတာကိုကပဲ ကံထူးလေစွဟု အောက်မေ့ရတော့မည်ဖြစ်ပါသည်။

(နှစ်)

ကျွန်တော်တို့နိုင်ငံကို ပြန်ကြည့်လိုက်တော့ ရေက ပေါသယောင်ထင်ရပါသည်။ မြစ်တွေ ချောင်းတွေ အင်းတွေ အိုင်တွေ ပင်လယ်ကြီးတွေနှင့်မဟုတ်လား။ သည့်အပြင် မြေအောက်ရေအပေါများဆုံးနိုင်ငံတွေကိုစာရင်းချကြည့်လိုက်ပြန်တော့လည်း ရုရှားက နံပါတ်တစ်တဲ့။ မြန်မာက နံပါတ်လေးတဲ့။ အင်း. . သိပ်ပြီးတော့ မဆိုးလှ။ ရေရှားပါးမှုအန္တရာယ်နှင့် ကြုံတွေ့နိုင်သောနိုင်ငံများကို ရာခိုင်နှုန်းတွက်ကြည့်တော့ မြန်မာက ၁၀ ရာခိုင်နှုန်းပဲရှိသတဲ့။ ရေဒုက္ခက တို့တွေနဲ့ အဝေးကြီးမှာပါဟု ထင်ကောင်းထင်နိုင်စရာရှိပါသည်။ သို့သော် ထိုအထင်ကို ချေဖျက်ဖို့အတွက် နိုင်ငံအနှံ့ ခရီးသွားကြည့်စေချင်ပါသည်။ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်က ချောင်းသာ၊ ငွေဆောင်၊ ရွှေသောင်ယံ၊ ဂွ၊ သောင်ကျိုး၊ တိုင်ကျိုး၊ ကျိန္တလီ၊ မြပြင်၊ ဂျိတ်တော၊ ပေလီ၊ သံတွဲ၊ တောင်ကုတ်သားတို့ သူတို့ရဲ့ဘေးမှာရှိနေသော ဘင်္ဂလားပင်လယ်အော်ကြီးထဲက ရေကို သောက်မရပါ။ ထို့အတူ မုတ္တမ၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်၊ ရေး၊ ကော့သောင်းသားတို့ သူတို့ဘေးက မုတ္တမပင်လယ်ကွေ့နှင့်ကပ္ပလီပင်လယ်ပြင်ကြီးထဲက ရေကို သောက်မရကြပါ။ မိတ္ထီလာကန်ကြီးထဲက ရေက သောက်သုံးရန် မသင့်တော်။ အင်းလေးကန်ကြီးထဲက ရေက သောက်သုံးရန်မသင့်တင့်။ ဟိုမြို့သည်မြို့ ဟိုရပ်သည်ရွာ တူးသမျှရေအများစုမှာ သံဓာတ်များလို့ ခဲဓာတ်များလို့ အာဆင်းနစ်များလို့ စသည်ဖြင့် အသံတွေ ကြားကြရစမြဲ။ မြစ်ကြီးနားကစလို့ မန္တလေး၊ စစ်ကိုင်း၊ အင်းဝ၊ ပုဂံ၊ ပြည်၊ အောင်လံ၊ သရက်ဝန်းကျင်အထိက ရောဝတီမြစ်ထဲကရေကို ဟိုတုန်းက အကုန်လုံး သောက်ခဲ့ကြ၊ ယခုလည်းသောက်သူက သောက်ကြဆဲ။ မြို့ရွာများက စွန့်ပစ်လိုက်သည့်ရေဆိုးတွေက မြစ်ထဲကို တသွင်သွင် စီးဆင်းလို့။ အော်ဂလီဆန်ချင်စရာကောင်းလှပါရဲ့။

ပုပ္ပါးတောင်ကြီးနှင့် မလှမ်းမကမ်း မြင်းခြံခရိုင်ထဲက ရွာကလေးတစ်ရွာသို့ရောက်သွားစဉ်က ရေပတ်တိုက်နေသူ မိသားစုတစ်စုနှင့် ဆုံခဲ့ရဖူးပါသည်။ ရေပုံးထဲသို့ပုဆိုးကိုနှစ်လိုက်။ ရေကိုနှမြောလှစွာဖြင့် ပုံးထဲသို့ ညှစ်ချလိုက်။ ထိုရေစိုပုဆိုးဖြင့် ဖခင်ကြီးက ရေပတ်တိုက်လိုက်။ ထို့နောက် သမီး။ ထို့နောက် သား။ ရေပုံးထဲကရေကိုလုံးဝကုန်မသွားစေရဘဲ တစ်အိမ်လုံး တစ်ယောက်တစ်လှည့် ရေပတ်တိုက်ခြင်းဖြင့် ကိုယ်လက်သန့်စင်လိုက်ကြခြင်းပင်ဖြစ်ပါသည်။ "ကျုပ်တို့က ရေတစ်ထမ်းရဖို့ ဟိုးသုံးလေးငါးမိုင်အထိ သွားထမ်းရတာဗျ". . တဲ့။ ကျွန်တော့်ရင်ထဲမှာ နာကျင်ရပါသည်။

အချို့အချို့သော အညာရွာကလေးများကမူ အလှူ ရက်လည်၊ မင်္ဂလာပွဲများတွင် ကြွရောက်လာသည့်ပရိသတ်ကိုဘယ်တော့မှ ချက်ပြုတ်ကျွေးမွေးလေ့မရှိ။ ဆန်နှင့်တကွ သားငါး အစိမ်းတို့ကို အထုပ်ကလေးတွေ ထုပ်ကာဝေငှပေးလိုက်ကြသည်။ ကိုယ့်အိမ်ရောက်မှ ကိုယ့်ဘာသာ ချက်စားဆိုသည့်သဘော။ ရေဒုက္ခကြောင့် အိုးကြီးခွက်ပြဲ ချက်ပြုတ်ကျွေးမွေး ဆေးကြောမနေနိုင်။ တောင်တန်းဒေသ အချို့၌မူ တောင်စောင်းကနေ စိမ့်ထွက်နေသည့်စိမ့်ရေကို ဝါးကျည်တောက်ကလေးများဖြင့် ခံယူကာ တစ်တောဝင်ထွက်၊ တစ်တောင်တက်ကြသည့် တိုင်းရင်းသူ၊ တိုင်းရင်းသားကလေးတို့ကို စာနာစွာဖြင့် တွေ့ရမြင်ရတတ်သည်။ အညာက လက်ယက်တွင်းကလေးတစ်ခုဆီမှာ အညာသူညိုညိုကလေးက စိမ့်ရေကို တစ်ခွက်ချင်း ခပ်ယူလို့။

ကျွန်တော်တို့ဆီမှာ နိုင်ငံတော်အနှံ့ ရေချို တကယ်ပေါတာ ဟုတ်ရဲ့လား။

(သုံး)

WHO က ကမ္ဘာပေါ်တွင် လူခြောက်ဦးမှာ တစ်ဦးက ရေသန့်မရဟုဆိုပါသည်။ FAO ကမူ ကမ္ဘာ့လူသား သန်း ၁၀၀၀ သည် ရေသန့်မရဟုဆိုပါ၏။

ရေနှင့်ဆက်စပ်သောပြဿနာကြောင့် ဖြစ်ပွားရသောရောဂါက ရောဂါဝေဒနာတို့၏ ၄၀ ရာခိုင်နှုန်းရှိလေသတဲ့။ ရေကြောင့် သေဆုံးရသူ ကလေးသူငယ်များက သေဆုံးမှု၏ ၈၅ ရာခိုင်နှုန်းရှိလေသတဲ့။ ကမ္ဘာ့ဒုက္ခများထဲတွင် ရေကြောင့် ဒုက္ခရောက်ရသည်က ၉၈ ရာခိုင်နှုန်းရှိလေသတဲ့။

ကျွန်တော်တို့၏ ကမ္ဘာ၌ ရေထုက ၁ ဒသမ ၄ ဘီလီယံကုဗကီလိုမီတာရှိရာ ရေချိုက ၃၅ သန်းကုဗကီလိုမီတာသာရှိသဖြင့် ရေချို ၂ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိပါသည်။ နားလည်လွယ်အောင် ပြောရလျှင် ရေတစ်ပိဿာရှိလျှင် ရေချိုက နှစ်ကျပ်သားကျော်ကျော်သာရှိသည့်သဘော။

ထိုရေချိုများတွင်လည်း ၇၀ ရာခိုင်နှုန်းက အာတိတ်ရေခဲပြင်၊ အန္တာတိကရေခဲပြင်နှင့် တောင်ထိပ်က ဆီးနှင်းများ ရေခဲများဖြစ်လေရာ ကန်များ၊ ချောင်းများ မြစ်များထဲမှာက ၃၀ ရာခိုင်နှုန်းသာ ရှိပါသည်။ ရှင်နည်းရာ အင်္ဂလူ ထွက်သလိုပါပဲလား။

ဒါ့ကြောင့်လည်း ၂၀၂၅ ၌ ကမ္ဘာ့လူသား ၁ ဒသမ ၈ ဘီလီယံတို့ ရေဒုက္ခတွေ့မည်ဟု ဟောကိန်းထုတ်လာကြခြင်းဖြစ်ပါလိမ့်မည်။ လူတွေလူတွေ ရေငတ်မှာကို စိုးကြောက်တာ ၁၉၉၃ မတ် ၂၂ ရက်ကစတင်ကာ World Water Day တဲ့။ ကမ္ဘာ့ပထမဦးဆုံး **ရေအရင်းအမြစ် ထိန်းသိမ်းရေးနေ့။**

၂၀၀၀ပြည့်နှစ်အစစက်တင်ဘာလတွင် ကျင်းပခဲ့သော နယူးယောက်မြို့ ကမ္ဘာ့ထောင်စုနှစ်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးက ၂၀၁၅ တွင် ရေကောင်းရေသန့်ရရှိရေး ကြိုးပမ်းကြဖို့ သဘောတူကြလေသတဲ့။ Global Water Partnership ကမ္ဘာလုံးဆိုင်ရာ ရေမျှဝေသုံးရေးအဖွဲ့တဲ့။ ရေထဲက မျက်စိနဲ့ မမြင်နိုင်တဲ့ အမှုန်တွေကို Ceramic Tube နဲ့ စစ်သတဲ့။ ပိုးကို ခရမ်းလွန်ရောင်ခြည်(Ultra Violet)နဲ့သတ်သတဲ့။ O Zone Sterilizer နဲ့သတ်သတဲ့။ Septic Tank ဆိုတဲ့ မိလ္လာကန်ထဲက မစင်ရည်ကို မြေအောက်ထဲစိမ့်ဝင်တဲ့နည်းနဲ့ မြို့ရွာတွေ တည်ဆောက်ထားကြတာမဟုတ်လား။ မြေအောက်ရေတွေကိုယ်တိုင်က မသန့်စင်ပါလေတော့။ သန့်စင်လို့ ထုတ်ယူဦးမည်ပဲထား မြို့ရွာတို့အောက်သို့ နိမ့်ကျကျွံကျမသွားရအောင် မြေအောက်ရေကို အတိုင်းအဆမရှိ ထုတ်ယူ၍ မဖြစ်ပြန်။

စကားကို ချုပ်ရသော် ရေကောင်းရေသန့်ဆိုတာ ကျွန်တော်တို့ ထင်သလောက် မပေါများဟူ၍ပင်ဖြစ်ပါသည်။

(လေး)

လူတစ်ယောက်ကရေချိုးခန်းထဲ၌ဆပ်ပြာတိုက်နေစဉ်မှာပင်သူ့ရေပန်းကိုပိတ်ထားပါသည်။ နှမြောလို့တဲ့။ မိန်းမတစ်ယောက်က ရေစင်၌ အိုးခွက်ပန်းကန်တို့ကို ဆေးကြောစဉ် ဆပ်ပြာရည်ဖြင့် ပွတ်သပ်နေခိုက် ရေဘဲနှုတ်သီးကိုပိတ်ထားပါသည်။ နှမြောလို့တဲ့။ ရေစင်၌ မျက်နှာသစ်သွားတိုက်လာလုပ်သူတစ်ယောက်က သွားပွတ်တံကို ရေဆွတ်အပြီး သွားတိုက်နေခိုက် ရေကိုပိတ်ထားပါသည်။ နှမြောလို့တဲ့။

အတာသင်္ကြန်ရက်တွေထဲမှာ မြို့ကြီးပြကြီးများ၌ ရေပိုက်ပေါင်းထောင်သောင်းသိန်းသန်းကုဋေတို့ဖြင့် စိုပြီးသူကို ထပ်ရွှဲ၊ ရွှဲပြီးသူကို ထပ်နစ်၊ နစ်ပြီးသူကို စုံးစုံးမြုပ်အောင် အပျော်ကြူးကြပါတော့မည်။ ရေတွေ ရေတွေ တဝေါဝေါ တဖြောဖြော တသောသော။

သပြေခက်ကလေးနဲ့ အသာအယာ ရေပက်ကစားသည့် နေ့ရက်များ၊ ဖလားကလေးနဲ့ အသားကလေးစိုရွှဲအေးမြသွားရုံ လောင်းပက်သည့်နေ့ရက်များကို ကျွန်တော် သတိရလိုက်တာ။ တစ်နေ့တာ ရေဆယ်လီတာနဲ့ ကင်ညာက အသက်ရှင်နေသူများကို ကျွန်တော် အားနာမိသလိုပဲ။ ပုဆိုးရေစိုတစ်ထည်နဲ့ မိသားစုအလှည့်ကျ ရေပတ်တိုက်ကြတဲ့ ပုပ္ပါးတောင် မလှမ်းမကမ်းက အပူပိုင်းဒေသ မိသားစုကိုလည်း ကျွန်တော် မျက်နှာပူမိသလိုကြီးပါ။ ဝါးကျည်တောက်ကလေးများနဲ့ တောင်စောင်းတစ်နေရာက စိမ့်ရေကို ခံယူနေရရှာတဲ့ တိုင်းရင်းသူကလေးတစ်ယောက်ကိုလည်း ကျွန်တော် မလုံမလဲဖြစ်မိပါရဲ့။

ဟော. . ဂစ်တာသံတွေ၊ ကီးဘုတ်တွေ၊ တူးပို့ တူးပို့အသံတွေ၊ ဒရမ်ရိုက်ချက်တွေက ဆူညံလို့။ လူတွေက ပွက်လို့။ ပိုက်လုံးတွေ ပိုက်လုံးတွေ၊ ရေလုံးသေးသေးကလေးတွေ။ ရေလုံးအကြီးကြီးတွေ။ ဒလဟော၊ ဝါးလုံးထိုး၊ နွားသိုးကြိုးပြတ်။

ကိုယ့်ကျင်ငယ်ရေ ကိုယ်ပြန်သန့်စင်ပြီး Newater အဖြစ် သောက်ကြပြီဆိုတဲ့ စင်ကာပူကလူတွေကို ကျွန်တော် ရေသန့်ရေချိုတွေ တစ်ဝကြီးတိုက်ချင်စမ်းပါဘိ။ ။

7 DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012



ဂျေလှသင်

# ရေတမာပင်တန်း စံပယ်ပန်းနဲ့ မြကမ္ဘလာ

ရွှေတိဂုံစေတီတော်ကြီးရဲ့ နှစ် ၂၆၀၀ ပြည့် တပေါင်းပွဲတော်ကြီးကို သွားခဲ့တယ်။ အပြန်ကျတော့ လမ်းလျှောက်ချင်တာနဲ့ အနောက်ဘက်မုခ်က ဆင်းခဲ့တယ်။ ဦးဝိစာရလမ်းတစ်လျှောက်မှာရှိတဲ့ ရေတမာပင်တန်းလေးကို ငေးကြည့်ရင်းနဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ ကျော်ကို ဖျပ်ခနဲ သတိရမိတယ်။ အခုလို တပေါင်းလ နွေဦးကာလ၊ တစ်ခုသော အရုဏ်မတက်မီအချိန်ပေါ့၊ အခု ကျွန်မငေးနေမိတဲ့ ရေတမာပင်တန်းလေးအောက်မှာပါပဲ။

ကျွန်မတို့ အထက်တန်းအောင်တဲ့အချိန်က ပထမနှစ်၊ ဒုတိယနှစ်ဝိဇ္ဇာ၊ သိပ္ပံကျောင်းသားတွေအားလုံး လှည်းတန်းမှာရှိတဲ့ Main (မိန်း)လို့ လူသိများတဲ့ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှာ မတက်ရသေးဘူး။ လှိုင်နယ်မြေ (RC-2)၊ ကြည့်မြင်တိုင်နယ်မြေ (RC-3)၊ ဗိုလ်တထောင်နယ်မြေ(RC-1)ဆိုပြီး ကျောင်းခွဲသုံးခုမှာ ခွဲတက်ရတယ်။ ဒုတိယနှစ်အောင်မှ မိန်းမှာတက်ကြရတာ။ အဲဒီတော့ နီးစပ်ရာ ကျောင်းနားက ပုဂ္ဂလိက အဆောင်တွေမှာ ငှားနေရတယ်။ ကျွန်မက RC-3 ဆိုတော့ ကြည့်မြင်တိုင်မှာ အဆောင်ရတယ်။ ကျောင်းနဲ့လည်းနီး၊ ကျောင်းသူတွေကိုပဲ သီးသန့်ငှားတဲ့ အဆောင်ဆိုတော့ လူလည်း သန့်တယ်။ ဈေးလည်းချိုတယ်။ အိမ်ကလည်းစိတ်ချတယ်။

အဲဒီနေ့ မတ် ၂၆ ရက်ညက ကျွန်မတို့ အဆောင်သူတွေ တစ်ညလုံး မအိပ်ကြဘူး။ ကျွန်မမေ့ခနဲ အိပ်ပျော်သွားတာကို အတင်းနှိုးကြတယ်။ သက်တူ၊ ရွယ်တူ၊ ကျောင်းသူ သူငယ်ချင်းတွေဆိုတော့ ညီအစ်မတွေလို ဖြစ်နေကြပြီလေ။ စိတ်မဆိုးကြတော့ဘူး။ စိတ်တူ၊ သဘောတူ တိုင်ပင်စီစဉ်ထားတဲ့ ကိစ္စဆိုတော့ မအိပ်ကြေးပေါ့။ အီကို(စီးပွားရေးတက္ကသိုလ်)ဆောင်က သူငယ်ချင်းတွေကလည်း ကျွန်မတို့ အဆောင်မှာ လာအိပ်ကြတယ်။ ည ၁၂ နာရီကျော်ကတည်းက ရေချိုးကြ၊ အလှတွေပြင်ကြ၊ စကားတွေပြောကြနဲ့ ဆူညံရှုပ်ယှက်ခတ်နေတာပဲ။ ကျွန်မတို့ တိုင်ပင်ထားတဲ့ ကိစ္စက အလုပ်ကြီးအကိုင်ကြီးလေ၊ တော်လှန်ရေးနေ့ စစ်ရေးပြအခမ်းအနားကို ချီတက်ကြမယ့် တပ်မတော်သားတွေကို ပန်းကုံးသွားစွပ်မလို့ မနက် ၄ နာရီထိုးတာနဲ့ အဆောင်က ထွက်လာကြတယ်။

ဒီလောက် အစောကြီးလမ်းမှာ ဘယ်လိုင်းကားမှ မထွက်သေးဘူး။ အငှားကားလည်း ငှားမစီးနိုင်ဘူး။ ဒီရက်က အိမ်က ငွေပို့တဲ့ ရက်မဟုတ်ဘူး။ လူတိုင်း အိပ်ထဲ ငွေနည်းနေပြီ။ အဲဒီတော့ လမ်းလျှောက်ကြတယ်။ လမ်းပေါ်မှာလည်း ကိုယ်တွေလို တော်လှန်ရေး ပန်းခြံကို ဦးတည်သွားနေတဲ့ ပြည်သူတွေ အများကြီးတွေ့ရတယ်။ ကျွန်မတို့ လမ်းမှာ တွေ့သမျှ စံပယ်ပန်းတွေ ဝယ်ကြတယ်။ စံပယ်ပန်းရောင်းတဲ့ သူကလည်း တော်လှန်ရေးနေ့အတွက်ဆိုရင် ပန်းကုံးတွေ သီးသန့်သီပြီး ရောင်းတယ်။ ဘုရားပန်းကပ်ဖို့၊ ခေါင်းမှာပန်ဖို့ သီနေကျ ပုံစံမဟုတ်ဘဲ ရဲဘော်တွေလည်ပင်းမှာ ဆွဲကြိုးဆွဲသလို အဆင်ပြေအောင် ပန်းကုံးတွေကို သီပြီးရောင်းတာ။ အခုလို ရက်ဆိုရင် စံပယ်တွေဟာ အရမ်းပေါတာပဲ။ ပိုမွှေးသလိုတောင် ခံစားမိတယ်။ အဆောင်က တချို့ကျောင်းသူတွေဆိုရင် သူတို့လိပ်စာကတ်ကို ပန်းကုံးထဲမှာထည့်ပေးထားတယ်။ ကိုယ့်ပန်းကုံးကိုရတဲ့ တပ်မတော်သား ပြန်ဆက်သွယ်ချင်ရင် အဆင်သင့်ဖြစ်အောင်တဲ့။ မိတ်ဖွဲ့တဲ့သဘောပေါ့။ တချို့ကချိုချဉ်တွေ သကြားလုံးတွေကို ပန်းကုံးလို သီပြီး စပယ်ပန်းကုံးနဲ့ရော စွပ်လိုက်ကြတယ်။ ရဲဘော်တွေ နေပူထဲမှာ ပင်ပန်းရင် အမောပြေစားရအောင်တဲ့လေ။ အဲဒီအချိန်တွေဆီက ကျွန်မတို့ တက္ကသိုလ်ကျောင်းသားတွေနဲ့ တပ်မတော်သားတွေမှာ ဘာအရောင်မှ မရှိကြဘူး။ တပ်မတော်သားတွေကို ကျွန်မတို့လေးစားတယ်။ အားကျတယ်။ အထင်ကြီးတယ်။ အားကိုးတယ်။ ချစ်တယ်။ မှတ်မှတ်ရရ ၁၉၈၇ မတ် ၂၇ရက်၊ ဘယ်နှကြိမ်မြောက်တော်လှန်ရေးနေ့လည်း မမှတ်မိပေမယ့် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ကျော်ကာလဆီကပေါ့။

တပ်မတော်သားတွေနဲ့ ကျွန်မတို့ နီးကပ်မှုက အခုမှ မဟုတ်ပါဘူး။ ကျွန်မတို့ အလယ်တန်းကျောင်းသူ ဘဝလောက်ကထင်ပါရဲ့။ ကျွန်မတို့မြို့က ကွမ်းခြံကုန်းမြို့လေ၊ လယ်လုပ်ငန်းကို အဓိကထားတဲ့မြို့ပေါ့။ မိုးဦးကျ လယ်သမားတွေ လယ်ယာလုပ်ငန်းခွင် ဝင်ကြရမယ့်အချိန်မှာ ‘မြစိမ်းရောင် စစ်ဆင်ရေး’ ဆိုပြီး စစ်သားတွေ ရောက်လာကြတယ်။ လယ်ယာလုပ်ငန်းတွေကို ဝိုင်းကူလုပ်အားပေးဖို့။ သူတို့လာမယ်ဆိုတာနဲ့ မြို့လူထုက အိုးစည်ဒိုးပတ် အကအခုန်တွေနဲ့ ဆီးကြိုကြရဲ့။ တပ်မတော်သားကို လေးစားတဲ့စိတ်၊ ချစ်တဲ့စိတ်တွေနဲ့ ကြိုဆိုခဲ့ကြတာပါ။ သူတို့လည်း တစ်လကိုးသီတင်း လယ်သမားကြီးတွေရဲ့အတူ လယ်ထွန်၊ မျိုးကြဲ၊ ကောက်စိုက် အလုပ်တွေကို ကူလုပ်ပေးကြတယ်။ စိမ်းလဲ့နေတဲ့ လယ်ကွင်းထဲမှာ စစ်စိမ်းရောင်ယူနီဖောင်းတွေဟာ တစ်သားတည်းရှိခဲ့ပါတယ်။

လယ်ယာအလုပ်ခွင် သိမ်းတော့ တပ်မတော်သားတွေ ပြန်ကြတယ်။ လယ်သမားကြီးတွေလည်း သံယောဇဉ်မျက်ရည်စတွေနဲ့ နှုတ်ဆက်ကြရတာပေါ့။ စိတ်မခိုင်တဲ့လယ်တောသူတွေကတော့ ကိုကိုစစ်သားချစ်သူကို မခွဲနိုင်လို့ လူပျို၊ အပျိုသဘာဝ ခိုးရာလိုက်ပြေးကြတယ်။

စပါးပေါ်ချိန်ရောက်တော့လည်း ‘ရွှေဝါရောင်စစ်ဆင်ရေး’ ဆိုပြီးတပ်မတော်သားတွေရောက်လာကြပြန်တယ်။ မြို့လူထုကလည်း ထုံးစံအတိုင်း လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြတာပါပဲ။ တပ်မတော်သားတွေ လယ်သမားကြီးတွေနဲ့အတူ နေပူထဲမှာ စပါးရိတ်၊ ကောက်လှိုင်းသယ်၊ စပါးလှေ့၊ နှံသွားလှည်းမောင်း လုပ်နေကြတာ မြင်ရတော့ ရွှေဝါရောင် လယ်ကွင်းထဲက စစ်စိမ်းရောင်တွေဟာ ကျက်သရေရှိခဲ့ပြန်ပါတယ်။ ရွှေဝါရောင်စစ်ဆင်ရေးကြီးပြီးလို့စစ်ကြောင်းတွေပြန်တော့မယ်ဆိုရင် အငြိမ့်တွေ၊ ပျော်ပွဲရွှင်ပွဲတွေ၊ ပဒေသာကပွဲတွေနဲ့ ကျွန်မတို့မြို့လူထုက စစ်ဆင်ရေးတပ်မတော်သားတွေကို နှုတ်ဆက်ကြတယ်။ တပ်နဲ့ ပြည်သူ ကြည်ဖြူခဲ့ကြတဲ့ ကာလတွေပါ။

ကျွန်မတို့မြို့ကို မတူညီတဲ့ တပ်ရင်းတွေက တပ်မတော်သားတွေ စစ်ဆင်ရေးပုံစံနဲ့ ရောက်လာကြပေမယ့် မြို့နေလူထုကို စိတ်ရော ကိုယ်ပါ အနှောင့်အယှက်မဖြစ်စေခဲ့ပါဘူး။ တပ်မတော်သားတွေဟာ ကိုယ်၊ နှုတ် အမူအရာ ယဉ်ကျေးခဲ့ကြတာကို သတိထားမိခဲ့ပါတယ်။ ကျွန်မတို့ကျောင်းသွား၊ ကျောင်းပြန်လမ်းမှာ တပ်မတော်သားတွေ တွေ့ရင် အထင်ကြီးလေးစားအားကျတဲ့ စိတ်တွေနဲ့ကြည့်မိပြုံးပြနှုတ်ဆက်မိကြပါတယ်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းတည်ထောင်ခဲ့တဲ့ မြန်မာ့တပ်မတော်ဟာ ပြည်သူရဲ့ ချစ်ခင်လေးစားအားကိုးခြင်းကို ခံယူခဲ့တယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ တပ်မတော်သားဆိုတာလည်း လူမျိုးစုတစ်စု၊ သီးသန့်လူတန်းစားတစ်ရပ်မှ မဟုတ်ဘဲ တိုင်းရင်းသားပေါင်းစုံစုပေါင်းပါဝင်နေတဲ့ တပ်မတော်ကြီးပါ။ ဒါကြောင့် ကျွန်မ တက္ကသိုလ်ကျောင်းသူဖြစ်တော့လည်း စစ်ရေးပြ အခမ်းအနားကို ရောက်အောင်လာပြီး ပန်းကုံးစွပ်ဖို့ အရေးပျော်ခဲ့ကြတယ်။ လက်ထဲက ပန်းကုံးတွေ ကုန်သွားတော့လည်း ရေတမာပင်တန်းအောက်ကနေ မြကမ္ဘလာကြီး ရွေ့သွားသလို စစ်သီချင်းတွေဆိုပြီး တရွေ့ရွေ့ဝေးသွားတဲ့ စစ်ကြောင်းကြီးတွေကို အားကျမြတ်နိုးစိတ်နဲ့ ငေးကြည့်နေခဲ့ကြရတယ်။

ကျွန်မတို့ ခေတ်က အပျိုတွေ အိမ်ထောင်ဖက်ရွေးကြရင် စစ်ဗိုလ်ဟာ ထပ်ဆုံးကပါ။ မင်္ဂလာဆောင်ဖိတ်စာမှာ သတို့သားဟာ စစ်ဗိုလ်ဖြစ်နေရင် အဲဒီမင်္ဂလာပွဲကိုကျွန်မတို့သိပ်စိတ်ဝင်စားတယ်။ သတို့သမီးကို အားကျတယ်။ စစ်ဗိုလ်နဲ့ ဘယ်လိုဆုံခဲ့သလဲဆိုပြီး စပ်စုမိတယ်။ ဒါကြောင့်လည်း စစ်ရေးပြအခမ်းအနားမှာ ပန်းကုံးစွပ်ရင် ကိုယ့်လိပ်စာထည့်ပေးကြတာလေ။ အခုလို အီးမေးလ်၊ အင်တာနက်မှ မပေါ်သေးဘဲကိုး။ တပ်မတော်သားနဲ့ သိပ်ဖူးစာဆုံချင်ခဲ့ကြပါတယ်။

၁၉၈၈ လွန်နောက်ပိုင်း ကာလတွေမှာတော့ ဝမ်းနည်းစရာအဖြစ်တွေနဲ့ ကြုံခဲ့ကြရပါတယ်။ ကျွန်မကိုယ်တိုင် ရန်ကုန်မြို့မှာ ရှိနေပေမယ့် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွေကို သွားချင်စိတ်မရှိတော့ပါဘူး။ သံသယတွေ ကိုယ်စီဝင်နေကြပြီ ထင်ပါရဲ့။ စစ်ရေးပြအခမ်းအနားမှာ ပန်းကုံးစွပ်ချင်ရင် ကြိုတင်စာရင်းပေးရတယ်။ စာရင်းပေးမထားရင်ပန်းကုံးစွပ်ခွင့်မရှိ၊ စစ်ကြောင်းတွေ လှေ့ကျင့်ရင်လမ်းတွေ ပိတ်ထားတယ်။ တော်လှန်ရေးနေ့မှာ လုံခြုံရေးအရ ရွှေတိဂုံစေတီတော်ကို ဖူးခွင့်ခေတ္တပိတ်တယ်။ စုံနေတာပါပဲ။ ကျွန်မတို့ကတော့ မဲ့ပြုံးပြုံးမိပါတယ်။ တပ်နဲ့ ပြည်သူကို စည်းခြားထားသလိုပါလားလို့ထင်မိတယ်။ တီဗီသတင်းလာလို့ စစ်ရေးပြအခမ်းအနားကိုမြင်မိတဲ့အခါ တူညီဝတ်စုံတွေနဲ့ ပန်းကုံးစွပ်နေကြတာ တွေ့ပါတယ်။ ကျွန်မတို့သွားခဲ့တဲ့အချိန်တွေက အသွေးအရောင်အစုံ တံခါးမရှိ၊ ဓားမရှိ၊ ပြဿနာလည်း မရှိခဲ့ပါ။ တပ်မတော်သားတွေကိုကိုယ့်သွေးသားလို သဘောထားခဲ့ကြတယ်လေ။ အခုတော့ နှစ်ပေါင်း ၂၀ ကျော် သံသယတွေကိုယ်စီ ရင်မှာပိုက်ခဲ့ကြရတယ်။

နှစ်ဦးနှစ်ဖက် နစ်နာသလို တိုင်းပြည်လည်း အနုတ်လက္ခဏာပြခဲ့ပါတယ်။ တကယ်တော့ တပ်မတော်သားတွေ မရိုင်းခဲ့သလို ပြည်သူတွေကလည်း လူဆိုးတွေ မဟုတ်ပါဘူး။ တကယ်ဆိုးတာက ကျွန်မတို့ တိုင်းပြည်ကို အုပ်ချုပ်တဲ့စနစ်က ဆိုးတာပါ။ အာဏာရှင်စနစ်ဆိုးအောက်မှာ ကံတူအကျိုးပေးသန်း ၆၀ သော ပြည်သူတွေပါ။ နှစ်ငါးဆယ်လောက်ဖြတ်သန်းခဲ့ရပါတယ်။

၁-၃-၂၀၁၂ နေ့ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ပြောခဲ့တဲ့ မိန့်ခွန်းထဲမှာ ၁၈ နှစ်၊ ၁၉ နှစ်အရွယ်လက်နက်ကိုင် တိုင်းရင်းသားလူငယ်လေးတွေက ပြောကြတယ်။ ကျွန်တော်တို့လည်း လက်ပ်တော့တွေ၊ ကွန်ပျူတာတွေ ကိုင်ချင်တယ်ဆိုတဲ့ စကားကို သမ္မတကြီးက တကယ့်ကိုပဲစိတ်မကောင်းဖြစ်မိတယ်လို့ ပြောသွားပါတယ်။ နိုင်ငံတော်သမ္မတကြီးကို ကျွန်မရင်ထဲမှာ ကြည်ညိုလေးစားသွားခဲ့ပါတယ်။

သမ္မတကြီးဟာ တစ်ချိန်က တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်တစ်ဦးပါ။ ဗိုလ်ချုပ်တစ်ဦးရဲ့ ပါးစပ်ဖျားက ဒီလို စာနာစိတ်ရှိတဲ့ စကားမျိုးကြားရတာ အင်မတန်မှ ကျက်သရေမင်္ဂလာရှိလှပါတယ်။ ပြည်သူက ချစ်တဲ့ တပ်မတော်၊ ပြည်သူတန်ဖိုးထားတဲ့ တပ်မတော်ဖြစ်ဖို့ဆိုရင် ပြည်သူ့ဆန္ဒကို အမြဲဂရုစိုက်ပြီး အလေးနက်ထားရပါမယ်။ ကျွန်မတို့ပြည်သူတွေ ရင်ထဲအထိ ရောက်ခဲ့တဲ့ စေတနာစကားဟာ သမ္မတကြီးရင်ထဲက ပါလို့ ပြောတယ်ဆိုတာ ကျွန်မတို့ အကြွင်းမဲ့ယုံပါတယ်။

တိုင်းရင်းသား လူငယ်တွေ လက်ပ်တော့တွေ၊ ကွန်ပျူတာတွေ ကိုင်ချင်သလို ကျွန်မတို့ တပ်မတော်ထဲမှာလည်း (၁၈)၊ (၁၉)နှစ်အရွယ် ရဲဘော်လေးတွေ ရှိနေကြမှာပါ။ သူတို့ရင်ထဲမှာရော ဘာတွေ ဖြစ်ချင်နေကြမလဲ။ “စစ်”ဆိုတာကြီးကို ရပ်စဲပြီး ငြိမ်းချမ်းချင်ကြမယ်။ တိုင်းပြည်တိုးတက်လာရင် သူတို့ဘဝတွေလည်း အဆင့်မြင့်လာကြမယ်။ ဒါဆိုရင် တိုင်းပြည်ရဲ့ဘဏ္ဍာငွေတွေ၊ တိုင်းပြည်ရဲ့ အညွန့်အဖူး၊ အရွယ်ကောင်းလေးတွေကို ခြေချနေတဲ့စစ်ကို လုံးဝရပ်သွားအောင် ကျွန်မတို့ လုပ်နိုင်ရမယ်။

ကျွန်မတို့ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စစ်မှန်တဲ့ ဒီမိုကရေစီလမ်းကြောင်းက နေသွားပါမယ်။ နောက်ပြန်မလှည့်စတမ်းသွားဖို့အတွက် တပ်မတော်ဟာ မရှိမဖြစ် လိုအပ်နေတဲ့ အားပါပဲ။ တပ်နဲ့ ပြည်သူကြည်ဖြူစွာ ခရီးဆက်ကြရမှာဖြစ်တဲ့အတွက် ပြိုင်တူတွန်းရင်ရွေ့နိုင်ပါတယ်။ ကျွန်မကတော့ စိမ်းရောင်စိုမြကမ္ဘလာကြီးကို မွှေးရနံ့ထုံအီ ဒီမိုကရေစီစံပယ်ပန်းတွေနဲ့မြတ်နိုးစွာ ကြိုဆိုဂုဏ်ပြုချင်ပါသေးတယ်။ ။

7DAY NEWS JOURNAL

# Current Affairs

Vol.11, No.6 • APRIL 12 , 2012

## ကြားဖြတ်ရွေးကောက်ပွဲ ၂၀၁၀ ရွေးကောက်ပွဲထက် ပို၍တရားမျှတလွတ်လပ်

**အိဖြူလွင်**

**ရန်ကုန်၊ ဧပြီ - ၇**

ပြည်တွင်းရှိ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးကွန်ရက်ဖြစ်သည့် ၈၈ မျိုးဆက်ကျောင်းသားများဦးဆောင်သောကွန်ရက်သည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှု အစီရင်ခံစာမူကြမ်း အမှတ် (၁) ကို ယနေ့ထုတ်ပြန်လိုက်ပြီး "ယခုကြားဖြတ်ရွေးကောက်ပွဲသည် ၂၀၁၀ထက်အများကြီးလွတ်လပ်မျှတမှုရှိပါတယ်" ဟု ဦးကိုကိုကြီးက ပြောကြားခဲ့သည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးနေစဉ်**

အစီရင်ခံစာကိုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်ခိုင်ဖြိုးပါတီအပါအဝင် နိုင်ငံရေးပါတီများအားလုံးသို့ ဖြန့်ဝေမည်ဖြစ်ပြီး အခြားနိုင်ငံများနှင့် ယှဉ်ပါက ရာနှုန်းပြည့်စောင့်ကြည့်နိုင်မှုရှိခဲ့သည်ဟုမပြောနိုင်ကြောင်း ကွန်ရက်ဝင်တစ်ဦးက ပြောကြားသည်။

ယခုအစီရင်ခံစာမူကြမ်းတွင် ဖော်ပြထားသည်မှာ မဲစာရင်းကွာဟမှုများပြားခြင်းနှင့်ပတ်သက်၍ လာမည့်ရွေးကောက်ပွဲများ၌ မဲစာရင်းတိကျစွာ ထုတ်ပြန်နိုင်ရန် တာဝန်ယူမည့်၊ တာဝန်ခံမည့် ပုဂ္ဂိုလ်အဖွဲ့အစည်းကိုတိတိကျကျ သတ်မှတ်ရန်လိုအပ်မည်။

မဲဆွယ်ပွဲကာလနှင့် ရွေးကောက်ပွဲကာလတွင် ဖြစ်ပေါ်ခဲ့သော မသမာမှုတိုင်တန်းချက်များကို အာဏာပိုင်များက စုံစမ်းစစ်ဆေးသင့်ပြီးနောင်လာမည့် ရွေးကောက်ပွဲများတွင်မူမမှန်မှုများအားကာကွယ်နိုင်ရန် သင့်လျော်သောအရေးယူမှုများဆောင်ရွက်သင့်သည်။ ခြိမ်းခြောက်ပြောဆိုမှုများ၊ အကြမ်းဖက်မှုများနှင့် စစ်ကိုင်းတိုင်း ပုလဲမဲဆန္ဒနယ်မှ ရွေးကောက်ပွဲနေ့တွင် ပေါ်ပေါက်ခဲ့သည့် နိုင်ငံရေးပါတီဝင်တစ်ဦးသေဆုံးမှုမျိုးကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် သေချာစွာ စုံစမ်းစစ်ဆေးသင့်သည်။ ထိုသို့စုံစမ်းစစ်ဆေးမှုများပြုလုပ်ရာတွင် နိုင်ငံတကာ၏စံနှုန်းသတ်မှတ်ချက်များနှင့်ညီစွာ အမြင့်မားဆုံးသော စံနှုန်းသတ်မှတ်ချက်များကို ရွေးကောက်ပွဲကော်မရှင်က ကျင့်သုံးသင့်သည် စသည့်အချက်များပါဝင်သည်။

မကြာမီထုတ်ပြန်မည့် အစီရင်ခံစာတွင်မူ "ဘယ်အချက်ဘယ်အချက်တွေကတော့ တည်ဆဲဥပဒေနည်းဥပဒေ ဘယ်အပိုဒ်ကို ချိုးဖောက်နေတယ်ဆိုတာကိုဖော်ပြမယ်။ တည်ဆဲဥပဒေက လုံလောက်မှုမရှိဘူးလို့ ကျွန်တော်တို့ယူဆတဲ့အခါမှာ ဘယ်ဟာကိုတော့ ပြင်ဆင်သင့်တယ်။ ဘယ်ဟာကိုတော့ ဖြည့်စွက်သင့်တယ်ဆိုတာကို တင်ပြပါမယ်။ တည်ဆဲဥပဒေများကို ဖောက်ဖျက်ခြင်းရှိ၊ မရှိပြည့်စုံ လုံလောက်ခြင်းရှိ၊ မရှိကို ဆိုတာကို နှစ်ပိုင်းခွဲခြားပြီး တင်ပြပါ့မယ်" ဟုဦးကိုကိုကြီးက ပြောကြားခဲ့သည်။

"ကျွန်တော်တို့နိုင်ငံက အပြောင်းအလဲတစ်ခုကိုဦးတည်နေပြီဆိုတာ အားလုံးသတိပြုမိမှာပါ။ အဲဒီအပြောင်းအလဲကို နောက်ကြောင်းပြန်မလှည့်ဖို့နဲ့ ကျွန်တော်တို့လိုချင်သလောက် မြန်မြန်ဆန်ဆန်ရွေ့ဖို့ အားလုံးဝိုင်းတွန်းကြရမှာပါ" ဟုလည်းဦးကိုကိုကြီးက ထပ်လောင်းပြောကြားခဲ့သည်။

## လွှတ်တော်ကိုယ်စားလှယ်အချို့ ဒီမိုကရေစီကျင့်စဉ် ကိုယ်တိုင်လိုက်နာမှု အားနည်း

**ဥက္ကာကိုကို၊ သန်းဌေး**

**ရန်ကုန်၊ ဧပြီ- ၅**

ပြည်သူများအား လွတ်လပ်စွာမဲပေးကြရန် တိုက်တွန်းခဲ့ကြသော ပြည်သူ့ရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်အများစုသည် ဒီမိုကရေစီစနစ်ကို ကိုယ်တိုင်ကျင့်သုံးနိုင်မှုအားနည်းနေသေးကြောင်း ရှမ်းပြည်နယ်၊ သီပေါမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက 7Day News သို့ ပြောသည်။

"ပြည်သူတွေကိုတော့ လွတ်လွတ်လပ်လပ် မဲထည့်ပါပြောနေပြီးကိုယ်တိုင်ကျတော့ လွှတ်တော်ထဲမှာ မဲခွဲရင် အရေးအတွက်များတဲ့ဘက်ကို လိုက်ထည့်ကြတယ်" ဟု ဦးရဲထွန်း(ခ) ဦးမင်းထွန်းက ပြောသည်။

လွှတ်တော်များအတွင်းသို့ ရောက်ရှိပါက လွှတ်တော်ပြင်ပတွင် လုပ်ဆောင်ခဲ့သကဲ့သို့မဟုတ်ဘဲ မိမိတို့ဘာသာ လွတ်လွတ်လပ်လပ်မဲပေးမှသာ ပြည်သူအတွက် အမှန်တကယ် အကျိုးရှိသော ဥပဒေများကို အတည်ပြုပေးနိုင်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

လွှတ်တော်တွင် ထိုကဲ့သို့ ဒီမိုကရေစီကျင့်စဉ်အတိုင်းဆောင်ရွက်နိုင်ရန်မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ၌ ကိုယ်ပိုင်ဉာဏ်နှင့် ဆုံးဖြတ်နိုင်သော အရည်အချင်းများရှိရန် လိုအပ်ကြောင်းသိရသည်။ ထို့အပြင် အချင်းချင်း လွှမ်းမိုးမှုဖြင့် တစ်ဦးလုပ်ဆောင်မှုအတိုင်း ကျန်လူများအား လိုက်လုပ်စေခြင်းမှာ ဥပဒေ အရ ညီညွတ်ခြင်းမရှိဘဲ တရားစွဲဆိုခြင်းပင် လုပ်နိုင်ခွင့်ရှိကြောင်း သိရသည်။

ထို့ကြောင့် ပြည်သူများအား ဒီမိုကရေစီကျင့်စဉ်အတိုင်း လွတ်လပ်စွာမဲထည့်စေသကဲ့သို့ လွှတ်တော်အတွင်း မဲခွဲဆုံးဖြတ်ကြရာတွင်လည်း လွတ်လပ်မှုရှိရန် လိုအပ်ကြောင်း ဦးရဲထွန်းကသုံးသပ်ပြောကြားသည်။

ယခုကျင်းပနေသော လွှတ်တော်များအတွင်း မဲခွဲဆုံးဖြတ်မှုများကြုံတိုင်း ပါတီကြီးတစ်ခုမှ လူပုဂ္ဂိုလ်တစ်ဦးက မိမိလူများအား ဘာဆုံးဖြတ်ရမည်ကို အချက်ပေးအကြောင်းကြားသည့် အပြုအမူမျိုးများရှိနေကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့ထံမှ သတင်းရရှိသည်။

"မလျော်တဲ့ ဩဇာပေးလို့ မရဘူး။ လူတစ်ဦးတစ်ယောက်ရဲ့ လုပ်ပိုင်ခွင့်ကို မကျော်ရဘူး။ တစ်စုံတစ်ရာ ကိစ္စမျိုးရှိလာရင် လွှတ်တော်ဥက္ကဋ္ဌထံ အရေးယူပေးဖို့ ပြောလို့ရတယ်။ စက်ခလုတ်နဲ့ပေးရင်တော့ ကိုယ့်သဘောနဲ့ ကိုယ်ပေးကြတယ်။ မတ်တတ်ရပ်ခိုင်းတုန်းကတော့ ကိုယ့်ပါတီခေါင်းဆောင်ကိုကြည့်ပြီး သူလုပ်တဲ့အတိုင်း လိုက်လုပ်ကြတယ်"ဟု အမျိုးသားဒီမိုကရေစီ အင်အားစုပါတီမှ အလုံမြို့နယ်ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရည် (ခ) ဦးခိုင်မောင်ရည်က 7Day News သို့ပြောသည်။

## အစိုးရအဖွဲ့၏ ဥပဒေနှင့်မညီညွတ်သော ဆောင်ရွက်ချက် ၃ မျိုးတွေ့ရှိဟုဆို

**ထူးသန့်**

**နေပြည်တော် မတ်-၂၂**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များတွင် ဥပဒေနှင့်မညီသော ဆောင်ရွက်ချက် ၃ မျိုးကို တွေ့ရှိခဲ့ရကြောင်း ယနေ့ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေးတွင်ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးမြညိမ်းက ဖတ်ကြားတင်သွင်းသွားခဲ့သည်။

အဆိုပါ အကြောင်းအရာများမှာ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ လစာချီးမြှင့်ငွေကိုလျှော့ပေါ့ခံစားနေခြင်း၊ အငြိမ်းစားဝန်ထမ်း လစာများ၏ပင်စင်လစာများကိုတိုးမြှင့်ပေးခဲ့ခြင်းနှင့် အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး ၎င်းကော်မရှင်ကို ဗဟိုအဆင့်အဖြစ် သတ်မှတ်ကာ ကော်မရှင်အတွက် ငွေကြေးသုံးစွဲရန် ဘတ်ဂျက်ဥပဒေကြမ်းတွင် ထည့်သွင်းဖော်ပြထားခြင်းများဖြစ်ကြောင်းပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ သဝဏ်လွှာတွင် ဖော်ပြပါရှိသည်။

အထက်ပါဆောင်ရွက်ချက်များမှာ စိတ်ကောင်းစေတနာဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြားတည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိကြောင်း၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအနေဖြင့် လစာချီးမြှင့်ငွေခံစားရန် ဥပဒေအရ အတိအကျသတ်မှတ်ပေးထားသော်လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်စီလက်ထက်ကအတိုင်း ခံစားလျက်ရှိခြင်း၊ ပင်စင်လစာတိုးပေးရာ၌ လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူမှုမရှိခဲ့ခြင်းနှင့် အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အတွက်လည်း လွှတ်တော်သို့တင်ပြအတည်ပြုချက်ရယူခဲ့ခြင်းမရှိကြောင်း ဦးမြညိမ်းက ဖတ်ကြားတင်သွင်းခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် မုတ္တမပင်လယ်ကွေ့သောင်စပ် ပိုက်စည်းကျေးရွာ အရှေ့ဘက် ခြောက်မိုင်ခန့်အကွာတွင် သောင်တင်လာသည့် ဝေလငါးအား လူအင်အားဖြင့်ရေထဲသို့ ပြန်လည်ရောက်ရှိရန် ဆောင်ရွက်ခဲ့သော်လည်း အဆိုပါဝေလငါးမှာ ရေထဲမရောက်မီပင် သေဆုံးသွားခဲ့သည်။

ပြည်ထောင်စု အစိုးရအဖွဲ့အနေဖြင့် အထက်ပါဆောင်ရွက်မှုများအား လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူကာ ဆောင်ရွက်ရမည်ဖြစ်ကြောင်းလည်း ယင်း၏ တင်သွင်းချက်များအရ သိရှိရသည်။

## မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ဆက်လက်လုပ်ဆောင်မည် ဟုလီရှန်လွန်း မျှော်လင့်

**ဖနွမ်းပင်၊ ဧပြီ - ၄**

စင်ကာပူဝန်ကြီးချုပ်မစ္စတာလီရှန်လွန်းက မြန်မာနိုင်ငံ၏ နိုင်ငံရေးတွင် ပါဝင်ပတ်သက်နေသူအားလုံးသည် ပြည်သူ့အကျိုးအတွက် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဟု မျှော်လင့်ကြောင်း ပြောကြားလိုက်သည်။ ၎င်းက မကြာမီရက်ပိုင်းက ချောမွေ့စွာပြီးစီးခဲ့သောမြန်မာကြားဖြတ်ရွေးကောက်ပွဲများအပြီး ဒီမိုကရေစီသို့ ဦးတည်သော တိုးတက်မှုများအပေါ် ချီးကျူးခဲ့သည်။ ဖနွမ်းပင်မြို့တော်တွင် ကျင်းပခဲ့သော အာဆီယံခေါင်းဆောင်များ၏ စည်းဝေးပွဲတွင် မစ္စတာလီက မြန်မာနိုင်ငံအပေါ် တိုးတက်မှုများသည် တိုင်းပြည်အား အထီးကျန်အဖြစ်မှ လွတ်မြောက်စေကာ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဆက်ဆံရေးကို တိုးတက်စေမည်ဟုဆိုသည်။ စင်ကာပူအစိုးရသည် မကြာမီကပင်မြန်မာနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေးနားလည် မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။

စင်ကာပူဝန်ကြီးချုပ်က ၎င်းတို့သည် ၂၀၁၄ တွင် အာဆီယံဥက္ကဋ္ဌနေရာကိုမြန်မာထမ်းဆောင်ရာ၌အောင်မြင်မှုရရှိအောင်ကူညီသွားမည်ဟု ပြောခဲ့သည်။

*—Ref: CNA*

# အစိုးရနှင့် ကေအင်န်ယူ ခိုင်မာသည့်အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှုစတင်

အောင်သူရ
ရန်ကုန်၊ ဧပြီ - ၆

နှစ်ပေါင်း၆၀ကျော်အတွင်း ထာဝရငြိမ်းချမ်းရေးရရှိရန် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU)တို့၏ဆွေးနွေးမှုမှာ ဒုတိယအဆင့် စတင်နေပြီဖြစ်ကြောင်း နှစ်ဖက်ခေါင်းဆောင်များက ရန်ကုန်မြို့တွင်ပြုလုပ်သောဆွေးနွေးပွဲအပြီး၌ သတင်းထောက်များအား ပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲအား ဦးဆောင်လာသူ KNU အဖွဲ့မှ အထွေထွေအတွင်းရေးမှူး နော်စီဖိုးရာစိန်က "KNU အနေနဲ့ ငြိမ်းချမ်းရေး ဖြစ်စဉ်မှာ လေးဆင့် ရှိပါတယ်။ ကျွန်မတို့ အခု ဆွေးနွေးတဲ့အချက်အလက်တွေပေါ်မှာ ကျွန်မတို့ ပြောလို့ရတာက ပထမအဆင့်ကို တော့ ရောက်နေပြီ။ ဒုတိယအဆင့်ကို သွားနေပြီ"ဟုသတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များအား ပြောကြားခဲ့သည်။ KNU က သတ်မှတ်ထားသော အဆင့်လေးဆင့်မှာ ပဏာမ အပစ်အခတ်ရပ်စဲရေး၊ ခိုင်မာသောအပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးဆွေးနွေးခြင်းနှင့် နိုင်ငံရေးမှာပါဝင်ဆောင်ရွက်လာခြင်းတို့ဖြစ်သည်။

"ထာဝရ ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ နိုင်ငံတော်သမ္မတကြီးက ချမှတ်ပေးထားတာ သုံးချက် ရှိပါတယ်။ ပထမအချက်ဖြစ်တဲ့ အပစ်အခတ်ရပ်စဲရေးက လက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။ ဒုတိယအဆင့်ကတော့ Political Dialogue (နိုင်ငံရေးဆွေးနွေးမှု)နဲ့ Development Settlement ပါ။ ဒီနေ့ ကျွန်တော်တို့ ဆွေးနွေးကြတဲ့အချက်တွေ တော်တော်များများက ပိုပြီးစိတ်ချရပြီး ယုံကြည်မှုတည်ဆောက်နိုင်ရန်အတွက် ဒီနေ့ဆွေးနွေးခဲ့ကြတာပါ။ ဒါဟာ ဒုတိယအဆင့်စပြီလို့ ပြောလို့ရပါတယ်"ဟု ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ ခေါင်းဆောင်ဦးအောင်မင်းက ပြောကြားသည်။

ကရင်အမျိုးသားအစည်းအရုံး KNU နှင့် အစိုးရငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် ဇန်နဝါရီလ ၁၂ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့၌ ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုကဲ့သို့ အပစ်အခတ်ရပ်စဲရေးသဘောတူခဲ့သော်လည်း အချို့နေရာများတွင် ပစ်ခတ်မှုအချို့ ဖြစ်ပွားခဲ့ပြီး ၄၅ ရက်အတွင်း ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရန် သဘောတူညီခဲ့သော်လည်း ထိုကာလအတွင်း မတွေ့ဆုံနိုင်ခဲ့ပေ။

ထို့နောက် ပထမအကြိမ် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲအား ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ဧပြီလ ၆ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဆွေးနွေးခဲ့ကြပြီး အချက် ၁၃ ချက်အား လုပ်ဆောင်ရန် ဆုံးဖြတ်ချက် ချမှတ်နိုင်ခဲ့သည်။

ထိုဆုံးဖြတ်ချက်များထဲတွင် ပြည်တွင်း ဌာနေမဲ့ ပြည်သူလူထုများ (IDPs)အတွက် အဓိကဆွေးနွေးခဲ့ကြပြီး နေရပ်ပြန်လည်နေရာချထားရေးအတွက် လိုအပ်သည့်အစီအစဉ်များကို ချမှတ်လုပ်ဆောင်သွားမည်ဟု သဘောတူဆုံးဖြတ်ခဲ့ကြသည်။

မြန်မာနိုင်ငံအတွင်းမှာပင် ပြည်တွင်း ဌာနေမဲ့ ကရင်တိုင်းရင်းသားနှစ်သိန်းကျော်ရှိကြောင်း ကေအင်န်ယူ ပြောရေးဆိုခွင့်ရှိသူ နော်မေဦးကပြောသည်။

ယခုဆွေးနွေးပွဲတွင် အတင်းအဓမ္မ လုပ်အားပေးခိုင်းစေခြင်း၊ ပုံစံမျိုးစုံဖြင့် ငွေကြေးတောင်းခံခြင်း၊ ပေးကမ်းလှူဒါန်းခိုင်းခြင်း၊ အခြားသောနည်းလမ်းဖြင့် ငွေကြေးကူညီစေခြင်းများ မပြုရန်နှင့် မြေယာကိစ္စများအား ဖြေရှင်းပေးရန်တို့အပါအဝင် အချက်ခြောက်ချက်အား KNU ဘက်မှ အဓိက တင်ပြဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတက KNU ခေါင်းဆောင်တစ်ဦးဖြစ်သော ဖဒိုမန်းငြိမ်းမောင်အား မတ်လလယ်တွင် လွတ်ငြိမ်းချမ်းသာခွင့်ပြုပြီးနောက် ရန်ကုန်မြို့တွင် စတင်ဆွေးနွေးရန် သဘောတူခဲ့ကြသည်။

ဆွေးနွေးပွဲသို့ KNU ဘက်မှ အထွေထွေအတွင်းရေးမှူး နော်စီဖိုးရာစိန်နှင့် စစ်ဦးစီးချုပ် ဗိုလ်မှူးကြီး မူတူးစေးဖိုး အပါအဝင် ကိုယ်စားလှယ် ၁၄ ဦး၊ လေ့လာသူ နိုင်ငံခြားသားနှစ်ဦး၊ နိုင်ငံသားသုံးဦးနှင့် အစိုးရဘက်မှ ဦးအောင်မင်း၊ပြည်ထောင်စုဝန်ကြီးခုနစ်ဦးအပါအဝင် စုစုပေါင်း ၁၉ ဦး တက်ရောက်ခဲ့ကြသည်။

သမ္မတဦးသိန်းစိန် ဦးဆောင်သော အစိုးရသစ်တက်လာပြီးနောက် ကရင်အမျိုးသားအစည်းအရုံးနှင့် အစိုးရငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် ပြည်တွင်းပြည်ပတွင် တွေ့ဆုံခဲ့သည်မှာ ၁၁ ကြိမ်ရှိပြီဟု ငြိမ်းချမ်းရေး အကျိုးဆောင် ဦးလှမောင်ရွှေကပြောသည်။

## ဆွေးနွေးပွဲတွင် သဘောတူညီခဲ့သော ဆုံးဖြတ်ချက်အချို့

■ ပြည်တွင်း ဌာနေမဲ့ပြည်သူလူထုများ(IDPs)နေရပ်ဒေသသို့ပြန်လည်အခြေချ နေထိုင်နိုင်ရန်အတွက် လိုအပ်သည့်အစီအစဉ်များကို ချမှတ်လုပ်ဆောင်သွားမည်။ ထိုသို့လုပ်ဆောင်ရာတွင်လိုအပ်သည့်ဘဝလုံခြုံမှု၊ စားနပ်ရိက္ခာလုံခြုံမှု၊ အသက်မွေးဝမ်းကျောင်းလုံခြုံမှု အစီအစဉ်များကို ချမှတ်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်သည့်နေရာတွင် အားလုံးပါဝင်နိုင်သည်နှင့် ပွင့်လင်းမြင်သာမှုနှင့်တာဝန်ခံမှု ရရှိအောင်လုပ်ဆောင်သွားမည်ဟု သဘောတူလက်ခံသည်။

■ ရေတို လတ်တလောဖြေရှင်းရန်ကိစ္စများကို အကောင်အထည်ဖော်လုပ်ဆောင်သွားရမည်ဖြစ်ပြီး၊ ရေရှည်အတွက် မိုင်းရှင်းလင်းရေး ၊ ပြည်တွင်း ဌာနေမဲ့နှင့် ဒုက္ခသည်များကို စနစ်တကျ ပြန်လည်နေရာချထားရေး ၊ နိုင်ငံသားဖြစ်ရေး (Citizenship)၊ တရားဥပဒေ စိုးမိုးရေးနှင့်ရေရှည်တည်တံ့ခိုင်မြဲသည့်ဖွံ့ဖြိုးတိုးတက်ရေးဆက်လက်လုပ်ဆောင်သွားရန်လိုအပ်သည်ဟု သဘောတူဆုံးဖြတ်သည်။

■ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းနှင့်သက်ဆိုင်သော အကျဉ်းသားများကို လွှတ်ပေးရန်အတွက် စာရင်းပြုစုပြီး နိုင်ငံတော်သမ္မတထံသို့ တင်ပြကာ နိုင်ငံတော်သမ္မတက ထည့်သွင်းစဉ်းစားသွားရန် သဘောတူလက်ခံသည်။

■ သက်ဆိုင်ရာ မြေယာဥပဒေရေးဆွဲခြင်း မပြီးသေးသည့် ကာလတွင် မြေယာပြဿနာများကို ဆိုင်ရာပြည်နယ်ဝန်ကြီးချုပ်ထံသို့ တင်ပြပြီး ဖြေရှင်းရန် သဘောတူလက်ခံသည်။

■ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် စောင့်ကြည့်စစ်ဆေး ခြင်း၊ စိစစ်အတည်ပြုခြင်းနှင့် တည့်မတ်မှန်ကန်အောင် အစီအစဉ်လုပ်ဆောင်မှုများ စတင်ရန်သဘောတူလက်ခံသည်။ စောင့်ကြည့်စစ်ဆေးခြင်းကို အဆင့်သုံးဆင့်ထားရှိရန်၊ ၎င်းတို့မှာ (၁) နှစ်ဦးနှစ်ဖက်လက်ခံသော ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းပြီး စောင့်ကြည့်စစ်ဆေးခြင်း၊ (၂) အခြေအနေတိုးတက်ကောင်းမွန်လာသည့်အခါ နိုင်ငံတကာ စောင့်ကြပ်ကြည့်ရှုရေးနှင့် (၃) ငြိမ်းချမ်းရေးဖြစ်စဉ် ပျက်စီးရန်အလားအလာမရှိတော့သည့်အခါ ပွင့်လင်းသောစောင့်ကြပ်ကြည့်ရှုရေးကို အဆင့်ဆင့်လုပ်ဆောင်သွားမည်ဟုသဘောတူလက်ခံသည်။

■ နှစ်ဦးနှစ်ဖက်လက်ခံသည့် Local Monitoring အတွက် နှစ်ဦးနှစ်ဖက်သဘောတူသည့် နာမည်စာရင်းကို မေလနောက်ဆုံးအပတ်တွင်ပေးပြီးနောက် အစည်းအဝေးတစ်ခု၌ ဆွေးနွေးအတည်ပြုရန် သဘောတူလက်ခံသည်။

## မြန်မာအပေါ် ပိတ်ဆို့မှုအချို့ လျှော့ချရန် အမေရိကန်အသင့်ဖြစ်နေ

ဝါရှင်တန်၊ ဧပြီ- ၅

အမေရိကန်အစိုးရသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဖြစ်စဉ်များကို အသိအမှတ်ပြုသည့်အနေဖြင့် အမေရိကန်ကုမ္ပဏီများ မြန်မာတွင် ရင်းနှီးမြှုပ်နှံခြင်း(သို့မဟုတ်) ဘဏ္ဍာရေးဝန်ဆောင်မှုများ ပေးအပ်ခြင်းအပါအဝင်ယခင်ကမြန်မာအပေါ် ချမှတ်ထားသော ပိတ်ဆို့အရေးယူမှုအချို့ကိုဖြေလျှော့ပေးရန် အသင့်ဖြစ်နေကြောင်း ပြောကြားသည်။

သို့သော် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က အိုဘားမား အစိုးရသည် ပြောင်းလဲမှုများကို သတိကြီးကြီး လုပ်ဆောင်နေချင်ကြောင်း၊သယံဇာတကြွယ်ဝသော ယင်းအရှေ့တောင် အာရှနိုင်ငံသည် ဆယ်စုနှစ်များစွာ၏ တပ်အုပ်ချုပ်မှုကို ဖယ်ထုတ်ရန် ခရီးရှည်လျှောက်လှမ်းရမည်ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

မစ္စစ်ကလင်တန်က "ကျွန်မတို့ဟာ (မြန်မာမှာ) ဖြစ်ပေါ်ခဲ့တဲ့ တိုးတက်မှုကို အပြည့်အဝ ဆုပ်ကိုင်မိသလို အသိအမှတ်လည်းပြုမိပါတယ်။ (မြန်မာနဲ့) ထိတွေ့ဆက်ဆံရေး ပေါ်လစီကို ကျွန်မတို့ ဆက်လက်ကျင့်သုံးသွားမှာပါ" ဟု ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုသည် ဆယ်စုနှစ်ခုကြာ လစ်လပ်နေခဲ့သော မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးတစ်ဦး ခန့်အပ်ရန်သင့်တော်မည့် ပုဂ္ဂိုလ်ရှာဖွေသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင်း၌ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် UNDP ၏ လုပ်ငန်းများကိုအားပေးရန်နှင့် 'နိုင်ငံတော် ဖွံ့ဖြိုးရေးအတွက် အမေရိကန်အေဂျင်စီ' USAID ရုံးခွဲဖွင့်လှစ်ရန် ပြင်ဆင်သွားမည်ဖြစ်သည်။

## ကေအင်န်ယူနှင့် ဆွေးနွေးမှုအပေါ် ဒေါ်အောင်ဆန်းစုကြည် ကျေနပ်အားရ

အောင်သူရ
ရန်ကုန်၊
ဧပြီ - ၈

ငြိမ်းချမ်းရေး နိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်က ကရင်အမျိုးသားအစည်းအရုံး(KNU) နှင့်ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးရာတွင် အမြင်ချင်းတူနေသဖြင့် အင်မတန်အားရကြောင်း သတင်းထောက်များအားပြောကြားသည်။

"ဆွေးနွေးတာ အင်မတန်အားရပါတယ်။ ကျွန်မတို့က အမြင်ချင်းလည်း တူနေတယ်ဆိုတာကိုတွေ့ရတယ်။ အမြင်ချင်းတူနေတာတွေကြောင့်မို့ နောင်ညီညွတ်ဖို့အတွက် အင်မတန်မှကောင်းတဲ့ အလားအလာလို့ကျွန်မပြောနိုင်ပါတယ်"ဟုကေအင်န်ယူနှင့်တွေ့ဆုံပြီး သူမနေအိမ်တွင်



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ အထက်ပါအတိုင်းပြောသည်။ ကရင်အမျိုးသားအစည်းအရုံးမှ အထွေထွေအတွင်းရေးမှူးနှင့် စစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် မူးတူးဆေးဖိုးခေါင်းဆောင်သောအဖွဲ့သည် ဧပြီလ ၈ ရက် နံနက် ၁၀ နာရီခွဲမှ ၁၂ နာရီခွဲအထိ ဒေါ်အောင်ဆန်းစုကြည်နေအိမ်တွင် တွေ့ဆုံခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲနှင့်ပတ်သက်၍ "စစ်မှန်တဲ့ငြိမ်းချမ်းရေး ပေါ်ပေါက်ဖို့အတွက် ကရင်တိုင်းရင်းသားတွေအနေနဲ့ လိုအပ်ချက်တွေက ဘာလဲ၊ လိုလားချက်တွေက ဘာလဲဆိုတာ ကျွန်မတို့ ဆွေးနွေးတာဖြစ်တယ်"ဟု ကေအင်န်ယူ အထွေထွေ အတွင်းရေးမှူး နော်စီဖိုးရာစိန်က ရှင်းပြခဲ့သည်။

ကြားဖြတ်ရွေးကောက်ပွဲ မဲဆွယ်ကာလတွင် NLD ပါတီ၏ အဓိကဆောင်ရွက်မည့်အချက်သုံးချက်တွင် ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ ပါဝင်ခဲ့သည်။

7 DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012



*ဖိုင်နယ်ရှယ်တိုင်းမ်သတင်းစာမှ ဆောင်းပါးရှင် Gwen Robinson ၏ "Myanmar: Opening Up" ဆောင်းပါးကို စာဖတ်ပရိသတ်များအတွက် ဘာသာပြန်ဖော်ပြပေးလိုက်ပါသည်။*

........................................................



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ပွင့်လင်းလာသော မြန်မာနိုင်ငံ

ကျော်မျိုး

ထိုတနင်္လာနေ့က မြန်မာနိုင်ငံ၏မြို့တော် ရန်ကုန်မှ သမိုင်းဝင်မြစ်ကမ်းဘေးနေရာတွင် တည်ရှိသော သိမ်ဖြူနိုင်ငံခြားငွေလဲလှယ်ရေးဌာန ဖွင့်လှစ်လိုက်ခြင်းသတင်းသည် ကြားဖြတ်ရွေးကောက်ပွဲများတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့က နေရာအားလုံးနီးပါး အနိုင်ရသော သတင်းနှင့်အတူ စိတ်လှုပ်ရှားစရာဖြစ်ခဲ့သည်။ ယခုအကြိမ်မှာ နိုင်ငံသုံးငွေ ကျပ်ငွေကို လွတ်လပ်ပွင့်လင်းသော ဈေးကွက်အတွင်း ပထမဆုံးအကြိမ် ရောင်းဝယ်နိုင်ခြင်းလည်း ဖြစ်သည်။

ငွေလဲဌာနတွင် တစ်ဒေါ်လာအတွက် ပေါက်ဈေး မြန်မာကျပ်ငွေ ၈၁၈ ကျပ်ဖြင့် စတင်ဖွင့်လှစ်ခဲ့ရာ ယင်းမှာ ယခင်က အစိုးရ၏ တရားဝင်ငွေလဲနှုန်းတစ်ဒေါ်လာ၆ဒသမ၄ကျပ်နှင့်အဆပေါင်းများစွာ လှမ်းနေပါသည်။ ယခုအပြောင်းအလဲမှာ ကာလရှည်စစ်အုပ်ချုပ်ရေးဖြင့် ရှိနေခဲ့သော အရှေ့တောင်အာရှနိုင်ငံ မြန်မာအတွက် ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှုများမှ အရေးပါဆုံးအပြောင်းအလဲတစ်ရပ်လည်း ဖြစ်သည်။ ဖွင့်လှစ်လိုက်သည့်ငွေလဲဌာနတွင် ရှိသော လူငယ်တစ်ဦးက "ဒါက စနစ်သစ်၊ ခေတ်သစ်ပါ။ နိုင်ငံရေးလည်းအသစ်ဖြစ်မယ်လို့ကျွန်တော် မျှော်လင့်ပါတယ်"ဟုပြောသည်။

သို့သော် ငွေလဲဌာန အပြင်ဘက်တွင်မူ တက္ကစီများက ယိုယွင်းနေသော အဆောက်အအုံများကြား ဖြတ်သန်းနေသည်။ လျှပ်စစ်မီးဖြတ်တောက်မှုများ နောက်တစ်ကြိမ် ပြန်စတင်လာခဲ့သည်။ ကျိုးပဲ့နေသော ပလက်ဖောင်းများပေါ်တွင် ဝါယာကြိုးများ သွယ်တန်းထားသော အများသုံး ဖုန်းလိုင်းများကို ပြည်တွင်းခေါ်ဆိုမှုအဖြစ် တစ်ခါခေါ်လျှင် ၁၀ ဆင့်ခန့်ပေးကာ ဆက်နိုင်ပါသည်။

တစ်ဦးချင်း တစ်နှစ် ဝင်ငွေ ဒေါ်လာ ၈၀၀ ခန့်သာရှိသော ဤနိုင်ငံတွင် မိုဘိုင်းဖုန်းများနှင့် ကွန်ပျူတာများမှာ ကြွယ်ဝသော လူတန်းစားများအတွက်သာ ကန့်သတ်တည်ရှိနေပါသည်။ မိုဘိုင်းဖုန်းတစ်လုံးအတွက် ဆင်းမ်ကတ်တစ်ခုတန်ဖိုးမှာ ဒေါ်လာ ၃,၀၀၀ ခန့်ထိပင်ရှိခဲ့ဖူးပြီး နေအိမ်အများစုတွင် ဖုန်းလိုင်းနှင့် အင်တာနက်ချိတ်ဆက်မှုများ မရှိကြပါ။

ပြည်တွင်းမှတစ်ဦးစနှစ်ဦးစဖြစ်စေ၊ နိုင်ငံခြားသားဧည့်သည်များဖြစ်စေ အသုံးပြုနိုင်ရန်အတွက် Cash Machines (ခေါ်) ငွေထုတ်စက်များမရှိ။ ခရက်ဒစ်ကတ်များကိုလည်း ထိပ်တန်းဟိုတယ်ကြီး အနည်းငယ်တွင်သာ လက်ခံအသုံးပြုခွင့်ပေးသည်။ အခြားသောအရာများစွာကဲ့သို့ပင် ဤသည်မှာလည်း ပြောင်းလဲရန်အကြောင်းဖြစ်ကာ ဗုဒ္ဓဟူးနေ့ကကြေညာခဲ့သောအမေရိကန်၏ ပိတ်ဆို့မှုများ ဖြေလျှော့မည့်အစီအစဉ်မှာလည်း နိုင်ငံ့စီးပွားရေးအတွက် ကူညီနိုင်မည့်အပြောင်းအလဲတစ်ခုလည်းဖြစ်သည်။

သို့သော် မြန်မာ၏ ပြုပြင်ပြောင်းလဲရေး အစိုးရသည် အပြောင်းအလဲများကို လျင်မြန်စွာလုပ်ဆောင်နေပါသည်။ လက်ရှိတည်ရှိနေသော တင်းကျပ်သည့် ဥပဒေကို အစားထိုးမည့် ပိုမိုလွတ်လပ်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသည်လည်း မကြာမီပေါ်ထွက်လာတော့မည်။ တိုင်းပြည် လူဦးရေသန်းခြောက်ဆယ်၏ လေးပုံသုံးပုံခန့်ရှိသော လယ်သမားများအခွင့်အရေး တိုးတက်စေမည့်မြေယာအသုံးပြုခွင့်ဥပဒေကိုလည်း ပြဋ္ဌာန်းပြီးဖြစ်သည်။ ထို့ပြင် ဘဏ္ဍာရေး၊ အခြားစီးပွားရေးပြုပြင်ပြောင်းလဲရေးနှင့် ဘဏ်လုပ်ငန်းစနစ်များမှာလည်း ပြောင်းလဲနေပေပြီ။ မကြာမီကဆိုလျှင် အချို့ဘဏ်များ၌ အလိုအလျောက် ငွေထုတ်စက်များ တပ်ဆင်ခွင့်ရခဲ့ပြီး ကုမ္ပဏီတစ်ခုကလည်း ကျပ် ၅,၀၀၀ တန် (ခုနစ်ဒေါ်လာ)ဆင်းမ်ကတ်များ ရောင်းချရန် မိတ်ဆက်အဆိုပြုခဲ့သည်။

ကျပ်ငွေအား နှုန်းရှင်ဖြင့် မျှောထားရန် စီမံမှုမှာ မြန်မာနှင့် နီးစပ်သော ကမ္ဘာ့စီးပွားရေးပညာရှင် ဂျိုးဆက်စတစ်ဂလစ်နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)တို့မှ ကျွမ်းကျင်သူများ အဆိုအရ စီးပွားရေးအရ မရှိမဖြစ် အရေးပါသောအချက်ဖြစ်သည်။ တစ်ချိန်ကမူ မြန်မာသည် ၁၉၆၀ နှစ်များ အစောပိုင်းက အာရှ၏ ထွန်းတောက်စကြယ်တစ်ပွင့်ဖြစ်ခဲ့ပြီး ပညာတတ်လုပ်သားအများစုဖြင့် ကမ္ဘာ့ထိပ်တန်းဆန်တင်ပို့သည့်နိုင်ငံလည်းဖြစ်ခဲ့သည်။ ကုလသမဂ္ဂအေဂျင်စီတစ်ခုကဆိုလျှင် မြန်မာသည် ထိုစဉ်က ၎င်း၏ အိမ်နီးချင်းများထက်ပို၍ အပြည့်အဝစက်မှုဖွံ့ဖြိုးပြီးနိုင်ငံဖြစ်နိုင်ခြေအရှိဆုံးဟု သတ်မှတ်ခံခဲ့ရသည်။ ထို့နောက် ၁၉၆၂ ခုနှစ်တွင် စစ်ဘက်အာဏာသိမ်းမှုနောက်ပိုင်း ယခုအစိုးရသစ်တက်လာချိန်အထိမူမြန်မာစီးပွားရေးသည် ကျဆင်းခဲ့ကာ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများထဲ တစ်ခုအပါအဝင်ဖြစ်လာသည်။ သမ္မတဦးသိန်းစိန်၏ စီးပွားရေးအကြံပေးတစ်ဦးဖြစ်သူဦးမြင့်က "လွတ်လပ်ရေးရကတည်းက ရာစုနှစ်ထက်ဝက်ကျော်လောက်မှာ သယံဇာတချို့တဲ့တာမဟုတ်ဘဲ မှားယွင်းတဲ့အကြံညဏ်တွေ၊ အားနည်းတဲ့ပေါ်လစီတွေကြောင့် အခုလို ဖြစ်ခဲ့ရတာကို ကျွန်တော်တို့ အသိအမှတ်ပြုရပါမယ်"ဟု မကြာသေးမီက နိုင်ငံရပ်ခြားထောက်ပံ့ကူညီရေး အရာရှိများနှင့်တွေ့ဆုံပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

အနောက်တိုင်း၏ စီးပွားရေးပိတ်ဆို့မှုများသည် မြန်မာအား နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် တရုတ်အပေါ်တွင် ၇၀ ရာခိုင်နှုန်းကျော် မှီခိုနေရအောင်ဖန်တီးပေးခဲ့သည်။ Economic Intelligence Unit အဖွဲ့၏အဆိုအရ မြန်မာ၌ ၂၀၁၀-၁၁ ဘဏ္ဍာရေးနှစ်တွင် အတည်ပြုပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ၏ တန်ဖိုးမှာ ဒေါ်လာ ၂၀ ဘီလီယံရှိခဲ့ကာ ၎င်းအရင် ၂၀၀၉-၁၀ ဘဏ္ဍာနှစ်ထက် အဆပေါင်း ၆၀ တိုးတက်လာခြင်းဖြစ်သည်။ စီမံကိန်းများ၏ ၉၉ ရာခိုင်နှုန်းမှာ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများဖြစ်နေသည်။

သို့သော် အစိုးရသည် ပြည်သူ့လိုအပ်ချက်များကို ပိုမိုတန်ဖိုးထားလာပြီး ပြီးခဲ့သည့်နှစ်က တရုတ်မှ ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံတန်ဖိုးရှိ မြစ်ဆုံစီမံကိန်းကို ရပ်ဆိုင်းပစ်ခဲ့ကာ ထိုင်းဘက်မှ ဒေါ်လာ ၅၆ ဘီလီယံတန် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းများမှ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားစက်ရုံတစ်ခုတည်ဆောက်ရေးကိုလည်း ပယ်ဖျက်ပစ်ခဲ့သည်။ ဤသည်မှာ ရန်ကုန်အခြေစိုက် စီးပွားရေးပညာရှင်တစ်ဦး ပြောသကဲ့သို့ အစိုးရသည် သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံများ၏ အနေအထားကို မထိခိုက်စေနိုင်သော စီမံကိန်းများကိုသာ ကြိုဆိုမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံသူများကို အချက်ပြခြင်းဖြစ်ပါသည်။

ယခုအခါ မြန်မာတွင် အထည်ချုပ်လုပ်သားတစ်ဦးအတွက် တစ်နေ့ လုပ်ခ ကျပ် ၇၀၀ မှာ ဒေသတွင်းမှ ကုန်ကျစရိတ်နည်းသည့် အခြားထုတ်လုပ်ရေးနေရာများကို ကောင်းစွာယှဉ်ပြိုင်နိုင်စွမ်းရှိပါသည်။ ပြီးခဲ့သည့် ဇန်နဝါရီတွင် IMF က မြန်မာ့စီးပွားရေးသည် တိုးတက်မှုနှုန်းမြင့်ရန် အလားအလာရှိကြောင်း၊ ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း၊ ၅ ဒသမ ၅ ရာခိုင်နှုန်းမှ ၂၀၁၃ ခုနှစ်တွင် ၆ ရာခိုင်နှုန်းအထိ တိုးတက်နိုင်ကြောင်း ခန့်မှန်းခဲ့သည်။

အနောက်တိုင်းနှင့် အခြားမှ ရင်းနှီးမြှုပ်နှံသူများအတွက်ကမူ မြန်မာအပေါ် ပိတ်ဆို့မှုများဖြေလျှော့ခြင်းသည် ၎င်းတို့အတွက် အခွင့်အလမ်းဖြစ်သည်ဟုမြင်နေသည်။ ဂျပန်မှ နိုမူရာနှင့် ဆွစ်ဇာလန်မှ UBS ရင်းနှီးမြှုပ်နှံမှုဘဏ်ကြီးများသည် မကြာသေးမီကပင် ၎င်းတို့၏ အစီရင်ခံစာများ၌ တိုးတက်မှုများ အချိန်ယူရမည်ဖြစ်သော်လည်း မြန်မာသည် အာရှကျားတစ်ကောင် ဖြစ်လာနိုင်ကြောင်းဖော်ပြခဲ့ကြသည်။ မကြာသေးမီက စင်ကာပူတွင် ပြုလုပ်သော ကွန်ဖရင့်တစ်ခု၌ အမေရိကန်ရင်းနှီးမြှုပ်နှံသူ ဘီလျံနာ ဂျင်မ်ရော်ဂျာစ်က "မြန်မာဟာ ၁၉၇၉ တုန်းက တရုတ်ရောက်ခဲ့တဲ့နေရာမျိုးကို ရောက်နေတာပါ။ အဲဒီတုန်းက တိန့်ရှောင်ဖိန်ကငါတို့ အသစ်တစ်ခုခုတော့ လုပ်ရမယ်ဆိုပြီး ပြောခဲ့တာပါ။ မြန်မာဟာ ပွင့်လင်းလာနေပါပြီ။ ကျွန်တော့်ငွေတွေအားလုံး မြန်မာနိုင်ငံထဲ မြှုပ်နှံရမယ်ဆို ကျွန်တော်လုပ်မှာပဲ။ ဒီနိုင်ငံဟာ တရုတ်နဲ့ အိန္ဒိယကြား လူဦးရေသန်း ၆၀ ရှိတယ်။ သဘာဝသယံဇာတကြွယ်ဝပြီးစိုက်ပျိုးရေးလုပ်ငန်းကြီးမားတယ်။ သူတို့မှာ သတ္တုတွေထွက်တယ်။ သူတို့မှာ စွမ်းအင်တွေရှိတယ်။ သူတို့မှာ အရာရာရှိပါတယ်"ဟု ဆိုသည်။

မကြာသေးမီက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို အခွန်ကင်းလွတ်ခွင့် ရှစ်နှစ်ပေးရန် အဆိုပြုရာမှ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များဘက်မှ ကန့်ကွက်မှုကြောင့် ငါးနှစ်အထိ လျှော့ချခဲ့သည်။ ပြည်တွင်းမှ ဆေးဝါးတင်သွင်းသည့် ကုမ္ပဏီတစ်ခုမှ အမှုဆောင်အရာရှိတစ်ဦးကမူ နိုင်ငံခြားလုပ်ငန်းရှင်များနှင့် ယှဉ်ပြိုင်ရမည့်အရေးနှင့်ပတ်သက်၍ "အဲဒါဟာ ကျွန်တော်တို့အတွက် ရန်းကန်ရမယ့်တိုက်ပွဲဖြစ်မှာပါ။ ကျွန်တော်တို့ စနစ်အမျိုးမျိုးအောက်မှာ နေခဲ့ပြီးပါပြီ။ အဆိုးဆုံးတွေတောင် ကြုံခဲ့ဖူးတယ်လေ။ ကျွန်တော်တို့ ရှင်သန်နိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကိုင်တွယ်ဖြေရှင်းနိုင်မှာပါ"ဟု ပြောနေသည်။

7DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012

## အဝေးသင်အွန်လိုင်း အင်္ဂလိပ်စာသင်ခန်းစာ ပညာသင်ဆုလျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊**
**မေ-၄**

အင်္ဂလိပ်စာ သင်ကြားပို့ချနေသော ဆရာများအရည်အသွေးမြင့်မားလာစေရန် ဆောင်ရွက်ထားသည့် အဝေးသင် အွန်လိုင်းသင်ခန်းစာအတွက် ဇွန်လတွင် ပညာသင်ဆုများလျှောက်ထားနိုင်မည်ဖြစ်ကြောင်း အမေရိကန်စင်တာမှ သိရသည်။

အင်္ဂလိပ်ဘာသာစကားသင်ကြားနည်းစနစ်များကို ၁၀ ပတ်ကြာ လေ့လာခွင့်ရရှိမည့် အစီအစဉ်အတွက် ကျောင်းလခနှင့် သင်ထောက်ကူကိရိယာများကို အမေရိကန်အစိုးရက ပံ့ပိုးပေးသွားမည်ဖြစ်ပြီး အမေရိကန်နိုင်ငံတွင် သုံးပတ်ကြာပြုလုပ်မည့် ပရော်ဖက်ရှင်နယ် ဖွံ့ဖြိုးမှုအလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်ရန် အခွင့်အလမ်းရရှိမည်ဖြစ်သည်။

“မနှစ်ကတော့(အလုပ်ရုံဆွေးနွေးပွဲ) တစ်ယောက်ပဲပါတယ်။ ဇွန်လလောက်မှာလျှောက်လွှာခေါ်မှာပါ။ အွန်လိုင်းကပဲလျှောက်ရမှာပါ။ ကွန်ပျူတာနဲ့ပတ်သက်တာတွေ နားလည်ရမယ်။ အင်တာနက်ကော်နက်ရှင်အခက်အခဲတော့ အများကြီးရှိတယ်။အဲ့ဒီတော့ ညမအိပ်ဘဲ အင်တာနက်သုံးနိုင်မှ လျှောက်ဖို့တိုက်တွန်းလိုပါတယ်”ဟု အဆိုပါပညာသင်ဆု အစီအစဉ်ဟောပြောပွဲတွင် တာဝန်ရှိသူတစ်ဦးက ပြောသည်။

အင်္ဂလိပ် ဘာသာစကားသင်ကြားမှုဆိုင်ရာ အွန်လိုင်းသင်ခန်းစာအတွက် ဘွဲ့ရရှိထားရမည်ဖြစ်ပြီး အသက်ကန့်သတ်ချက်မရှိကြောင်း၊ တိုဖယ်လ်အမှတ် ၅၅၀ နှင့် ညီမျှသော အရည်အချင်းရှိထားရမည်ဖြစ်ကာအင်္ဂလိပ်သာသာစကား သင်ကြားပို့ချနေသူများ၊ သင်ကြားပို့ချရန် ပြင်ဆင်နေသူများလျှောက်ထားနိုင်ကြောင်း သိရသည်။

အွန်လိုင်း သင်ခန်းစာအတွက် ဘာသာရပ်ရှစ်မျိုးကို www.exchanges.state.gov/englishteaching/ eteacher.html တွင် ဝင်ရောက် ကြည့်ရှုရွေးချယ်လေ့လာနိုင်ပြီး ပညာသင်ဆုလျှောက်လွှာအတွက် Rangoon USECA @state.gov သို့ ဆက်သွယ်မေးမြန်းရမည်ဖြစ်သည်။

**Shine Construction Co.,Ltd.**
(Member of Shine Group of Companies)
**ဝန်ထမ်းများအလိုရှိသည်။**
**(ပြည်တွင်း၌သာခန့်ထားရန်)**

**(1) General Manager** ကျား/မ(2)ဦး
- M.B.A (or) ABE(UK), BBA, DMA နှင့်ဘွဲ့ရဖြစ်ရမည်။
- Trading လုပ်ငန်းပိုင်းအား စီမံခန့်ခွဲနိုင်ရမည်။
- English (4-Skills) ကျွမ်းကျင်ရမည်။ Computer ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- E-mail & Internet ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- အသက်(၃၀)နှစ်မှ(၄၅)နှစ်အတွင်းဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိရမည်။
- လုပ်ငန်းပိုင်း၌ ကျွမ်းကျင်ပြီးဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား အသေးစိတ်အစီအစဉ်ရေးဆွဲနိုင်ရမည်ဖြစ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်။
- ကုမ္ပဏီနှင့်အနည်းဆုံး(၂)နှစ် လက်တွဲလုပ်ကိုင်နိုင်ရမည်။ လုပ်ငန်းအပေါ်အချိန်ပေးလုပ်ကိုင်နိုင်ရမည်။
- ပြည်ပနိုင်ငံများတွင် လုပ်ငန်းအတွေ့အကြုံရှိသူကိုဦးစားပေးမည်။

**(2) Marketing Manager** ကျား/မ(2)ဦး
- M.B.A (or) ABE(UK), BBA, DMA နှင့်ဘွဲ့ရဖြစ်ရမည်။
- Marketing လုပ်ငန်းပိုင်းနှင့်စီမံခန့်ခွဲမှုလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။
- လုပ်ငန်းပိုင်း၌ကျွမ်းကျင်ပြီး ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား အသေးစိတ်ရေးဆွဲနိုင်ရမည်။
- ရုပ်ရည်သန့်ပြန့်ပြီး ဆက်ဆံရေးကောင်းမွန်ရမည်။
- လူအများနှင့်ပြေပြစ်စွာပြောဆိုဆက်ဆံတက်ပြီး အလုပ်ပေါ်တာဝန်ခံတာဝန်ယူစိတ်ရှိရမည်။
- အသက်(၂၅)နှစ်မှ(၄၅)နှစ်အတွင်းဖြစ်ရမည်။ ရိုးသားကြိုးစားပြီး ကုမ္ပဏီနှင့်ရေရှည်လက်တွဲလုပ်ကိုင်နိုင်ရမည်။

**(3) Project Manager** ကျား/မ(5)ဦး
- တက္ကသိုလ် တစ်ခုခုမှဘွဲ့ရဖြစ်ရမည်။ အထက်မြင့်အဆောက်အဦးဆောက်လုပ်ခြင်း အတွေ့အကြုံရှိရမည်။
- ဆိုဒ်တစ်ခုလုံးကို သေချာစွာအုပ်ချုပ်နိုင်ရမည်။အဖွဲ့အစည်းစိတ်ဓါတ် ဖြင့်လုပ်ကိုင်နိုင်ရမည်။
- အသက်(၂၈)နှစ် နှင့်အထက်ဖြစ်ရမည်။ကျန်းမာရေးကောင်းမွန်ပြီး ရေရှည်လုပ်ကိုင်နိုင်ရမည်။

**(4) Office Assistant** ကျား/မ(20)ဦး
- တက္ကသိုလ် တစ်ခုခုမှဘွဲ့ရဖြစ်ရမည်။( ဘွဲ့ကြိုများလည်း လျှောက်ထားနိုင်သည်။)
- ရုပ်ရည်သန့်ပြန့်၍ လူအများနှင့်ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရမည်။
- Computer စာစီစာရိုက်ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။ Internet ,Email ကျွမ်းကျင်ရမည်။
- ကျန်းမာရေးကောင်းမွန်ပြီးရေရှည်လုပ်ကိုင်နိုင်ရမည်။

**(5) Sale & Marketing Assistant** ကျား/မ(10)ဦး
- တက္ကသိုလ် တစ်ခုခုမှဘွဲ့ရဖြစ်ရမည်။( ဘွဲ့ကြိုများလည်း လျှောက်ထားနိုင်သည်။).
- ရုပ်ရည်သန့်ပြန့်ရမည်။ လူအများနှင့်ပြောဆိုဆက်ဆံနိုင်ရမည်။
- နိုင်ငံတကာဈေးကွက် အမြင်ရှိရမည်။ အင်္ဂလိပ်စကား 4 skills ပြောဆိုနိုင်ရမည်။
- Marketing အတွေ့အကြုံ (၂)နှစ်ရှိရမည်။
- Computer ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။ Internet ,Email ကျွမ်းကျင်ရမည်။
- ဆောက်လုပ်ရေးလုပ်ငန်းကို စိတ်ပါဝင်စားသူဖြစ်ရမည်။ရိုးသားကြိုးစားပြီး ရေရှည်လုပ်ကိုင်နိုင်ရမည်။

အထက်ဖော်ပြပါ အမှတ်စဉ်အားလုံးအတွက် ကုမ္ပဏီနှင့်ရေရှည်လက်တွဲလုပ်ကိုင်နိုင်ရမည်။ ဆက်ဆံရေးကောင်းမွန်ရမည်၊ အဖွဲ့အစည်းဖြင့်လုပ်ကိုင်နိုင်ရမည်၊ ပေးအပ်သောလုပ်ငန်းတာဝန်ကို အချိန်နှင့်တပြေးညီပြီးမြောက်အောင်ဆောင်ရွက်နိုင်ရမည်၊ အရည်အချင်းပေါ်မူတည်၍ အသက်ကိုလျှော့ပေါ့စဉ်းစားမည်၊ လိုအပ်လျှင်အချိန်ပေးလုပ်ကိုင်နိုင်ရမည်၊ အဆောင်နေလိုသူများအားအဆောင်စီစဉ်ပေးမည်၊ လစာနှင့်ပတ်သက်၍ဝန်ထမ်းတစ်ယောက်၏ အခြေခံရပိုင်ခွင့်နှင့်အခြားခံစားခွင့်များရှိမည်။

လျှောက်ထားလိုသူများသည်(၆)လအတွင်းရိုက်ထားသောလိုင်စင်ဓါတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား၊ ရပ်ကွက်ထောက်ခံစာ၊ရဲစခန်းထောက်ခံစာ၊အလုပ်သမားမှတ်ပုံတင်၊သန်းခေါင်စာရင်း၊ပညာအရည်အချင်းမှုရင်း/မိတ္တူ၊ လိုအပ်သောစာရွက်စာတမ်းအပြည့်အစုံနှင့်အတူ(၁)ပါတ်အတွင်းလူကိုယ်တိုင်အောက်ဖော်ပြပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ-အမှတ်( ၂၉ )၊မြေညီထပ်၊ကျိုးဖြူကွန်ဒို၊ကျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**
**(အောင်ဆန်းကွင်းအထူးတန်းရှေ့)ဖုန်း-၃၈၅၃၄၀-၄ ၊Ex;၂၁၆၊၂၂၈**

**TRADEMARK CAUTION**
SAN NOPCO LTD, a Company incorporated in Japan at 11, Ikkyo Nomoto-cho, Higashiyama-ku, Kyoto-shi, Kyoto 6050995 is the Owner and Sole Proprietor of the following Trademarks:-

NOPCO

**Reg:No.4/2678/2012**

NOPCO

**Reg:No.4/2679/2012**
In respect of : Int'l Class 1: “Chemicals, Surfactants, Dispersants, Scale preventives, Defoaming agents, Emulsifying agents, Mold lubricant agents (limited to ones in chemicals), Mold release agents, Thicking agents (limited to ones in chemicals), Viscoelasticity conditioning agents (limited to ones in chemicals), Chemical agents for radiation curing, Adhesives (not for stationery or household purposes), Ultraviolet curing adhesives, Unprocessed plastics.”
In respect of : Int'l Class 2: “Pigments, Paints, Printing inks(other than “Mimeographing inks”) Radiation curing paints, Radiation curing printing inks (other than “Mimeographing inks”).”
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 10.April.2012

## စားအုန်းဆီဈေး မငြိမ်



**ပြည်သိမ်း၊ သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ-၅**

အခွန်နှုန်းထားသစ်အကြောင်း ရန်ကုန်မြို့၌ တရားဝင်ရှင်းလင်းပွဲအပြီး ပြည်တွင်းဈေးကွက်တွင် စားအုန်းဆီဈေးနှုန်းတည်ငြိမ်မှု မရှိကြောင်း စားအုန်းဆီတင်သွင်းရောင်းချသူများထံမှ သတင်းရရှိသည်။

စားအုန်းဆီအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမှုကို အခွန်ဥပဒေသစ်အရ ၀ ဒသမ ၅ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းထိ တိုးမြှင့်လိုက်သည်။ ယင်းအခွန်ဥပဒေသည် ဧပြီ ၁ ရက်တွင်စတင် အသက်ဝင်မည်ဖြစ်သည်။ သို့သော်ပြည်တွင်းဈေးကွက်တွင်စားအုန်းဆီဈေးသည် မတ်လ ၂၉ ရက်မတိုင်မီ လက်ကားဈေး တစ်ပိဿာလျှင် ၂,၀၃၀ ကျပ်ထိ ဈေးတက်ခဲ့သည်။ မတ်လ ၂၆ ရက်မတိုင်မီပြည်တွင်းဈေးကွက်တွင် စားအုန်းဆီဈေးသည် တစ်ပိဿာလျှင် လက်ကားဈေး ၁,၈၅၀ ကျပ်ဝန်းကျင်ရှိကြောင်း လုပ်ငန်းရှင်များက ပြောသည်။

“ပစ္စည်းက ရှိတယ်။ အခု ဈေးတက်တာက ဆွဲတင်တဲ့ သဘောပဲ။ အခွန်ကြောင့်ဆိုရင် ဧပြီစားအုန်းဆီသွင်းပြီးမှ ဈေးတက်သင့်တယ်” ဟု ပြည်တွင်းမှဆီလုပ်ငန်းရှင်တစ်ဦးကဆိုသည်။ လက်ရှိ ဈေးကွက်တွင် စားအုန်းဆီဈေးနှုန်းသည် တစ်ပိဿာလျှင်လက်ကားဈေးမှာ ၁,၉၇၀ ကျပ်ဖြစ်သည်။ မတ်လ ၃၀ ရက်က တစ်ပိဿာလျှင် လက်ကားဈေး ၁,၉၆၀ ကျပ်ဖြစ်သည်။

ထို့အပြင် ကုန်သည်ကြီးများသည် မတ်လကုန်ပိုင်းက စားအုန်းဆီပီပါထောင်ချီဝယ်ယူပြီး သိုလှောင်မှုများရှိခဲ့သည်။ ယင်းကြောင့် စားအုန်းဆီ သိုလှောင်ကန်များမှ ဆီထုတ်လျှင် ချက်ချင်းမရဘဲ အချိန်စောင့်ရမှုများရှိလာသည်။

“စားအုန်းဆီကို လွတ်လွတ်လပ်လပ် တင်သွင်းခွင့်ပေးတုန်းက ဈေးမကစားဖို့ မသိုလှောင်ဖို့ ဝန်ကြီးကမှာထားတယ်။ အခုကျတော့ ဈေးကစားပြီး သိုလှောင်မှုတွေဖြစ်လာပြီ” ဟု ပြည်တွင်းလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

စားအုန်းဆီတင်သွင်းရာတွင် ကုန်သွယ်လုပ်ငန်းခွန်အပြင် အကောက်ခွန်ဂျူတီမှာလည်း ဧပြီ ၁ ရက်မှစတင်၍ ၁ ဒေါ်လာလျှင် ၄၅၀ ကျပ်မှ နှုန်းရှင်ဖြင့် စတင်ကောက်ယူမည်ဖြစ်သည်။ လက်ရှိပြည်တွင်းငွေလဲကောင်တာများတွင် ကန်ဒေါ်လာပေါက်ဈေးမှာတစ်ဒေါ်လာလျှင် ၈၂၁ ကျပ် ဖြစ်သည်။

ပြည်တွင်းသို့ စားအုန်းဆီတင်သွင်းမှုမှာ လစဉ်တန်ချိန်သုံးသောင်းဝန်းကျင် ပင်လယ်ရေကြောင်းမှ တင်သွင်းမှုရှိသည်။ ပြည်ပမှ တင်သွင်းဈေးစားအုန်းဆီ တစ်တန်လျှင် CIF (ဆိပ်ကမ်းရောက်ဈေး) ကန်ဒေါ်လာ ၁,၂၀၀ မှ ၁,၂၅၀ ကြားတွင်ရှိပြီး နယ်စပ်မှလည်း စားအုန်းဆီတင်သွင်းမှုများရှိသည်။

စားအုန်းဆီကိုမလေးရှားနိုင်ငံမှ အများဆုံးတင်သွင်းခဲ့ရာ ၂၀၁၁ ခုနှစ်စာရင်းများအရ ကန်ဒေါ်လာ ၂၉၆ ဒသမ ၂၅ သန်းဖိုးရှိသည်။ ယင်းမှာ မလေးရှားနိုင်ငံမှ သွင်းကုန်စုစုပေါင်း၏ ၅၃ ရာခိုင်နှုန်းဖြစ်သည်။

ပြည်တွင်းသာမက ကမ္ဘာက ပါစိတ်ဝင်စားနေတဲ့ကြားဖြတ်ရွေးကောက်ပွဲအကြောင်း သုံးသပ်ချက်အစီရင်ခံစာတွေမကြာမီ ထွက်လာတော့မှာပါ။ ၂၀၁၀ ရွေးကောက်ပွဲလုပ်ကိုင်ပုံနဲ့ ယှဉ်လိုက်ရင်၊ ဒီကြားဖြတ်ရွေးကောက်ပွဲမှာ တိုးတက်မှုတွေ ရှိပေမယ့် ဖြစ်စဉ်တစ်ခုလုံးထောင့်ကနေ ပြောရင်တော့ နိုင်ငံတကာ စံနှုန်းကို မီဖို့လိုသေးတယ်ဆိုတဲ့ သုံးသပ်ချက်မျိုးကို ဒီအစီရင်ခံစာတွေမှာ တွေ့ရလိမ့်မယ်လို့လည်း ကျွန်တော် မျှော်လင့် ထားပါတယ်။ ဘာကြောင့် ကျွန်တော်ခုလို ကြိုပြောကြည့်ရတာလဲ။ နိုင်ငံတကာက ကြည့်တဲ့အမြင်နဲ့ အာဏာပိုင်အသိုက်အဝန်းက ကြည့်တဲ့အမြင်ကြားမှာ ကွာခြားချက်တွေရှိတာကြောင့် ခုလို ကျွန်တော်ကြိုပြောကြည့်တာပါ။

■ တင်မောင်သန်း



*ကော့မှူးမြို့နယ်တွင်းရှိ မဲရုံတစ်ရုံတွင် မဲရေတွက်နေသည်ကို ဧပြီ ၁ ရက်က တွေ့ရစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ထွက်လာတော့မယ့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အစီရင်ခံစာများ

စောင့်ကြည့်လေ့လာတယ်ဆိုတာ ရွေးကောက်ပွဲက လွတ်လပ်ပြီး တရားမျှတရဲ့လားဆိုတာကို ကြည့်တာကိုး။

**လွတ်လပ်ပြီး တရားမျှတတယ်ဆိုတာ ဘာလဲ။**

ဒါနဲ့ပတ်သက်ပြီး နိုင်ငံရေးသိပ္ပံပညာရှင်တွေနဲ့ လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲတွေဖြစ်မြောက်ရေး အားထုတ်နေကြသူတွေက အခြေခံအားဖြင့် မကြာခဏပြောလေ့ရှိကြတဲ့ အဓိကအချက်တွေ ရှိပါတယ်။ အဲဒီအဓိကကျတဲ့ အချက်တွေကတော့. . .

- ရွေးကောက်ပွဲ ကော်မရှင်က သီးခြားလွတ်လပ်ပြီး ဘယ်နိုင်ငံရေးပါတီနဲ့မှ မပတ်သက်တဲ့ ကော်မရှင်ဖြစ်ရပါမယ်။ အောက်ခြေအထိ ဖြစ်ပါတယ်။

- အစိုးရပိုင်ဆိုင်တဲ့ ဒါမှမဟုတ် အစိုးရက လုပ်ဆောင်နေတဲ့ ရုပ်မြင်သံကြား၊ ရေဒီယိုအပါအဝင် အရင်းအမြစ်တွေ အားလုံးကိုပါတီတွေအနေနဲ့တန်းတူညီမျှ ရယူအသုံးပြုခွင့်ရှိရပါမယ်။

-မဲဆွယ်စည်းရုံးရေးကလွတ်လပ်ရပါမယ်။

- မဲစာရင်းက အမှန်အတိုင်းဖြစ်ရမယ်။မဲစာရင်းနဲ့ပတ်သက်ပြီး လူတိုင်း ကြည့်ရှုပိုင်ခွင့်၊ မေးခွန်းထုတ်ခွင့်ရှိရပါမယ်။

- မဲကို မတော်မတရား မလုပ်နိုင်အောင် မလိမ်နိုင်အောင်၊ တားမြစ်အပြစ်ပေးမယ့်စည်းမျဉ်းစည်းကမ်းတွေ၊ တားမြစ်ချက်တွေ၊ ပြဋ္ဌာန်းချက်တွေ ရှိရပါမယ်။

အဓိကကျတဲ့ အချက်တွေကို ပြောတာပါ။ သီးခြားလွတ်လပ်တာ၊ နိုင်ငံရေး ပါတီတွေနဲ့ ကင်းတာအပေါ် နားလည်ပုံကလည်း အာဏာရအသိုက်အဝန်းနဲ့နိုင်ငံတကာ နားလည်ပုံကြားမှာ အကွာအဟရှိနိုင်ပါတယ်။

နိုင်ငံတကာ စောင့်ကြည့်လေ့လာရေးအဖွဲ့တွေကဒီအချက်တွေကိုပဲကြည့်ပြီး တခြားအချက်တွေမကြည့်ဘူးလို့တော့အဓိပ္ပာယ်မရပါဘူး။ တခြားကြည့်တဲ့အချက်တွေအများကြီးရှိပါသေးတယ်။

**ရွေးကောက်ပွဲဖြစ်စဉ်ကို စောင့်ကြည့်လေ့လာရေး**

ရွေးကောက်ပွဲတစ်ရပ်လွတ်လပ်ပြီး တရားမျှတအောင် စောင့်ကြည့်လေ့လာသူတွေ လိုအပ်ပါတယ်။ စောင့်ကြည့်လေ့လာရာမှာ နှစ်မျိုးရှိတယ်။ တစ်မျိုးက ရွေးကောက်ပွဲနေ့ နားကပ်မှ လာစောင့်ကြည့်လေ့လာ၊ ပြီးတာနဲ့ ပြန်သွားတာမျိုးပါ။နောက်တစ်မျိုးကတော့ ရွေးကောက်ပွဲဖြစ်စဉ်ကို စကတည်းက စောင့်ကြည့်လေ့လာတာမျိုး။ အင်္ဂလိပ်လိုတော့ ပထမတစ်မျိုးကို election observation လို့ သုံးနှုန်းကြပြီး ဒုတိယတစ်မျိုးကိုတော့ election monitoring လို့ သုံးနှုန်းကြတယ်။ ဒါကြောင့် ကျွန်တော်ကတော့ observation ကို ရက်တိုကြည့်နဲ့ monitoring ကို ရက်ရှည်ကြည့်ဆိုပြီး လွတ်လွယ်နားလည်အောင် သုံးပါ့မယ်။

ဒါပေမဲ့ ကုလသမဂ္ဂမှာ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်သူတွေက အခမ်းအနားကျင်းပ လက်မှတ်ထိုးခဲ့ကြတဲ့ ကြေညာစာတမ်းမှာတော့ International Election Observation လို့ပဲ သုံးတယ်။ သူပြောတဲ့သဘောက monitoring သဘော၊ ရက်ရှည်ကြည့်တဲ့သဘော ဖြစ်ပါတယ်။ "နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်ရေးဆိုတာ ရွေးကောက်ပွဲလုပ်ပုံနဲ့ ဆက်နွှယ်နေတဲ့ ဥပဒေ၊ ဖြစ်စဉ်တွေနဲ့ အဖွဲ့အစည်းကျင့်ထုံးတွေနဲ့ပတ်သက်တဲ့ အချက်အလက်သတင်းတွေ စနစ်တကျ၊ အနှံ့အစပ်၊ တိတိကျကျ လေ့လာစုဆောင်းကြည့်ရှုတာပါပဲ။ ရွေးကောက်ပွဲဆိုင်ရာ အခြေအနေ ဝန်းကျင်တစ်ရပ်လုံးနဲ့ ပတ်သက်နေတဲ့ တခြား အချက်အလက်သတင်းတွေကိုလည်း ကောက်ယူတာဖြစ်တယ်။ အဲဒီအချက်အလက်တွေကိုပညာသည်ပီပီသသ၊ ဘက်မလိုက်ဘဲ ပိုင်းခြားသုံးသပ်တာပဲ ဖြစ်တယ်။

အချက်အလက်ပိုင်းဆိုင်ရာ တိတိကျကျ အဖြစ်ဆုံး၊ ပိုင်းခြားသုံးသပ်မှ အဂတိ အကင်းဆုံး သုံးသပ်ပြီး နိဂုံးချုပ်ချက်ဆွဲယူတာပါပဲ" ဒီလို ပြောထားပါတယ်။ ဒီကြေညာစာတမ်းအရ စောင့်ကြည့်လေ့လာရေး (observation) လို့ပြောရင် ရက်ရှည်ဖြစ်စဉ်အစအဆုံးလေ့လာကြည့်ရှုတာလို့ နားလည်နိုင်ပါတယ်။

ရွေးကောက်ပွဲတွေ တော်တော်လေး ကျင်းပခဲ့ပြီး ဒီမိုကရေစီ ရင့်ကျက်မှုတော်တော်လေး ရှိလာတဲ့နိုင်ငံတွေမှာ ဖြစ်စဉ်ကြည့်အဖွဲ့တွေ ရှိတတ်ကြပါတယ်။ ဒါပေမဲ့ ရွေးကောက်ပွဲကို စလုပ်ခါစလည်းဖြစ်၊ အာဏာရအဖွဲ့က ဒီမိုကရေစီ ရင့်ကျက်မှုလည်း နည်းသေးတဲ့ နိုင်ငံတွေမှာတော့ ရက်တိုကြည့် နိုင်ငံတကာအဖွဲ့တွေ တွေ့ရတာ များပါတယ်။

ရက်တိုကြည့် အဖွဲ့တွေရဲ့ လုပ်ငန်းစဉ်က ရေတိုလုပ်ငန်းစဉ်ဖြစ်ပေမယ့် ရက်ရှည်ကြည့်အဖွဲ့တွေရဲ့ လုပ်ငန်းစဉ်က ရေရှည်လုပ်ငန်းစဉ်သဘောဖြစ်ပါတယ်။ ဒါကလည်း ရှင်းပါတယ်။ ကော်မရှင်စဖွဲ့ပုံက စလေ့လာပြီး ရွေးကောက်ပွဲအပြီး တရားတဘောင်ဆုံးဖြတ်ချက်ချပုံတွေအထိ စောင့်ကြည့်ရတဲ့ အလုပ်ဖြစ်တာကြောင့် ဖြစ်စဉ်ကြည့်အဖွဲ့ရဲ့ အလုပ်သဘောသဘာဝက ရေရှည်ဖြစ်ရတာပါ။ ရက်တိုကြည့်အဖွဲ့က အစီရင်ခံတဲ့အခါ ရွေးကောက်ပွဲနေ့ မဲ ခိုးတာတို့၊ မဲပေးအောင် ခြိမ်းခြောက်တာတို့၊ မဲရုံလာဖို့ အခြေအနေပေးတာ မပေးတာတို့စတဲ့ ကိစ္စမျိုးတွေက သူ့ရဲ့ အစီရင်ခံစာမှာ အဓိကပါတတ်ပါတယ်။

ဒါပေမဲ့ ဖြစ်စဉ်ကြည့် အဖွဲ့ကတော့ ရွေးကောက်ပွဲကို နိုင်ငံတကာက စောင့်ကြည့်နိုင်တဲ့ အခြေအနေရှိမရှိအပါအဝင် ရွေးကောက်ပွဲနဲ့ ဆက်နွှယ်နေတဲ့ဖြစ်စဉ်တွေကိုပါ ကြည့်တာမို့ ဗီဇာကိစ္စကအစ ဖွဲ့စည်းပုံပြဋ္ဌာန်းချက်၊ အဲဒီဖွဲ့စည်းပုံ ရေးဆွဲခဲ့ပုံ၊ အစိုးရနဲ့ ဆက်နွှယ်နေတဲ့ အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှု၊ လူတွေကြောက်ရွံ့နေရတဲ့ ဝန်းကျင်အခြေအနေ၊ အဲဒီအခြေအနေကြောင့်မဲအပေါ် သက်ရောက်နိုင်ပုံ၊ အာဏာရအသိုက်အဝန်းက မီဒီယာကို လွှမ်းမိုးပုံစတဲ့ ရွေးကောက်ပွဲကိစ္စသာမက၊ ဆက်သွယ်နေတဲ့ ကိစ္စတွေပါ သူ့အစီရင်ခံစာမှာ ထည့်လာတတ်ပါတယ်။ ဒါတင်မကပါဘူး။ ရွေးကောက်ပွဲအပြီး လုပ်ပုံကိုင်ပုံ၊ အဲဒီလုပ်ပုံကိုင်ပုံတွေနဲ့ ဆက်နွှယ်နေတဲ့ ကိစ္စတွေအားလုံးကိုလည်း ဆက်လက်ကြည့်ရှုတင်ပြသွားကြတာလည်း တွေ့ရပါတယ်။

ဒါကတော့ ရက်တိုကြည့်နဲ့ ဖြစ်စဉ်ကြည့် အဖွဲ့တွေရဲ့ ကွာခြားချက်လေးပါ။

**ဘာကြောင့် ဖြစ်စဉ်စောင့်ကြည့်လေ့လာရေးကို လက်သင့်ခံကြသလဲ။**

ရွေးကောက်ပွဲဖြစ်စဉ်ကို စောင့်ကြည့်လေ့လာတဲ့အခါ ဖြစ်စဉ်နဲ့ ဆက်နွှယ်နေတဲ့ အချက်တွေအားလုံးကို ဆက်စပ်ကြည့်ရှုတာကြောင့် ဒီမိုကရေစီ အကူးအပြောင်းမှာ ရှိတတ်တဲ့ ဟာကွက်တွေကို ဒီသုံးသပ်ချက်တွေက ထောက်ပြပါတယ်။ အကြံဉာဏ်ပေးတတ်ကြပါတယ်။ ဒါကြောင့် ဒီမိုကရေစီ ရင့်ကျက်အောင် လုပ်မယ်လို့ ပိုင်းဖြတ်ထားကြတဲ့ နိုင်ငံတွေက ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံး စောင့်ကြည့်လေ့လာမယ့်အဖွဲ့တွေကို လက်ခံကြတာပါ။ သူတို့ဆီကနေ ဘာတွေတိုးတက်အောင် လုပ်ရမလဲဆိုတာ သင်ခန်းစာယူနိုင်တာကိုး။

ဒါ့အပြင် ဒီနိုင်ငံတွေက အာဏာရှင်စနစ်တစ်မျိုးမျိုးကနေ ကူးပြောင်းကြရတာမို့ အာဏာပိုင်ဝါဒနဲ့ အုံလုံးချုပ်စနစ်အောက်က အပြစ်အနာအဆာတွေကိုလည်း ဆက်ခံခဲ့ကြရတာ ဖြစ်ပါတယ်။ အထူးသဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ရှိတယ်။ ရွေးကောက်ပွဲညစ်ပတ်တဲ့ ရာဇဝင်ရှိတယ်လို့ အသိများနေတဲ့ တိုင်းပြည်တွေအနေနဲ့ စောင့်ကြည့်လေ့လာသူတွေ လိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ရွေးကောက်ပွဲဖြစ်စဉ်နဲ့ ပတ်သက်ပြီး တရားမျှတ လွတ်လပ်တယ်လို့ စောင့်ကြည့်လေ့လာသူတွေက အတည်ပြုပြောကြားလာရင် ပြည်တွင်းက လူထုနဲ့နိုင်ငံတကာ အသိုက်အဝန်းက ယုံကြည်မှုရရှိလာနိုင်ပါတယ်။ အပြုသဘောဆောင်တဲ့ သုံးသပ်ချက်တွေ ရလာတယ်ဆိုရင် အစိုးရရဲ့ တရားဝင်မှုဟာလည်း ပြည်တွင်း၊ ပြည်ပမှာ ပိုအားကောင်းလာပါတယ်။

ဒါ့အပြင် ရွေးကောက်ပွဲကို လွတ်လွတ်လပ်လပ် တရားမျှတဆောင်ရွက်နိုင်တာကလည်း အုပ်ချုပ်မှုကောင်းနဲ့ ဆက်စပ်နေပါသေးတယ်။ အုပ်ချုပ်မှုကောင်းရဲ့ သဘောမှာက လူထုဆန္ဒကို လေးစားတာ၊ လူထု လိုလားချက်ကို တုံ့ပြန်ဆောင်ရွက်တာ၊ ကိုယ်နဲ့ အမြင်မတူတဲ့ လူပုဂ္ဂိုလ်၊ ပါတီ၊ အဖွဲ့အစည်းတွေရဲ့ လွတ်လပ်ခွင့်ကို လေးစားတာ၊ ထင်သာမြင်သာရှိတာ၊ တာဝန်ခံမှုရှိတာ၊ လူ့အခွင့်အရေးတွေနဲ့ ပတ်သက်ပြီး လေးစားလိုက်နာတာစတဲ့ အရည်အသွေးတွေ ပါဝင်နေတာမို့ လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပနိုင်ရေးဟာ ဒီကြန်အင်တွေရှိမှပဲ ဖြစ်နိုင်တာပါ။ တစ်နည်းပြောရင်လည်း ရွေးကောက်ပွဲလွတ်လပ် တရားမျှတတာဟာ အုပ်ချုပ်မှုကောင်းရဲ့ အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်ပါတယ်လို့ ဆိုရမှာပါ။

ရွေးကောက်ပွဲမှာ ညစ်ပတ်တဲ့ လက်တွေဟာ အုပ်ချုပ်ရေးမှာလည်း ညစ်ပတ်နေတဲ့ လက်တွေဖြစ်တတ်ပါတယ်။ အုပ်ချုပ်ရေးကောင်း ဦးတည်တဲ့အစိုးရ၊ ဒါမှမဟုတ် သန့်ရှင်းတဲ့အုပ်ချုပ်ရေးကို လိုလားတဲ့ အစိုးရတွေက အဲဒီ ညစ်ပတ်တဲ့လက်တွေကိုတစ်နည်းနည်းနဲ့ ကင်းသွားအောင် ဆောင်ရွက်တတ်ကြပါတယ်။ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးကို စောင့်ကြည့်လေ့လာကြတဲ့ သူတွေက ရွေးကောက်ပွဲကျင်းပသွားခဲ့တဲ့ လက်တွေ ညစ်ပတ်နေသလား။ အဲဒီလို ညစ်ပတ်နေတယ်ဆိုရင်လည်း အစိုးရက ဘယ်လိုသန့်ရှင်းသလဲဆိုတာအထိ စောင့်ကြည့်သုံးသပ်ကြတာပါ။ ဒါကြောင့် ဖြစ်စဉ်တစ်ရပ်လုံး စောင့်ကြည့်လေ့လာတဲ့ အဖွဲ့တွေကို လက်ခံခြင်းအားဖြင့် သန့်ရှင်းသော အစိုးရဖြစ်ရေး၊ အုပ်ချုပ်မှုကောင်းပေါ်ပေါက်ရေး၊ အကျင့်ပျက်မှု တိုက်ဖျက်ရေးတွေအတွက်လည်း အထောက်အကူပြုပါတယ်။

**ပိတ်ဆို့အရေးယူရေး ရုပ်သိမ်းနိုင်မလား။**

မြန်မာနိုင်ငံအနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲ၊ အဲဒီနောက်ဆက်တွဲ ကြားဖြတ်ရွေးကောက်ပွဲတွေ ပြီးသွားခဲ့ပါပြီ။ ၂၀၁၀ တုန်းက စောင့်ကြည့်လေ့လာရေးအဖွဲ့တွေ လက်မခံခဲ့ပါဘူး။ ကြားဖြတ်ရွေးကောက်ပွဲမှာ ရက်တိုစောင့်ကြည့်လေ့လာရေးအဖွဲ့တွေ လာရောက်ကြည့်ရှုကြပါတယ်။အမေရိကန်နဲ့ ဥရောပနိုင်ငံတွေကတော့ ဖြစ်စဉ်တစ်ခုလုံး စောင့်ကြည့်လေ့လာရေးကို မရရှိခဲ့တာကြောင့် ရက်တိုစောင့်ကြည့်လေ့လာရေးကိုတော့ မလုပ်ဘူးလို့ ပြောခဲ့ကြပါတယ်။ ရွေးကောက်ပွဲကာလစောင့်ကြည့်လေ့လာသူတွေက ယေဘုယျအားဖြင့် ကြားဖြတ်ရွေးကောက်ပွဲက လွတ်လပ်တရားမျှတတယ်လို့ ပြောဦး၊

*စာ(၄၀) သို့*

7DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012

# လွန်ခဲ့သော နှစ်ပေါင်း၁၃၃ နှစ်က
# မင်းမိန့်

ခင်မောင်ဌေး(ပညာရေး)



မြန်မာ ကြာသေးမီက သတင်းမီဒီယာ အချို့တွင် မြန်မာ့ယဉ်ကျေးမှုနှင့် မကိုက်ညီသည့်ပုံများ ထည့်သွင်းဖော်ပြနေမှုကြောင့်သက်ဆိုင်ရာမှ ခေါ်ယူသတိပေးရသည့် သတင်းတစ်ပုဒ်ဖတ်ရသည်။

အနုပညာလောကတွင်အနုပညာသည် မည်သူ့အတွက်နည်းဆိုသည့် မေးခွန်းတစ်ခုရှိသည်။ ဤမေးခွန်းအတွက် အဖြေနှစ်ခုရှိပါသည်။ တစ်ခုမှာ အနုပညာသည် အနုပညာအတွက် ဖြစ်သည်ဆိုသည်နှင့် ဒုတိယအချက်မှာ အနုပညာသည် ပြည်သူ့အတွက်ဖြစ်သည်ဆိုသည့်အဖြေပင်ဖြစ်သည်။ အကယ်၍ အနုပညာသည် အနုပညာအတွက်သာဖြစ်သည်ဆိုပါလျှင် ဤနေရာတွင်နိဂုံးချုပ်တံပါပြီး ဆက်ရေးစရာ အကြောင်းမရှိပါ။ သို့သော် အနုပညာသည် ပြည်သူ့အတွက်ဆိုလျှင် အောက်ပါအတိုင်း တွေးဆခံစားမိသည်။

အနုပညာသည် ပြည်သူ့အတွက်ဆိုလျှင် မိမိတို့၏ အနုပညာလှုပ်ရှားမှုပုံရိပ်များသည် ပြည်သူ့အတွက် မည်၍ မည်မျှအတိုင်းအတာအထိ (သို့မဟုတ်) မည်ရွေ့မည်မျှ အကူအပံ့မျိုး၊ ပြုပြင်ပြောင်းလဲမှုမျိုး ဖြစ်ထွန်းပေါ်ပေါက်လာစေသည်လဲ ဆိုသည့်အချက်သည် တိုင်းတာမှုတစ်ရပ်ဖြစ်နိုင်ပါသည်။ လောလောဆယ်တွင်မူ ပြည်သူ့အတွက်ဟု ရင့်ကျူးနေကြသော်လည်း လက်တွေ့လုပ်ဆောင်နေသည့်မြင်ကွင်းများကား အထူးသဖြင့် သရုပ်ဆောင်၊ အဆိုတော်၊ မော်ဒယ်အမျိုးသမီးအတော်များများ (အားလုံးကိုမဆိုလိုပါ) သည် မိမိတို့တစ်ဦး တစ်ယောက်၏ ပေါ်လွင်ထင်ရှားမှု၊ လူကြိုက်များမှုအတွက် လှစ်ဟမြူဆွယ်ပြသနေသည်များကား လွန်ကျူးနေသည်ဟုထင်သည်။

ယခုအခါ ထပ်မံ အသစ်ထွက်ပေါ်လာသည့် စာနယ်ဇင်းများနှင့် ယခင် ရှိနှင့်သည်များပေါင်းလျှင် ဝေဝေဆာဆာရှိလှသည်။ ရုပ်ရှင်ဂီတအနုပညာရပ်ဝန်းများမှ သတင်းမြင်ကွင်းဓာတ်ပုံများကလည်းဖောဖောသီသီဖော်ပြလာကြသည်ကို တွေ့ရသည်။ ရှိုးပွဲများ၊ စင်မြင့်ဖျော်ဖြေပွဲများမှသည် အကယ်ဒမီပွဲတက်ဖက်ရှင်များအဆုံး အပြိုင်အဆိုင်ဖော်ပြလာကြသည်။ သတိထားကြည့်ရှုမိလာသည်နှင့်အမျှ သရုပ်ဆောင်အမျိုးသမီး(မော်ဒယ်အပါအဝင်) အများစုတို့၏ ဝတ်စားဆင်ယင်မှုတို့သည် လိုသည်ထက် ပိုလွန်းလာသည်ကိုတွေ့ရသည်။ စင်မြင့်ဖျော်ဖြေပွဲအမျိုးမျိုးကို (Live)ရှိုးတင်ဆက်ပေးနေသည့် ရုံပွဲများ တကူးတကသွား၍ မကြည့်နိုင်သူများအတွက် အဆင်ပြေပါသည်။ သို့သော် အမျိုးသားများကို မဆိုထားဘိ၊ မိန်းကလေးအချင်းချင်းပင် 'ဟင်ခနဲ ဟယ်ခနဲ' ဖြစ်သွားရသည့် ပြကွက်များကား မကြာခဏ၊ သားသမီးများနှင့်ရောနှောကာ တီဗီထိုင်ကြည့်ရမှာပင် အဆင်မပြေလှ။ အချို့ပြကွက်များ ဆိုးလှပါသည်။ ဖန်သားပြင်ပေါ်တွင် အမြင်မတင့်တယ်လွန်းလှသော ရိုက်ကွင်းပြကွက်များကို တည်းဖြတ်ထုတ်လွှင့်သူတို့က ဝိုးတဝါး ကာ၍ကွယ်၍ ပေးကြသည်။ တိုက်ရိုက်ကြည့်ရှုသူများအတွက် ဘာအကာအကွယ်မျှ မရှိ။ ရုံပြည့်ရုံလျှံ အားပေးကြသည်မှာလည်း ပေးလောက်ပါသည်။

သို့နှင့်မပြီးသေး။ အနုပညာရှင်များနှင့်ဆိုင်သည့် ဂျာနယ်စာစောင်အသီးသီးကို ကြည့်ပါဦး။ ရှေ့ကတစ်မျိုး၊ နောက်က တစ်ဖုံလုံခြုံစွာ ဖုံးအပ်သည်ကို တမင်လျော့လျော့ရဲရဲ ဝတ်ကာ အရိုက်ခံကြ၏။ လည်ကို ဟိုက်၍ပြထားခြင်းက ပိုဆိုး၏။ အရှက်တရားကင်းမဲ့ရာရောက်နေပါသည်။ ဂျာနယ်တစ်စောင်တွင် ဖျတ်ခနဲတွေ့လိုက်ရသေး၏။ နာမည်ကြီးမင်းသမီးငယ်တစ်ဦး၏ ရိုက်ကွင်းမြင်ကွင်းဖြစ်သည်။ ယင်းရိုက်ကွင်းမှာ လှေခါးထစ်ပေါ်မှ အဆင့်ဆင့်ကျလာသည့်မြင်ကွင်းဖြစ်သည်။ ကင်မရာက အပေါ်စီးမှယူ၍ရိုက်ထားသည်။ မင်းသမီး၏ အပေါ်ပိုင်းကို အတွင်းထိ လှိုက်၍မြင်ရသည်။ (ခေါ်ယူ သတိပေးခံရသည်မှာ နည်းပင်နည်းသေးသည်)

ပြည်သူချစ်သော အနုပညာရှင်တစ်ဦး ဖြစ်ဖို့ဆိုလျှင် ဖော်ပြချွတ်ပြဖို့ လိုမည်မထင်ပါ။ မိမိ၏ စံမီတန်းမီ အရည်အသွေးကိုဖော်ထုတ်ပြသကြဖို့ပင် ဖြစ်သည်။ မိမိ၏ အပြောအဆို အမူအရာ သရုပ်ဆောင်မှုက မိမိ၏ ပင်ကိုအရည်အချင်း အစစ်အမှန်ကိုပေါ်လွင်စေပါလိမ့်မည်။ ယခုတော့ ဤသို့မဟုတ်။ နောက်တက် မင်းသမီးကလေးများ အဖော်အချွတ်ရဲလာသောအခါ အရွယ်လတ်၊ အရွယ်ကြီးများပင် မချွတ်မဖော်လျှင် ခေတ်မမီတော့လေဟန် တွေးလာလေသလားမသိ။ ပြောရလျှင် အိမ်ထောင်ရှိသူများလည်း မလုံ့တလုံဝတ်ကာ ဇာပါးများဖြင့် ကာရံလာတော့သည်။ တစ်ခုဖြင့် ကျေးဇူးတင်ရသည်။ ကင်မရာမင်းက အကင်းပါးသည်။ သူသာ အနီးကပ်(Focus)ဆွဲ၍ရိုက်လျှင် မည်သို့မျှမသင့်တော်။ ကဲချင်တိုင်းကဲ၊ ကွဲချင်တိုင်း ကွဲနေသည့် ဝတ်စားဆင်ယင်မှု မသိသာစေရန် ခပ်ဝေးဝေးရိုက်ချက်များကိုသာ ဦးစားပေးထား၏။ အမျိုးသမီးများအတွက် 'ဟီရိဩတ္တပ္ပ' ဆိုသည့် အရှက်အကြောက်တရားသည် ပျိုသည်၊ အိုသည်မရှိပါ။ ပျိုရွယ်သူများကလည်း မိမိတို့၏ ထိန်းသိမ်းအပ်သည့်အရာကို ထိန်းသိမ်းသင့်၏။ အိုရွယ်သူများကလည်း အိုပင်အိုငြားသော်လည်း မိမိတို့၏စောင့်စည်းအပ်သည့် ဣန္ဒြေသိက္ခာကို အသက်တမျှ တန်ဖိုးထားသင့်ပါသည်။ ငယ်ရွယ်သူများနှင့် တုပ၍ အပြိုင်ကြဲနေစရာ လိုမည်မထင်ပါ။ လူတိုင်းသည် အလှအပကို နှစ်သက်မြတ်နိုးတတ်ကြပါသည်။ ကြည့်ရှုခံစားလိုကြပါသည်။ သို့သော်လည်း ရှေ့မှ နောက်မှနေ၍ စူးစူးစိုက်စိုက်ကြီး ကြည့်ရှုခြင်းမျိုးသည် မယဉ်ကျေးဖွယ်ရာအဖြစ် ရှုမြင်တတ်ကြသည်။ ထို့ကြောင့် ထိန်းထိန်းသိမ်းသိမ်း ကြည့်ရှုခြင်းသာ ဣန္ဒြေရှိရာရောက်ပါသည်။ ယခုမူ ဤသို့ မဟုတ်တော့ပြီ။ စင်ပေါ်တင်၏။ မီးရောင်စုံထိုး၏။ ရှေ့ကနောက်ကဘေးကထောင့်စုံကကြည့်၏။ မိန်းကလေးကလည်း ခပ်တိုတိုအသားကပ်ကလေးဝတ်၏။ စကပ်ဆိုလျှင်လည်း တိုနှံ့နှံ့။ လေအဝှေ့တွင် ဝဲ၍နေသည်။ အရွယ်ကလည်းစုံ၏။ ပုံစံ(Pose)အမျိုးမျိုးနှင့် သရုပ်ပြ၏။ ကြည့်သူကလည်း ပြူးပြူးပြဲပြဲကြည့်ကြ၏။ အမှတ်ပေးသူကလည်းပေးကြ၏။ အားပေးကြည့်ရှုသူများကလည်း မျက်တောင်မခတ်။ ဘာကိုကြည့်၍ ဘာကို အမှတ်ပေးနေကြသည်မသိ၊

ပြည်တွင်း၊ပြည်ပသရုပ်ဖော်လှုပ်ရှားမှုများကိုကြည့်လျှင် အမျိုးသားများ၏ ပုံရိပ်များကား တည်ငြိမ်မှုရှိသည်။ မျက်စိဖြင့်ကြည့်၍ရသည်။ အမျိုးသမီးများ၏ လှုပ်ရှားမှုပုံရိပ်များကား မျက်စိဖြင့်သိပ်မတိုး။ တချို့ ရုပ်ပျက်ဆင်းပျက်ပင်ရှိ၏။ ယခု ခေတ်စားနေသည့် Sexy Pose၊ Sexy Style နှင့် Sexy Dance ဆိုသည့်အထဲတွင် Sexy Dance ဆိုသည့် အကမှာ ယောက်ျား၊ မိန်းမတွဲ၍ အမြင်မတော်စရာ လှုပ်ရှားကခုန်မှုများဖြင့် အရုပ်ဆိုးလှသည်ဟု ကျွန်တော်မြင်သည်။ အရှက်တရားကင်းမဲ့လှ၏။ ရဲတင်းလွန်းလှ၏။ ဤမျှ ထင်သာမြင်သာရှိလှသော သရုပ်ဆောင်ပြကွက်များ (Performance) ကိုကြည့်၍ 'ဒီမိုကရေစီရသည်ဆိုသည်မှာ ဤသို့သော လွတ်လပ်ခြင်းလား'ဟု မေးကုန်ကြလေပြီ။ ခက်ရချည်သေး။ ကျွန်တော်တို့အားလုံး လိုချင်သည့် ဒီမိုကရေစီက လွတ်လပ်ခြင်း၊ငြိမ်းချမ်းခြင်း၊ သာတူညီမျှခံစားရခြင်း။ တည်ဆောက်နေသော နိုင်ငံ၏ မူဝါဒလမ်းစဉ်အရ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်နယ်ပယ်များ ပွင့်လင်းမြင်သာရှိစေချင်သည်။ ပညာရေး၊ ကျန်းမာရေး သိသိသာသာကြီး ဖွံ့ဖြိုးတိုးတက်စေချင်၏။ ပွင့်လင်းသည့် လူ့အဖွဲ့အစည်းကြီးတစ်ရပ်ဖြစ်ချင်၏။ ယခုမူ မရောင်ရာဆီလူးဖြစ်နေသည့် မတော်ရာ သန်နေသူများကြောင့် ဒီမိုကရေစီ၏ ထူးမြတ်သောအနှစ်သာရများ ထိပါးခံရမည်ကိုစိုးရိမ်မိသည်။

ယနေ့ခေတ် လူငယ်များသည် အလွန်အတုခိုးမြန်ပါသည်။ မိမိတို့ ချစ်ခင်နှစ်သက်သည့် အနုပညာရှင်တို့၏ အပြုအမူ၊ အပြောအဆိုမှအစ ဝတ်စားဆင်ယင်မှုများ လွှမ်းမိုးနေတတ်ပါသည်။ ကိုရီးယားရုပ်ရှင်ကားများကြောင့် ကိုရီးယားဝတ်စားဆင်ယင်မှုများ အလျင်အမြန် ပျံ့နှံ့လာသည်မှာ အထင်အရှားပင်။ (တရုတ်နိုင်ငံတွင် ကိုရီးယားကားများ ပြသခြင်းကိုပိတ်ပင်တားမြစ်မှု သတင်းများ ကြားနေရသည်) ထိုသို့ဆိုလျှင် အနုပညာရှင် သရုပ်ပြမယ်အပေါင်းတို့သည် မိမိတို့၏ ပေါ်လွင်ထင်ရှားမှု၊ အောင်မြင်မှုကလေးအတွက်သာ မကြည့်သင့်ပါ။ ပြည်သူ့အတွက်ဆိုလျှင် ပြည်သူ့အကျိုးပြုနိုင်ရပါမည်။ တစ်နည်းအားဖြင့် မိမိတို့၏ နောက်တွင် တက်လာကြမည့် မျိုးဆက်သစ်များအတွက် ကောင်းမွေကို လက်ဆင့်ကမ်းပေးသင့်ပါသည်။ မိမိတို့၏ နှစ်လိုဖွယ်သော အသွင်အပြင်များဖြင့် ပြုပြင်ပေးနိုင်ပါသည်။ မိမိတို့၏ ဂုဏ် သိက္ခာ၊ ကိုယ်ကျင့်တရားကိုလုံ အောင်ထိန်းလျှင် ပြည်သူချစ်သော လေးစားသော အနုပညာရှင်များဖြစ်လာကြမည်သာ။ ဂုဏ်သိက္ခာမဲ့ လှစ်ဟဖော်ကျူးပြသနေမှုများသည် ပြည်သူလူထု၏ မျက်စိထဲတွင် ပိုးစုန်းကြူးအလင်းနယ် ဖျတ်ခနဲသာ၊ ချက်ချင်းလွင့်ပြယ်သွားမည်သာဖြစ်သည်။

စာ(၄၀) သို့

## JOKE

### ဝိတ်လျှော့မယ်

တစ်နေ့တွင်ကျွန်မ၏ သူငယ်ချင်းရိုစီက တဖြည်းဖြည်းဝလာသောကြောင့် ဝိတ်ချရန်အစား လျှော့စားတော့မည်ဖြစ်ကြောင်း ပြောလာသည်။

"အိုကေ၊ ငါလည်း ဝိတ်တက်လာလို့ကိုယ်အလေးချိန်လျှော့ချင်တာနဲ့အတော်ပဲ။ ငါတို့နှစ်ယောက် အစားလျှော့စားရင်း တစ်ယောက်နဲ့တစ်ယောက်ကူညီကြမယ်လေ။ တကယ်လို့ငါ့စိတ်ထဲမှာကြက်ကြော်တွေ၊ ဟမ်ဘာဂါတွေ စားချင်စိတ်ပေါ်လာရင် မင်းကို အရင်ဆုံးဖုန်းဆက်လိုက်မယ်"ဟုပြောလိုက်ရာ ရိုစီကလည်း "ဟာ အဲဒီ့အကြံဉာဏ်သိပ်ကောင်းတယ်။ မင်းနဲ့ ငါနဲ့ နှစ်ယောက်အတူတူ သွားစားကြတာပေါ့"ဟု ဆိုပါလေတော့သည်။

### ဆွဲဆောင်မှု

တက္ကသိုလ်တွင် လက်ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်တော့မည့်သူများအား ပါမောက္ခကြီးက ယခုလို ဩဝါဒပေးသည်။

"လက်ချာကောင်းတစ်ခုဆိုတာ မိန်းကလေးတစ်ယောက်ရဲ့ မီနီစကပ်လိုပဲဖြစ်နေရမယ်။ လိုအပ်သမျှ လွှမ်းခြုံနိုင်လောက်အောင်ရှည်ရမယ်။ စိတ်ဝင်စားစရာကောင်းအောင်လည်း တိုရမယ်"ဟူ၍. . .

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လုထွင့်ဦး။ **သတင်းထောက်များ-** ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ၊ ကိုကိုကြီး။ **အငယ်တန်းသတင်းထောက် -** အေးမြတ်သူ၊ ကြူကြူဟန်။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၀၉ ၇၃၂၂၄၅၄၁ ၊ ၃၈၆ ၄၅၉ ၊ ၃၇၆ ၅၂၅ ၊ ၃၇၃ ၆၂၉
Fax : 393 458, Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com

7DAY NEWS Hotline : 73032006

7 DAY NEWS JOURNAL

# Business

Vol.11, No.6 • APRIL 12 , 2012


ဓာတ်ပုံ - ရဲရောင်အောင်(အေအက်ဖ်ပီ)

တရုတ်တွင် ထုတ်လုပ်၍ ပြည်တွင်း၌တပ်ဆင်မည့် ဆိုင်ကယ်ကိုယ်ထည်နှင့်အစိတ်အပိုင်းများ သယ်ဆောင်လာသူနှစ်ဦး

## အခွန်နှုန်းထားသစ်ကြောင့် တရုတ်ဆိုင်ကယ်တစ်စီး အခွန် ကျပ်လေးသောင်းခန့် သက်သာ

**အောင်သူရ**

**ရန်ကုန်၊ ဧပြီ-၅**

အသစ်ပြဋ္ဌာန်းလိုက်သော အခွန်စနစ်ကြောင့် တရုတ်နိုင်ငံမှ တင်သွင်းသည့် ဆိုင်ကယ်များ အခွန်ပေးဆောင်ရာတွင် တစ်စီးလျှင် ကျပ်လေးသောင်းခန့် သက်သာသွားကြောင်း သတင်းရရှိသည်။

"အရင်တုန်းက ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန်က ၂၅ ရာခိုင်နှုန်း၊ ဆောင်ရတယ်။ အခုအခွန်စနစ်က ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်းနဲ့ ကုန်သွယ်လုပ်ငန်းခွန်က ၅ ရာခိုင်နှုန်းပဲ ဆောင်ရတော့မယ်ဆိုတော့ အနည်းဆုံးတစ်စီးကိုသုံး၊လေးသောင်း (ကျပ်)သက်သာသွားတယ်"ဟု မူဆယ်ဒေသခံ ဆိုင်ကယ်တင်သွင်းသူတစ်ဦးက ပြောသည်။

ယခင်ကတည်းက အခွန်ဆောင်ရာတွင် အမေရိကန်ဒေါ်လာကို ပြင်ပပေါက်ဈေးဖြင့် တွက်ချက်ပေးဆောင်ခဲ့ရပြီး ယခုဗဟိုဘဏ်က သတ်မှတ်ပေးသော ဈေးနှုန်းမှာပြင်ပပေါက်ဈေးနှင့် ကွာဟမှုလျော့နည်းသဖြင့် အခွန်နှုန်းလျော့သွားခြင်းကြောင့် ကျသင့်ငွေမှာသက်သာသွားသည်ဟု အဆိုပါလုပ်ငန်းရှင်ကတွက်ပြသည်။

"သင်္ကြန်ပြီးနောက်ပိုင်းဆိုရင် တစ်စီးကိုသုံးသောင်းလောက် လျှော့ရောင်းဖို့ရှိပါတယ်။ အနည်းဆုံးလေးသိန်းရှစ်သောင်းလောက်နဲ့ အသစ်လိုင်စင်အပါ ဝယ်လို့ရမှာပါ"ဟု ပုသိမ်မြို့နေ မော်တော်ဆိုင်ကယ်ဝယ်ရောင်းတစ်ဦးက ဆိုသည်။

ထို့အပြင် ယခုသတ်မှတ်လိုက်သော အခွန်စနစ်သစ်ကြောင့် ဆိုင်ကယ်ကယ်ရီများ လျော့နည်းသွားနိုင်ကြောင်း မူဆယ်ဒေသခံ ကုန်သည်များက မှန်းဆကြသည်။

ယခု ဘဏ္ဍာရေးနှစ်မှစ၍ အခွန်နှုန်းထားများကို ပြင်ဆင်သတ်မှတ်ပေးခဲ့ပြီး ယခင်က ကုန်သွယ်လုပ်ငန်းခွန်အား အမျိုးအစားအလိုက် ၂၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းထိ ကောက်ခံခဲ့သော်လည်း ယခုနှစ်တွင် အဆိုပါကုန်သွယ်လုပ်ငန်းခွန်အား အချို့သော ကုန်စည်များတွင် ၅ ရာခိုင်နှုန်းသာ ကောက်ခံခဲ့သည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၁၆ | ၈၃၀ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၁၆ | ၈၃၀ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၄၅ | ၆၅၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၇၇ | ၁၀၉၅ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၆ | ၂၆. ၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၈ | ၁၂၉ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၄၂ | ၈၄၅ | ကျပ် |

၂၀၁၂ ဧပြီ ၇ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၀၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၆၄၆ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၂. ၂၃ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၀၆၂ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၁. ၁၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၅၈၃ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၃၁. ၆၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၆ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၉၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၁၆၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၃၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၂. ၇၀ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၆၅၃ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၆၉၆ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၂၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၉၂၈ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၂၉. ၄၅၆ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၇၁. ၉၀၀ |
| ရေနံစိမ်း | စည် | ၁၂၂. ၈၈၀ |
| ငွေ | ၁ အောင်စ | ၃၂. ၄၈၄ |
| ကြေးနီ | ပေါင် | ၃၈၂. ၅၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၁၂၆ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ ဧပြီ ၆ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## သင်္ကြန်ပြီး အိန္ဒိယက ပဲဝယ်ယူမှုများနိုင်ဟုဆို

**ပြည်သိမ်း**

**ရန်ကုန်၊ ဧပြီ-၄**

အိန္ဒိယက မြန်မာ့ပဲမျိုးစုံဝယ်ယူမှုမှာ သင်္ကြန်နောက်ပိုင်းမှသာ များလာနိုင်ကြောင်း ပြည်ပပဲတင်ပို့သော လုပ်ငန်းရှင်အချို့ကပြောသည်။

ထိုသို့ဖြစ်ရခြင်းမှာ အိန္ဒိယနိုင်ငံအတွက်ပြေလသည်ဘတ်ဂျက်စတင်သောကာလဖြစ်နေခြင်းကြောင့်ဖြစ်သည်ဆိုသည်။ ထို့အပြင် ဇွန်လ၌ ရာသီဥတုဖောက်ပြန်မှုများရှိတတ်သဖြင့် ဝယ်လိုအားမြင့်တက်လေ့ရှိသည်။ ထိုကဲ့သို့ ဝယ်လိုအားများလာလျှင် ဈေးနှုန်းလည်း မြင့်တက်လေ့ရှိကြောင်း မြန်မာနိုင်ငံ ပဲ၊ နှမ်းအသင်းမှ အထွေထွေအတွင်းရေးမှူးဦးမင်းကိုဦးကဆိုသည်။

"ဧပြီက သင်္ကြန်ပိတ်ရက်ရှည်ဆိုတော့ အိန္ဒိယဝယ်သူတွေက ကွန်တိန်နာအခက်အခဲကြောင့် မေလကျမှ အများစုဝယ်ကြတယ်"

စာ(၃၄)သို့

## ရွှေဝယ်သူ များနေ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဧပြီ-၅**

ဝယ်ယူသူများ အကြိုက်ဖြစ်နေသောကြောင့် ရွှေဈေးကွက်တွင်ဝယ်လိုအားများ မြင့်တက်လျက်ရှိကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

"ရွှေဈေးက ကမ္ဘာ့ရွှေဈေးကျလို့ လိုက်ကျနေတယ်။ ဝယ်သူကြိုက်ဈေးဖြစ်နေတဲ့အတွက် ဝယ်လိုအားက အထည်ဈေးကွက်ရော အပိုင်းဈေးကွက်ရောမှာ တက်လာတယ်"ဟု ရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။ ရွှေဝယ်လိုအားမှာ ယခုလဆန်းပိုင်းမှစ၍ ထက်ဝက်နီးပါးမြင့်တက်ရခြင်းမှာ လက်ရှိဈေးမှာ အနိမ့်ဈေးဖြစ်နေသောကြောင့်တက်ဈေးကိုမျှော်ကာဝယ်ယူသူများနေသည့်ဈေးကွက်ဖြစ်နေသည်။

ကမ္ဘာ့ရွှေဈေးနှုန်းသည်ပြီးခဲ့သည့်လကုန်ပိုင်းတွင်တစ်အောင်စလျှင် ၁,၆၅၀ ဒေါ်လာ ဝန်းကျင်ဈေးရှိနေရမှ ယခုရက် ပိုင်း၌ ၁,၆၂၀ ဒေါ်လာထိ ကျဆင်းနေကြောင်းသိရသည်။ ထို့ကြောင့် ပြည်တွင်းရွှေဈေးနှုန်းများမှာလည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၁၈,၀၀၀ ကျပ်ထိ စတင်ကျဆင်းနေပြီဖြစ်သည်။ ၁၅ပဲရည်ဈေးနှုန်းမှာလည်း တစ်ကျပ်သားလျှင် ၆၇၈,၀၀၀ ကျပ်ထိ ကျဆင်းနေပြီဖြစ်သည်။

ကမ္ဘာ့ရွှေဈေးကြောင့် ကျဆင်းနေသော ပြည်တွင်းရွှေဈေးကွက်မှာ လတ်တလောတွင် ဈေးနှုန်းအတက်အကျခန့်မှန်းရ ခက်နေကြောင်း ရွှေလုပ်ငန်းရှင်တစ်ဦး ကပြောသည်။ သို့သော် ရွှေဈေးကျဆင်းနေသည်တိုင် လတ်တလောတွင် ပြည်တွင်းရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ၇၀၀,၀၀၀ ကျပ်အောက်သို့ ကျဆင်းနိုင်ခြင်း မရှိသေးကြောင်း ရွှေလုပ်ငန်းရှင်တစ်ဦးကခန့်မှန်းပြောကြားသည်။



7DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012

## ပြည်တွင်းကုမ္ပဏီများအပေါ် ကောက်ခံသည့် ဝင်ငွေခွန် ၅ ရာခိုင်နှုန်း လျှော့ချ

ကိုကိုကြီး

**ရန်ကုန်၊ မတ်-၂၈**

ပြည်တွင်းကုမ္ပဏီများ လက်ရှိပေး ဆောင်နေရသည့် ဝင်ငွေခွန်အပေါ် ၃၀ ရာခိုင်နှုန်းအစား လာမည့် ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ၂၅ ရာခိုင်နှုန်းသာ ပေးဆောင်ရန် သတ်မှတ်လိုက်ကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ဝင်ငွေခွန်ဆိုင်ရာ ထုတ်ပြန်ချက်အရသိရသည်။

“နိုင်ငံတကာနဲ့ နှိုင်းယှဉ်ရင် သက်သာတဲ့နှုန်းဖြစ်တယ်။ အခု အိမ်နီးချင်း အာဆီယံနိုင်ငံတွေမှာ ၃၅ ရာခိုင်နှုန်းဆိုတာ အနည်းဆုံးပဲ။ တခြားနိုင်ငံတွေမှာဆောင်ရတဲ့ အခွန်ကတော့ ၂၅ ရာခိုင်နှုန်းထက် မလျော့ဘူး။ အနည်းဆုံး သတ်မှတ်တဲ့ နိုင်ငံတွေထဲမှာပါတယ်။ အဲဒီအတွက်ကုမ္ပဏီတွေကလည်း အခွန်ရှောင်မနေဘဲ အခွန်ပေးဆောင်သင့်တယ်”ဟု ဦးဟန်ထွန်း (အခွန်)က ပြောသည်။



## မြန်မာ-လာအိုဆက်သွယ်မည့် မဲခေါင်တံတား တည်ဆောက်ရန်သဘောတူ

**မတ် – ၂၃**

မြန်မာနှင့်လာအိုနိုင်ငံတို့သည်နှစ်နိုင်ငံကူးလူးဆက်သွယ်နိုင်မည့် ပထမဆုံးမဲခေါင်မြစ်ကူးတံတားကို ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် တည် ဆောက်သွားရန်သဘောတူပြီးဖြစ်ကြောင်း လာအိုမီဒီယာများကသတင်းဖော်ပြထားသည်။

ချစ်ကြည်ရေးတံတားတည်ဆောက်ရေး နှစ်နိုင်ငံသဘောတူညီချက်ကို ယခုလ ၂၂ ရက်က မြန်မာနိုင်ငံတော်သမ္မတဦးသိန်းစိန် လာအိုနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိစဉ် ဗီယန်ကျင်းမြို့၌ လက်မှတ်ရေးထိုးခဲ့ကြောင်း ဗီယန်ကျင်းတိုင်းမ်သတင်းစာတွင်ဖော်ပြထားသည်။

လာအို၊မြန်မာနှစ်နိုင်ငံအနေဖြင့်စက်မှုလုပ်ငန်းများပိုမိုပူးပေါင်းဆောင်ရွက်ရေး၊လယ်ယာစိုက်ပျိုးရေးနှင့်သတ္တုတွင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်လုပ်ဆောင်မည်ဖြစ်ကြောင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်က ပြောကြားခဲ့ကြောင်း လာအိုမီဒီယာများတွင် ဖော်ပြထားသည်။

ကုန်းပတ်လည်ဝန်းရံလျက်ရှိသောလာအိုနိုင်ငံသည်ပြီးခဲ့သည့်နှစ်များက ဖွံ့ဖြိုးတိုးတက်မှုနှုန်းနှစ်စဉ် ၇ ရာခိုင်နှုန်းသာရှိပြီး ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့(World Trade Organization)အဖွဲ့ဝင်ဖြစ်လာရေးရည်မှန်းထားသည်ဟုလာအိုအစိုးရ၏ထုတ်ပြန်ချက်များအရ သိရသည်။

မဲခေါင်ဒေသနိုင်ငံများတွင် မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့ပါဝင်ပြီး မြန်မာနှင့်ချိတ်ဆက်သော မဲခေါင်မြစ်ကူးတံတားပထမဆုံးအဖြစ် ပေါ်ပေါက်လာတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံတော်သမ္မတဦးသိန်းစိန်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယခုလ ၂၀ ရက်က ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့်လာအိုနိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

## မြန်မာကြက်သွန်နီ အိန္ဒိယနှင့်အပြိုင် ဈေးမချနိုင်၍ ပြည်ပအဝယ် ရပ်ဆိုင်း



**ပြည်သိမ်း**

**ရန်ကုန်၊ မေ – ၄**

ပြည်ပဈေးကွက်သို့ ကြက်သွန်နီတင်ပို့ရာတွင် အိန္ဒိယနိုင်ငံနှင့် မယှဉ်ပြိုင်နိုင်၍ တန်ချိန်အနည်းငယ်သာ တင်ပို့နိုင်ကြောင်း ပို့ကုန်လုပ်ငန်းရှင်များကပြောသည်။

အိန္ဒိယ ကြက်သွန်နီမှာ ပြည်ပဈေးကွက်တွင် တစ်တန်လျှင် ကန်ဒေါ်လာ ၁၅၀ ဝန်းကျင်သာရှိသည်။ မြန်မာ့ကြက်သွန်မှာ တစ်တန်လျှင် FOB (ဆိပ်ကမ်းအရောက်ဈေး) ကန်ဒေါ်လာ ၂၇၅ ဝန်းကျင်သာရောင်းနိုင်သည်။ ထို့ကြောင့် ပြည်ပမှ ကြက်သွန်ကုန်သည်များက မြန်မာ့ကြက်သွန်နီ မှာယူမှုကို ဆိုင်းငံ့ထားကြောင်း ပို့ကုန်လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

“ပြည်တွင်းဈေးနဲ့မကိုက်လို့ ထိတ်ထိတ်ကြဲကုမ္ပဏီကြီးတွေတောင်မပို့နိုင်ဘူး။ ကုမ္ပဏီတစ်ခု၊ နှစ်ခုပဲ တန်ချိန်နည်းနည်းပို့နိုင်တယ်”ဟု အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

ယခုနှစ် ဇန်နဝါရီလလယ်မှ ဧပြီလဆန်းအထိ ပြည်ပသို့ကြက်သွန်နီတင်ပို့မှုမှာ တန်ချိန် ၂၂၀၀ သာရှိသေးသည်။ ပြည်ပဈေးကွက်သို့ ကြက်သွန်နီတင်ပို့မှုမှာ နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ် ရေကြောင်း နှစ်ခုပေါင်းမှ တစ်နှစ်လျှင် တန်ချိန် ၃၀,၀၀၀ တင်ပို့နိုင်သည်။

ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင် ကြက်သွန်နီဈေးသည် အမျိုးအစားပေါ် မူတည်၍ တစ်ပိဿာလျှင် ကျပ် ၃၀၀ မှ ၄၀၀ ကျော်ကြားရှိသည်။ ကြက်သွန်စိုက်ပျိုးသည့် နယ်မြို့များတွင်မူ တစ်ပိဿာလျှင် ကျပ် ၂၀၀ မှ ၃၀၀ ကြားသာ ဈေးရှိသည်။

“ဒီနှစ် ကြက်သွန်နီစိုက်တောင်သူတွေက အထွက်နှုန်းလည်းနည်းတယ်။ ဈေးလည်းမရဘူး။ အများစုက အရင်းလောက်ပဲပြန်ရတယ်”ဟု မြစ်သားမြို့နယ်မှ ကြက်သွန်စိုက်ပျိုးရောင်းချသူတစ်ဦးက ဆိုသည်။

ယခုနှစ် မြန်မာ့စိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်းများသည် ထိခိုက်ပျက်စီးမှုများပြီး ဈေးနှုန်းလျော့နည်းမှုကြောင့် တောင်သူလယ်သမားများ အခက်အခဲနှင့် ကြုံတွေ့ရသည်။ စပါးစိုက်ပျိုးချိန်တွင် ရေနစ်ပြီး မျိုးစပါးများ ဆုံးရှုံးခြင်း၊ စပါးပေါ်ချိန်တွင်လည်း မိုးပြတ်သွားသဖြင့် ရေငတ်ပြီး စပါးအထွက်နှုန်းများ လျော့ကျခဲ့သည်။ စပါးဈေးများလည်း ကျဆင်းခဲ့သဖြင့် လယ်သမားများ အကြွေးပင် မဆပ်နိုင်ပေ။

ဆောင်းသီးနှံအဖြစ် ပဲမျိုးစုံကို စိုက်ပျိုးရာတွင်လည်း ပိုးမွှားဖျက်ဆီးမှုကြောင့် သီးနှံထွက်မှုလျော့ကျခဲ့သည်။ ပဲမျိုးစုံဈေးကွက် ရောင်းချချိန်တွင်ဈေးနှုန်းမကောင်းသဖြင့် လယ်သမားများမှာ အခက်အခဲနှင့်ရင်ဆိုင်နေရသည်။

“ဒီနှစ် အခြေအနေကိုကြည့်ရရင် စိုက်ပျိုးရေးထုတ်ကုန်ဈေးကွက်မှာ အိန္ဒိယနိုင်ငံက အဓိကအတားအဆီးတစ်ခုပဲ” ဟု ဝါးခယ်မရောင်းဝယ်ရေး ဆန်အထူးပြုကုမ္ပဏီမှ ဥက္ကဋ္ဌဒေါက်တာစိုးထွန်းကဆိုသည်။

၂၀၁၁ မိုးစပါးပေါ်ချိန်တွင် အိန္ဒိယနိုင်ငံက ဈေးလျှော့ရောင်းချမှုကြောင့် မြန်မာ့ဆန်ဈေးကွက်မှာ အဝယ်လျော့ကျခဲ့ပြီး ဈေးနှုန်းများကျဆင်းလာသည်။ အိန္ဒိယနိုင်ငံသည် အာဖရိကဈေးကွက်သို့ မဝင်ရောက်ချိန်က မြန်မာ့ဆန် ၂၅ မှတ်မှာ တစ်တန်လျှင် FOB ကန်ဒေါ်လာ ၄၂၀ အထိရခဲ့သည်။ အိန္ဒိယနိုင်ငံမှအရန်ဆန်များထုတ်ရောင်းချိန်တွင် မြန်မာ့ဆန်မှာ တစ်တန်လျှင် ကန်ဒေါ်လာ ၃၅၀ အောက် ကျခဲ့ရသည်။

ယင်းကဲ့သို့ပင် အိန္ဒိယနိုင်ငံသည်၎င်း၏ငွေတန်ဖိုး(ရူပီး)ငွေကို ကန်ဒေါ်လာနှင့် လဲလှယ်နှုန်း ၁၅ ရာခိုင်နှုန်းလျှော့ချခဲ့သည်။ ပို့ကုန်လုပ်ငန်းများတွင် အားသာသွားသော်လည်း သွင်းကုန်များတွင် တန်ဖိုးမြင့်တက်သွားသည်။ ထို့အပြင် ပဲအတွက်မှာလည်း အိန္ဒိယနိုင်ငံတွင် ပုံမှန်ရှိသဖြင့် မြန်မာပဲမျိုးစုံ ဝယ်ယူမှုအားနည်းပြီး ဈေးကောင်းရခြင်းများကြုံခဲ့ရသည်။

### စာ(၃၃) - သကြန်ပြီး အိန္ဒိယက ပဲဝယ်ယူမှုများနိုင်ဟုဆို မှ

ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

လက်ရှိတွင် ပြည်တွင်းဈေးကွက်၌ ပဲမျိုးစုံဈေးနှုန်းသည် အနည်းငယ် ပြန်တက်လာသည်။ ယခင်လက ပြည်တွင်း၌ မတ်ပဲသည် FAQ အမျိုးအစားကို FOB တစ်တန်လျှင် ၃၈၅,၀၀၀ ကျပ်သာရှိသည်။ ယခုရက်ပိုင်းတွင် တစ်တန်လျှင် ၄၀၀,၀၀၀ ကျပ်ထိ ဈေးတက်လာသည်။

ယင်းကဲ့သို့ပင် မတ်ပဲအစုမှာလည်း တစ်တန်လျှင် ၄၅၅,၀၀၀ ကျပ်ဈေးဖြစ်လာသည်။ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့မှာတော့ ပေါ်စရာသီကထက် ဈေးနှုန်းကျဆင်းနေသည်။ စတင်ပေါ်ချိန်က ပဲစင်းငုံတစ်တန်လျှင် ၅၁၀,၀၀၀ ကျပ်ရှိရာမှ ယခုရက်ပိုင်းတွင် ၄၃၄,၀၀၀ ကျပ်၊ ၄၃၅,၀၀၀ ကျပ်သာဈေးရှိသည်။ ပဲတီစိမ်းမှာလည်း ပိဿာ ၆၀ တစ်အိတ်လျှင် ၆၄,၀၀၀ ကျပ်မှ ၆၁,၅၀၀ ကျပ်ထိ ဈေး ကျနေကြောင်း ပြည်ပသို့ ပဲတင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

“ပဲက မထွက်၊ ပဲဈေးက ကျဆိုတော့ လယ်သမားတွေအတွက် မလွယ်ဘူး။ ပဲအတွက်ကလည်း ဒီနှစ် တော်တော်နည်းတယ်”ဟု အထက်ပါလုပ်ငန်းရှင်က ရှင်းပြသည်။

ယခုနှစ်ရာသီဥတုနှင့် ပိုးမွှားအန္တရာယ်ကြောင့် တစ်နိုင်ငံလုံး ပဲအထွက်မှာ ၃၅ ရာခိုင်နှုန်းလောက်လျော့နည်းနိုင်ကြောင်း မြန်မာနိုင်ငံ ပဲ၊ နှမ်းအသင်းမှ ကြိုတင်ခန့်မှန်းထားသည်ကိုသိရသည်။ ပြည်တွင်း၌ ဧကအများဆုံး စိုက်ပျိုးသည့် မတ်ပဲမှာ နှစ်စဉ် တန်ချိန်ခြောက်သိန်းကျော်မှ ယခုနှစ်တွင် တန်ချိန်လေးသိန်းကျော်ထိ လျော့နည်းမည်ဟု အဆိုပါအသင်းမှ သိရသည်။ ယင်းကဲ့သို့ပင် ပဲစင်းငုံနှင့်ပဲတီစိမ်းမှာလည်း တန်ချိန်သုံးသိန်းကျော်မှ နှစ်သိန်းကျော်ထိ လျော့နည်းမည်ဟု ကြိုတင်ခန့်မှန်းထားသည်။

# 7DAY BOOK REVIEW

## ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း




အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမာလာဘိဝံသ ၂၀၁၀ ပြည့်နှစ်အတွင်း ဟောကြားတော်မူခဲ့သည့်တရားတော်များကိုစုစည်း၍ စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေခြင်းဖြစ်သည်။ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော ပဋိစ္စသမုပ္ပါဒ်နှင့် ပဋ္ဌာန (ပဋ္ဌာန်းကျမ်းကြီး)ကို အဋ္ဌကထာအား အမှီပြု၍ သာမန် အရပ်သူ၊ အရပ်သားများ အလွယ်တကူရှင်းလင်းသဘောပေါက်စေရန် ဥပမာ၊ ဥပမေယျတို့ဖြင့် ဟောကြားရေးထားသည်ဖြစ်၍ စာဖတ်သူအနေဖြင့် ပြန်လှန်စဉ်းစားခြင်းဖြင့် နားလည်စေမည့်စာအုပ်ဖြစ်သည်။ စာအုပ်တွင် အပိုင်း(၁၃)ပိုင်းပါဝင်ပြီး တရားခွေနားထောင်ရခြင်းထက် ယခုလိုလုံးစေ့ပတ်စေ့ဖတ်ရှုရသည်မှာ စာတစ်ကြောင်းစီကို နားမလည်မချင်းအထပ်ထပ်ဖတ်ရှုခြင်းဖြင့် အကျိုးရှိစေမည့်တရားတော်များဖြစ်သည်။ စာမျက်နှာ ၄၀၀ ကျော် စက္ကူသားကောင်းကောင်းဖြင့် ပုံနှိပ်ထုတ်ဝေထားပြီး တန်ဖိုး ၂,၅၀၀ ကျပ်ဖြင့်ဖြန့်ချိသည်။

## ရေကန်သာ ကြာတိုင်းအေး

(နေဝင်းမြင့်)




၂၀၁၀ ခုနှစ် ဘာသာပြန် (ရသ)အမျိုးသားစာပေဆုရရှိခဲ့သည့်စာအုပ်ဖြစ်သည်။ ရွှေအမြုတေမဂ္ဂဇင်း၌ အခန်းဆက်ဝတ္ထုရှည်ကြီးအဖြစ် ဖော်ပြစဉ်ကပင် စောင့်မျှော်ဖတ်ရှုကြရသည့်စာအုပ်ဖြစ်ပြီး ပထမအကြိမ် တစ်ပေါင်းတစ်စည်းတည်း ထုတ်ဝေစဉ်အခါကလည်း ဈေးကွက်ထဲပြတ်လပ်အောင် ဝယ်ယူဖတ်ရှုခံရသည့်စာအုပ်ဖြစ်သည်။ ကုန်းဘောင်ခေတ်နောက်ဆုံးမင်းဆက် သီပေါမင်းတရားနှင့် စုဘုရားလတ်တို့ မန္တလေးမှ အိန္ဒိယနိုင်ငံရှိရတနာဂီရိသို့ပို့ဆောင်ခံရပြီး ရတနာဂီရိ၌ စံတော်မူနေစဉ် အတွင်း နန်းကျမင်းတစ်ပါး၏ဘဝကို ဝတ္ထုဟန်ဖြင့် ရသစွက်ကာ အသေးစိတ်ခြယ်မှုန်းထားသည့်စာအုပ်ဖြစ်သည်။ မူရင်းစာရေးဆရာ အိန္ဒိယနိုင်ငံသား အမီတာ့ဗ်ဂို့ရှ်သည် ယခုဝတ္ထုကို The Glass Palace ဟု အမည်ပေးခဲ့သော်လည်း ဘာသာပြန်ဆိုသူက တိုက်ရိုက်မပြန်ဘဲ နီးစပ်သည့် ခံစားမှုချင်းနှိုင်းယှဉ်ကာ ကုန်းဘောင်ခေတ် ပခန်းမင်းသားကြီး၏ အောင်မြေသာစံပတ်ပျိုးထဲမှ **ရေကန်သာကြာတိုင်းအေး** ဆိုသည့် စကားလုံးတွဲကိုယူ၍ အမည်ပေးခဲ့ခြင်းဖြစ်သည်။ ဥဒယကျေးရွာစာပေက တန်ဖိုး ၆,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## အိုင်ဒီယိုလိုဂျီ (မင်းခက်ရဲ)

'အိုင်ဒီယိုလိုဂျီဆိုတာ ပြင်းထန်တဲ့ စိတ်လှုပ်ရှားတုံ့ပြန်မှုတွေ ဖြစ်ပေါ်လာအောင် နှိုးဆွပေးနိုင်တဲ့စကားလုံးတစ်လုံးပါပဲ' အစချီ၍ ထွက်ရှိလာသည့်စာအုပ်ဖြစ် သည်။ အောက်စဖို့ဒ်စာအုပ်တိုက်ထုတ် Very Short Introduction ကဏ္ဍတွင် ဖော်ပြခဲ့သော အိုင်ဒီယိုလိုဂျီပညာရပ်နှင့်ပတ်သက်သည့် မိတ်ဆက်မှုနိဒါန်းစာအုပ်ဟုလည်းဆိုနိုင်သည်။ ယခုစာအုပ်သည် သာမန် 'နိဒါန်း' စာအုပ်များနှင့်မတူကြောင်း၊ မိတ်ဆက်နိဒါန်းစာအုပ် များ၌ တွေ့ရလေ့ရှိသော အလွန်အကျွံခြုံငုံဖော်ပြခြင်းနှင့် အစွန်းရောက်အနက်ယူတင်ပြခြင်းတို့မှ ကင်းလွတ်အောင် ရေးသားထားသည့်အပြင် အိုင်ဒီယိုလိုဂျီအပေါ် လေ့လာမှုပညာရပ်၏ နယ်နိမိတ်နှင့်သဘောသဘာဝတို့ကို အပြည့်အဝနားလည်စေမည်ဖြစ်ကြောင်း စာရေးသူမင်းခက်ရဲက ရေးသားထားသည်။ မူရင်းစာရေးဆရာမှာ ယင်း Very Short Introduction ကဏ္ဍတွင် ပင်တိုင်ရေးခဲ့သူ မိုက်ကယ်ဖရီဒမ်ဖြစ်ပြီး ယခု ဘာသာပြန်ဆိုမှုစာအုပ်ကို စံမီရာစာအုပ်တိုက်က တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။




# Knowledge ဗဟုသုတ

## နံနက်စောစောမှာ ငှက်တွေဘာကြောင့် အော်မြည်လေ့ရှိတာလဲ

ငှက်များကျည်ကျည်ကျာကျာမြည်ခြင်း၊ သီချင်းဆိုခြင်းမှာ အချင်းချင်းဆက်သွယ်ခြင်းအတွက်ပြုလုပ်လေ့ရှိခြင်းဖြစ်သည်။ သီချင်းဆိုခြင်း၊ အော်မြည်ခြင်းများကို ငှက်ဖိုများကပြုလုပ်လေ့ရှိကြပြီး ငှက်မများကိုဆွဲဆောင်နိုင်ရန်နှင့် ၎င်းတို့ပိုင်နက်နယ်မြေကို ကြေညာရာတွင် ပြုလုပ်လေ့ရှိသည်ဟုဆိုသည်။


ငှက်ဖိုများသည် နေ့စဉ်နေ့တိုင်းစောနိုင်သမျှစောအောင်ထကာ ၎င်းတို့နိုးကြားတက်ကြွနေပြီး ဘေးအန္တရာယ်မှကာကွယ်နိုင်ရန်အသင့်အနေအထားရှိကြောင်း လူတိုင်းသိရှိနေစေရန်အတွက်ပြုလုပ်လေ့ရှိကြခြင်းဖြစ်သည်။ စိတ်ဝင်စားဖွယ်အချက်တစ်ချက်မှာ ငှက်မြည်သံများမှာအတူတူဟုယူဆရသော်လည်း ငှက်မျိုးတစ်မျိုးစီတွင်ပြိုင်ဘက်ကင်းပြီး တစ်မူထူးခြားသောအသံကိုယ်စီရှိပြီး အခြားငှက်များလည်းနားလည်နိုင်စွမ်းရှိသည်ဟုသိရသည်။ ဝေလီဝေလင်းအချိန်သည် အခြားသောအချိန်များထက် ပိုမိုဆိတ်ငြိမ်ခြင်းကြောင့်လည်း နံနက်စောစောထကာအော်မြည်ရခြင်းလည်းဖြစ်သည်ဟုဆိုသည်။

—Source: wikianswers.com

# တစ်ပတ်တာကံကြမ္မာ

ဧပြီ ၁၁ ရက် မှ ၁၇ ရက် အထိ

စံဇာဏီဘို




### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ငွေကြေးလက်ပြောင်းလက်လွှဲကိစ္စများကို သတိနှင့် ဆောင်ရွက်ပါ။ ထူးခြားသော ကံကောင်းခြင်းနှင့် လုပ်ငန်းအဆင်ပြေခြင်းများ ရှိနေပါမည်။ ခရီးနှင့်ပတ်သက်သောကိစ္စရပ်များ အဆင်ပြေမည်။ အင်္ဂါနံ စက်ပစ္စည်း အဝင်မတော်ပါ။ လူယုံထား၍ မကောင်း၊ ကိုယ်တိုင်လုပ်မှ အဆင်ပြေမည်။ ငွေကြေးနှင့်ပတ်သက်သောကံကောင်းမည်။ အခက်အခဲများကို ဖြေရှင်းနိုင်မည်။ ရည်မှန်းချက်များအောင်မြင်မည်။




### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

လူမှုရေးရာကိစ္စတွင် ကြုံတွေ့နေရသောအညံ့အဆိုးများမှ ကင်းဝေးသွားပါမည်။ သူတစ်ပါးအပေါ် ထားရှိသောစိတ်ကောင်းစေတနာနှင့် မေတ္တာ၏ ရောင်ပြန်ဟပ်မှုများကို ခံယူရမည်။ ကာလကြာမြင့်စွာ စောင့်စားထားသည်များမှ ကောင်းကျိုးရရှိပေမည်။ ကျန်းမာရေးကို ပေါ့ဆမိ၍ ဆေးရုံ၊ ဆေးခန်းရောက်တတ်သည်။ မထင်မှတ်သောခရီးမှအပြန် ချမ်းမြေ့ဖွယ်သတင်းစကားများကြားရမည်။




### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ထူးခြားသောအပြောင်းအလဲနှင့် တိုးတက်မှုများကို ရရှိသောကာလဖြစ်သည်။ ခရီးနှင့်ပတ်သက်သည်များ အဆင်ပြေချောမွေ့မည်။ တစ်ကြိမ်မှ လုပ်ဖူးခြင်းမရှိသော လမ်းသစ်၊ ပုံစံသစ်များနှင့် တိုးတက်မှုအဆင့်ဆင့်ကြုံတွေ့မည်။ ငွေကြေးနှင့်ပတ်သက်သောကံကောင်းမည်။ ထူးခြားသောစိတ်ကူးသစ်များကို လက်တွေ့ဆောင်ရွက်နိုင်မည်။ နေရာထိုင်ခင်းကိစ္စ၊ ငွေကြေးကိစ္စများ ဆောင်ရွက်တိုးတက်မည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

တစ်ခုထက်မကသော လုပ်ငန်းများကို တစ်ပြိုင်တည်း ဆောင်ရွက်ရသောအနေအထားရှိပါသည်။ စိတ်ရှုပ်စရာများ ကြုံပြီးမှ လိုရာဆန္ဒပြည့်ဝမည်။ စကားများရမည်။ အတိုက်အခံများကြုံတွေ့မည်။ မိမိနှင့် သူတစ်ပါးအကြား အယူအဆမတူညီမှုများဖြစ်မည်။ ရသင့်လျက် ကြန့်ကြာနေသည်များ လက်ဝယ်ပြန်လည်ရရှိနိုင်သော ကာလဖြစ်သည်။ အရပ်တစ်ပါးနှင့်တိုက်ရိုက်ဆက်သွယ်ပြီး လုပ်ကိုင်ခြင်းမှ အကျိုးကောင်းရမည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

တစ်ဦးတည်း လုပ်ခြင်းထက် တစ်ပါးသူနှင့် ညှိနှိုင်းလုပ်ကိုင်ခြင်းကြောင့် ပိုမိုအဆင်ပြေမည်။ စုပေါင်းလုပ်ကိုင်သောကိစ္စများ အဆင်ပြေမည်။ ငွေကုန်များတတ်သည်။ လုပ်ငန်းချဲ့ထွင် လုပ်ကိုင်ရတတ်သည်။ မိသားစုအတွင်းမှ သက်ကြီးဝါကြီးများ၏ ကျန်းမာရေးကိုသတိရှိပါ။ သူတစ်ပါး အလှူ၊ မင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရကိန်းရှိသည်။ အရာရာကို တစ်ကြိမ်မက ရှုမြင့်သုံးသပ်ပြီးမှ လုပ်ကိုင်အောင်မြင်မည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ထူးခြားသောအပြောင်းအလဲနှင့် တက်လမ်းပွင့်မည်။ ရည်မှန်းထားသည်များ အောင်မြင်မည်။ ငွေကြေးနှင့်ပတ်သက်၍ ဆောင်ရွက်အဆင်ပြေမည်။ နေအိမ်နေရာ၊ လုပ်ငန်းနေရာသစ်များနှင့် ဆက်ဆံအကျိုးပေးသောကာလဖြစ်သည်။ မိသားစုနှင့်ပတ်သက်သော လုပ်ငန်းအကြံအစည်များ အောင်မြင်မည်။ နေရာထိုင်ခင်းပြုပြင်ခြင်း၊ ပြောင်းလဲခြင်းများတွေ့ကြုံမည်။ အရေးကြီးသောဆုံးဖြတ်ချက် အဆင်ပြေမည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

စိတ်ခံစားချက်ကို ဦးစားပေးမည်။ အကျိုးအကြောင်း ဆင်ခြင်သုံးသပ်မှုကို အလေးမပေးဘဲ ထင်ရာစိုင်းတတ်သောကြောင့် စိတ်အနှောင့်အယှက်ရှိတတ်သည်။ မိမိနှင့် ဆက်ဆံရသူများ၏ ခေါင်းမာမှု၊ မိုက်မဲမှု၊ မိုက်ရူးရဲဆန်ဆန်လုပ်မှုများကြောင့် မိမိတိုးတက်မှုများ ပျက်ယွင်းတတ်သည်။ ပစ္စည်းပျောက်တတ်သည်။ ငွေကြေးနှင့်ပတ်သက်ပြီး အပေးအယူ မှားယွင်းတတ်သည်။ ပစ္စည်းပျောက်တတ်သည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အခါတိုင်းထက်ပို၍ အထီးကျန်ဆန်နေတတ်သည်။ ကျယ်ပြန့်သောဝန်းကျင်၊ များစွာသောမိတ်ဆွေများရှိလင့်ကစား တစ်ပါးသူနှင့် ပူးပေါင်းလုပ်ခြင်း၊ သူတစ်ပါးအပေါ် မှီခိုခြင်းကင်းစွာဆောင်ရွက်နိုင်ပါသည်။ တစ်ပါးသူ အကူအညီကို မမျှော်လင့်ပါနှင့်။ ကိုယ်တိုင် အပင်ပန်းခံလုပ်ခြင်း၏ အကျိုးဆက်ကို အထင်အရှားပိုင်ဆိုင်မည်။ ကံကောင်းသောကာလဖြစ်လင့်ကစား အခက်အခဲများကြုံပြီးမှ အဆင်ပြေမည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ခက်ခဲသောပြဿနာများ ဖြေရှင်းရမည်။ သူတစ်ပါးနှင့်မတူသော ရှုထောင့်မှ ဆောင်ရွက်ရင်း တိုးတက်သောအနေအထား အဆင့်ဆင့်ရပေမည်။ ကျန်းမာရေးသတိပြုပါ။ ငွေများစွာ မြှုပ်နှံခြင်းမပြုသင့်ပါ။ မြှုပ်ထားသည့်ငွေများ ပြန်ဖော်သင့်၏။ စုဆောင်းငွေများ ထုတ်ယူသုံးစွဲခြင်းမပြုသင့်ပါ။ အရာရာ အံချော်နေမည်။ မိမိဝယ်ယူသောပစ္စည်းများ ဈေးကြီးမိတတ်သည်။ အလောတကြီး ရောင်းဝယ်ခြင်း မပြုသင့်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ကြိုတင်ကြံစည်ထားခြင်း မရှိဘဲ လုပ်လိုက်သည့်ကိစ္စများမှ ကောင်းစွာအကျိုးသက်ရောက်မှုရှိမည်။ စိတ်အေးချမ်းမည်။ အလိုပြည့်မည်။ အိပ်မက်ပင် မမက်ဖူးသော အပြောင်းအလဲများ မိမိကိုယ်တိုင်တွင်လည်းကောင်း မိသားစုတွင်လည်းကောင်း မရည်ရွယ်ထားဘဲ အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ ငွေစတင်မြှုပ်နှံခြင်းများ ပြုရအံ့။ လူသစ်များနှင့် ဆက်ဆံရမည်။ ခက်ခဲမှုရှိလင့်ကစား အဆုံးတွင်အောင်မြင်မည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အလွန်သတိရှိရမည်။ အထင်အမြင်မှားမှုများအား ဖြေရှင်းရမည်။ ဦးတည်လိုက်တိုင်း အဖျက်အနှောင့်အယှက်၊ အပြိုင်အဆိုင် ဒုက္ခပေးသူများ ပတ်လည်ဝိုင်းနေတတ်သည်။ အမှားတစ်စုံတစ်ရာ ကျူးလွန်ကချောက်ချ၊ ကဲ့ရဲ့မည့်သူများနှင့် ဆက်ဆံနေရမည်။ ရောင်းခြင်း၊ ဝယ်ခြင်း၊ မြှုပ်နှံခြင်းများလျှော့ပါ။ ငွေကြိုပေးခြင်းများ မပြုရ။ အာမခံခြင်း၊ တာဝန်ယူခြင်းများ ရှောင်ပါ။ လုပ်သမျှ အောင်မြင်ခြင်းကံပွင့်၏။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ကျန်းမာရေးသတိရှိပါ။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများ ပါဝင်ပတ်သက်ရမည်။ လုပ်ငန်းဟောင်းများကိုရပ်တန့်၍ လုပ်ငန်းသစ်များ စတင်ဆောင်ရွက်နိုင်သော အနေအထားရှိပါသည်။ သူတစ်ပါးကိစ္စများ မိမိပါဝင်ပတ်သက်ဖြေရှင်းရမည်။ အခက်အခဲများ ကြီးထွားမလာအောင် ထိန်းသိမ်းပါ။ ငွေလက်လွှန်မှုကိုအထူးသတိပြုပါ။ ပြဿနာများ ဖြစ်ပေါ်လာပါက ချက်ချင်းဖြေရှင်းပါ။

7DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012



# ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌသစ် ရွေးချယ်ရာဝယ်

**ကြည်နှေဝင်းမင်း**

ကမ္ဘာကြီးသည်လမ်းဆုံ လမ်းခွတစ်ခုတွင် ရောက်နေပါသည်။ ကမ္ဘာလုံးဆိုင်ရာ လူ့အဖွဲ့အစည်းအနေဖြင့် ရာသီဥတုပြောင်းလဲမှု၊ အရင်းအမြစ်များ ပြုန်းတီးမှုနှင့် ဆင်းရဲမွဲတေမှုကို အတူတကွပူးပေါင်း၍ တိုက်ဖျက်လျှင်တိုက်ဖျက်၊သို့မဟုတ်ပါက အရင်းအမြစ်လုတိုက်ပွဲများ၊ နိုင်ငံရေးမတည်မငြိမ်မှုနှင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးခြင်းခေတ်နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

ကမ္ဘာ့ဘဏ်သည် စနစ်တကျဦးဆောင်မှုရရှိပါက အထက်ပါခြိမ်းခြောက်မှုများနှင့် ၎င်းတို့မှထွက်ပေါ်လာသောအန္တရာယ်များကိုဖြေရှင်းရှောင်လွှဲနိုင်ရန် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်ပါသည်။ ထို့အတွက် ဇူလိုင်လကုန်တွင် သက်တမ်းကုန်ဆုံးမည့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ရောဘတ်ဇိုးလစ်အား ဆက်ခံရန် ကမ္ဘာ့ဘဏ်အဖွဲ့ဝင် ၁၈၇ နိုင်ငံက ဥက္ကဋ္ဌသစ်ရွေးချယ်ရာတွင် ကမ္ဘာတစ်ဝန်းလောင်းကြေးများ အလွန်မြင့်မားလျက်ရှိသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများဖော်ဆောင်နိုင်ရန် ၁၉၄၄ ခုနှစ်တွင် ကမ္ဘာ့ဘဏ်အား ဖွဲ့စည်းခဲ့ပြီး ယခုဆိုလျှင် ကမ္ဘာ့နိုင်ငံတိုင်းလိုလိုမှာကမ္ဘာ့ဘဏ်အဖွဲ့ဝင်နိုင်ငံဖြစ်သည်။ ၎င်း၏ ပင်မတာဝန်မှာ ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲမွဲတေမှုကို လျှော့ချရေးနှင့် ကမ္ဘာ့ကြီး၏ဖွံ့ဖြိုးတိုးတက်မှုမှာ သဘာဝပတ်ဝန်းကျင်ဘက်ကကြည့်ပါကကြံ့ခိုင်ပြီး လူမှုရေးအရကြည့်ပါကအားလုံး ပါဝင်နိုင်အောင် ဖော်ဆောင်ရေးဖြစ်သည်။ ယင်းရည်မှန်းချက်များကိုအောင်မြင်အောင်စွမ်းဆောင်နိုင်ပါက လူသားသန်းထောင်ပေါင်းများစွာ၏ဘဝအခြေအနေကိုတိုးတက်စေရုံသာမက ဆင်းရဲမွဲတေမှု၊ ငတ်မွတ်ခေါင်းပါးမှုနှင့်ရှားရှားပါးပါးအရင်းအမြစ်များကိုလုရင်း ဖြစ်ပေါ်လာသည့် လူ့အသက်များပေးဆပ်ရသော ပဋိပက္ခများအား ကြိုတင်တားဆီးနိုင်မည်ဖြစ်သည်။

အမေရိကန်အရာရှိများကမူ ကမ္ဘာ့ဘဏ်မှာ အမေရိကန်နိုင်ငံ၏ နိုင်ငံခြားရေးပေါ်လစီနှင့် ကုန်သွယ်ရေးအကျိုးစီးပွားအတွက် ဆွဲဆန့်ထားသော အဖွဲ့အစည်းဟုအစဉ်အလာအားဖြင့် ရှုမြင်ကြသည်။ ကမ္ဘာ့ဘဏ်မှာလည်း အမေရိကန်သမ္မတ ရုံးထိုင်ရာ အိမ်ဖြူတော်ရှိသည့် ပင်ဆယ်ဗေးနီးယားလမ်းမကြီးပေါ်တွင် တည်ရှိပြီး လမ်းငယ်နှစ်လမ်းသာခြားသဖြင့်လည်း ယင်းအဖွဲ့အစည်းအားအမေရိကန်က လွှမ်းမိုးရန်အလွန့်အလွန် လွယ်ကူသည်။ ယခုအခါ ဘရာဇီး၊ တရုတ်၊ အိန္ဒိယနှင့် အာဖရိကနိုင်ငံများအပါအဝင်အဖွဲ့ဝင်နိုင်ငံ အများအပြားကလက်အောက်ငယ်သားများကို ပို၍စောင့်ရှောက်သောခေါင်း ဆောင်မှုနှင့်လူတိုင်းအတွက် အလုပ်ဖြစ်သော မဟာဗျူဟာချမှတ်ရေးကျယ်ကျယ်လောင်လောင် တောင်းဆိုလာကြပြီဖြစ်သည်။

ကမ္ဘာ့ဘဏ်အား စတင်တည်ထောင်သည်မှစ၍ ယခုအချိန်အထိ ပေထက် အက္ခရာ မတင်ထားသောဥပဒေသမှာဥက္ကဋ္ဌသစ်တိုင်းအား အမေရိကန်အစိုးရက ခန့်အပ်သည်ဟူ၍ ဖြစ်သည်။ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ (၁၁) ဦးစလုံးမှာ အမေရိကန်နိုင်ငံသားများဖြစ်သည်။ ၎င်းတို့ထဲမှ တစ်ဦးတစ်လေမှ ဘဏ်၏ ပင်မတာဝန် ဖြစ်သောစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် ကျွမ်းကျင်သူများမဟုတ်ကြ၊ သို့မဟုတ်ပါက ဆင်းရဲမွဲတေမှုကို တိုက်ဖျက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ရေရှည်ထိန်းသိမ်းနိုင်ရေးလုပ်ငန်းများတွင် ဇောက်ချလုပ်ကိုင်ခဲ့သူများမဟုတ်ကြ။ ထိုအစားဝေါလ်စထရိမှဘဏ်လုပ်ငန်းကျွမ်းကျင်သူများနှင့်



နိုင်ငံရေးသမားများကို အမေရိကန်က ရွေးချယ်ခဲ့သည်။ ယင်းမှာ ကမ္ဘာ့ဘဏ်၏ ပေါ်လစီများသည် အမေရိကန်၏ စီးပွားရေးနှင့် နိုင်ငံရေးအကျိုးစီးပွားများကို မဆန့်ကျင်နေစေရန် သေချာစေရန်ဖြစ်သည်။

သို့သော်ငြားလည်း ယင်းပေါ်လစီမှာ အမေရိကန်နိုင်ငံအတွက် ဘက်ကန်နေသလို ကမ္ဘာကြီးကိုလည်း ထိထိခိုက်ခိုက်နာကျင်စေပါသည်။ ခေါင်းဆောင်မှုထိပ်ပိုင်းတွင် မဟာဗျူဟာ နှံ့နှံ့စပ်စပ်ကျွမ်းကျင်မှု မရှိခြင်းမှာ ကြာမြင့်လာခဲ့ပြီဖြစ်ရာ ကမ္ဘာ့ဘဏ်တွင် ရှင်းလင်းပြတ်သားသည့် ဦးတည်ချက်မရှိပေ။ တာရှည်ထိန်းသိမ်းနိုင်သော ဖွံ့ဖြိုးတိုးတက်မှုဆိုသည်ထက်အမေရိကန်ကော်ပိုရေးရှင်းကြီးများ၏ အကျိုးစီးပွားကိုကာကွယ်သော ပရောဂျက်အများအပြားဖော်ထုတ်ခဲ့သည်။ ကမ္ဘာ့ဘဏ်ကဖွံ့ဖြိုးတိုးတက်မှု ပရောဂျက်အများအပြားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ သို့သော် ကမ္ဘာ့ပြဿနာအနည်းအကျဉ်းကိုသာ ဖြေရှင်းနိုင်ခဲ့ပါသည်။

အချိန်အလွန်ကြာမြင့်စွာကပင် ကမ္ဘာ့ဘဏ်ခေါင်းဆောင်ပိုင်းက အဆင်းရဲဆုံးနိုင်ငံများနှင့် အဆင်းရဲဆုံး ပြည်သူများနှင့် လုံးဝဥဿုံ လိုက်ဖက်မှုမရှိသော အမေရိကန်အတွေးအခေါ်များကို ချမှတ်ကျင့်သုံးခဲ့သည်။ ဥပမာအားဖြင့် ကမ္ဘာ့ဘဏ်သည် ၁၉၉၀ ခုနှစ်များအတွင်း ငှက်ဖျား၊ တီဘီရောဂါနှင့် အေအိုင်ဒီအက်စ် ကူးစက်ရောဂါ ပေါက်ကွဲမှုများကိုကိုင်တွယ်ရာတွင်ခြေမကိုင်မိလက်မကိုင်မိ ဖြစ်ခဲ့ပြီး ထိုရောဂါများကို ထိန်းချုပ်ရန်အတွက် အကူအညီရှာ၍ လူ သန်းပေါင်းများစွာ၏ အသက်ကို ကယ်တင်ပေးနိုင်ရန် ပျက်ကွက်နေခဲ့သည်။ ပို၍ ဆိုးသည်မှာ ကမ္ဘာ့ဘဏ်က ၎င်း၏ငွေကြေးအသုံးပြုခြင်းအတွက် နှုန်းထားတစ်ရပ်ကောက်ခံပြီး ကျန်းမာရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်ပြန်လည်ရယူရေးကို ထောက်ခံအားပေးခဲ့သည်။ ဤသို့ဖြင့် အသက်ကယ်တင်ရေး ကျန်းမာရေးစောင့်ရှောက်မှုမှာ အဆင်းရဲတကာ့အဆင်းရဲဆုံးလူများအတွက် လက်လှမ်းမမီဖြစ်ရတော့သည်။ ၂၀၀၀ ပြည့်နှစ်က တောင်အာဖရိကနိုင်ငံဒါဘန်မြို့တွင် ကျင်းပခဲ့သောအေအိုင်ဒီအက်စ်ထိပ်သီးဆွေးနွေးပွဲတွင် အထက်ပါရောဂါများကိုတိုက်ဖျက်ရန်အတွက် “Global Fund”ဟု ခေါ်သော ရန်ပုံငွေအသစ်တစ်ရပ်ကိုထူထောင်ရန်ကျွန်ုပ်တို့က ထောက်ခံအကြံပြုခဲ့သည်။ ယင်းမှာလည်း ကမ္ဘာ့ဘဏ်သည်၎င်း၏ပင်မတာဝန်ကို မေ့လျော့နေသည်ဟူသော အကြောင်းပြချက်ရိုးရိုးလေးအပေါ်အခြေခံ၍ အကြံပြုခဲ့ခြင်းဖြစ်သည်။ ထိုမှ အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါသုံးမျိုးတိုက်ဖျက်ရေး “Global Fund” ပေါ်ထွက်လာပြီး လူသန်းပေါင်းများစွာ၏ အသက်ကို ကယ်တင်နိုင်ခဲ့သည်။ အာဖရိကတိုက်တစ်တိုက်တည်းမှာပင် ငှက်ဖျားရောဂါကြောင့် သေဆုံးမှု ၃၀ ရာခိုင်နှုန်း လျော့ကျသွားခဲ့သည်။

အလားတူပင် ကမ္ဘာ့ဘဏ်သည် ဝမ်းစာအတွက်အဓိကစိုက်ပျိုးသောလယ်သမားငယ်များကို ပံ့ပိုးပေးရေးနှင့် အာဖရိက၊ အာရှနှင့် လက်တင်အမေရိကမှ ဆင်းဆင်းရဲရဲလယ်သမားများအတွက် ကျေးလက်ဘက်စုံ ဖွံ့ဖြိုးရေးတိုးတက်ရေးလုပ်ဆောင်ရန် အရေးပါသော အခွင့်အလမ်းများကို လက်လွှတ်ခဲ့သည်။ ကမ္ဘာ့ဘဏ်သည် စုစုပေါင်းနှစ်ပေါင်း ၂၀ ခန့် အကြမ်းအားဖြင့် ၁၉၈၅ မှ ၂၀၀၅ ခုနှစ်များအတွင်းဆင်းရဲသောလယ်သမားငယ်များအား အထောက်အပံ့ပေး၍သီးနှံအထွက်နှုန်းတိုးစေကာ ဆင်းရဲတွင်းမှရုန်းထွက်ရေး အထင်အရှားသက်သေပြပြီးသား နည်းလမ်းများကိုအသုံးပြုရန် ဆန့်ကျင်တွန်းလှန်နေခဲ့သည်။ မကြာသေးခင်နှစ်များကမူ လယ်သမားများအတွက် ကမ္ဘာ့ဘဏ်ကပိုမို၍ ထောက်ပံ့လာပါသည်။ သို့သော် ဒီထက်မက လုပ်နိုင်သော အနေအထားများရှိနေသေးပြီးလုပ်လည်း လုပ်သင့်ပါသည်။

ကမ္ဘာ့ဘဏ် ဝန်ထမ်းများမှာလုပ်ငန်းပိုင်ဆိုင်ရာ ကျွမ်းကျင်မှုအလွန်မြင့်မားကြပြီး အမေရိကန်၏ ကျဉ်းမြောင်းသော အမြင်နှင့် အကျိုးစီးပွားများလွှမ်းမိုးနေခြင်းကိုဖယ်ရှားလိုက်ပါက ဒီ့ထက်မက အောင်မြင်အောင် စွမ်းဆောင်နိုင်ကြပါသည်။ ကမ္ဘာ့ဘဏ်သည် ကမ္ဘာကြီး၏အနာဂတ်ကိုပုံဖော်ရာ၌ အရေးပါသော နယ်ပယ်များတွင် တိုးတက်မှုရရှိရေးအတွက် အရေးပါသောကြားခံအဖွဲ့အစည်းတစ်ရပ် ဖြစ်နိုင်သည့် အလားအလာရှိပါသည်။ ၎င်း၏ ဦးစားပေး အစီအစဉ်များတွင် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုတိုး တက်ရေး၊ တာရှည်ခံသောဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ် ရေးနည်းပညာများကိုအသုံးချရေး၊ ကာဗွန်ထုတ်လွှတ်မှုနည်းသော စွမ်းအင်ထုတ်ယူရေးစနစ်များကို အသုံးပြုရေးနှင့် ဆက်သွယ်ရေးနည်းပညာသစ်များကိုအားထား၍ လူတိုင်းအတွက် အဆင့်အတန်းမီ ပညာရေးလုပ်ငန်းများ ပါဝင်သင့်ပါသည်။

လက်ရှိကမ္ဘာ့ဘဏ်လှုပ်ရှားမှုများမှာ ယင်းနယ်ပယ်များအားလုံးနှင့်ပတ်သက်နေပါသည်။ သို့သော် နယ်ပယ်တစ်ခုချင်းစီအား ထိထိရောက်ရောက် ဦးဆောင်မှုမပေးနိုင်လှပေ။ ဝန်ထမ်းများတွင် အကောင်းဆုံးအရည်အချင်းများရှိသော်ငြားလည်း ကမ္ဘာ့ဘဏ်မှာ အပြောင်းအလဲအတွက် ထိရောက်သော ကြားခံဓာတ်ပြုအဖွဲ့ဖြစ်လာရန် လိုအပ်သော မဟာဗျူဟာနှင့် လျင်မြန်ဖျတ်လတ်မှုမရှိပေ။ ဘဏ်၏ အခန်းကဏ္ဍ မှန်ကန်ရေးအတွက် ပင်ပင်ပန်းပန်း လုပ်ဆောင်ရမည်ဖြစ်ပြီး ထိပ်ဆုံးတွင်လည်း ကျွမ်းကျင်ပိုင်နိုင်မှု လိုအပ်မည်ဖြစ်သည်။

အရေးကြီးဆုံးမှာ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌသစ်မှာလတ်တလောကြုံတွေ့နေရသော ဖွံ့ဖြိုးတိုးတက်ရေးစိန်ခေါ်မှုများနှင့် ပတ်သက်၍ ကိုယ်တိုင်ကိုယ်ကျပါဝင်လုပ်ဆောင်ခဲ့သည့်အတွေ့အကြုံများ ပိုင်ဆိုင်သင့်ပါသည်။ ကမ္ဘာကြီးကလည်း ‘ပိုနေမြဲ၊ ကျားနေမြဲ’ အနေအထားကိုလက်မခံသင့်ပါ။ ဝေါလ်စထရိနှင့်အမေရိကန်နိုင်ငံရေးနယ်ပယ်မှနေ၍ နောက်တစ်ကြိမ်ကမ္ဘာ့ဘဏ်ခေါင်းဆောင်တစ်ဦးထပ်မံပေါ်ထွက်လာပါက ရှုပ်ထွေးသော ဖွံ့ဖြိုးတိုးတက်မှုစိန်ခေါ်မှုများအတွက်၊ တီထွင်ဆန်းသစ်မှုရှိသော အဖြေများလိုအပ်နေသော ကမ္ဘာကြီးအတွက်ကြီးမားသော ထိုးနှက်ချက်တစ်ရပ်ဖြစ်လာပါလိမ့်မည်။ ကမ္ဘာ့ဘဏ်မှာ အဘက်ဘက်မှ စွမ်းရည်ပြည့်ဝပြီး အလုပ်စတင်သည့်နေ့မှစ၍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသော စိန်ခေါ်မှုများကိုကိုင်တွယ်နိုင်မည့် ခေါင်းဆောင်တစ်ဦးလိုအပ်နေပါသည်။

*—Ref: A World Bank for a New World, by, Jeffery D.Sachs*



# ကိုယ်ပိုင်ကမ္ဘာလေး တည်ဆောက်ကြမယ်



ခွန်းဆင့်သူသူ

လူတစ်ယောက်လူပီပီသသ၊ လွတ်လပ်ပျော်ရွှင်စွာ ကိုယ်ပိုင်ကမ္ဘာလေး တည်ဆောက်နိုင်ဖို့၊ ပန်းခြံလှလှလေးတွေ လိုအပ်ပါတယ်။

စင်ကာပူမှာတော့ ကမ်းခြေတွေ၊ ပန်းခြံတွေက ပေါများလှပါတယ်။ စင်ကာပူနိုင်ငံသားတွေက အလုပ်ပိတ်ရက်တွေမှာ တစ်ပတ်တစ်ခါ၊ နှစ်ပတ် တစ်ခါ၊ မိသားစုအလိုက် ပန်းခြံတွေမှာ အပန်းဖြေလေ့ရှိကြတယ်။ ပန်းခြံသွားဖို့အတွက် ပိုက်ဆံမကုန်ရတော့ လူတိုင်းလိုလိုပန်းခြံကိုရောက်ဖြစ်ကြတယ်။ အိမ်ကနေ စားသောက်စရာတွေ ပြင်ဆင်ပြီး ထည့်သွားရုံပါပဲ။ ၂၄ နာရီ ဖရီး(Free)ဖွင့်ထားပြီး၊ ကလေးတွေအတွက်လည်း ကစားကွင်းတွေရှိတယ်။ ကစားဖို့အတွက် ပိုက်ဆံပေးစရာမလိုဘူး။

၂၄ နာရီလုံးလုံး လွတ်လွတ်လပ်လပ် အပန်းဖြေခွင့်ရတာကို အခွင့်ကောင်းယူပြီး စည်းမဲ့ကမ်းမဲ့ အော်ဟစ်ရမ်းကားနေတဲ့သူလည်း မရှိဘူး။ စိတ်အနှောင့်အယှက်ဖြစ်စရာ လမ်းလျှောက်ဈေးသည်တွေမရှိသလို ပန်းခြံဖွင့်ချိန် ပိတ်ချိန်ကိုလည်း ကြောင့်ကြနေစရာမလိုတော့ဘူး။ ညကြီးမင်းကြီး မိန်းကလေးတစ်ယောက်တည်းမို့လို့လည်း ဘယ်သူ့ကိုမှ ကြောက်စရာမလိုသလို ဘယ်သူမှလည်း မစော်ကားရဲဘူး။ ဝင်ကြေးလည်း မရှိတော့ အဆင်ပြေတယ်။

ကျွန်မကတော့ စင်ကာပူမှာနေရတဲ့ အရသာကိုကြိုက်တယ်။ လုပ်ငန်းခွင်မှာ အလုပ်ရှင်က ကျွန်မကိုပိုင်ပြီး သူစေခိုင်းတဲ့အတိုင်း လုပ်ရပေမယ့် အလုပ်ခွင်ပြီးဆုံးချိန်မှာတော့ ကျွန်မရဲ့ကိုယ်ပိုင်ကမ္ဘာကို ကျွန်မဘာသာတည်ဆောက်လို့ရတယ်။ ကျွန်မရဲ့စိတ်စေစားရာအတိုင်း ကျွန်မရဲ့ ကိုယ်ပိုင်ကမ္ဘာကို ပန်းခြံထဲမှာ ကမ်းခြေတွေမှာတည်ဆောက်ယူတယ်။

ပန်းခြံထဲမှာ ထိုင်ပြီး ရှုခင်းအလှအပတွေကို ငေးမောခံစားရင်း စိတ်လွတ်ကိုယ်လွတ် အတွေးနယ်ကျွံလို့လည်းရတယ်။ သီချင်းတွေကို စိတ်လိုလက်ရ ဆိုညည်းနေလို့ရတယ်။ စာအုပ်တစ်အုပ်ကို စိတ်ဝင်တစားနဲ့ သဲကြီးမဲကြီးဖတ်နေလို့လည်းရတယ်။ ဘဝတူသူငယ်ချင်းတွေနဲ့ လွတ်လပ်စွာစကားတွေ ဖောင်ဖွဲ့၊ စားသောက်ပျော်ရွှင်လို့လည်းရတယ်။ ညဉ့်နက်သန်းခေါင်၊ မိန်းကလေးတစ်ယောက်တည်း ထိုင်နေလို့ ဘယ်သူမှ ကိုယ့်ကို မျက်စမပစ်ပြသလို ခေါင်းညိတ်ပြီး ခေါ်တဲ့သူလည်း မရှိဘူး။

တစ်ခါတစ်ခါမှာ ကမ်းခြေမှာ တစ်ယောက်တည်း သွားထိုင်ရင်း မိသားစုကိုလွမ်းလို့ တိတ်တိတ်မျက်ရည်ကျနေလို့လည်းရတယ်။ ကျွန်မရဲ့ လွတ်လပ်စွာနေထိုင်ခွင့်ကို ဘယ်သူမှ အနှောင့်အယှက် မပေးကြဘူး။ ဒါ- ကျွန်မရဲ့ ကိုယ်ပိုင်ကမ္ဘာပဲ။

ရန်ကုန်ကိုပြန်ရောက်တော့ လေးနှစ်ကြာ ခွဲခွာခဲ့ရတဲ့ ရန်ကုန်ဟာ ဘာမှ ထူးထူးခြားခြားပြောင်းလဲသွားတာ သိပ်မရှိပါဘူး။ လူတွေရဲ့ အမူအကျင့်တွေ စိတ်နေစိတ်ထားတွေလည်း မပြောင်းကြသေးဘူး။

ဘတ်စ်ကားပေါ်ကနေ အမှိုက်တွေကိုပစ်ချတတ်တာ၊ ဒိုင်နာကားပေါ်မှာ ခဲရာခဲဆစ် မတ်တတ်ရပ်နေရတဲ့ ကလေးအမေကို နေရာဖယ်မပေးဘဲ ခပ်တည်တည်ထိုင်နေတတ်တဲ့ ယောကျာ်းတွေ၊ လက်ထဲမှာ အကြွေ ၅၀ တန်တွေရှိပေမယ့် ချက်ချင်းပြန် မအမ်းသေးဘဲ ခရီးသည်ရဲ့ အတောင်းကို စောင့်နေတဲ့စပယ်ယာတွေ၊ နေ့ခင်းကြောင်တောင်ကြီးကိုပဲ မိန်းကလေးတစ်ယောက်တည်း မြို့ထဲမှာ လမ်းလျှောက်ရင် မယောင်မလည်နဲ့ အနောက်က လိုက်လာတတ်ပြီး မဟန်တော့မှ ပြန်လှည့်သွားတတ်တဲ့ ယောကျာ်းကြီးကြီးရွယ်ရွယ်တွေ၊ အများသုံးအိမ်သာတွေမှာ ထိုက်တန်တဲ့ဝန်ဆောင်မှုမရှိဘဲနဲ့ ၅၀၊ ၁၀၀ ပေးရပြီး အသုံးပြုနေရတာတွေ၊ ဒါတွေဟာ ခုချိန်ထိ ရှိနေကြသေးတယ်။

စင်ကာပူမှာတော့စားသောက်ဆိုင်တွေ၊ ဘတ်စ်ကားမှတ်တိုင်တွေ၊ ပန်းခြံတွေမှာ အိမ်သာတွေကို အခမဲ့သုံးခွင့်ရှိတယ်။ အဲဒီ့ကိစ္စအတွက် ဘယ်သူမှ ပိုက်ဆံမကုန်ရဘူး။

ဘာမှမပြောင်းလဲတဲ့ အပြင် ကျွန်မအထင်တော့ ရန်ကုန်ဟာ ပိုပြီးဆူညံ့လာသလိုပဲ။ ကားမှတ်တိုင်တွေမှာ ခရီးသည်ကိုစောင့်ပြီး အော်ခေါ်နေတဲ့စပယ်ယာတွေရဲ့ ရင်ကွဲထွက်မတတ်၊ အော်ဟစ်နေတဲ့အသံတွေကြားနေရတာ စိတ်မချမ်းသာစရာပါ။ အထူးသဖြင့် ရုံးချိန်မဟုတ်တဲ့အချိန်တွေမှာ လူမရှိဘဲနဲ့ မှတ်တိုင်တွေမှာ အကြာကြီးရပ်ပြီး အော်ခေါ်နေကြတာ (နေပူပူမှာ) ငယ်သံကိုပါရောပဲ။ ကျွန်မရဲ့စိတ်ထဲမှာတော့ ကူပါကယ်ပါ တစာစာနဲ့ အော်နေကြသလိုမျိုးပဲ ခံစားရတယ်။ ကျွန်မတို့မြန်မာတွေထမင်းတစ်ဝမ်းစားရဖို့အရေးအဲသလောက်တောင် အောက်ကျနောက်ကျဖြစ်နေကြသလားလို့ တွေးမိပါတော့တယ်။

ဘဝမှာ အပျော်တွေလည်း ရှိသလို အမောတွေလည်းရှိပါတယ်။ ဘဝရဲ့ အပျော်တွေ၊ အမောတွေနဲ့ ရှင်သန်နေကြရတဲ့ ကျွန်မတို့တစ်တွေဟာ လူသားပီပီသွားလာ၊ လှုပ်ရှား၊ နေထိုင်ရဖို့ အရေးကြီးပါတယ်။ လွတ်လပ်စွာပျော်ရွှင်မြူးတူးမယ်။ လွတ်လပ်စွာကစားမယ်။ လွတ်လပ်စွာခံစားမယ်။ လွတ်လပ်စွာ ကျွန်မတို့ရဲ့ စိတ်ကူးစိတ်သန်းတွေကို ပုံဖော်ထုဆစ်မယ်။ ဒါပေမဲ့ ကျွန်မတို့ရဲ့ လွတ်လပ်ခြင်းဟာ ပတ်ဝန်းကျင်ကိုမထိခိုက်စေဘဲ အပြစ်ကင်းရပါမယ်။

လူနေမှုထူထပ် ကျပ်ညပ်နေတဲ့ ရန်ကုန်မှာ၊ တိုက်ခန်းတွေမှာ နေနေရတဲ့သူတွေအတွက် လူအပန်းဖြေ၊ စိတ်အပန်းဖြေဖို့ ပန်းခြံလေးတွေလိုအပ်ပါတယ်။ အိမ်မှာ ညှော်သည်ရောက်နေလို့ လူကြီးတွေ အလုပ်ရှုပ်နေကြတဲ့အချိန်မှာကလေးတွေ လွတ်လွတ်လပ်လပ် ဆော့ကစားနိုင်ဖို့ ပန်းခြံလေးတွေလိုအပ်ပါတယ်။ ကျောင်းစာတွေ ကျက်ရလွန်းလို့ ထိုင်းမှိုင်းငြီးငွေ့နေတဲ့ ကျောင်းသားတွေအတွက် အပျင်းပြေလမ်းလျှောက်စရာ ပန်းခြံလေးတွေ ကမ်းခြေလေးတွေ လိုအပ်ပါတယ်။

တစ်နေ့တာ လှုပ်ရှားသွားလာနေရလို့ ပင်ပန်းနွမ်းနယ်နေတဲ့ ခန္ဓာကိုယ်ကို လန်းဆန်းစေဖို့ ပန်းခြံလေးတွေ လိုအပ်ပါတယ်။ နိစ္စဓူဝ စိတ်ဒဏ်ရာ အနာတရတွေနဲ့ ထုံမှိုင်းနေတဲ့ နှလုံးသားတွေကိုလည်း ထွက်ပေါက်ပေးဖို့ ပန်းခြံလေးတွေလို အပ်လှပါတယ်။

ကျွန်မတို့တစ်တွေ၊ ကျွန်မတို့တစ်တွေနဲ့ ကိုယ်ပိုင်ကမ္ဘာကို တည်ဆောက်နိုင်ဖို့ ပန်းခြံလှလှလေးတွေ၊ ကမ်းခြေလှလှလေးတွေလို အပ်နေပါတယ်။



# Commodity Watch

7DAY NEWS JOURNAL
Vol.11, No.6 · APRIL 12 , 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) (775) Processor | 52,000 |
| Intel P4 Dual Core 3.2 (E 5800) (775)Processor | 57,652 |
| Intel P4 Dual Core 3.3 GHz (1155,2120) Processor | 96,628 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 154,280 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 237,916 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 49,532 |
| MSI H67MA-E35 (1155) | 82,012 |
| ASUS P5G41T-MLX (775) | 50,344 |
| ASUS P8H61-MLX Plus (1155) | 62,524 |
| ASUS P8H67MLE (1155) | 92,568 |
| Gigabyte G41MT-S2(775) | 50,344 |
| Gigabyte H61M-S2 (B3) (1155) | 73,080 |
| Gigabyte H67M-D2 (B3) (1155) | 97,440 |
| **PC Memory** | |
| 1 GB DDR2 (800) Kingston | 16,240 |
| 2 GB DDR2 (800) Kingston | 24,360 |
| 2 GB DDR3 (1333) Kingston | 12,180 |
| 4 GB DDR3 (1333) Kingston | 20,300 |
| **Harddisk** | |
| 500 GB Seagate SATA | 73,892 |
| 1 TB Seagate SATA | 97,440 |
| 1.5 TB Seagate SATA | 107,250 |
| 2 TB Seagate SATA | 119,364 |
| **PCI Express Card** | |
| MSI N430GT 1GB PCI Express Card | 67,396 |
| MSI N430GT 2GB PCI Express Card | 69,020 |
| ASUS ENGTX520 1GB PCI Express Card | 48,720 |
| ASUS EAH 6850 1GB DDR5 PCI Express Card | 153,468 |
| ASUS EHA 5450 1GB DDR3 PCI Express Card | 38,164 |
| Gigabyte ATI Radeon HDR545SC 1GB PCI Express Card | 56,840 |
| Gigabyte ATI Redeon HD6450 1GB D3 PCI Express Card | 69,020 |
| **Memory Stick** | |
| Kingston 4 GB (101) | 5,500 |
| Silicon Power 4 GB(322) | 5,705 |
| Apacer 4 GB (AH-129) | 7,500 |
| SONY 4 GB | 8,000 |
| **UPS** | |
| Numeric (600 VA) UPS | 33,000 |
| Numeric (1000 VA) UPS | 66,000 |
| Power Pro (650 VA) UPS | 34,500 |
| Power Pro (1200 VA) UPS | 63,000 |
| Star (650 VA) UPS LED | 29,230 |
| Star (650 VA) UPS LCD Display | 30,810 |
| SVC (1200VA) UPS | 60,500 |
| East (650 VA) UPS LED | 39,600 |
| East (1.2KVA) UPS | 60,225 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 22,275 |
| Liteon 8X Blu-ray Disc Combo | 115,500 |
| Liteon DVD Writer (SATA) | 22,275 |
| **အိတ်ဆောင်တိပိဋကအဘိဓာန်** | ၁၆၀,၀၀၀ |

Technoland ဆိုင်မှ ဧပြီ(၇) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0″ | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| Toshiba (LCD) | 32BX10T | 210,000 |
| Panasonic(LCD) | 32SC4S | 240,000 |
| Sony (LCD) | 32BX | 280,000 |
| Toshiba (TV) | LZE 21-28 | 110,000 |
| Daewoo | DTU2131NZF | 115,000 |
| | DTU2132NZF | 125,000 |
| **DVD** | | |
| EVD (coeco) | 8082 | 20,000 |
| EVD(Sony) | DVK75 | 22,000 |
| LG | DV276 | 22,000 |
| Toshiba | DV380 | 22,000 |
| Daewoo | 1400S | 40,000 |
| HQ | HDMI999 | 50,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Sanyo | SR811 | 479,000 |
| Hitachi | 19AGV7 | 230,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Panasonic | XPB-90-99885 | 165,000 |
| | MAS 70 V2 | 195,000 |
| Toshiba | 120 R | 145,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဧပြီလ (၅) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၆၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၅ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၁၁၀-၁၁၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၂,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၁၃၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၁၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဧပြီလ (၅) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး | ၁ သေတ္တာ | ၃,၀၀၀ ဝန်းကျင် |
| ပန်းဂေါ်ဖီ(ဗမာ) | ၁ ထုပ် | ၅၀၀-၆၀၀ |
| ဂေါ်ဖီထုပ် (ဗမာ) | ၁ ထုပ် | ၃၀၀-၄၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၇၀၀-၈၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၂,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၆၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဧပြီလ (၇)ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၉၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၁၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၀၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀ ဝန်းကျင် |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၅၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၅၀၀-၅,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀- ၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၃,၀၀၀-၆,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၅၀၀-၁,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၀၀၀- ၂၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၅၀၀-၃,၅၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၇၀၀-၃,၂၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၉,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၅၀၀- ၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၅,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၀၀၀-၉,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၀၀၀-၉,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၄,၀၀၀- ၂၆,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀- ၁,၅၀၀ |

ဧပြီလ (၆)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| တိုယိုတာ ဝက်ဂွန် | **၃. ဝအောင်ဂျင်ပါဝါ** | ၇ဂ၊ ၉ဂ၊ ၁ဃ | ၃၄၀ |
| စူဇူကီး ဝက်ဂွန် R+ | ၂၀၀၀- ၂၀၀၁ | ၁ဂ၊ ၂ဂ/၃ဂ | ၁၈၅ |
| ပါဂျဲရို | ၉၅၊ ၉၆ | ၇ဂ/၉ဂ | ၃၃၀ |
| ပါဂျဲရို | ၉၇၊ ၉၈၊ ၉၉ | ၇ဂ/၉ဂ | ၄၅၀-၅၀၀ |
| ဟိုင်းလပ်ဆပ် (ဝက်ဂွန်) | ၉၆ | ၇ဂ/၉ဂ/၁ဃ | ၃၅၀ အောက် |
| ဟိုင်းလပ်ဆပ် (Gradeအစုံ) | ၉၇၊၉၈၊၉၉ | ၇ဂ/၉ဂ/၁ဃ | ၄၀၀ ဝန်းကျင် |
| တိုယိုတာဖင်ကောက် (ဒီဇယ်) | ၂၀၀၀-၀၁ | ၇ဂ/၉ဂ | ၈၀ အထက် |
| တိုယိုတာ (လီမီတက်) | ၉၆-၉၈ | ၁ဃ/ ၂ဃ | ၃၀၀ အောက် |
| မတ်တူး (2 .0 Grade) | ၂၀၀၂ | ၉ဂ | ၂၇၀ |
| မတ်တူး (2.5 Grade) | ၂၀၀၂ | ၉ဂ | ၃၀၀ ဝန်းကျင် |


ဧပြီလ (၅)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှဈေးနှုန်းများ

| | April (1) | April (2) | April (3) | April (4) | April (5) | April (6) | April (7) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၃,၉၅၀ | ၃,၉၅၀ | ၃,၉၅၀ | ၃,၉၅၀ | ၃,၉၅၀ | ၃,၉၅၀ | ၃,၉၅၀ |
| ဒီဇယ် | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ |
| Octane ဒီဇယ် | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ |
| Premier ဒီဇယ် | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ |

# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၁၇၈)



## အလျားလိုက်


၁။ လတ်တလောမှာကြုံတွေ့ရတဲ့ စိတ်ပျက်စရာကိစ္စရပ်
၄။ ကိုယ်နေထိုင်ရာအရပ်ကို ကမ္ဘာကသိမြင်စေနိုင်မယ့်အရာ
၉။ ဘဝတက်လမ်းအတွက်ရော ကျန်းမာရေးအတွက်ပါစီမံသင့်တဲ့အရာ
၁၀။ နိုင်ငံအများစုမှာ ဈေးမြင့်နေတဲ့ပစ္စည်းတစ်မျိုး
၁၁။ ကမ္ဘာတစ်လွှားမှာ အခက်အခဲတွေ ကြုံတွေ့နိုင်စေမယ့်ကိစ္စရပ်တစ်ခု
၁၂။ လူထုစိတ်ကျေနပ်မှုပေးနိုင်ခဲ့တဲ့အောင်ပွဲတစ်ခု

## ဒေါင်လိုက်

၂။ လူ့ခန္ဓာကိုယ်ရဲ့အနူးညံ့ဆုံးအစိတ်အပိုင်းတစ်ခု
၃။ မြန်မာနိုင်ငံကပိုင်ဆိုင်ထားတဲ့အဖိုးတန်အရာတွေ
၅။ ကမ္ဘာမြေနဲ့အဝေးဆုံးနေရာကိုရောက်အောင် ပို့ဆောင်ပေးနိုင်တဲ့အရာ
၆။ နိုင်ငံတကာဈေးကွက်ကိုထိုးဖောက်နိုင်တဲ့ အရှေ့တိုင်းအမှတ်တံဆိပ်
၇။ အဆောက်အအုံတွေကြာရှည်တည်မြဲနေဖို့ ပြုလုပ်သင့်တဲ့အရာ
၈။ အမှတ်တရပေးအပ်လေ့ရှိတဲ့အရာ

**ပဟေဠိ အမှတ်စဉ်(၁၇၇) အတွက် အဖြေမှန်သူမရှိပါ**

ပဟေဠိ အမှတ်စဉ်(၁၇၇)အဖြေမှန်



အမည် .................................... မှတ်ပုံတင်အမှတ် ....................................

နေရပ်လိပ်စာ ....................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး၊ နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂၀-၄-၂၀၁၂ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို **Electronic Dictionary** မှ ပံ့ပိုးကူညီပါသည်။



# Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ခရုအိမ်**
အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။
**PH:09-73037776, 09-73204374**

**ကားရောင်းရန်ရှိသည်**
ပရာဒို ၉၇ မော်ဒယ်၊ ဒီဇယ်၊ ကျပ်သိန်း ၄၅၀၊ ၂ဃ/. . . ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
**ဖုန်း-၀၉-၅၁၀၂၄၀၈**

**အင်္ဂလိပ်စာအထူး**
ကလေးငယ်များအတွက် အစိုးရပြဋ္ဌာန်းကျောင်းဖတ်စာအုပ်နှင့် Grammar အိမ်သို့ လိုက်သင်သည်။ **ဖုန်း-၀၉-၇၃၀၄၉၅၄၃**

**နွေရာသီတရုတ်စာစကားပြော**
ထိုင်ဝမ်ပြန်ဆရာမလင်းကိုယ်တိုင် ကလေးငယ်များအတွက် နွေရာသီတရုတ်စာစကားပြော သင်ကြားပေးသည်။
**ဖုန်း-၀၉-၇၃၀၄၉၅၄၃**

**နက္ခတ်ဗေဒင်ပညာ**
ကွန်ပျူတာဇာတာ (မြန်မာဘာသာဖြင့်) တွက်ချက်ပေးပါသည်။
**ဖုန်း-၀၉-၅၀၂၈၁၄၀**

**Super Paint မှဝန်ဆောင်မှု**
ဆေးသုတ်ပစ္စည်း၊လက်ခပတ္တီးအပြီးအစီး တစ်ပေပတ်လည် ၂၅၀ ကျပ်နှုန်း ဆေးရုံ၊ ကျောင်း၊ အစိုးရရုံး၊ ဘာသာရေးအဆောက်အုံများအတွက် ၂၀၀ ကျပ်။ **ဖုန်း-၀၁-၃၈၉၁၇၃**

**ဝန်ဆောင်မှု**
Special Trip Travels& Tours Co.,Ltd. မှပြည်တွင်းပြည်ပခရီးစဉ်များနှင့်နေ့စဉ်ခရီးစဉ်များကိုလူကြီးမင်းတို့စိတ်တိုင်းကျဆောင်ရွက်ပေးပါသည်။ **ဖုန်း-၀၉-၄၉၃၀၃၃၈၅**

**ရောင်းမည်**
U.S.A. Japan Made Golf.set (Domestic) TV.50", Mont-Blane.Ball Poin Pen.
**PH: 09-8570600**

**ပြင်သစ်စာ၊ စကားသင်သည်**
4lg Skills & Spoken French Home Visit & Intensive Classes. **PH: 09-8611813**

**CMD IT Service**
Computer, Printer, Fax, Network & Copier. အိမ်တိုင်ရာရောက်ပြုပြင်သည်။
**ဖုန်း- ၀၉-၇၃၀၄၆၀၄၈**

**သင်ကြားသည်**
စာရင်းဇယားဆိုင်ရာ Excel Special (၂၀၀၇၊ ၂၀၁၀) အိမ်၊ ရုံး၊ ကျောင်း၊ ကုမ္ပဏီများသို့လာရောက်သင်ကြားသည်။ **ဖုန်း- ၀၉-၇၃၀၀၄၄၂၆**

**မိုးသောက်ကြယ်**
Computer Training Centre Graphic Design Course, Auto CAD (2D&3D) Course, Photo & Video ရိုက်ကူး၊ တည်းဖြတ်၊ Basic Course, **PH: 01-687088**

**စာပေအကျိုးဆောင်**
အထိမ်းအမှတ်ရတုသဘင်မဂ္ဂဇင်း၊ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများသင့်လျော်ဈေးနှုန်းဖြင့်အကျိုးဆောင်ပေးသည်။ မိုးနှောင်(ကောလင်း)။ အမှတ်-၁၂၅၊ ပတ္တမြားလမ်း၊ အောင်ဇေယျာ။

**Special Guide**
တက္ကသိုလ်ဝင်တန်းကျောင်းသား/ သူများအတွက် မြန်မာစာနှင့် ဇီဝ အတွေ့အကြုံရှိဝါရင့် Special Guide. **ဖုန်း- ၀၉-၄၃၁၃၁၉၈၅**

**အိမ်တိုင်ရာရောက်သင်သည်**
Graphic Design/ ပုံပြင် (အထူးသီးသန့်)လုပ်ငန်းအတွေ့အကြုံရှိသူကိုယ်တိုင်သင်ကြားပေးသည်။
**ဖုန်း- ၀၉-၇၃၂၁၃၂၈၀**

**အိမ်လိုက်သင်သည်**
ဒုတိယတန်းမှ အဋ္ဌမတန်းအထိ စာပြပေးသည်။ အင်္ဂလိပ်စာ၊ သင်္ချာ အထူးသင်သည်။
**ဖုန်း- ၀၉-၅၄၁၅၇၆၁**

**Top One**
Air-Con Specialist Service
**PH: 09-5038598**

**Computer Guide**
Computer Basic Course အား အိမ်အရောက်တစ်ဦးချင်း သီးသန့်သင်သည်။ **ဖုန်း- ၀၉-၅၄၁၅၇၆၁**

**LANGUAGE CENTER**
KOREAN, ENGLISH, NATIVE TEACHERS.
**PH: 09-43105314**

**အမျိုးသမီးအဆောင်**
မြေနီကုန်း Dagon Centre အနီး၊ သန့်ရှင်း၊ သပ်ရပ်၍ မိသားစုအုပ်ချုပ်မှုပုံစံ၊ အလင်းရောင်ကောင်းပြီး နေချင်စဖွယ်အဆောင်ခ-၁၆,၀၀၀ ကျပ်။
**ဖုန်း- ၀၉-၅၀၅၄၈၀၈**

**အမြန်ချောစာပို့လုပ်ငန်း**
မြို့တွင်း၊ ပြည်တွင်းအိမ်တိုင်ရာရောက် ပိတ်ရက်မရှိ အမြန်ဆုံး ပို့ဆောင်ပေးနေပါပြီ။
**ဖုန်း- ၀၉-၇၃၀၇၃၀၉၉**

**DEMON**
Guitar Training
နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ၊ ညပိုင်း ၇း၃၀ မှ ၉း၃၀ အထိ။ ပိတ်ရက် ကြာသပတေး-သောကြာ။
**ဖုန်း- ၀၉-၄၃၁၈၃၅၄၂**

**သင်ကြားပေးသည်**
နွေရာသီ(၅၊ ၆၊ ၇၊ ၈) တန်းများအတွက် သင်္ချာ၊ အင်္ဂလိပ်အထူးသင်ကြားပေးသည်။ ဘာသာစုံဂိုက်လုပ်သည်။ **ဖုန်း- ၀၉-၄၃၁၅၃၆၃၄**

**သင်္ကြန်အတွက် တီးဝိုင်း**
သင်္ကြန်ပွဲတော်ရွှင်ပျော်ရန်အတွက် တီးဝိုင်းအလိုရှိပါသလား။ Recording နှင့်ရှိုးပွဲများကိုလည်းလက်ခံတီးခတ်ပေးပါသည်။
**ဖုန်း- ၀၉-၄၃၁၈၃၅၄၂**

**E-Teacher Eaindray**
(Assessment, UMBC)
Grammar Course for Sec I& II, Writing Course for Sec I&II.
**ဖုန်း- ၀၉-၄၃၀၂၈၇၈၉**

**သင်ကြားပေးသည်**
All International Schools များမှ ကလေးများကို သင်္ချာဘာသာရပ်အတွက် အထူးလေ့ကျင့်သင်ကြားပေးသည်။ **ဖုန်း- ၀၉-၇၃၄၉၄၃၇၇**

**ရောင်းမည်**
ပေ ၆၀×၁၂၀ သံပွလမ်း၊ ရပ်ကွက်ကြီး ၁၃၊ ဆင်ဂေါင်းလေး၊ပြင်ဦးလွင်။ ပွဲစားမလို။ **ဖုန်း- ၀၉-၂၃၀၅၉၅၂**

**အမြန်ရောင်းမည်**
၁၂ခွဲ×၆၀ပေ၊ ၅ လွှာ၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်။ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေစက်(ဂျိုးဖြူ+အဝီစိ)ရေ ပြင်ဆင်ပြီး၊ အသင့်နေနိုင်။
**ဖုန်း- ၀၉-၇၃၀၁၀၁၄၄**

**BENHUR LED DISPLAY**
LED ရောင်စုံ ဆိုင်းဘုတ်များကို ၁ နှစ်အာမခံဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးပါသည်။
**ဖုန်း- ၀၉-၉၁၀၄၁၈၈၄**

**တိုက်ခန်းအမြန်ရောင်းမည်**
လသာမြို့နယ်၊ လမ်းသန့်၊ နေရာကောင်း၊ ၁၂ခွဲ×၅၀ ပေ၊ ရေ၊ မီး၊ ဖုန်း။ ထပ်ခိုးပါ။ **ဖုန်း- ၀၉-၇၃၅၅၅၅၃၆**

**အိမ်လိုက်သင်သည်**
သူငယ်တန်းမှ အဋ္ဌမတန်းအထိ နွေရာသီ ၃ လပြတ် အိမ်လိုက်သင်သည်။ **ဖုန်း- ၀၉-၄၃၀၃၂၁၀၉**

**အိမ်လိုက်သင်သည်**
တက္ကသိုလ်ဝင်တန်း အိမ်အရောက် သင်ကြားပေးသည်။
**ဖုန်း- ၀၉-၇၃၀၄၇၀၁၅**

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
ဗိုလ်တထောင်ဈေးလမ်းနှင့် ကမ်းနားလမ်းထောင့်၊ နေရာကောင်း ၁၈×၆၀ ပေ၊ ၆ လွှာ၊ ဖုန်း၊ ထပ်ခိုးပါ။
**ဖုန်း- ၀၁-၃၉၇၄၀၀**

**အောင်ကျော်ဇော**
အုန်းသီးခြစ်သည်၊ ညှစ်သည်၊ မုန့်လက်ဆောင်းဖတ်၊ ရွှေရင်အေး၊ မုန့်လက်ဆောင်း(အထူးအော်ဒါလက်ခံပါသည်)
**ဖုန်း-၀၉ ၇၃၀၈၂၅၈၉**

**ဝန်ဆောင်မှု**
အဝေးပြေးဘတ်(စ်)ကားလက်မှတ်များကိုဖုန်းဆက်လိုက်ရုံဖြင့် ရန်ကုန်မြို့တွင်း အခမဲ့အိမ်အရောက်ပို့ပေးပါသည်။ **ဖုန်း- ၀၉-၇၃၁၁၂၀၇၅**

**ဆိုင်ခန်းငှားမည်**
အမှတ် (၂၀)၊ မဟာဗောဂလမ်း၊ မြေညီထပ်၊ မြေနီကုန်း(တောင်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်။
**ဖုန်း- ၀၉-၇၃၀၀၂၀၀၁**

**အိမ်အရောက်သင်သည်**
သူငယ်တန်းမှ ၅ တန်းအထိ အိမ်လိုက်သင်ပေးသည်။
**ဖုန်း- ၀၉-၄၃၀၉၆၆၄၅**

**ရောင်းမည်၊ ဝယ်မည်**
ဒင်္ဂါးအရှေ့၊ ဒင်္ဂါးတောင်၊ ဒင်္ဂါးဆိပ်ကမ်း မြေကွက်များဝယ်လိုရောင်းလိုလျှင်
**ဖုန်း- ၀၉-၄၃၁၀၈၂၉၁**

**ဦးကံ(စိုက်ပျိုးရေးလုပ်ငန်း)**
ဂျပန်မြက်၊ ဘဲစားမြက်၊ သစ်ပင်၊ ပန်းခြံ အလှစိုက်ပေးခြင်း၊ ခြံမြေအတွင်းဂေါက်ကွင်းတည်ဆောက်ပေးခြင်း။ **ဖုန်း-၀၁-၆၁၃၅၄၁**

7 DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012

## စာ(၃၁) ထွက်လာတော့မယ့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အစီရင်ခံစာများ မှ

ဖြစ်စဉ်တစ်ခုလုံး အကဲဖြတ်ချက်မဟုတ်တာကြောင့်အဲဒီလွတ်လပ် တရားမျှတတယ်ဆိုတာက အားကောင်းသင့်သလောက် အားမကောင်းနိုင်ပါဘူး။ ဒါကြောင့်ဖြစ်စဉ်တစ်ခုလုံး စောင့်ကြည့်လေ့လာရေး မရှိခဲ့တာကြောင့် ပိတ်ဆို့အရေးယူမှု ရုပ်သိမ်းရေးနဲ့ ပတ်သက်ပြီး အမေရိကန်လွှတ်တော်အမတ်တွေက ဘယ်လိုသဘောထားကြမလဲ ဆိုတာကို လည်းစောင့်ကြည့်ကြရမှာပါ။ ဘယ်လိုပဲဖြစ်ဖြစ်၊ ခုလောက် တိုးတက်လာအောင် ဆောင်ရွက်နိုင်တဲ့အတွက် အစိုးရရဲ့ ဆောင်ရွက်ချက်တွေအပေါ် အပြုသဘောတစ်စုံတစ်ရာ ပြန်လည်တုံ့ပြန်မယ်လို့တော့ မျှော်လင့်ရပါတယ်။ ဥရောပသမဂ္ဂကတော့ ပိတ်ဆို့အရေးယူတာကို ရုပ်သိမ်းနိုင်တယ်လို့ သတင်းတွေ တက်လာပါတယ်။ အသေးစိတ်တော့ မသိရသေးပါဘူး။

ရွေးကောက်ပွဲဆိုင်ရာ ကျင့်ထုံးများ ဒါမှမဟုတ် အင်စတီကျူးရှင်းများ တည်ဆောက်ရေး။

**ရွေးကောက်ပွဲဟာ ဒီမိုကရေစီရဲ့ အသက်ဖြစ်ပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲရဲ့ ဟာကွက်တွေကနေ ဒီမိုကရေစီ အင်စတီကျူးရှင်းတွေ တည်ဆောက်ဖို့ သင်ခန်းစာယူကြတာပါ။**

အင်စတီကျူးရှင်းကို အများအားဖြင့် အဖွဲ့အစည်းတွေလို့ နားလည်တတ်ကြပေတာပေါ့။ ယေဘုယျအားဖြင့် အဓိပ္ပာယ်ကတော့ လူအဖွဲ့အစည်းအတွင်း ဖွဲ့ဖွဲ့စည်းစည်းဖြစ်ပြီး ကိစ္စမှန်သမျှကို ဆိုလိုတာဖြစ်ပါတယ်။ မိသားစုစနစ်၊ မိသားစုဆိုင်ရာ ကျင့်ထုံးတွေဟာလည်း အင်စတီကျူးရှင်းဖြစ်ပါတယ်။ တစ်နည်းပြောရင် လူတွေလိုက်နာနေကြတဲ့ သတ်မှတ်ချက်တွေ မှန်သမျှဆိုပါတော့။ ဒါကြောင့် ကျင့်ထုံးလို့ နားလည်နိုင်ပါတယ်။ ရွေးကောက်ပွဲလေ့လာချက် အစီရင်ခံစာတွေဟာ အဖွဲ့အစည်းရေးရာဆိုင်ရာ အားနည်းချက်တွေကို ထောက်ပြလာအောင် ဘယ်လိုလုပ်နိုင်မလဲဆိုတာကို သိနိုင်မှာကိုး။ အဲဒီအားနည်းချက်တွေ အသိအမှတ်ပြုဘာကြောင့် အားနည်းရသလဲဆိုတာကို ဖော်ထုတ်၊ ဘယ်လိုပြင်ဆင်နိုင်မလဲဆိုတဲ့ မူဝါဒ ဒါမှမဟုတ်ဥပဒေစည်းမျဉ်း ဒါမှမဟုတ် အဖွဲ့အစည်းပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတွေ လုပ်နိုင်မယ်ဆိုတာကို ရွေးကောက်ပွဲဖြစ်စဉ်လေ့လာချက်တွေက တင်ပြတတ်ပါတယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အဖွဲ့အစည်းပိုင်းဆိုင်ရာ ကျင့်ထုံးပိုင်းဆိုင်ရာ တည်ဆောက်ရေးဟာ ဒီမိုကရေစီနိုင်ငံကို ထူထောင်ဖို့အတွက် အရေးကြီးလှပါတယ်။ အဲဒီလို တည်ဆောက်ရေးတွေအတွက် ကူညီဆောင်ရွက်ပေးကြတဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေလည်း ရှိကြပါတယ်။ ဒီအဖွဲ့တွေက ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာတဲ့ အဖွဲ့တွေနဲ့မတူပါဘူး။ သူတို့က ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ အဖွဲ့အစည်းပိုင်းဆိုင်ရာ၊ ကျင့်ထုံးပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲရေး၊ အားကောင်းရေးတွေကို အဓိကထား ဆောင်ရွက်ကြတာပါ။

ကြားဖြတ်ရွေးကောက်ပွဲက လွတ်လပ်တရားမျှတမှု ထောင့်ကပြောရင် စင်းလုံးချောမဟုတ်သေးတာကြောင့် ကြားဖြတ်လွန်ရွေးကောက်ပွဲကော်မရှင်အတွက် စိန်ခေါ်ချက်ကတော့ ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းရေးရာနဲ့ ကျင့်ထုံးပိုင် တည်ဆောက်ရေးအလုပ်တွေကို လုပ်မလား၊ မလုပ်ဘူးလားဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ဒီမိုကရေစီခရီးစဉ်မှာ ရွေးကောက်ပွဲ အင်စတီကျူးရှင်းတွေ အားကောင်းရေး၊ ကော်မရှင်ရဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးကလည်း အရေးကြီးလှပါတယ်။ ဒါနဲ့ဆက်သွယ်ပြီး အဲဒီလိုတည်ဆောက်ရေးအလုပ်တွေကို အကူအညီပေးတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်သွားမလားဆိုတာကလည်း မူဝါဒဆိုင်ရာ မေးခွန်းတစ်ခွန်းအဖြစ် ပေါ်ပေါက်လာကြောင်းပါခင်ဗျာ။

## အဓမ္မခိုင်းစေမှု ပပျောက်ရေး ရပ်/ကျေးအုပ်ချုပ်ရေးဥပဒေကို ဖြည့်စွက်အတည်ပြု

ထူးသန့်

**နေပြည်တော်၊ မတ်- ၂၃**

နိုင်ငံအတွင်း အဓမ္မခိုင်းစေမှုပပျောက်ရေးအတွက် ထုတ်ပြန်ထားသော ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ပြန်လည်ပြင်ဆင်ဖြည့်စွက်ရန် ယနေ့ကျင်းပပြုလုပ်သော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေးတွင် အတည်ပြုနိုင်ခဲ့သည်။

ယခုအတည်ပြုခဲ့သောဥပဒေအရသက်ဆိုင်ရာ ရပ်/ ကျေးအုပ်ချုပ်ရေးမှူးများ၊ တာဝန် ရှိသူများအနေဖြင့်ပြည်သူလူထု အပေါ် အဓမ္မခိုင်းစေကြောင်း ပြစ်မှုထင်ရှားပါက တစ်နှစ်ထက်မပို သော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကို ဖြစ်စေကျခံစေရမည်ဖြစ်ကြောင်းလည်း သိရှိရသည်။ နေပြည်တော် ကောင်စီနယ် မြေအတွင်းရှိ ရပ်ကွက်အုပ်ချုပ် ရေးမှူးတစ်ဦးကမူ “ကျွန်တော်တို့ စပြီး တာဝန်ထမ်းဆောင်ကတည်းက အဲဒါကို လိုက်နာခဲ့ပါတယ်။ ဘောလုံးပွဲအားပေးဖို့၊ အခမ်းအ နားတက်ဖို့ လူအင်အားဖြည့်ပေးရရင်တောင် သူတို့ကိုကားခ၊ မုန့်ဖိုးစသဖြင့်ပေးပြီး လွှတ်ရတာပါ။ တချို့ဆိုနေ့တွက်ခပါ ထပ်ပြီးပေးရပါသေးတယ်။ ဒါကြောင့်လည်း အခက်အခဲရှိနေတာပေါ့”ဟူ၍ ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)ဝင်ဖြစ်သော မြန်မာနိုင်ငံအနေဖြင့် ၁၉၅၅ ခုနှစ် မတ် ၄ ရက်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက်အမှတ် ၂၉ (၁၉၃၀ ခုနှစ်) ကိုလိုက်နာရန် လက်မှတ်ထိုးခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နယ်ပယ်အချို့၌ အဓမ္မခိုင်းစေမှုများရှိခဲ့ကြောင်း ယခုအချိန်တွင် အဆိုပါ အဓမ္မခိုင်းစေမှုပပျောက်ရေးကြိုးပမ်းမှုကို အထောက်အကူပြုရန်အတွက် ILO ဆက်သွယ်ရေးအရာရှိတစ်ဦး ခန့်ထားရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ ယခု ၁၆ ရက်တွင်လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ILO အဖွဲ့တို့အကြား ၂၀၁၅ တွင် မြန်မာနိုင်ငံ၌ အဓမ္မခိုင်းစေမှုများလုံးဝပပျောက်စေမည့် ပူးတွဲမဟာဗျူဟာတစ်ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာတစ်ရပ် ထပ်မံလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။



ကျုံတနီး ပညာ့အလင်းစာကြည့်တိုက်ဖွင့်ပွဲ

## စာချုပ်ပါ စည်းကမ်းချက်များ ဖောက်ဖျက်၍ တံတားဖြတ်သန်းခ ကောက်ခံခွင့် ရုပ်သိမ်းခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်အတွင်းရှိ စီမံကိန်းဝင် (ဂ) အဆင့် ဥရုံတံတား (၁၀၉၀ ပေ) အားလေလံမဲစနစ်အောင်မြင်သူ ဦးမင်းလွင်ဦးသည် စာချုပ်ပါ စည်းကမ်းချက်များ ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိရ၍ (၂၀၁၂-၂၀၁၃) ဘဏ္ဍာနှစ်၊ လေလံလုပ်ကိုင်ခွင့်ကို ၂၀၁၂ ခုနှစ်၊ ဧပြီလ (၃) ရက်နေ့ (၂၄း၀၀) နာရီအချိန်မှစ၍ ရုပ်သိမ်းလိုက်သည်။

၂။ (၂၁၊ ၃၊ ၂၀၁၂) ရက်နေ့၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံးခန်း၌ ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ တံတားအသုံးပြုခ ကောက်ခံရေးဂိတ်စခန်း (၁၃) ခုကို လေလံကြီးကြပ်ရေးအဖွဲ့မှ မဲစနစ်ဖြင့် လေလံတင်ကြီးကြပ်ခဲ့ရာဦးမင်းလွင်ဦး၊ နောင်ပိုအောင်ရွာ၊ ရွှေဂူတန်းရပ်၊ ရုံးကြီးလမ်း၊ ဟုမ္မလင်းမြို့နေသူသည် လေလံဝင်ရောက်ယှဉ်ပြိုင်သူ (၂၇) ဦးအနက်၊ (၁၂) ဦးရွေးချယ်ခံရသူထဲတွင်ပထမအဆင့်ပါဝင်ပါသည်။ အထက်ပါ (၁၂) ဦးကို ဒုတိယအကြိမ်ပြန်လည်မဲနှိုက်ရာ အမှတ်စဉ် (၁) ရရှိပြီး၊ ဥရုတံတားကို ၁၂ သိန်းဖြင့် မဲစနစ်လေလံအောင်ပြီး လုပ်ကိုင်ခွင့်ရရှိခဲ့သူဖြစ်သည်။

၃။ အဆိုပါ ဦးမင်းလွင်ဦးသည် လုပ်ငန်းစတင်ဆောင်ရွက်သည့် (၁၊ ၄၊ ၂၀၁၂) ရက်နေ့တွင်ပင် စာချုပ်ပါစည်းကမ်းအရ စီမံကိန်းဝင် (ဂ) အဆင့်၊ ဥရုတံတားအသုံးပြုခကို ဆိုင်ကယ် (၁) စီးလျှင် (၅၀) ကျပ်ကောက်ခံရမည့်အစား (၅၀၀) ကျပ်ဖြင့် ကောက်ခံနေကြောင်း စိစစ်တွေ့ရှိရသဖြင့် (၂၀၁၂-၂၀၁၃) ဘဏ္ဍာနှစ် လေလံလုပ်ကိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းပြီး၊ လေလံမဲစနစ်ဖြင့် ဒုတိယအောင်မြင်သူဦးဝင်းဦး(၅/ဟမန(နိုင်) ၀၃၀၅၈၄)၊ မာလုံကျေးရွာအုပ်စု၊ ဟုမ္မလင်းမြို့နယ်) သို့ (၄-၄-၂၀၁၂) ရက်နေ့(၀၀း၀၀) နာရီအချိန်မှစ၍ ဥရုတံတားဖြတ်သန်းခကောက်ခံခွင့် လွှဲပြောင်းပေးအပ်လိုက်သည်။

၄။ လမ်း-တံတားဖြတ်သန်းခ လုပ်ကိုင်ခွင့်ရသူများသည် စာချုပ်ပါ ကောက်ခံနှုန်းထားထက် ပိုမိုကောက်ခံပါက လုပ်ကိုင်ခွင့် ရုပ်သိမ်းမည်ဖြစ်သည်။

## စာ-၃၂၊ လွန်ခဲ့သော နှစ်ပေါင်း ၃၃၃ နှစ်က မင်းမိန့် မှ

ဟုတ်လှပြီထင်နေသည့် မိမိ၏ အဖော်အချွတ်ပုံရိပ်များ၊ ပြကွက်များသည် ဂုဏ်သိက္ခာနှင့် အလှတရားကို တန်ဖိုးထားကြသည့် လူ့အသိုင်းအဝိုင်းတွင်မူ သက်ပြင်းချသံ၊ ရှုတ်ချသံများဖြင့်သာ ပွမ်းတီးနေပါလိမ့်မည်။ မိမိ၏ဘဝ၊ မိမိ၏အလှ၊ မိမိ၏ဂုဏ်သိက္ခာအတွက် မိမိကိုယ်ကျင့်တရားကို ရောင်းမစားသင့်ကြပါ။

ဤနေရာတွင် အလျဉ်းသင့်၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီး အစ်မ ဒေါ်အောင်ဆန်းစုကြည်အကြောင်း အနည်းငယ်တင်ပြလိုပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ပြည်သူက ဂုဏ်ထူးဆောင်အဖြစ်ပေးသည့် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်၊ နိုင်ငံတကာမှ ချီးမြှင့်ထားသည့် ဆုတံဆိပ် ၁၀၀ ကျော်ပိုင်ရှင်ဟူသည့်ဂုဏ်ပုဒ်များကို ဘေးဖယ်ထားလိုက်ပါဦး။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ရွေးချယ်ခဲ့သည့် လျှောက်လမ်းတွင်၎င်း၏ လှုပ်ရှားမှုပုံရိပ်များကို ကြည့်လိုက်ပါ။ နိုင်ငံအတွင်းမှ အကြီးအကဲများနှင့် တွေ့ဆုံသည့် ပုံရိပ်များ၊ နိုင်ငံတကာ ခေါင်းဆောင်များနှင့်တွေ့ဆုံသည့်ပုံရိပ်များ၊ ဂျာနယ်မျက်နှာဖုံးအမျိုးမျိုးတို့အပေါ်မှ ပုံရိပ်များ၊ ဗီနိုင်းမျိုးစုံနှင့် ထွက်နေသည့်ပြင်ပပုံရိပ်များ၊ မည်သည့်နေရာမှ မည်သည့်ပုံရိပ်တစ်ခုကိုမဆို ရွေးချယ်လိုက်ပါ။ မြန်မာအမျိုးသမီးစစ်စစ်တစ်ဦး၏ ပုံရိပ်၊ မြန်မာ အမျိုးသမီးတစ်ဦး၏ မိန်းမပီသမှု-ဣန္ဒြေသိက္ခာကြီးမှု (Feminine and Prim) ခန့်ညားတည်ကြည်မှုနှင့် ရဲရင့်ပြတ်သားမှု စသည့်ကြန်အင်လက္ခဏာများကို တွေ့နိုင်သည်။

ပုံစံအမျိုးမျိုးနှင့် ထုတ်ဝေနေသော သရုပ်ဆောင်ပြက္ခဒိန်များအစား ဒေါ်အောင်ဆန်းစုကြည်ပါသော ပြက္ခဒိန်ကိုဝယ်ကြ၏။ အိမ်အခန်းတွင် နေရာရ၏။ သရုပ်ဆောင်မင်းသမီးများ၏ ပုံစံ (Pose) အမျိုးမျိုးနှင့် မျက်နှာဖုံးတင်ထုတ်နေသည့် ဂျာနယ်များတွင် ဂုဏ်သိက္ခာရှိသော ဒေါ်အောင်ဆန်းစုကြည်၏ ကိုယ်လုံးပေါ် ရုပ်ပုံလွှာများ အစားထိုးဝင်ရောက်လာ၏။ ညှော်ခန်းစားပွဲပေါ်တွင် တမြတ်တနိုးထား၏။ အမှတ်တရစုဆောင်းသိမ်းဆည်း၏။ (အညှီအဟောက်ပါသော လှစ်ဟပုံများ ဤသို့ နေရာမရနိုင်ပါ။) အဘယ်ကြောင့်ပါနည်း။ ရှင်း ပါသည် ဘဝကို ရိုးဖြောင့်စွာလျှောက်၏။ ကိုယ်ကျင့်တရားကို ရောင်းမစားပါ။ မိမိအတ္တအကျိုးထက် အများပြည်သူ၏ အကျိုးအရင်းခံစိတ်ရှိသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် မီဒီယာအချို့ပေါ်မှလျှပ်ပေါ်လော်လည်သော ပုံရိပ်များအတွက် သက်ဆိုင်ရာတို့ကိုသတိပေးပြီးလေပြီ။ ဖန်သားပြင်ထက်ဝယ် စင်မြင့်အသီးသီးပေါ်ဝယ် ပေါ်ပေါ်ထင်ထင်ဖြစ်နေသည့် လှုပ်ရှားမှု၊ ဝတ်စားဆင်ယင်မှုများကို မည်သို့စီမံထိန်းကျောင်းကြမည်နည်း။ ခေတ်နှင့်ဆီလျော်လိုက်ဖက်သော အဖြေတစ်ခုရှိမည်ထင်ပါသည်။ ရှေးကထုတ်ပြန်ခဲ့သောမင်းမိန့်တစ်ခုရှိပါသည်။ ယင်းမှာ ‘ညောင်ရမ်းမင်းဆက်ဝမ်းဘဲအင်းမင်းတရားလက်ထက် မြန်မာသက္ကရာဇ် ၁၀၄၀ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်တွင် ဘိုးဘေးအစဉ်အလာအတိုင်း ဝတ်စားဆင်ယင်ကြရန်’မင်းမိန့် ထုတ်ပြန်ခဲ့ကြောင်းမှတ်သားရသည်။

ယင်းအမိန့်သည် ညောင်ရမ်းမင်းဆက်လွန်သော် ကုန်းဘောင်မင်းဆက် ၁၁ ဆက်၊ ထို့နောက် သူ့ကျွန်ဘဝနှစ်ပေါင်း ၁၀၀ ကျော်။ ပြီးလျှင် လွတ်လပ်ပြီးခေတ်၊ ပထစအစိုးရခေတ်၊ ပါလီမန်ဒီမိုကရေစီ၊ ဆိုရှယ်လစ်စနစ်နှင့် တပ်မတော်အစိုးရ။ ယနေ့ ဒီမိုကရေစီခရီး၏ တစ်နှစ်တာကာလအထိ ဆွဲဆန့်လိုက်လျှင် နှစ်ပေါင်း ၃၃၃ နှစ်ရှိလေပြီ။ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုများကလည်း အချို့နေရာတွင် ပုံပျက်ပန်းပျက်ဖြစ်နေလေပြီ။ မင်းမိန့်မဟုတ်သော်လည်း ဥပဒေပြုလွှတ်တော်တစ်ရပ်ရပ်မှ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ တားမြစ်ပြဋ္ဌာန်းချက်တစ်ရပ် ထွက်ပေါ်လာရန် အချိန်တန်ပြီဟု မျှော်လင့်မိပါသည်။

# Environment

7 DAY NEWS JOURNAL

Vol.11, No.6 • APRIL 12 , 2012





# ခြင်းသုံးခြင်းနှင့် မြားသုံးစင်း

**သော်အိန်မင်း**

သရာ သိပ်ပွဲမောင်ဝ၏ ဝတ္ထုတစ်ပုဒ်ထဲမှ ဇာတ်လိုက်မြို့ပိုင်မောင်ပြုံးချိုတစ်ယောက် "တစ်ပေကုလားအင်း"ဆိုသော ရွာသို့ရောက်တော့ ရွာအမည်ထူးဆန်းနေ၍ ဘာကို အစွဲပြုမှည့်ပါသလဲဟုမေးမြန်းကြည့်သည်တဲ့။ အမျိုးမျိုးအထွေထွေဖြေကြသည့်အဖြေတွေထဲမှာ အဘိုးကြီးတစ်ယောက်ဖြေသော"တစ်ပေကုလားအင်းဆိုတာ တစ်ပေကုလားအင်းပေါ့ကွယ်" ဆိုသောအဖြေကို အနှစ်သက်ဆုံးဟု ဆိုပါသည်။ သိပ်မှန်လှသည်ပေါ့။ "တစ်ပေကုလားအင်း"ဆိုတာ "တစ်ပေကုလားအင်း" မဟုတ်လို့ ဘာဖြစ်ရဦးမှာလဲ။ အခုလည်း Globalization ဖြစ်၍လာသော Global Warming (ကမ္ဘာကြီးပူနွေးလာမှု) အပေါ် သုံးသပ်ဆွေးနွေးကြသည့် ကောက်ချက်တွေ အမျိုးမျိုးထဲမှာ ပန်းဆိုးတန်းစာအုပ်အဟောင်းတန်းက ဘကြီးထွေးပြောသလို Global Warming ဆိုတာ တစ်ကမ္ဘာလုံးက ပူရတဲ့ကိစ္စပေါ့ကွာ"ဆိုသော စကားလုံးကို ကျွန်တော် အနှစ်သက်ဆုံးဖြစ်ပါသည်။

ကာဗွန်ဒိုင်အောက်ဆိုက် အဝယ်တော်၂၀၀၇နိုဗယ်လ်ဆုရှင် အမေရိကန်ဒုသမ္မတဟောင်း မစ္စတာအယ်လ်ဂိုးကလည်း သူ့ပညာအလျောက် ကမ္ဘာ့ကမ်းခြေနိုင်ငံများ Cosatal Areas ၏ ခေါင်းဆောင်များကလည်း သူတို့နိုင်ငံ၏ တည်နေရာအလျောက်၊ ပညာရှင်တို့ကလည်း သူတို့၏ တွက်ချက်မှုများအလျောက်၊ ကျွန်တော်တို့လို Environmental ကျောင်းသားများကလည်း သီအိုရီများအလျောက်၊ ပြည်သူပြည်သားများကလည်း သတင်းစကားများအလျောက်၊ သူ့အထွာနှင့်သူ ပူကြသည့်ပေါ့။ မပူလည်း ခံနိုင်ရိုးလား။ ဝင်ရိုးစွန်း ရေခဲများအရည်ပျော်၍ ပင်လယ်ရေမျက်နှာပြင်များ မြင့်တက်လာပြီဟု၊ မုန်တိုင်းများ အချိန်အခါမရွေးတိုက်ခတ်လာပြီဟု၊ ရေစစ်ပွဲများဖြစ်ပွားတော့မည်ဟု၊ ၂၀၁၂ မှာကမ္ဘာပျက်မည်ဟု ထိတ်လန့်စရာတွေ ကျွန်တော်တို့ နေ့စဉ် ကြားနေရသည်သာမက လက်တွေ့မှာလည်း သဘာဝဘေးအန္တရာယ်များကို နဖူးတွေ့၊ ဒူးတွေ့ ကြုံနေရပြီပဲ။ ဒီမှာ မေးခွန်းတစ်ခုပေါ်ထွက်လာပါသည်။ "ကျွန်တော်တို့ဘာလုပ်ကြမလဲ" ကျွန်တော်တို့အတွက်လုပ်ဆောင်လိုက်နာရမည့် အချက်တွေက များလွန်းလှသည်။ တချို့ကိစ္စတွေက ကျွန်တော်တို့အရာလည်း မဟုတ်၊ လက်လှမ်းမီသော ပြဿနာများလည်း မဟုတ်၊ ဥပမာ-သစ်တောတွေ ထိန်းသိမ်းဖို့နှင့် သစ်ပင်တွေမခုတ်ဖို့ ကိစ္စ၊ ကျွန်တော့်အနေဖြင့် သာဆိုလျှင် ထိန်းသိမ်းဖို့မပြောနှင့် သစ်တောထဲတောင်ကောင်းကောင်း မရောက်ဖူး။ သစ်တောထိန်းသိမ်းရေးနည်းစနစ်တွေကိုလည်း ဘာမှမသိ။ Environmental သမားဆိုပြီး အရာအားလုံးသိနေသည်ဆိုလျှင်တော့ 'ငဖြန်း'သာဖြစ်ဖို့ များပါသည်။ တချို့ကိစ္စတွေကလည်း ကြီးကြီးကျယ်ကျယ်ပြောပြီး လူတွေကိုချပြလိုက်လျှင် နားထောင်ရသူများအနေဖြင့် တပ်လန်သွားတတ်ကြသည်။

ဒါကြောင့် သဘာဝဝန်းကျင်ဆိုင်ရာ အသိပညာများကို ခြင်းသုံးခြင်းနှင့် ထည့်၍ပေးဝေပါဟု ကျောင်းသင်ခန်းစာများက ဆိုပါသည်။ ပထမခြင်းက ရိုးရှင်းမှုဆိုသော Simple (s)၊ ကျွန်တော်တို့ပေးဝေရမည့် အသိပညာများက ရိုးရှင်းရမည်ပေါ့။ နားလည်လွယ်ရမည်ပေါ့။ အိမ်တစ်အိမ်မှာရှိသေ ခြောက်နှစ်ကလေး၊ ၃၀ ကျော် မိဘ၊ ၆၀ ကျော် အဘိုး၊ အဘွားအပြင် အိမ်ဖော်လေးတွေလည်း အလွယ်တကူ လိုက်ပါဆောင်ရွက်နိုင်ရမည်ပေါ့။ ဆိုလိုသည်က အကြံပြုချက်များသည် သမားဂုဏ်ပြထားသော မနိုင်ရင်ကာ ညွှန်ကြားချက်များ မဖြစ်စေရာ။ ဒုတိယခြင်းက Small(s) အသေးဆုံးသော ကိစ္စက စပါတဲ့။ ကျွန်တော်ထင်ပါသည်။ ကိုယ့်ကိုယ်ကိုယ် Environment ဆရာကြီးဂိုက်ဖမ်း၍ ဟိုဟာကို ဒီလိုသုံးပါ။ ဒီကိစ္စကို ဒီလိုဆောင်ရွက်ပါဟု အကြီးကြီးတွေ သွားပြောလျှင်ဖြင့် သေချာပေါက် အဆဲခံရမည် (သို့) အရိုက်ခံရနိုင်ပါသည်။ ဒါကြောင့် ကျွန်တော်တို့တွေ ခပ်သေးသေးကိစ္စတွေက စရပါလိမ့်မည်။ ဥပမာ-အိမ်ဖော်ကောင်မလေးကို "နင်အိမ်ခါနီးရင် ရေခဲသေတ္တာနဲ့ အိမ်သာမီးကို ပိတ်လိုက်"ဆိုတာမျိုး၊ 'ဘုရားသောက်တော်ရေ၊ ညောင်ရေအိုးက ရေတွေစွန့်တဲ့အခါဝရံတာက ပန်းအိုးတွေမှာ လောင်းလိုက်'ဆိုတာမျိုး၊ မပင်မပန်းကိစ္စသေးသေးလေးတွေက စရပါမည်။

တတိယခြင်းကတော့Save(s) ငွေကုန်ကြေးကျ သက်သာလာရမည်တဲ့။ ဆိုလိုသည်က ကမ္ဘာကြီး ပျက်သည်၊ မပျက်သည် ခဏထား(S)နှစ်လုံးကိုလိုက်နာဆောင်ရွက်ခြင်းဖြင့် ကုန်ကျစရိတ်တွေ သိသိသာသာ လျော့ကျ Save ဖြစ်သွားစေရမည်။ ဥပမာ-မီတာခ Bill တွေကျသွားတာမျိုး။ ရေဖိုးရေခတွေ သက်သာသွားတာမျိုး၊ ကားခေါတ်ဆီထည့်ရသည့် အကြိမ် နည်းသွားတာမျိုး၊ ဒီလိုသက်သာမှုတွေနဲ့ လူအများစု ပါဝင်လုပ်ဆောင်လာအောင် ကျွန်တော်တို့ ဆွဲဆောင်ကြရပါမည်။ ဒီခြင်းသုံးခြင်းကို အက်စ် သုံးလုံး 3S ဟု ခေါ်ပါသည်။

အဲဒီခြင်းသုံးခြင်းထဲမှာ မြားသုံးစင်းကို ကျွန်တော်တို့ထည့်ပေးရပါမည်။ မြားကွေးကွေးလေး သုံးခုနှင့် 3R Logo ကို ကလေး၊ လူကြီးမရွေး မြင်ဖူးကြပါသည်။ 3R Activities ဟု လူသိများသော အာရ်သုံးလုံးလုပ်ဆောင်ချက်များ၊ ပထမ R က Reduce (လျှော့ချမှု)၊ ကျွန်တော်တို့၏ ဖြုန်းတီးမှုများကို စတင်လျှော့ချရပါတော့မည်။ ထမင်းတွေကို မကုန်နိုင်အောင် ထည့်ပြီး သွန်မပစ်နဲ့ပေါ့။ ရေပိုက်ခေါင်းကို ဖွင့်ပြီး သွားမတိုက်နဲ့ပေါ့။ မနက်ဖြန်မနက် တွေ့ရမည့် ရည်းစားကို တစ်ညလုံး ဖုန်းဆက်ပြီး မကြူနဲ့ပေါ့။ တစ်ရပ်ကွက်ထဲနေ သူငယ်ချင်း နှစ်ယောက် ဂေါက်ကွင်းကို ကားတစ်စီးတည်းနဲ့စုသွားပေါ့။ အရည်မရ၊ အဖတ်မရ ကွမ်းယာတွေကို ထွေးထုတ်ပစ်လိုက်ပေါ့။

ဒုတိယ R က Reuse (ပြန်သုံးပါ)တဲ့။ ကျွန်တော်တို့ အဝတ်ဗီရိုတွေထဲကိုပြန်ဖွကြည့်ပါ။ ပျော်စရာကောင်းသလို၊ စိတ်ဝင်စားစရာလည်းကောင်းလှပါသည်။ ဘယ်ရည်းစားက ဘယ်လိုချော့ရင်း ဒီ T-Shirt ကို ပေးခဲ့တာတို့၊ ဒီဦးထုပ်ကို ဘယ်မင်းသားက လက်မှတ်ထိုးပေးခဲ့တာတို့ ငယ်ကျိုး ငယ်နာများ ပြန်ပေါ်လာနိုင်ပါသည်။ အဝတ်ဗီရိုတစ်ခုထဲကနေ ပြန်ဝတ်၊ ပြန်သုံး၍ရသော ပစ္စည်း ပစ္စယများ ဒါဇင်ချီ၍ ထွက်လာပါလိမ့်မည်။ အဝတ်ဗီရိုလိုပဲ ပြန်သုံး၍ရသော ပစ္စည်းကိရိယာတွေ တစ်အိမ်လုံးမှာ အများကြီးရှိသည်ဆိုတာကို သတိရပါ။ သူငယ်ချင်းကို လက်ဆောင်ပေးနိုင်သော ဂေါက်တုတ်အဟောင်းများ၊ အငယ်ကောင်ကို ဝတ်ပေးနိုင်သော အကြီးကောင်၏ ဘောင်းဘီအဟောင်းများ၊ ဘက်ထရီလဲရုံနှင့် ပြန်သုံး၍ရသော ဟန်းဆက်အဟောင်းများ၊ ကျွန်တော် ဒီစာမှုကို ရေးသော တစ်ဖက်လွှတ်စာရွက်များလို စာရွက်အဟောင်းများ လူကြီးမင်းအိမ်မှာ အများကြီးရှိနိုင်ပါသည်။ ပြန်သုံးကြည့်သင့်ပါသည်။

တတိယ R ကတော့ Recycle (အဖန်တလဲလဲသုံးပါ) တဲ့။ ပန်းကန်ဆေးသည့်ဆပ်ပြာရေဘူးထဲကို Refill ဝယ်ထည့်သုံးတာမျိုး၊ ရုံးသွားသည့်အခါ ရေဘူးထဲကို ၂၀ လီတာဝင် ရေဘူးကြီးထဲက ရေတွေလီလီထည့်သွားပြီး ရေဘူးတစ်ဘူးထဲကို တန်အောင်သုံးတာမျိုး၊ စူပါမားကက်က ထည့်ပေးလိုက်သည့် ပလတ်စတစ်အိမ်ကို အမှိုက်အိတ်လုပ်လိုက်တာမျိုး၊ အထိရောက်ဆုံးကတော့ Recycle မလုပ်နိုင်သည့် ထုတ်ကုန်တွေကို အားမပေးဘဲ Recycle ထုတ်ကုန်များကို အားပေးတာပဲဖြစ်ပါသည်။ ဒီအာရ်သုံးလုံးကို ကျွန်တော်တို့ နိုင်ငံအပါအဝင် နိုင်ငံတိုင်းလိုလိုမှာ လက်ကိုင်ပြုသုံးစွဲနေပါပြီ။

တစ်ခါတလေမှာ ကျွန်တော်တို့တွေ ဆန္ဒစောပြီး အိုဇုန်းလွှာပေါက်ကြီးကိုစိတ်ပူကြ၊ သစ်တောတွေကို စိတ်ပူကြ၊ အာတိတ်ရေခဲချပ်တွေကိုစိတ်ပူကြ။ ဖန်လုံအိမ်နိယာမတွေကိုစိတ်ပူကြ၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေကို စိတ်ပူကြဖြစ်နေတတ်ပါသည်။ စိတ်ပူတာကိုတော့စိတ်မပူပါနဲ့ဟု မပြောလိုပါ။ ခြင်းသုံးခြင်းထဲက မြားသုံးစင်းကိုလည်း မိသားစုထဲမှာ စမ်းကြည့်စေချင်ပါသည်။ အကြိုက်တွေ့ပါက အများသို့လည်း ဝေမျှပေးစေချင်ပါသည်။ ။

## Environment Cartoon




# ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ တုံ့ပြန်နိုင်ရန် အစီရင်ခံစာမူကြမ်းထွက်

**အိဖြူမွန်**

**ရန်ကုန်၊ မတ် - ၂၄**

မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲခြင်းကြောင့် လူမှုစီးပွားရေးကဏ္ဍများတွင် အများဆုံးပျက်စီးဆုံးရှုံးနိုင်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေစွာပြုမူဆောင်ရွက်နိုင်ရန်အတွက် ဦးစားပေးလုပ်ဆောင်ရမည့် ကြိုတင်ပြင်ဆင်ခြင်း အစီရင်ခံစာမူကြမ်းထွက်ရှိလာကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

ထိုအစီရင်ခံစာမူကြမ်းကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်တို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်သည်။ ယင်းမူကြမ်းတွင် ရာသီဥတု ပြောင်းလဲခြင်းကြောင့် မြန်မာနိုင်ငံ၌ လူမှုစီးပွားရေးကဏ္ဍများတွင်ထိခိုက်နိုင်သော ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ ပျက်စီးဆုံးရှုံးနိုင်သော စီးပွားလုပ်ငန်းများကို အပိုင်းလိုက်ခွဲခြားဖော်ပြထားသည်။

ထိခိုက်သော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လူမှုစီးပွားရေးအမျိုးအစားအလိုက် ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေစွာ ပြုမူဆောင်ရွက်နိုင်ရန် အသေးစိတ်ဖော်ပြထားသည်။

လိုက်လျောညီထွေစွာ ပြုမူဆောင်ရွက်ရမည့် ကဏ္ဍများမှာ စိုက်ပျိုးရေး၊ သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲ၊ ကမ်းရိုးတန်းဇုန်၊ လူထုကျန်းမာရေး၊ ရေအရင်းအမြစ်၊ စွမ်းအင်၊ ပို့ဆောင်ရေးနှင့် စက်မှုတို့ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် တစ်နိုင်ငံလုံး ထိခိုက်ပြီး ယင်းအနက် ထိခိုက်မှုနည်းသော ကချင်နှင့် ချင်းပြည်နယ်၊ စစ်ကိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒုတိယဦးစားပေးလုပ်ဆောင်ရန် လျာထားကြသည်။

လူထုကျန်းမာရေးတွင် သဘာဝ ဘေးအန္တရာယ်အများဆုံးခံရသော ရခိုင်နှင့် မွန်ပြည်နယ်၊ ပဲခူး၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီးများတွင် ဦးစားပေးလုပ်ဆောင်ရန်လျာထားသည်။

ရေချိုရှားပါးသော စစ်ကိုင်း၊ မန္တလေး၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ကို ပထမဦးစားပေးလုပ်ဆောင်ရန်ဖော်ပြထားသည်။ ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်နိုင်သော စစ်ကိုင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့ကို ပထမဦးစားပေးလုပ်ဆောင်ရန် ဖော်ပြထားသည်။ မြန်မာနိုင်ငံသည် ၂၀၁၀ ပြည့်နှစ်တွင် ရာသီဥတုပြောင်းလဲခြင်းအစီရင်ခံစာကို ပထမဆုံး အကြိမ်အဖြစ်ကုလသမဂ္ဂကိုတင်နိုင်ခဲ့သည်။

Tourism
7DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012

# အီးဗီဇာစနစ် မေပြီနောက်ဆုံးပတ် စတင်မည်

**အောင်သူရ**

**ရန်ကုန်၊ ဧပြီ - ၇**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝင်ပေါက်မှနိုင်ငံခြားသားများ၏ ပြည်ဝင်ခွင့်ကို အင်တာနက်မှ လျှောက်ထားနိုင်သော အီးဗီဇာစနစ်ဖြင့် ဧပြီလ စတုတ္ထပတ်မှစ၍ စမ်းသပ်ကျင့်သုံးမည်ဟုနိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

"ဘယ်နိုင်ငံသားမဆိုလျှောက်လို့ရတယ် ပြောတယ်။ VOA (Visa on Arrival) ကိုအင်တာနက်ကလျှောက်လို့ရတဲ့ သဘောပါပဲ။ နိုင်ငံခြားသားတွေအတွက် အဆင်ပြေတာပေါ့" ဟု Myanmar Pole Star ခရီးသွားကုမ္ပဏီမှ ဒါရိုက်တာ ဦးအောင်လင်းထင်က မှတ်ချက်ပေးသည်။

ပထမအဆင့်စမ်းသပ်အောင်မြင်ပါက ဒုတိယ အဆင့်တွင် မန္တလေးလေဆိပ်၊ မူဆယ်၊ တာချီလိတ်၊ ကော့သောင်း၊ မြဝတီနယ်စပ်ဂိတ်များတွင်လည်းကောင်း တတိယအဆင့် အနေဖြင့် ပုဂံ၊ ဟဲဟိုး၊ သံတွဲလေဆိပ်များတွင် ဆောင်ရွက်သွားမည်ဟု နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။ ထို့အပြင် ကမ္ဘာ့လှည့်ခရီးသွားဗီဇာ အဆင်ပြေပါကစီးပွားရေးဗီဇာ၊ အလည်အပတ်ဗီဇာနှင့် အခြားဗီဇာများ လျှောက်ထားလိုသူများ အနေဖြင့် www.myanmarevisa.gov.mm တွင် လျှောက်ထားနိုင်ပြီး ထိုဝက်ဘ်ဆိုက်အား Myanmar Ease Net Co.,Ltd က တာဝန်ယူဆောင်ရွက်ခဲ့သည်။

ယခုလက်ရှိအချိန်ထိ ကြိုတင်ခွင့်ပြုချက်ရယူသောပြည်ဝင်ခွင့်ဗီဇာစနစ်ကျင့်သုံးနေပြီး ၂၀၁၁ ခုနှစ်တွင် လေဆိပ်ဝင်ပေါက်မှ ခရီးသည်သုံးသိန်းကျော်ဝင်ရောက်ခဲ့သည်။

# သင်္ကြန်တွင်း ချောင်းသာတွင်ရှိုးပွဲမရှိ

**အောင်သူရ**

**ရန်ကုန်၊ ဧပြီ - ၇**

သင်္ကြန်ကာလအတွင်း ချောင်းသာကမ်းခြေ၌ ရှိုးပွဲပြုလုပ်ရန်အစီအစဉ်မရှိကြောင်း ချောင်းသာဇုန်ဟိုတယ်လုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဒီနှစ်က မတ်လကတည်းက ဧည့်သည်အရမ်းများတယ်။ အများဆုံးပဲ။ အဲဒီလိုများတဲ့အချိန်မှာ ရှိုးပွဲလုပ်ရင် ဧည့်သည်တွေကို ဝန်ဆောင်မှုပေးတဲ့အချိန်မှာ မနိုင်မှာစိုးလို့"ဟု ချောင်းသာဇုန် ဟိုတယ်မှတာဝန်ရှိသူတစ်ဦးက ပြောသည်။ ထို့အပြင် ချောင်းသာလမ်းအား အချိန်မီ ကောင်းမွန်ရန်အတွက် ပြုပြင်ခဲ့ရသဖြင့် ငွေရောလူပါပန်းသွားခဲ့ကြောင်းလည်း ၎င်းကဆက်လက်ပြောသည်။

ထိုကဲ့သို့ စုပေါင်းအစီအစဉ်ဖြင့် ပြုလုပ်သောရှိုးပွဲများ မပြုလုပ်ဖြစ်သော ဟိုတယ်တစ်ခုချင်းက ပြုလုပ်သော စတုဒီသာ ကျွေးမည့်အစီအစဉ်များရှိသည်။

ပြီးခဲ့သည့်နှစ်က ချောင်းသာကမ်းခြေရှိ ချောင်းသာဦးဟိုတယ်တွင် နာမည်ကြီးအဆိုတော်များနှင့် အခမဲ့စတိတ်ရှိုးပွဲပြုလုပ်ပေးခဲ့သည်။

သင်္ကြန်မတိုင်မီမှစ၍ ချောင်းသာဟိုတယ်များ အခန်းပြည့်ရရှိထားပြီး ဟိုတယ်ဈေးနှုန်းများမှာလည်း ယခင်နှစ်များကထက် ပိုများနေကြောင်း သတင်းရရှိသည်။




# ပြည်တွင်း လေယာဉ်လက်မှတ်ခ မေ ၁ ရက် စတင်တက်မည်



**အောင်သူရ**

**ရန်ကုန်၊ ဧပြီ - ၇**

ပြည်တွင်းလေကြောင်းခရီးစဉ် လက်မှတ်ဈေးနှုန်းများအား မေလ ၁ ရက်မှစ၍ ဈေးတက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဧပြီလ ၁ ရက်မှစ၍ စွမ်းအင်ဝန်ကြီးဌာနက လေယာဉ်ဆီအား ယခင်နှုန်းသေဖြင့် ရောင်းချခဲ့သော တစ်ဂါလန် ၂,၅၀၀ ကျပ်အစား နှုန်းရှင်ဖြစ်သော ကျပ် ၄,၀၀၀ ဖြင့် ရောင်းချမည်ဟု လေကြောင်းလိုင်းတာဝန်ရှိသူကပြောသည်။ "အနိမ့်ဆုံးပြည်တွင်းခရီး သွားတွေအတွက် ၉,၀၀၀ ကျပ်ကနေ ၂၁,၀၀၀ ကျပ်အထိ တက်ဖို့ရှိတယ်။ နိုင်ငံခြားသားတွေအတွက် ၁၁ ဒေါ်လာကနေ ၂၇ ဒေါ်လာအထိ တက်ဖို့စီစဉ်ထားပါတယ်" ဟုအဲမန္တလေးလေကြောင်းလိုင်းမှ တာန်ရှိသူကပြောသည်။ အဲကမ္ဘောဇလေကြောင်းလိုင်းကမူ ဈေးတက်ရန်အစီအစဉ်ရှိသော်လည်း ယခုအချိန်ထိမတွက်ချက်ရသေးကြောင်း အဆိုပါလေကြောင်းမှ တာဝန်ရှိသူကဆိုသည်။

ယခု ဈေးနှုန်းတက်မည့် မေ ၁ ရက်သည်ခရီးသွားများနည်း သော Low Season စတင်သော အချိန်ဖြစ်ပြီး ပုံမှန်ရာသီထက် ၁၀ ဒေါ်လာခန့်ဈေးသက်သာလေ့ရှိသည်။ "ဒီအချိန် တက်တာတော့ သက်ရောက်မှုသိပ်မရှိဘူး။ ဟိုတယ်တွေ ဈေးတက်တာပဲ တော်တော်ဆိုးတယ်"ဟု ဒဂုံမြို့နယ်အခြေစိုက်ခရီးသွားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။ ယခုနှစ်တွင် ဧည့်သည်ဝင်ရောက်မှုများခဲ့ပြီး ပြည်တွင်းခရီးစဉ် ပျံသန်းနေသော လေကြောင်းလိုင်းငါးခုမှာ ယခင်နှစ်များထက် ဧည့်သည်ပိုမိုရခဲ့သည်။

# ဟိုတယ်ခန်းမငှားရမ်းခ မြင့်တက်၍ ပညာရေးဟောပြောပွဲ ကျင်းပရန် အခက်တွေ့

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်- ၂၇**

ဟိုတယ်ခန်းမ ငှားရမ်းခများ မြင့်တက်လာခြင်းကြောင့် နိုင်ငံခြားပညာရေး ဝန်ဆောင်မှု လုပ်ငန်းများအနေဖြင့် ပညာရေးဟောပြောပွဲများ ပြုလုပ်ရန် နေရာအခက်အခဲဖြစ်လာကြောင်း၎င်းလုပ်ငန်းလုပ်ကိုင်နေသူများက ပြောသည်။

နိုင်ငံတကာကျောင်းများ၏ ပညာရေးရှင်းလင်းပွဲ များကို ရန်ကုန်မြို့ရှိဟိုတယ်ကြီးများတွင် ကျင်းပပြုလုပ်လျက်ရှိရာ ယခုနှစ်၌ ဟိုတယ်ခန်းမ ငှားရမ်းခများ ဈေးနှုန်းမြင့်တက်လာခဲ့သလို နေရာရရှိရန်လည်း အခက်အခဲရှိနေခြင်းဖြစ်သည်။

"အရင်နှစ်ထက် ၄၀ နဲ့ ၅၀ ရာခိုင်နှုန်းလောက် ခန်းမငှားခတွေ တက်သွားတယ်။ ဘွတ်ခ်ကင်အတွက်လည်း တစ်လ၊ နှစ်လထိ ကြိုလုပ်ရတယ်။ နာရီပိုင်းလောက်ငှားတာကိုလည်း လက်မခံတော့ဘူး။ တစ်နေကုန်ဆိုမှ ငှားတော့တယ်"ဟု ပညာရေးဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်နေသူ တစ်ဦးက ပြောသည်။

ဟိုတယ်ခန်းမ ငှားရမ်းခများ မြင့်တက်သွားခြင်းကြောင့် ပြည်ပကျောင်းများမှ ပညာရေးဟောပြောပွဲများ ပြုလုပ်ရန် အသုံးစရိတ်လုံလောက်ခြင်း မရှိတော့ဘဲ ပညာရေးဝန်ဆောင်မှု လုပ်ငန်းများသည် မိမိတို့ရုံးခန်းများတွင်သာ ပညာရေးဟောပြောပွဲများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"Business Centre တွေ များများပေါ်လာရမယ်။ ဘန်ကောက်မှာဆို အများကြီးရှိတယ်။ မြန်မာနိုင်ငံမှာက အဲ့လို မရှိဘူးဖြစ်နေတယ်။ အဲ့ဒါဆိုရင် ဒီလို အခက်အခဲဖြစ်တော့မှာ မဟုတ်ဘူး။ အခုက ဟောပြောပွဲတွေ၊ ဆွေးနွေးပွဲတွေ၊ ပြပွဲတွေလုပ်ရင် ဟိုတယ်တွေကိုပဲ အားကိုးနေရတယ်။ ဟိုတယ်တွေက အခန်းမပေးနိုင်တော့ ပြဿနာတပ်ဖြစ်နေတာပေါ့" ဟု နိုင်ငံတကာ ပညာရေးကျွမ်းကျင်သူတစ်ဦးက သုံးသပ်သည်။

မြန်မာကျောင်းသားများ နိုင်ငံခြားပညာသင် အခွင့်အလမ်းအတွက် စိတ်ဝင်စားမှု မြင့်တက်ခဲ့ခြင်းကြောင့် လွန်ခဲ့သောနှစ်များမှစတင်၍ နိုင်ငံတကာကျောင်းများသည် ပညာရေးဟောပြောပွဲများ၊ ပြပွဲများ ပြည်တွင်း၌ လာရောက် ကျင်းပပြုလုပ်လျက် ရှိကြသည်။

7 DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012

# Cartoon


The Cartoon Logo




























7DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012

# မလေးရှားတွင် ရွေးကောက်ပွဲစနစ် ဆန့်ကျင်သူများ ယခုလအတွင်း ဆန္ဒပြမည်




Photo - AFP

**ကွာလာလမ်ပူ၊ ဧပြီ - ၄**
မလေးရှားနိုင်ငံ၏ ရွေးကောက်ပွဲစနစ် ဆန့်ကျင်ရေးလှုပ်ရှားသူများသည် အစိုးရ၏ လွှတ်တော်တွင်း ပြုပြင် ပြောင်းလဲရေးလှုပ်ရှားမှုများကိုယခုလအတွင်း ကန့်ကွက်ဆန္ဒပြသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အဆိုပါ လှုပ်ရှားသူများ၏ ရွေးကောက်ပွဲ ပြုပြင်ပြောင်းလဲမှုဖိအားပေးရေး အုပ်စု "ဘာစီ" သည် လှုပ်ရှား တက်ကြွသူများ၊ အတိုက်အခံ နိုင်ငံရေးသမားများ၊ ပြည်သူများကိုစုစည်းကာဧပြီ ၂၈ ရက်တွင်မြို့တော်ကွာလာလမ်ပူ၌ ငြိမ်းချမ်းစွာစုဝေး၍ သပိတ်ဆင်နွှဲမည်ဟုဆိုသည်။

ဘာစီအဖွဲ့ကိုယ်စားလှယ်များက ၎င်းတို့သည် မြို့တော်ရှိ လွတ်လပ်ရေး ရင်ပြင်တွင် စုဝေးမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းမှ ထောက်ခံသူများအနေဖြင့်လည်း ကိုယ့်နည်းကိုယ်ဟန်ဖြင့် ဆန္ဒဖော်ထုတ်စေလိုကြောင်း တိုက်တွန်းထားသည်။ ယခုကဲ့သို့ တောင်းဆိုမှုမှာ မကြာသေးမီက ဝန်ကြီးချုပ် နာဂျစ်ရာဇက်ကဖွဲ့စည်းပေးသော အဖွဲ့က ရွေးကောက်ပွဲစနစ်ပြုပြင်ပြောင်းလဲရေးအတွက် ရှာဖွေတွေ့ရှိချက်များကို လွှတ်တော်သို့တင်သွင်းအပြီး နောက်တစ်နေ့တွင်ထွက်ပေါ်လာခြင်းဖြစ်သည်။ ဝေဖန်သူများက အဖွဲ့၏ အစီရင်ခံစာသည်အမှန် တကယ်လိုအပ်နေသည်နှင့် အလှမ်းကွာဝေးလွန်းကြောင်း ထောက်ပြထားသည်။


မလေးဘာသာဖြင့်'သန့်ရှင်းမှု' ဟုအမည်ရသော ဘာစီအဖွဲ့သည် ယမန်နှစ်ကလည်း သန့်ရှင်းသောရွေးကောက်ပွဲများ ကျင်းပရေးတောင်းဆိုဆန္ဒပြခဲ့ရာ ရဲတပ်ဖွဲ့၏ မျက်ရည်ယိုဗုံး၊ မီးသတ်ပိုက်များဖြင့် ဖြိုခွဲခြင်းခံရသည်။ အဆိုပါ ဆန္ဒပြမှုများတွင် လူပေါင်း ၁၆၀၀ ဖမ်းဆီးခံခဲ့ရသည်။ လွှတ်တော်တွင် တင်သွင်းသော အစီရင်ခံစာ၌ ရွေးကောက်ပွဲကော်မရှင်၏ လွတ်လပ်စွာရပ်တည်မှု၊ အတိုက်အခံဘက်အား မီဒီယာများ ဆက်သွယ်ဖော်ပြခွင့်၊ မဲပေးမှုများတွင် လာဘ်ပေး၊ လာဘ်ယူမှုများ သန့်ရှင်းရေးတို့ကို တောင်းဆိုခဲ့သည်။

မလေးရှားနိုင်ငံတွင် ကာလရှည်အာဏာရလာခဲ့သော ညွန့်ပေါင်းပါတီအဖွဲ့သည် ၎င်းတို့အုပ်စိုးမှုအခွန့်ရှည်ရေးအတွက် မဲဝယ်ခြင်း၊ မီဒီယာများကို ပိတ်ပင်ခြင်းများကို အဆက်မပြတ်ပြုလုပ်ခဲ့သည်ဟု စွပ်စွဲမှုများထွက်ပေါ်ခဲ့သည်။

—*Ref: AFP*

# တောင်တရုတ်ပင်လယ် စီမံကိန်းများ အိန္ဒိယအတွက် အန္တရာယ်များ

**ဟိုင်နန်၊ ဧပြီ - ၅**
အငြင်းပွားနေသောတောင်တရုတ်ပင်လယ်ရှိ ဗီယက်နမ်ကမ်းလွန်ဒေသတွင် အိန္ဒိယကုမ္ပဏီများ ရေနံရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေပါက အိန္ဒိယနိုင်ငံအနေဖြင့် နိုင်ငံရေးနှင့် စီးပွားရေးအန္တရာယ်များ ကြုံတွေ့ရနိုင်ကြောင်း တရုတ်အစိုးရက ထောက်ပံ့ထားသည့်ဉာဏ်ကြီးရှင်အဖွဲ့တစ်ဖွဲ့က ပြောကြားသည်။




ဗီဒက်ရှ်ရေနံနှင့် သဘာဝဓာတ်ငွေ့ ကော်ပိုရေးရှင်းက အငြင်းပွားနေသောနေရာရှိ လုပ်ကွက်နှစ်ကွက်တွင် ရေနံရှာဖွေရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေခြင်းမှာပဋိပက္ခကိုပိုမိုရှုပ်ထွေးသွားစေနိုင်ကြောင်း တောင်တရုတ်ပင်လယ်လေ့လာရေးအမျိုးသားအင်စတီကျူဒ်ဥက္ကဋ္ဌ ဝူရှီကွန်ကဆိုသည်။ ယင်းအဖွဲ့အစည်းမှာ အစိုးရအားအကြံပေးနိုင်ရန် နိုင်ငံတောင်ပိုင်းတောင်တရုတ်ပင်လယ်ရှိဟိုင်နန်ကျွန်းပေါ်၌ အခြေစိုက်ထားကြောင်းသိရသည်။

ကုလသမဂ္ဂ၏ ပင်လယ်ပြင်ဥပဒေကွန်ဗင်းရှင်း သတ်မှတ်ချက်အရ ရေနံရှာဖွေရေး လုပ်ကွက်နှစ်ကွက်မှာ ဗီယက်နမ်နိုင်ငံ၏မိုင် ၂၀၀ နယ်နိမိတ်အတွင်းရှိပြီး တောင်တရုတ်ပင်လယ်တွင် အငြင်းပွားနေသည့် အစိတ်အပိုင်းမဟုတ်ဟု ဗီယက်နမ်ဒုတိယဝန်ကြီးချုပ် ၄ုရင် သီရင်ဟာနာ၏ ပြောဆိုမှုများကိုမစ္စတာဝူက မေးခွန်းထုတ်ခဲ့သည်။ မစ္စတာဝူရှီကွန်သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ယခင်ရက်သတ္တပတ်အတွင်း လာရောက်လည် ပတ်ခဲ့ကြောင်း သိရသည်။ —*Ref: The Hindu*

# အိန္ဒိယစစ်ဘက်စာသင်ကျောင်းတွင် တရုတ်စာသင်ရန် ပြဋ္ဌာန်း

**ကတ်ရှ်မီးယား၊ ဧပြီ - ၄**
အိန္ဒိယနိုင်ငံဟီမာချယ်ပရာဒတ်ရှ်ပြည်နယ် ချိုင်လ်မြို့ရှိစစ်ဘက်စာသင်ကျောင်းတစ်ကျောင်းသည် ယခုနှစ်မှစတင်၍ ကျောင်း၌ တရုတ်ဘာသာစကားသင်ကြားရေး သင်ရိုးညွှန်းတမ်းကိုပြဋ္ဌာန်းမည်ဖြစ်ကြောင်းသိရသည်။ ယင်းစစ်သင်တန်းကျောင်းသည်တရုတ်ဘာသာကို နိုင်ငံခြားဘာသာအဖြစ်သင်ကြားခြင်းအားဖြင့် နိုင်ငံတွင်း၌ ထိုသို့သင်ကြားသော ထိပ်တန်းစစ်သင်တန်းကျောင်းငါးခုတွင် တစ်ခုအပါအဝင်ဖြစ်လာမည်ဖြစ်သည်။

ကျောင်း၌ တရုတ်ဘာသာစကားကို ခြောက်တန်းမှ ဆယ်တန်းအထိ မသင်မနေရအဖြစ်သင်ကြားမည်ဟု သိရသည်။ အိန္ဒိယနိုင်ငံတွင် စစ်ဘက်စာသင်ကျောင်းငါးခုရှိပြီး ၎င်းတို့မှာ ပန်ဂျပ်ပြည်နယ်မှ ဂျလန်ဒါကျောင်း၊ ရာဂျာစသန်ပြည်နယ်မှ အက်ဂျမာနှင့် ဒိုလ်ပူရ်၊ ကာနတ်တာပြည်နယ်မှ ဘန်ဂလိုနှင့် ဘယ်ဂေါင်ကျောင်းတို့ဖြစ်ကြသည်။

အဆိုပါကျောင်းများအားလုံးသည် စစ်ဘက်တပ်ဖွဲ့ဝင်များ၊ အရပ်သားများ၏ ကလေးများအတွက် အိန္ဒိယစစ်တပ်တွင် အရာရှိအဖြစ် ဝင်ခွင့်ရရန် ပြင်ဆင်ပေးသောကျောင်းများဖြစ်ကြသည်။

—*Ref: Xinhua*

# ရေသဘင်ပွဲတော်ကာလအတွင်း ဘန်ကောက်၌ လုံခြုံရေး တိုးမြှင့်ချထားမည်

**ဘန်ကောက်၊ ဧပြီ - ၄**
ထိုင်းနိုင်ငံမြို့တော် ဘန်ကောက်တွင် ရိုးရာနှစ်သစ်ကူး ဆုန်ခရန် ရေသဘင်ပွဲတော်ကာလအတွင်း လုံခြုံရေးများ တိုးမြှင့်ချထားမည်ဖြစ်ကြောင်း သိရသည်။ မကြာမီရက်ပိုင်းက ထိုင်းနိုင်ငံတောင်ပိုင်းပြည်နယ်များဖြစ်သော ယာလာနှင့် ဆုန်ခလာတို့တွင် ကားဗုံးပေါက်ကွဲမှုများကြောင့် လူ၁၄ ဦးသေဆုံးကာ ၅၀၀ ကျော်ဒဏ်ရာရရှိခဲ့ပြီးနောက် ယခုကဲ့သို့ လုံခြုံရေးအရ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ဘန်ကောက်မြို့တော်အုပ်ချုပ်ရေးအဖွဲ့ကပြောသည်။

ဘန်ကောက်မြို့တော်မှ တာဝန်ရှိသူများသည် ဥပဒေဝန်ထမ်း ၁,၂၄၀ ဦးကို မြို့တော်၏ ခရိုင်ရုံးပေါင်း ၅၀ တွင် ရေသဘင်ပွဲတော်ကာလအတွင်း ချထားပေးမည်ဖြစ်ကာ ၎င်းတို့က ရဲတပ်ဖွဲ့နှင့်အတူ ဆိုင်ကယ်ဖြင့်သွားလာသူများကို ကူညီစောင့်ရှောက်ပေးမည်ဖြစ်သည်။

ဥပဒေဝန်ထမ်းများသည် အန္တရာယ်ဖြစ်နိုင်ခြေရှိသည့် နေရာများဖြစ်သော ကမ္ဘာလှည့်များနားနေသည့်နေရာများ၊ ဈေးဝယ်စင်တာများ၊ ဘတ်စ်ကားဂိတ်များတွင်လည်း တာဝန်ထမ်းဆောင်မည်ဟု အာဏာပိုင်များက ပြောကြားထားသည်။

—*Ref: Xinhua*

# တရုတ်နိုင်ငံတွင် နှစ် ၉၀၀ သက်တမ်းရှိ ကြွေခွက်တစ်ခု ကန်ဒေါ်လာ ၂၇ သန်းဖြင့် စံချိန်တင်ရောင်းချ

**ဟောင်ကောင်၊ ဧပြီ - ၄**
အလွန်ရှားပါးသော ရှေးခေတ်တရုတ်ကြွေခွက်တစ်ခွက်ကို ဟောင်ကောင်ရှိ ဆောက်သ်ဘီလေလံကုမ္ပဏီတွင် ရောင်းချခဲ့ရာ ကြိုတင်ခန့်မှန်းထားသည့် ဈေးထက်သုံးဆပိုများကာ ကန်ဒေါ်လာ ၂၇ သန်းနီးပါးဖြင့် စံချိန်တင်ဈေးရခဲ့သည်။ အဆိုပါကြွေခွက်မှာ တရုတ်နိုင်ငံမြောက်ပိုင်း စုန်မင်းဆက်ခေတ်ကဖြစ်ပြီး သက်တမ်း နှစ် ၉၀၀ နီးပါးရှိသည်။ ယင်းခွက်ကိုအမည်မဖော်လိုသူတစ်ဦးက ဖုန်းဖြင့်လေလံဆွဲဝယ်ယူခဲ့ခြင်းဖြစ်သည်။ ကန်ဒေါ်လာ ၂၆ ဒသမ ၇ သန်း (ဟောင်ကောင်ဒေါ်လာ ၂၀၈ သန်း) ဈေးရခဲ့သည့် ယခုကြွေခွက်သည် ၂၀၀၈ ခုနှစ်က ဟောင်ကောင်ဒေါ်လာ၆၇ ဒသမ ၅၂ သန်းစံချိန်တင် ဈေးရခဲ့သော 'ကွမ်' ပန်းအိုး၏ ဈေးနှုန်းကို အပြတ်အသတ်ချိုးဖျက်နိုင်ခဲ့သည်။

၁၅ မိနစ်ကြာ ယင်းလေလံပွဲတွင် လေလံဆွဲသူရှစ်ဦးက ဈေးပြိုင်ပေးခဲ့ခြင်းဖြစ်သည်။ စုန်ခေတ်မှ "ရူ" ကြွေထည်ပစ္စည်းများသည် တရုတ်နိုင်ငံအတွင်း အရှားပါးဆုံး ရှေးဟောင်းပစ္စည်းဖြစ်ကာကမ္ဘာပေါ်တွင်လည်း မကွဲမပျက်ဘဲ မူရင်းအတိုင်း ကျန်ရှိသော ကြွေထည်ပစ္စည်း ၇၉ ခုခန့်သာရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ "ရူရောက်" လက်ဆေးခွက်ဟုခေါ်သော ယခုကြွေခွက်သည် ပန်းပွင့်ပုံဖြင့် သရုပ်ဖော်ထားသည့် ကြွေထည်အနုပညာ လက်ရာတစ်ခုလည်း ဖြစ်သည်။



—*Ref: AFP*

7DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012





## Leader's Profile

### ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ အကြီးအကဲ

# တာလက်ဘ်ရာဖာအီ

ရဲမင်း

မစ္စတာတာလက်ဘ်ရာဖာအီသည်ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (WTO) ၏လက်ရှိအတွင်းရေးမှူးချုပ်ဖြစ်သည်။ အဖွဲ့ဝင် ၁၅၄ နိုင်ငံပါအဖွဲ့အစည်းကိုဦးဆောင်သည့် ပထမဦးဆုံးအာရပ်လူမျိုးဖြစ်သည်။ ကုလသမဂ္ဂကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ကိုစပိန်နိုင်ငံမက်ဒရစ်မြို့တွင် အခြေစိုက်ထားသည်။

ရာဖာအီအား ၁၉၄၉ ခုနှစ်တွင် ဂျော်ဒန်နိုင်ငံ၌ မွေးဖွားခဲ့သည်။ အခြေခံပညာရေးကို ဂျော်ဒန်နိုင်ငံမှာပင် သင်ယူခဲ့သော ရာဖာအီသည် တက္ကသိုလ်ပညာရေးအတွက် အီဂျစ်နိုင်ငံတွင် တက်ရောက်ခဲ့ပြီး ၁၉၇၃ ခုနှစ်၌ ကိုင်ရိုတက္ကသိုလ်မှ ဗိသုကာအင်ဂျင်နီယာဘွဲ့ရရှိခဲ့သည်။ ထိုမှနေ၍ အမေရိကန်နိုင်ငံသို့ သွားရောက်ကာ အီလီနွိုက်နည်းပညာတက္ကသိုလ်မှ ဗိသုကာနှင့်အင်ဂျင်နီယာ မဟာဘွဲ့ရရှိခဲ့သည်။ ထို့နောက် ပင်ဆယ်ဗေးနီးယားတက္ကသိုလ်မှ မြို့ပြဒီဇိုင်းနှင့်ဒေသဆိုင်ရာ စီမံကိန်းအထူးပြုဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ရရှိခဲ့သည်။

ယင်းနောက် မစ္စတာရာဖာအီသည် ဂျော်ဒန်တက္ကသိုလ်တွင် ဗိသုကာ၊ စီမံကိန်းနှင့် မြို့ပြအင်ဂျင်နီယာဌာနဒီဇိုင်းပါမောက္ခအဖြစ် ၁၉၇၃ မှ ၁၉၉၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၃ မှ ၁၉၉၅ ခုနှစ်များအတွင်း မစ္စတာရာဖာအီသည်အမေရိကန်နိုင်ငံဝါရှင်တန်ဒီစီတွင်အခြေစိုက်ထားသော စီးပွားရေး လုပ်ငန်းမြှင့်တင်ရေးအဖွဲ့ကိုဦးဆောင်ခဲ့ပြီး ဂျော်ဒန်နှင့် အမေရိကန်နှစ်နိုင်ငံကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ခဲ့သည်။

ထို့အပြင် မစ္စတာရာဖာအီသည် ၁၉၉၅ မှ ၁၉၉၇ ခုနှစ်အထိ ဂျော်ဒန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကော်ပိုရေးရှင်း၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ယူခဲ့ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုမဟာဗျူဟာများနှင့် ပေါ်လစီချမှတ်ခြင်းများတွင် တက်တက်ကြွကြွပါဝင်ခဲ့သည်။ ၁၉၉၇ မှ ၂၀၀၀ ခုနှစ်များအတွင်း ဂျော်ဒန်နိုင်ငံ၏ အကြီးမားဆုံး အများပိုင်ကုမ္ပဏီဖြစ်သော ဂျော်ဒန်ဘိလပ်မြေကုမ္ပဏီအား ဦးဆောင်ခဲ့ပြီးတစ်ချိန်တည်းမှာပင် ဂျော်ဒန်နိုင်ငံ၏ ပထမဦးဆုံး ပုဂ္ဂလိကပိုင်ပြုလုပ်ရေးနှင့် စီးပွားရေး ပုံစံပြန်လည်ဖွဲ့စည်းခြင်းများကို ညွှန်ကြားခဲ့သည်။

ယင်းနောက်မစ္စတာရာဖာအီသည်ဂျော်ဒန်ခရီးသွားလုပ်ငန်းဝန်ကြီးတာဝန်ထမ်းဆောင်ရင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအမှုဆောင်အဖွဲ့တွင်ပါ တာဝန်ယူခဲ့သည်။ ထိုမှတစ်ဆင့်ဂျော်ဒန်ပြန်ကြားရေးဝန်ကြီး၊ စီမံကိန်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး တာဝန်များကိုရယူခဲ့သော မစ္စတာရာဖာအီသည် ၂၀၀၃ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံတကာ အလုပ်သမားအဖွဲ့၏ လက်ထောက်ညွှန်ကြားရေးမှူးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည်။

မစ္စတာရာဖာအီသည် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ကြီး၏ ဒုတိယအတွင်းရေးမှူးချုပ်ဖြစ်လာပြီး ၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် ယင်းအဖွဲ့ကြီး၏ အတွင်းရေးမှူးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

မစ္စတာရာဖာအီသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးငါးယောက်ရှိသည်။

—*Ref: Wikipedia*

### နောက်ကျောဖုံး - ဗင်နီဇွဲလားရွေးကောက်ပွဲမတိုင်မီ အနိမ့်ဆုံးလစာကို သုံးဆနီးပါး ဟူဂိုချာဗက်ဇ် တိုးမြှင့်ပေး မှ



ဟာဗားနားမြို့တော်သို့ တတိယအကြိမ်ခတ်ရောင်ခြည်ကုသရန် မထွက်ခွာမီ ရုပ်သံမှ ထုတ်လွှင့်သော ဝန်ကြီးအဖွဲ့အစည်းအဝေး၌ ချာဗက်ဇ်က "၁၉၈၀ နဲ့ ၉၀ နှစ်များမှာ အနိမ့်ဆုံးလုပ်ခဟာ အခြေခံအားဖြင့် မပြောင်းလဲခဲ့ပါဘူး။ ဒီနောက်တော့ ငွေဖောင်းပွမှုက မြင့်တက်ခဲ့ပါတယ်။ ဒီလိုလစာတွေတိုးပေးဖို့ ကျွန်တော်တို့ ရက်သတ္တပတ်ပေါင်းများစွာ လုပ်ဆောင်ခဲ့ရပါတယ်"ဟုပြောသည်။

အောက်တိုဘာလ ၇ ရက်တွင်ကျင်းပမည့် သမ္မတရွေးကောက်ပွဲမတိုင်မီ ချာဗက်ဇ်အစိုးရသည် လူထုအတွက် နေအိမ်ထောင်ပေါင်းများစွာ ဆောက်လုပ်ပေးခြင်း၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကလေးရှိပြီး ဆင်းရဲသောမိသားစုများကို ငွေကြေးထောက်ပံ့ခြင်း စသည့်စီမံချက်များလုပ်ဆောင်လျက်ရှိသည်။

ယခုတိုးပေးမည့်လစာသစ်များကို မေ ၁ ရက်နှင့် စက်တင်ဘာ ၁ ရက်နေ့များတွင် နှစ်ဆင့်ခွဲပေးမည်ဖြစ်ပြီး ထို့နောက်ပိုင်း၌ အစိုးရ၏ တရားဝင် နိုင်ငံခြားငွေလဲနှုန်းအရလုပ်သားများ၏ အနိမ့်ဆုံးလစာသည် တစ်လလျှင် ၄၇၅ ဒေါ်လာရရှိမည်ဖြစ်သည်။

—*Ref: AFP*

### နောက်ကျောဖုံး - ရက်ပိုင်းအတွင်း အရပ်သားအစိုးရထံ အာဏာလွှဲပြောင်းပေးမည်ဟု မာလီစစ်ခေါင်းဆောင် ပြောကြား မှ

ထို့နောက် အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ဖိအားပေးဆွေးနွေးမှုများ သုံးရက်ကြာ ပြုလုပ်ပြီးနောက် အာဏာသိမ်းစစ်အစိုးရက အရပ်သားအစိုးရထံ အာဏာလွှဲပေးရန်နှင့် ၎င်းတို့ကိုလည်း အစိုးရသစ်ဘက်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် သဘောတူညီမှုရရှိကြောင်း ဧပြီ ၆ ရက် ညနေပိုင်းက ကြေညာခဲ့သည်။

မြို့တော်ဘာမာကို၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အာဏာသိမ်းခေါင်းဆောင် ဆာနိုရီက "အပြောင်းအလဲဆီကို လျင်မြန်စွာ ရွေ့လျားဖို့ဟာ ကော်မတီရဲ့ ဆန္ဒပါ။ လာမယ့် ရက်အနည်းငယ်အတွင်းမှာ ဝန်ကြီးချုပ်တစ်ဦး ခေါင်းဆောင်တဲ့ အစိုးရအဖွဲ့တစ်ဖွဲ့ကို တွေ့မြင်ရမှာပါ"ဟုပြောသည်။

အာဏာသိမ်းခေါင်းဆောင် ဆာနိုရီနှင့် ၁၅ နိုင်ငံပါဝင်သော အနောက်အာဖရိကနိုင်ငံများအဖွဲ့(ECOWAS)တို့၏ သဘောတူညီချက်အရ သမ္မတဟောင်းတိုရေးအား ပြန်ခေါ်ပြီး ရာထူးမှ တရားဝင်နုတ်ထွက်ခိုင်းရန်၊ ထို့နောက် စစ်တပ်က ပါလီမန်ဥက္ကဋ္ဌ ဒီအွန်ကွန်ဒါထရာအိုရေးအား ကြားဖြတ်အစိုးရသမ္မတအဖြစ်ခန့်အပ်ရန်နှင့် ညီညွတ်ရေးအစိုးရတစ်ရပ်ဖွဲ့စည်းရန် အရေးကိစ္စများပါဝင်သည်။

—*Ref: Reuters*

### နောက်ကျောဖုံး - ဆီးရီးယားတွင် အပစ်အခတ်မရပ်စဲမီ တိုက်ပွဲများကြောင့် အရပ်သား ၇၄ ဦး သေဆုံး မှ

လာမည့် ကြာသပတေးနေ့ (ဧပြီ ၁၂ ရက်)တွင် ကျင်းပရန်စီစဉ်ထားသည့်အပစ်အခတ်ရပ်စဲရေးဆွေးနွေးမှုမစတင်မီ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့ခြင်းကို အစိုးရနှင့်အတိုက်အခံနှစ်ဖက်စလုံးက တစ်ဖက်နှင့်တစ်ဖက် အပြစ်တင်နေကြသည်။

ဆီးရီးယားစစ်တပ်သည် ဟွမ်းစ်ပြည်နယ်ရှိ ဒီယာဘာလ်ဘာခရိုင်ကို ပိတ်ဆို့ထားပြီး လူလေးဦးကို သတ်ဖြတ်ခဲ့ကြောင်း၊ အဆိုပါဒေသ၌ပင် အရပ်သားအနည်းဆုံး ၇၄ ဦး သေဆုံးကာ ဟာမာပြည်နယ်တစ်ခုတည်း၌ လူ ၄၀ ဦး သေဆုံးခဲ့ကြောင်းသိရသည်။ သူပုန်အဖွဲ့ ဖြစ်သည့် ဆီးရီးယားလွတ်မြောက်ရေးတပ်မတော်သည် တိုက်ပွဲများတွင် တပ်သား ၁၅ ဦး ကျဆုံးခဲ့ကာ နိုင်ငံအနှံ့ တိုက်ပွဲများ၌ အစိုးရတပ်ဖွဲ့ဝင်၁၇ဦးကျဆုံးခဲ့ကြောင်းသတင်းထုတ်ပြန်ထားသည်။

ယခုအခါ ဆီးရီးယားနိုင်ငံတွင်မငြိမ်သက်မှုများကြောင့်တူရကီနိုင်ငံသို့ ဝင်ရောက် ခိုလှုံသူ ၂၄,၀၀၀ ခန့်ရှိကြောင်း တူရကီဝန်ကြီးချုပ် တေယစ်အာဒိုဂန်ကပြောသည်။ —*Ref: Reuters*

### ဆွေးနွေးပွဲအတွက် အချိန်အကန့်အသတ်မဲ့ရှိနေခြင်း မဟုတ်ကြောင်း အီရန်အား မစ္စစ်ကလင်တန်သတိပေး



**ဝါရှင်တန်၊ ဧပြီ - ၅**

အီရန်နှင့် အင်အားကြီးခြောက်နိုင်ငံကြား ဆွေးနွေးပွဲအား မည်သည့်နေရာတွင် ကျင်းပမည်ဆိုခြင်းနှင့် ပတ်သက်၍ အငြင်းပွားမှုဖြစ်ပေါ်လာပြီးနောက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးမစ္စစ်ကလင်တန်က သံတမန်ရေးမှာ အချိန်အကန့်အသတ်မဲ့ရှိနေခြင်း မဟုတ်ကြောင်းနှင့်နည်းလမ်းအားလုံး စားပွဲပေါ်တွင်ရှိနေသေးကြောင်း အီရန်နိုင်ငံအားသတိပေးပြောကြားလိုက်သည်။

အီရန်နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ အချိန်ကြာမြင့်စွာလိပ်ခဲတည်းလည်း ဖြစ်နေသောဆွေးနွေးပွဲအတွက် အချိန်နှင့်နေရာ သတ်မှတ်ရေးကို ဥရောပသမဂ္ဂက ကိုင်တွယ်သွားမည်ဖြစ်ကြောင်း မစ္စစ်ကလင်တန်က ပြောကြားပြီး အမေရိကန်နိုင်ငံကလည်း ဆက်လက်၍ ပြင်းပြင်းထန်ထန်ဖိအားပေးသွားမည်ဟု အခိုင်အမာပြောသည်။

နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများကို အီရန်နိုင်ငံက လိုက်နာဆောင်ရွက်ပြီး ၎င်း၏ နျူကလီးယားအစီအစဉ်မှာ ငြိမ်းချမ်းရေးအတွက်သာ ရည်ရွယ်ခြင်းဖြစ်သည်ဟု ပြသနိုင်ချိန်အထိ အီရန်အနေဖြင့်ပြင်းပြင်းထန်ထန်ဖိအားပေးမှုနှင့် အထီးကျန်ခြင်းကို ဆက်လက်ရင်ဆိုင်ရမည်ဖြစ်ကြောင်း ကန်နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

"ဆွေးနွေးပွဲ မြန်မြန်စတင်နိုင်လေ၊ ပိုကောင်းလေဖြစ်ပါလိမ့်မယ်" ဟုကိုဆိုဗိုဝန်ကြီးချုပ် ဟာရှင်သာစီနှင့်အတူ ပူးတွဲပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ကန်နိုင်ငံခြားရေးဝန်ကြီးကပြောကြားသည်။ —*Ref: AFP*

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012




# အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် စကားပြောခြင်း

ကျော်မျိုး

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ဟာ သူမရဲ့ ရာထူးနေရာအတွက် ဒုတိယသက်တမ်းကို ဆက်လက်ထမ်းဆောင်တော့မှာမဟုတ်ကြောင်း မကြာသေး မီကပြောဆိုခဲ့ပါတယ်။ ဒ့ါကြောင့် ဒီရာထူးနေရာမှာ အိုဘားမားဦးဆောင်တဲ့ အစိုးရအဖွဲ့ ပထမအကြိမ်သက်တမ်းကုန်ရင် မြင်ရတော့မှာမဟုတ်တဲ့ မစ္စဟီလာရီနဲ့ နိုင်ငံခြားရေးပေါ်လစီမဂ္ဂဇင်းတို့ရဲ့ မကြာမီကတွေ့ဆုံမေးမြန်းမှုအချို့ကိုကောက်နုတ်ဖော်ပြပေးလိုက်ပါတယ်။

**ဝန်ကြီးဟာ တကယ်ကြီးကျယ်တဲ့ အလုပ်တစ်ခုကို လုပ်နေခဲ့တာပါ။ ဒ့ါကြောင့် ဘာဖြစ်လို့များ အနားယူဖို့ ဆုံးဖြတ်ခဲ့ရတာပါလဲ။**

ဟုတ်ကဲ့ ဒီလိုမျိုး မှတ်ချက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ အခုကျွန်မတာဝန်ကမပြီးသေးပါဘူး။ ကျွန်မဟာ အလုပ်ကိုတစ်နေ့ပြီးတစ်နေ့ အာရုံစိုက်လုပ်နေရတဲ့သူတွေထဲက တစ်ဦးပါ။ ပြီးတော့ နောက်ဘာဖြစ်မလဲဆိုတာကိုလည်း မတွေးမိအောင်ကျွန်မကြိုးစားနေပါတယ်။ ဒါမှသာ ကိုယ်အခုလုပ်နေတဲ့ လက်ရှိအလုပ်ကို အာရုံစိုက်နိုင်မှာဖြစ်ပါတယ်။ ကျွန်မမှာ နှစ် ၂၀ လောက်ထူးခြားတဲ့ အတွေ့အကြုံတွေရှိခဲ့ပြီးပါပြီ။ ကျွန်မတကယ်ပဲ အမေရိကန်နိုင်ငံရေးလောကရဲ့ အမြင့်ဆုံးနေရာတွေမှာ ရှိခဲ့ပါတယ်။ ပြီးတော့ နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့ရတဲ့ ဒီနောက်ဆုံး နှစ်ကာလတွေဟာ နိုင်ငံရေး၊ စီးပွားရေးနဲ့ မဟာဗျူဟာရေးအရ ဘဝတစ်သက်တာ ဂုဏ်ပြုခံရမှု တစ်ခုပါ။

**ဝန်ကြီးဟာ အပြောင်းအလဲကြီး တစ်ခုအကြောင်းလည်း ပြောခဲ့ပါတယ်။ ဝန်ကြီးပြောသလိုဆိုရရင် ‘အရပ်ဘက်အင်အားအသုံးပြုအပေါ် တစ်ခုလုံးအနေနဲ့ ချဉ်းကပ်မှု’ ပေါ့လေ။ အဲဒါကအမေရိကန်အကျိုးစီးပွားကို မြှင့်တင်ရာမှာ တကယ်ပဲဘယ်လိုအကူအညီပေးနိုင်တယ်ဆိုတဲ့ ဥပမာတစ်ခု၊ နှစ်ခုလောက်များပေးနိုင်မလား။**

ဟုတ်ကဲ့။ ဒီကိစ္စကို ကြည့်ဖို့ နည်းလမ်းအမျိုးမျိုးရှိပါတယ်။ ၂၀၀၀၉ ဇန်နဝါရီကာလကို ပြန်သွားရအောင်ပါ။ သမ္မတအိုဘားမားရာထူးစယူတဲ့အချိန်မှာ အမေရိကရဲ့ ခေါင်းဆောင်မှုနဲ့ပတ်သက်လို့မေးခွန်းတွေ အများကြီးရှိနေခဲ့ပါတယ်။ စီးပွားရေးအကျပ်အတည်းကလည်း ကျွန်မတို့ရဲ့ စနစ်ကိုထပ်ပြီးစိန်ခေါ်နေခဲ့တာပါ။ ဒီတော့ စောစောပိုင်းကာလမှာပဲ ကမ္ဘာမှာ အမေရိကန်ရဲ့ ရပ်တည်မှုနဲ့ အနေအထားကို ကျွန်မတို့ ဘယ်လိုပြန်လည်ကျင့်သုံးမလဲဆိုတာနဲ့ ပတ်သက်လို့ ခက်ခဲတဲ့ ဆုံးဖြတ်ချက်တွေ၊ ချမှတ်စရာတွေ အများကြီးရှိခဲ့ပါတယ်။ ကျွန်မတို့ဟာစစ်ရေးအင်အားကို အီရတ်နဲ့ အာဖဂန်မှာ အများကြီးသုံးခဲ့ပြီးပါပြီ။

ဒ့ါကြောင့် ကျွန်မတို့ဟာ အမေရိကန်ဩဇာကို ဘယ်လိုကျင့်သုံးမလဲဆိုတာနဲ့ ပတ်သက်လို့ ငြင်းခုံဆွေးနွေးမှုတွေမှာ အရင်ကဖယ်ချန်ထားသလိုဖြစ်နေတဲ့သံတမန်ရေးရာနဲ့ ဖွံ့ဖြိုးရေးကိစ္စတွေကိုမြှင့်တင်ဖို့ လုပ်လာတာပါ။

**ဝန်ကြီးဟာ အမေရိကန်စွမ်းအင်တွေကိုပြန်လည်ချိန်ညှိခြင်းနဲ့ကျွန်တဲ့ကမ္ဘာ့အစိတ်အပိုင်းတွေကိုပြန်လည်ချိတ်ဆက်ခြင်းဆိုတဲ့ ရည်မှန်းချက်ရှိတဲ့ အလုပ်ကို လုပ်နေစဉ်မှာပဲ သမိုင်းကတော့ သူ့ဘာသာသူဖြစ်သွားခဲ့ပါပြီ။ မမျှော်လင့်တာတွေ အများကြီးဖြစ်ခဲ့တယ်။ အဲဒီထဲက တစ်ခုက အာရပ်နွေဦးပါ။ အမေရိကန်ဟာအဲဒီကိစ္စရဲ့ မှန်တဲ့အခြမ်းမှာ ရပ်တည်တော့မှာပါလား။**

ဟုတ်ကဲ့ ဒီကိစ္စက စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘယ်သူမှ မခန့်မှန်းနိုင်ခဲ့ကြဘူးလေ။ အာရပ်နွေဦးမစခင် နှစ်ပတ်အလိုလောက်က ဒိုဟာမှာ ကျွန်မအာရပ်ခေါင်းဆောင်တွေနဲ့ တွေ့ပြီး ဒီအစိုးရတွေဟာ သဲထဲနစ်မြုပ်နေခဲ့ပြီ။ သူတို့ဟာ ပိုပြီးတုံ့ပြန်တတ်ရမယ်။ ဒီမိုကရေစီနဲ့ တာဝန်ခံမှုဆီ ရွေ့ကို ရွေ့လျားရမယ်လို့ ပြောခဲ့ပါတယ်။

ဒ့ါကြောင့် ကျွန်မတို့ဟာ သမိုင်းရဲ့ မှန်တဲ့အခြမ်းဘက်ကို ရောက်နေပြီထင်ပါတယ်။ ကျွန်မတို့ကိုယ်တိုင်ကလည်းပြည်သူတွေရဲ့လွတ်လပ်မှု၊ ဒီမိုကရေစီရရှိလိုမှုတွေနဲ့ တွဲဖက်ထားနိုင်ပြီထင်ပါတယ်။ ဒါပေမဲ့ အဲဒါဆက်လက်ဖြစ်ပေါ်နေဖို့ ဘယ်လောက်ခက်မယ်ဆိုတာနဲ့ပတ်သက်လို့တော့ ကျွန်မမှာ ညွှန်းစရာ မရှိပါဘူး။

ကျွန်မတူနီးရှား၊ အယ်လ်ဂျီးရီးယားနဲ့ မော်ရိုကိုတို့ကနေ မကြာခင်ကပြန်လာခဲ့တယ်။ အဲဒီကအစိုးရတွေကို ခေတ်သစ်စီးပွားရေးဘယ်လိုစီမံခန့်ခွဲမယ်။ ခေတ်သစ်နိုင်ငံရေး စနစ်တစ်ရပ်ကို ဘယ်လိုတည်ဆောက်မယ်ဆိုတာတွေနဲ့ ပတ်သက်လို့ ကူညီနိုင်ဖို့ အာရုံစိုက်နေပြီးအဲဒါပဲ အမေရိကန်ရဲ့ အကျိုးစီးပွားအများကြီးပါဝင်တယ်ထင်ပါတယ်။

**ဝန်ကြီးဟာ ကိုယ့်သက်တမ်းရဲ့ အချိန်တော်တော်များများကို အမျိုးသမီးရေးရာကိစ္စအတွက် အသုံးပြုခဲ့ပါတယ်။ အဲဒါတွေထဲက အကျိုးကျေးဇူးတစ်ခုကတော့ အာဖဂန်မှာ အမျိုးသမီးတွေရဲ့အနေအထားပြောင်းလဲလာတာပါပဲ။ အဲဒီကိစ္စတွေမှာညှိနှိုင်းလို့ရတဲ့ သဘောတူညီမှုတစ်ခုဆီရွေ့နိုင်မယ်ဆိုရင် ဝန်ကြီးအနေနဲ့ဘယ်နေရာတွေကို အထူးပြုချင်ပါသလဲ။**

တချို့နေရာတွေမှာ ကျွန်မရဲ့အမြင်ကို တစ်ဦးချင်းရော၊ အများရှေ့မှာပါ ရှင်းလင်းခဲ့ပါတယ်။ ဖေဖော်ဝါရီ ၁၈ ရက်ကအာရှအသင်းကြီး Asia Society မှာ မိန့်ခွန်းပြောတုန်းကလည်းအာဖဂန်မှာ အကြမ်းဖက်မှုတွေရပ်ဆိုင်းဖို့၊ အယ်ကိုင်ဒါအဖွဲ့ဖျက်သိမ်းဖို့၊ အခြေခံ ဥပဒေတွေကိုလေးစားလိုက်နာဖို့ ပြောပြီးပါပြီ။ ဒါက အမျိုးသမီးတွေကို အရင်ကထက်ပိုပြီး အကာအကွယ်ပေးထားတဲ့ အခြေခံဥပဒေကို အပြည့်အဝဆပ်နိုင်မယ်လို့ အာမခံပေးတာမဟုတ်ပါဘူး။ ဒါပေမဲ့ ဒါဟာတာလီဘန်တွေအနေနဲ့ရောအခြားလူတွေနဲ့ပါ ပြောဆိုဆွေးနွေးမှု အစဖြစ်ပါတယ်။

တကယ်တော့ လူ့အဖွဲ့အစည်းအတွင်း အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍကို အစဉ်အလာအတိုင်း မြင်နေကြတာဟာ တာလီဘန်တွေမှ မဟုတ်ပါဘူး။ ပြောရရင် အခြားကမ္ဘာနေရာတွေမှာလည်းဖြစ်နေတာပါ။ ဒီကိစ္စကို အမေရိကန်နိုင်ငံခြားရေးမူဝါဒရဲ့ ဗဟိုချက်အဖြစ်ကျွန်မလုပ်ဆောင်ရတဲ့ အကြောင်းရင်းတွေထဲက တစ်ခုကတော့ ဘယ်သူမဆို ဘယ် ညွှန်းကိန်းမဆို စီးပွားရေး၊ ဂျီဒီပီတိုးတက်မှု၊ ပညာရေး၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး၊ အမျိုးသမီးတွေ ကိုဖိနှိပ်မှု၊ သူတို့ရဲ့ အပယ်ခံဖြစ် နေရမှုတို့ကို တိုင်းတာနိုင်ပါတယ်။ ဒီတော့ အခြေခံလူ့အခွင့်အရေးကိုငြင်းပယ်တယ်ဆိုတာ လူ့အဖွဲ့အစည်းတစ်ရပ်လုံးအနေနဲ့ ခေတ်မီဖို့ ရှေ့ဆက်တိုးလာဖို့ပျက်ကွက်တာဖြစ်ပါတယ်။

**မကြာတော့မယ့် တစ်ချိန်မှာပဲ ဝန်ကြီးဟာလည်း ကိုယ့်ရာထူးနေရာဆက်ခံမယ်သူနဲ့တွေ့ပြီး ခွဲခွာခါနီးအကြံဉာဏ်တချို့လည်း ပေးရပါတော့မယ်။ အဲဒီလိုအကြံပေးရင် အဓိက ဘာများပေးချင်သလဲ။**

ကျွန်မရှေ့က ဝန်ကြီးဟောင်းတွေအားလုံးနဲ့တွေ့တဲ့အခါ သူတို့အကြံပေးကြတာရှိပါတယ်။ (မယ်ဒလင်းအောဘရိုက်ဆို ကျွန်မအတွက် ညစာစားပွဲတည်ခင်းပေးဖူးတယ်။ ဒါပေမဲ့ အများစုကိုတော့ ဖုန်းနဲ့ပဲ စကားပြောဖြစ်တာပါ။ တချို့ကိုတော့ ပိုရင်းရင်းနှီးနှီး သိပါတယ်။ သူတို့ပေးတဲ့ ဘုံအကြံပေးချက်ကတော့ “ကြည့်ပါ။ ဒါဟာအမြဲပဲခက်ခဲတဲ့အလုပ်တစ်ခုပါ။ အခုထက်တောင် ပိုခက်ချင်ခက်မယ်။ ကိုယ့်အချိန်တွေအားလုံးကို ကြီးမားတဲ့ ကိစ္စရပ်တွေကို အာရုံပြုရင်း အချိန်ကုန်ချင်ကုန်၊ ဒါမှမဟုတ်ရင်ကိုယ့်ဌာနကို ပိုပြီး ထိရောက်မှုရှိအောင် ကြိုးစားစီမံခန့်ခွဲ။ ဒါပေမဲ့ နှစ်ခုစလုံးတော့ မင်းမလုပ်နိုင်ပါဘူး” တဲ့။

*—Ref: Interview with Hillary Clinton: FP*

7DAY NEWS JOURNAL

# Entertainment


Vol.11, No.6 • APRIL 12 , 2012











ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# သင်္ကြန် ဂီတစည်းချက်များ



အေးသူစံ၊ ကြူကြူဟန်

**နှစ်စဉ်သင်္ကြန်ကာလရောက်တိုင်း အနုပညာရှင်တွေ သင်္ကြန်ကိုဘယ်လိုဖြတ်သန်းကြမလဲ၊ ဘယ်မြို့ဘယ်ရွာမှာ ဖျော်ဖြေကြမလဲဆိုတာကို စီစဉ်တင်ဆက်နေမြဲအတိုင်း ယခုနှစ် သင်္ကြန်ကာလမှာလည်း တီးဝိုင်းတွေ၊ အဆိုတော်တွေ၊ ဒီဂျေတွေရဲ့ သင်္ကြန်ဇယားကို စုစည်းတင်ဆက်လိုက်ပါတယ်။**

**■Rဇာနည်**

သင်္ကြန်ကို မန္တလေး Alpine မှာရှိပါမယ်။ ကျွန်တော်ဆိုထားဖူးတဲ့သင်္ကြန်သီချင်းသုံး၊ လေး၊ ငါးပုဒ်ရှိတယ်လေ။ အဲဒီသီချင်းတွေ အဓိကထားပြီး ဆိုမှာပေါ့။ ပြီးတော့ ကျွန်တော့်သီချင်း နည်းနည်းမြူးတဲ့သီချင်းလေးတွေ၊ မန္တ လေးမှာ သင်္ကြန်ငါးရက်လုံးရှိမှာပါ။ ကျွန်တော်တို့ မြန်မာ့ရိုးရာ သင်္ကြန်မှာ အတာသင်္ကြန်ပြီးလို့ နှစ်သစ်ရောက်တဲ့အခါကျတော့ ဒီမှာရှိတဲ့ မြန်မာပြည်သူပြည်သားအားလုံး ကျန်းကျန်းမာမာ ချမ်း ချမ်းသာသာ စိတ်ချမ်းသာစွာ ဘဝမှာ ဖြစ်ချင်တဲ့ဆန္ဒတွေ ဖြစ်ပါစေ၊ ဘဝကို ရှေ့ဆက်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

**■ဝိုင်းစုခိုင်သိန်း**

မန္တလေး Alpineမှာရှိပါမယ်။ သီချင်းကတော့ အဆင်ပြေတာဆိုမယ်။ ပရိသတ်ကြီးအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေ၊ အန္တရာယ်ကင်းကင်းနဲ့ ပျော်ရွှင်နိုင်ပါ စေလို့။

**■အေသင်ချိုဆွေ**

သင်္ကြန် မြစ်ကြီးနားမှာ ရှိမှာပါ။ သီချင်းကတော့ ရိုးရိုးလေးတွေပေါ့နော်။ တင်းတယ်တို့ ဘာတို့ပေါ့။ နှစ်သစ်မှာ အကုန်လုံးပျော် ရွှင်ကြပါစေလို့ နှစ်သစ်မှာ အချစ်သစ်နဲ့ ပျော်ရွှင်နိုင်ကြပါစေလို့။

**■ဂျင်းနီ**

နေပြည်တော်မှာရှိမှာပါ။ သမီးမှာရှိတဲ့ သီချင်းတွေအကုန်လုံးနဲ့ သမီးရဲ့ သင်္ကြန်သီချင်းတွေအကုန်လုံးလည်း ဖျော်ဖြေမှာပါ။ အပြင်မှာ ဆိုထားတဲ့သီချင်းတွေ၊ အတွဲခွေထဲက သီချင်းတွေ ဖျော်ဖြေမှာပါ။ အားလုံးပဲ သင်္ကြန်မှာ ပျော်ရွှင်စိတ်ချမ်းသာစွာနဲ့ ဆော့ကစားနိုင်ကြပါစေ။ တရားဘာဝနာပြုမယ့်သူတွေအတွက်လည်း ကောင်းကောင်းဘုရားဖူးနိုင်ကြပါစေ။ သင်္ကြန်ပြီးသွားတဲ့အခါပေါ့ နှစ်သစ်ကိုရောက်ရင် နှစ်ဟောင်းက ကျန်ခဲ့တဲ့အညစ်အကြေးတွေ သင်္ကြန်ရေနဲ့ ဆေးကြောပြီးတော့ စိတ်ဓာတ်အသစ်နဲ့ အကောင်းဆုံးတွေကို အကောင်းဆုံးဖြစ်အောင် ကြိုးစားနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းပေးပါတယ်။

**■ငယ်ငယ်**

သင်္ကြန် မလေးရှားမှာပါ။ ဖျော်ဖြေပွဲသွားမှာပါ။ စိတ်ပဲ ချမ်းသာစေချင်တဲ့သူဆိုတော့ အားလုံးကိုစိတ်ချမ်းသာကြပါစေလို့ ဆုတောင်းပေးပါတယ်။

**■စိုင်းစိုင်းခမ်းလှိုင်**

ရန်ကုန်ပြည်လမ်းမှာ ရှိမှာပါ။ နှစ်သစ်မှာ အားလုံး ကျန်းမာချမ်းသာကြပါစေလို့။



**■SIR အဖွဲ့**

ပြည်တွင်းက ရော့ခ်တီးဝိုင်း လေးဝိုင်းဖြစ်တဲ့ Big Bag ၊ Wanted ၊ Reason နဲ့ Idiot တို့စုပေါင်းဖွဲ့စည်းထားတဲ့ SIR အဖွဲ့ရဲ့ မဏ္ဍပ်ကတော့ ကမ္ဘာအေးဘုရားလမ်းက ဖူဆန်းတရုတ်ဘုံကျောင်းနဲ့ မျက်နှာချင်းဆိုင်နေရာမှာရှိနေမှာဖြစ်ပါတယ်။ ဖျော်ဖြေရေးကိုသင်္ကြန်တွင်း အကြိုနေ့ကလွဲလို့ ကျန်တဲ့လေးရက်လုံး မနက်တစ်ကြိမ်ညနေတစ်ကြိမ်ပြုလုပ်မှာဖြစ်ပါတယ်။ အကြိုနေ့ မဏ္ဍပ်ဖွင့်ပွဲကို ညနေ ၃ နာရီနဲ့ ၅နာရီကြားပြုလုပ်မှာဖြစ်ပြီး ရော့ခ်အဖွဲ့လေးဖွဲ့ပေါင်းထားတဲ့ SIR အဖွဲ့ရဲ့သီချင်း Rock N Roll နဲ့စဖွင့်မယ်လို့မဏ္ဍပ်မန်နေဂျာကပြောပါတယ်။

**■ Iron Cross တီးဝိုင်း**

Iron Cross တီးဝိုင်းက ကန်တော်ကြီးမျှော်စင်ကျွန်းမှာ သင်္ကြန် ငါးရက်လုံးရှိနေပါမယ်။ တီးဝိုင်းနဲ့အတူ လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်းနှင့်အတူ အိုင်ရင်းဇင်မာမြင့်လည်း သီဆိုဖျော်ဖြေမှာဖြစ်ပါတယ်။ မျှော်စင်ကျွန်းဝင်ကြေးပေးရုံနဲ့ အိုင်စီတီးဝိုင်းရဲ့ ဖျော်ဖြေမှုကို ကြည့်ရှုခွင့်ရမယ့်အခွင့်အရေးလည်း ဖြစ်ပါတယ်။

**■Metal Zone တီးဝိုင်း**

Metal Zone တီးဝိုင်းကတော့ မန္တလေးမြို့တော်ဝန်မဏ္ဍပ်မှာဖျော်ဖြေမှာပါ။ ဇော်ပိုင်၊ မာရဇ္ဇ၊ ချစ်သုဝေ၊ အယ်လ်ဆိုင်းဇီတို့ဖြစ်ပြီး မြန်မာပြည်သိန်းတန်၊ နန်းဆုရတီစိုးနဲ့ ရတနာမိုင်တို့ ဖျော်ဖြေကြမယ်လို့ သိရပါတယ်။ မက်တယ်ဇုန်က မန္တလေးမြို့တော်ဝန်မဏ္ဍပ်မှာ ဖျော်ဖြေတာ ဒီနှစ်နဲ့ဆို ငါးနှစ်ရှိပါပြီ။

**■Emperor တီးဝိုင်း**

ဇော်ဝင်းထွဋ် ဦးဆောင်တဲ့ Emperor တီးဝိုင်းက ရန်ကုန်၊ ပြည်လမ်းက Air Bagan မဏ္ဍပ်မှာရှိပါမယ်။

**■Hibird တီးဝိုင်း**

အဲလက်စ်ရဲ့တီးဝိုင်း Hibird တီးဝိုင်းကလည်း အဲလက်စ်နဲ့အတူ ပြည်လမ်းကန်ပေါင်ရှေ့က Air Bagan မဏ္ဍပ်မှာ သင်္ကြန်ငါးရက်လုံးရှိမှာပါ။ အဲလက်စ်က ရန်ကုန်သင်္ကြန်ကို Air Bagan နဲ့အတူ ဖြတ် သန်းလာတာ ငါးနှစ်ရှိပြီလို့ပြောပါတယ်။

**■Lazy Club တီးဝိုင်း**

မန္တလေးကျုံးပတ်လည် မြို့တော်ခန်းမအနီးက ဆည်းမြောင်းဝန်ကြီးဌာနမဏ္ဍပ်မှာရှိမှာပါ။ ကော်နီ၊ ဆုန်သင်းပါရ်၊ ဒိုရေမီ၊ အိမ့်ချစ်၊ ပုလဲဝင်း၊ ဆူဇီနဲ့ မန္တလေးမြို့က နာမည်ကြီးမြို့ခံ အဆိုတော်တွေပါဝင်မယ်လို့ သိရပါတယ်။

**■Plus Three တီးဝိုင်း**

Plus Three တီးဝိုင်းက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်ရှေ့က Naing Group မဏ္ဍပ်မှာဖျော်ဖြေမှာပါ။

စာ(၄၉)သို့

7DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012

# မြန်မာပြည်သိန်းတန် ကျန်းမာရေးအခြေအနေ စိုးရိမ်ဖွယ်မရှိ



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

**အေးသူစံ**

**ရန်ကုန်၊ မေ-၄**

မြန်မာနိုင်ငံသို့ သင်္ကြန်ကာလ မတိုင်မီ ဒုတိယအကြိမ်ပြန်လည်ရောက်ရှိနေသောမြန်မာပြည်သိန်းတန်၏ကျန်းမာရေး အခြေအနေနှင့်ပတ်သက်ပြီး ကာယကံရှင်က စိုးရိမ်စရာအခြေအနေမရှိကြောင်း 7DayNews သို့ပြောကြားသည်။

"ပရိသတ်တွေက စိတ်ပူပြီး မေးကြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဦး ကျန်းမာရေးကကောင်းပါတယ်။ ဒီနေ့ (ဧပြီ ၄ရက်) အာရှတော်ဝင်ဆေးရုံကိုသွားတယ်ဆိုတာက မိတ်ဆွေတစ်ယောက်ဆေးရုံတင်ရလို့သွားကြည့်တာပါ။ ဘန်ကောက်မှာ ဆေးသွားစစ်မယ်ဆိုတာလည်း မဟုတ်ပါဘူး။ အခု စင်ကာပူကို အလည်သက်သက်ခရီးအတွက် သွားဖို့ပြင်နေတာပါ။ ဧပြီ ၇ရက်နေ့ပြန်ရောက်ပါမယ်"ဟု မြန်မာပြည်သိန်းတန်က စင်ကာပူခရီးစဉ် မထွက်ခွာမီ ပြောကြားခဲ့သည်။

သင်္ကြန်ကာလနှင့် ၂၄နှစ်ကြာ ကင်းဝေးနေခဲ့သောမြန်မာပြည်သိန်းတန်သည် ၂၀၁၂ သင်္ကြန်ကာလကို မန္တလေးမြို့တော်ဝန်မဏ္ဍပ်တွင် မက်တယ်ဇုန်တီးဝိုင်းနှင့် သီဆိုဖျော်ဖြေရင်း ဖြတ်သန်းမည်ဟုသိရသည်။

"နှစ်အတော်ကြာဝေးပြီးမှ ပြန်ကြုံရမယ့်သင်္ကြန်ကာလအတွက် စိတ်ထဲ အေးချမ်းနေပါတယ်။ မန္တလေးမှာပဲ ငါးရက်လုံးနေဖြစ်မလား၊ တချို့ရက်တွေကို ရန်ကုန်ပြန်ဆင်းပြီး ဖျော်ဖြေဖြစ်ဦးမလား မသိသေးဘူး။ သီချင်းတွေကတော့ 'ချမ်းပါတယ်'၊ 'ရေတွေစိုကုန်ပြီ'၊ 'သင်္ကြန်မိုး' သီချင်းတွေကို ပြင်ဆင်ထားတယ်" ဟု မြန်မာပြည်သိန်းတန်ကပြောသည်။

# ဗိုလ်ချုပ်ရုပ်ရှင်ဇာတ်ကားအတွက် သမိုင်းပညာရှင်ခုနစ်ဦးနှင့်တွေ့ဆုံ

**အေးသူစံ**

**ရန်ကုန်၊ ဧပြီ ၆**

ဗိုလ်ချုပ်ရုပ်ရှင်ဇာတ်ကား ရိုက်ကူးရာတွင် သမိုင်းဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်ပြီး သမိုင်းပညာရှင်ခုနစ်ဦးနှင့် ဆွေးနွေးပွဲကို ဧပြီလ ၅ ရက်က ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ရုံးခန်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ဗိုလ်ချုပ်ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ညွှန်းအဖွဲ့သည် သမိုင်းပညာရှင်များဖြစ်ကြသော ဒေါက်တာ ဒေါ်ခင်လှဟန်၊ တက္ကသိုလ်စိန်တင်၊ ဦးသိမ်းလှိုင်၊ ဦးမြဟန်၊ ဒေါ်ခင်နှင်းဦး၊ ဦးဇော်လင်း၊ ဦး မြင့်ဆွေတို့နှင့် ဗိုလ်ချုပ်အောင်ဆန်းသမိုင်းကြောင်း ဆွေးနွေးခဲ့ကြသည်။

"သမိုင်းပညာရှင်တွေနဲ့ မနေ့ကတွေ့တာကတော့ ဗိုလ်ချုပ်သမိုင်းကို အဓိကဆွေးနွေးကြတယ်။ သမိုင်းပညာရှင်တစ်ဦးစီမှာ ဗိုလ်ချုပ်အချက်အလက်တွေရှိကြပေမယ့် ပိုပြီးပြည့်ပြည့်စုံစုံနဲ့ ဘာတွေထပ်ပြီး ဖြည့်ကြမလဲဆိုတာ သက်ဆိုင်ရာ ပညာရှင်တစ်ဦးချင်းစီကထပ်ပြီး စုဆောင်းကြမယ်ပေါ့။ ထပ်ရလာမယ့် အချက်အလက်တွေနဲ့ပြန်ပြီး ဆွေးနွေးပွဲကို မေလ ၅ရက်နေ့ပြန်လုပ်ပါ့မယ်"ဟုဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ဖြစ်မြောက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သမိုင်းပညာရှင်များနှင့် ဆွေးနွေးပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဖြစ်မြောက်ရေးအဖွဲ့မှဦးမိုးသူ၊ဇာဂနာ၊ မောင်မျိုးမင်း (ရင်တွင်းဖြစ်)၊ ဒေါ်အိအိခိုင်၊ ဦးမော်လင်းနှင့် ဇာတ်ညွှန်းအဖွဲ့မှ ချစ်ဦးညို၊ ကြည်စိုးထွန်း၊ မင်းထင်ကိုကိုကြီးနှင့် ဇော်သက်ထွေးတို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်ဟုသိရသည်။


# သင်္ကြန်မိုးအပါအဝင် သင်္ကြန်နောက်ခံရုပ်ရှင်ကားများကို မြန်မာ့ရုပ်သံတွင် ပြသမည်

**အေးသူစံ**

**ရန်ကုန်၊ ဧပြီ ၆**

နာမည်ကျော် သင်္ကြန်နောက်ခံဇာတ်လမ်းဖြစ်သော 'သင်္ကြန်မိုး' ရုပ်ရှင်ဇာတ်ကားအပါအဝင်သင်္ကြန်ရုပ်ရှင်ဇာတ်ကားများကိုမြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် သင်္ကြန်ကာလအတွင်း ထုတ်လွှင့်ပြသရန် စီစဉ်ထားကြောင်း နေပြည်တော်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"နှစ်တိုင်းတော့ သင်္ကြန်ကာလရောက်ရင် သင်္ကြန်ကားတွေပြနေကျပါ။ တချို့အစီအစဉ်တွေဆို အပြောင်းလဲရှိနိုင်ပေမယ့် သင်္ကြန်ကားတွေပြဖို့ဆိုရင်တော့ အပြောင်းအလဲမရှိတတ်ပါဘူး" ဟု ၎င်းက ပြောသည်။




ဧပြီလ ၁၂ ရက်နေ့ညရှစ်နာရီသတင်းအပြီးတွင် ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)ရိုက်ကူးပြီး ရန်အောင်၊လွင်မိုး၊ ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗိုတို့ သရုပ်ဆောင်ထားသော 'ယောက်ဖတော်ခါနီးရင် စဉ်းစားဖို့ လိုမယ်' ဇာတ်ကား၊ ဧပြီ ၁၄ ရက်နေ့ညတွင် ဒါရိုက်တာမောင်တင်ဦးရိုက်ကူးပြီး နေအောင်၊ ဇော်ဝမ်း၊ ဇင်ဝိုင်း၊ ခင်သန်းနုနှင့်မေသန်းနုတို့ အဓိကသရုပ်ဆောင်ထားသော 'သင်္ကြန်မိုး' ဇာတ်ကား၊ ဧပြီ ၁၅ ရက်နေ့ နေ့လယ်ပိုင်းတွင် ဒါရိုက်တာမောင်တင်ဦးရိုက်ကူးပြီး နေအောင်၊ ခင်သီတာထွန်း၊ မို့မို့မြင့်အောင်တို့ သရုပ်ဆောင်ထားသော 'နှလုံးသားမြို့တော်' ဇာတ်ကား၊ ဧပြီ ၁၆ ရက်နေ့ညတွင် ဒါရိုက်တာသီဟကျော်စိုးရိုက်ကူးပြီး ရန်အောင်၊ စိုးသူ၊ ထွန်းအိန္ဒြာဗို၊ မေသဥ္ဇာဦးတို့သရုပ်ဆောင်ထားသော 'သိပ်ချစ်တယ် ဒီက' ဇာတ်ကားနှင့် ဧပြီ ၁၈ရက် ညတွင် ဒါရိုက်တာ မောင်ဝဏ္ဏ၊ ကျော်ဟိန်း၊ မင်းဦး၊ မျိုးသန္တာထွန်းတို့ သရုပ်ဆောင်ထားသော 'အတွေ့လေးရယ်မှ အိုအကြံု' ရုပ်ရှင်ဇာတ်ကားတို့ကို ပြသသွားမည်ဖြစ်သည်။






# သကြၤန်စီးရီး အထွက်များသော်လည်း ထင်သလောက်ရောင်းအားမကောင်း

**အေးသူစံ**

**ရန်ကုန်၊ ဧပြီ ၆**

နှစ်စဉ် သင်္ကြန်ကာလ နီးတိုင်း ဂီတလောကတွင် သင်္ကြန်တေးစီးရီးနှင့် ဒီဂျေရီမစ် ခွေများထွက်ရှိနေကျဖြစ်ပြီး ၂၀၁၂ သင်္ကြန်ကာလတွင်မူ သင်္ကြန်စီးရီးထွက်ရှိမှုမှာ ခွေ ၂၀ နီးပါးရှိသော်လည်း ပရိသတ်ကြားအောင်မြင်ပျံ့နှံ့မှု နည်းပါးနေကြောင်း ဈေးကွက်နှင့် စီးရီးထုတ်လုပ်သူအသိုင်းအဝိုင်းမှ သိရသည်။

"သင်္ကြန်စီးရီးတွေက ဒီနှစ်မှာ သိပ်မထွက်ဘူးလို့ ထင်နေကြတာ။ တကယ်တမ်းထွက်တာ ခွေ ၂၀ နီးပါးလောက်ရှိတယ်။ အရင်နှစ်နဲ့ နှိုင်းယှဉ်ရင် နည်းတယ်လို့ပြောလို့မရဘူး။ ပုံမှန်လောက်ပဲ။ ဒါပေမဲ့ ပရိသတ်တွေက သင်္ကြန်သီချင်းအဟောင်းတွေပဲဖွင့်ကြတယ်။ သီချင်းအသစ်တွေကို စိတ်မဝင်စားဘူး။ သင်္ကြန်ခွေတွေရဲ့ကြော်ငြာအားကလည်း အရင်နှစ်တွေကလောက်မကောင်းဘူး။ ဒါကြောင့်သင်္ကြန်ခွေထွက်တာ ဒီနှစ်များပေမယ့် ပရိသတ်ဆီ ပေါက်ရောက်မှုက အားရစရာမရှိဘူး" ဟုထုတ်လုပ်သူတစ်ဦးက ပြောပြသည်။

"သင်္ကြန်ခွေကို ဝါသနာပါလို့သာထုတ်လိုက်တာ။ စီးပွားရေးအရဆိုရင် ရှုံးပါတယ်။ ဒါပေမဲ့ သူများတွေမလုပ်ရဲတဲ့အချိန်မှာ ကိုယ်ကအခွေထုတ်လိုက်တယ်ဆိုတော့ အဲဒီရလဒ်လေးကိုပဲ ကျေနပ်ပါတယ်" ဟု ရေပွဲတော်စီးရီး စီစဉ်ထုတ်လုပ်သူ ပန်းလရောင်က ပြောသည်။

"ခိုးကူးတွေများနေတဲ့အချိန်မှာထုတ်ရတော့ ပရိသတ်ကြိုက်ရင်ပြီးရောသဘောထားပြီး လုပ်ရတာပါပဲ။ ထုတ်လုပ်သူဘက်က အရင်းအနှီးများစွာ အကုန်ကျခံလုပ်ထားပေမယ့် အကျိုးအမြတ်မသေချာတော့ နောက်ပိုင်းတစ်နှစ်ထက်တစ်နှစ် ပိုပိုပြီးခွေထွက်ရှိမှုက နည်းနည်းလာတယ်လို့ထင်တယ်" ဟု မာစတာထုတ်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးကလည်း ပြောသည်။

"သင်္ကြန်ခွေဆိုတာက ပြောရရင် ရာသီစာပဲလေ။ နောက်ပြီး ခုနောက်ပိုင်းမှာ သင်္ကြန်ကာလခါတော်မီသီချင်းတွေက စွဲစွဲလမ်းလမ်းဖွင့်လောက်စရာ သိပ်မရှိကြတော့ဘူး။ ထွက်လာလိုက်ရင်လည်း မဲပြာပုဆိုးစာသားတွေအပြင် တချို့ ဗီစီဒီပြကွက်တွေဆို သင်္ကြန်လို့သာ ခေါင်းစဉ်တပ်ထားတယ်။ မြန်မာ့ယဉ်ကျေးမှုနဲ့တော်တော်လေး ဖီလာဆန့်ကျင်တဲ့အမျိုးသမီးတွေရဲ့ ဝတ်စားဆင်ယင်မှုတွေလည်းတွေ့လာရတယ်။ ဒါကြောင့်သင်္ကြန်သီချင်းသစ်တွေဆို ပရိသတ်က သိပ်စိတ်မဝင်စားတော့တာဖြစ်မယ်" ဟုဂီတရေးရာကျွမ်းကျင်သူတစ်ဦးက ပြောသည်။

## ၂၀၁၂ သင်္ကြန်ကာလအတွက် ထွက်ရှိလာသော တေးစီးရီးများ

| | | |
|---|---|---|
| ၁။ | ရွှေရတုသင်္ကြန်ဆု နှစ်ခွေတွဲ | |
| ၂။ | မာစတာသင်္ကြန် | လူစုံ |
| ၃။ | Summer Holiday | လူစုံ |
| ၄။ | ရေပွဲတော် | လူစုံ |
| ၅။ | အလန်းကဲ | လူစုံ |
| ၆။ | ဘရိတ်ကီသင်္ကြန် | လူစုံ |
| ၇။ | အဋ္ဌလီသင်္ကြန် | လူစုံ |
| ၈။ | အီကြာကွေးသင်္ကြန် | လူစုံ |
| ၉။ | ကောင်းမိုးယံ | |
| ၁၀။ | ဖိုးသောကြာသင်္ကြန် | |
| ၁၁။ | ပိတောက်ဖူးတဲ့တန်ခူးလေ | လူစုံ |
| ၁၂။ | ဆွေးမလားကဲမလား | လူစုံ |
| ၁၃။ | ကောင်းမင်းဆက်သင်္ကြန် | |
| ၁၄။ | X1 သင်္ကြန် | |
| ၁၅။ | မန်းတောင်ရိပ်ခိုသင်္ကြန် | |
| ၁၆။ | နေရဲမာန် | ရောဝတီသင်္ကြန် |

## စာ-၄၇၊ သင်္ကြန် ဂီတစည်းချက်များ မှ

ဒီမဏ္ဍပ်က အခြားမဏ္ဍပ်များနဲ့မတူ ထူးခြားတာကတော့ အဆိုတော်တွေတင်မက ရုပ်ရှင်ဘက်က မင်းသမီးတွေဖြစ်တဲ့ မိုးယုစံတို့၊ သက်မွန်မြင့်တို့လည်းဖျော်ဖြေရေးမှာပါဝင်နေပါတယ်။ ဆောင်းဦးလှိုင်၊ ရှင်ဖုန်း၊ Nကိုင်ရာ၊ Snare တို့လည်းဖျော်ဖြေမှာပါ။ ဒ့ါပြင် သင်္ကြန် သံချပ်ဖျော်ဖြေရေးလည်းထည့်သွင်းထားပြီး ကုသိုလ်၊ မေတ္တာ၊ ဗေလုဝတို့က သံချပ်ဖျော်ဖြေရေးကို တာဝန်ယူထားတယ်လို့သိရပါတယ်။

**■Ar T**

မန္တလေးကျုံးတောင်ဘက်ခြမ်းက နေဗီယာမဏ္ဍပ်မှာ သင်္ကြန်ငါးရက်လုံးရှိပါမယ်။ အဆိုတော်ကတော့ကျွန်တော်တစ်ယောက်တည်းပဲ။ နောက်ပြီး နေဗီယာအလှမယ်တွေလည်းပါမယ်။ သီချင်းတွေကတော့ 2 Da Floor၊ ရှူးတော့မယ် သီချင်းတွေဆိုဖို့ စီစဉ်ထားပါတယ်။

**■မောင်**

ကန်တော်ကြီးကန်ပတ်လမ်းမှာ Blizzard မဏ္ဍပ်ကို ကိုယ်တိုင်ဦးစီးဆောက်လုပ်နေပါတယ်။ ဒီနှစ်နဲ့ဆိုကိုယ်ပိုင်မဏ္ဍပ်ဆောက်တာခြောက်နှစ်ရှိပါပြီ။

**■DJ Wine**

ကန်တော်ကြီးကန်ပတ်လမ်းက Black Jack မဏ္ဍပ်မှာ သင်္ကြန်ငါးရက်လုံးရှိနေပါမယ်။ သီချင်းတွေ ကိုတော့ တစ်နှစ်လုံး လုပ်ထားတဲ့ မြန်မာသီချင်း ရီမစ်တွေလုပ်မယ် လို့ စိတ်ကူးထားတယ်။

**■DJ သားငယ်**

ကမ်းလှမ်းထားတာတော့ မဏ္ဍပ်နှစ်ခုရှိနေတယ်။ ဘယ်မဏ္ဍပ်မှာ ရှိမလဲ မသိသေးဘူး။ သီချင်းတွေကိုတော့ သင်္ကြန်နဲ့ လိုက်ဖက်တဲ့ Commercial Music ၊ အီလက်ထရိုမြူးဇစ်တွေကို စီစဉ်ထားတယ်။ ကိုယ်ပိုင်သံစဉ်တွေတီးထားတာလည်းရှိပါတယ်။

**■DJ သော်သော်**

မျှော်စင်ကျွန်းထဲက Mini Zooထဲမှာ သင်္ကြန်ငါးရက်လုံးရှိပါမယ်။ ကျွန်တော်နဲ့အတူနိုင်ငံခြားသား Dancer တွေလည်း ရှိပါမယ်။ ဒီဂျေသမားထဲမှာ DJ Bar က နွေဦးနဲ့ ကန်တော်ကြီး Crew Club က ရတနာတို့လည်းပါပါတယ်။ ဒီနှစ်ကတော့ မြန်မာသီချင်းလေးတွေဖွင့်ဖြစ်ဖို့များပါတယ်။

**■ချမ်းချမ်း**

မန္တလေး Alpine မဏ္ဍပ်မှာ ရှိပါမယ်။

**■Bobby Soxer**

ဧပြီ ၁၁ ရက်ကနေ ၁၃ရက်နေ့အထိ မလေးရှားကိုသင်္ကြန်ဖျော်ဖြေပွဲသွားပါမယ်။ သမီးနဲ့အတူ ကိုထွန်းထွန်း၊ ကိုမျိုးကျော့မြိုင်နဲ့ မငယ်ငယ်တို့ပါပါမယ်။ ပြည်ပ ဖျော်ဖြေရေးကတော့ ဒါပထမဆုံးပါပဲ။ ကျန်တဲ့သင်္ကြန်သုံးရက်ကို ဘာလုပ်ဖြစ်မလဲ မသိသေးပါဘူး။

**■ဥာဏ်လင်းအောင်**

ကျွန်တော်က မဏ္ဍပ်နှစ်ခုမှာ ရှိပါမယ်။ ရွှေအက်ဖ်အမ်မဏ္ဍပ်မှာ မနက်ပိုင်းဖျော်ဖြေရေးရှိပါမယ်။ ညပိုင်းကျတော့ ဆီဒိုးနားဟိုတယ် ရှေ့က Naing Group မဏ္ဍပ်မှာရှိပါမယ်။ ကျွန်တော့်မှာသင်္ကြန် အတွဲခွေတစ်ခွေဝင်ဆိုထားတော့ အဲဒီသင်္ကြန်သီချင်းလေးဆိုမယ်။ တခြား ကျွန်တော့်သီချင်းလေးတွေလည်းဆိုမယ်။

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Hunger Games | Lionsgate | ၂၄၈,၄၈၄,၀၀၀ | ၂ |
| ၂။ | Wrath of the Titans | Warner Bors. Pic. | ၃၃,၄၅၇,၂၀၀ | ၁ |
| ၃။ | Mirror Mirror | Relativity Media | ၁၈,၁၃၂,၁၀၀ | ၁ |
| ၄။ | 21 Jump Street | Columbia TriStar Motion Picture Group & Sony Pictures | ၉၂,၈၈၂,၇၀၀ | ၃ |
| ၅။ | Dr.Seuss' The Lorax | University Pictures | ၁၈၉,၃၃၂,၀၀၀ | ၅ |
| ၆။ | John Carter | Walt Disney | ၆၆,၂၃၃,၈၀၀ | ၄ |
| ၇။ | Salmon Fishing in the Yemen | CBS Films | ၃,၁၆၉,၆၂၀ | ၄ |
| ၈။ | Act of Valor | Relativity Media | ၆၇,၇၄၅,၄၀၀ | ၆ |
| ၉။ | A Thousand Words | Paramoun Pictures | ၁၆,၅၀၈,၁၀၀ | ၄ |
| ၁၀။ | Journey 2: The Mysterious Island 3D | Warner Bros. Pictures | ၉၈,၄၅၅,၆၀၀ | ၈ |

## Movie Review

### Lockout




ကမ္ဘာမြေမှ မိုင် ၅၀ကွာဝေးသော အာကာသအကျဉ်းထောင်တွင်ကမ္ဘာ့အဆိုးရွားဆုံး အကျဉ်းသားများအား ချုပ်နှောင်ထား၍ အိပ်မွေ့ချထားသည်။ တစ်နေ့တွင် သမ္မတသမီးက လူသားချင်းစာနာထောက်ထားမှုခရီးစဉ်တစ်ရပ်ဖြင့် ၎င်းအကျဉ်းထောင်သို့ ရောက်ရှိနေစဉ် အကျဉ်းထောင်စနစ် ချို့ယွင်းသွားပြီး အိပ်မွေ့ချထားသော အကျဉ်းသားများနိုးထလာကာ အကျဉ်းထောင်ကိုသိမ်းပိုက်ခဲ့သည်။ သို့သော် အကျဉ်းထောင်တွင် မှားယွင်း၍ ပြစ်မှုစီရင်ခံထားရသော အစိုးရစုံထောက်တစ်ဦးရှိနေရာ ၎င်းက သမ္မတသမီးကို ကယ်တင်နိုင်ပြီး ပြစ်ဒဏ်မှ လွတ်မြောက်မည်လားဆိုတာ. . .။

စိတ်ကူးယဉ်၊ သိပ္ပံ၊ သည်းထိတ်ရင်ဖို၊ စွန့်စားမှုများ ပါဝင်သော ဇာတ်ကားအား James Mather နှင့် Steven St. Legar တို့က ရိုက်ကူးထားပြီး Guy Pearce၊ Peter Stormare၊ Maggie Grace တို့ ဦးဆောင်ပါဝင်ထားသည်။ Filmdistrict က ဧပြီ၁၃ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

Sports
7DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012



မကွေးအသင်းမှ ကိုနေး ဘောလုံးယှဉ်လုစဉ်



ရောဝတီယူနိုက်တက်နည်းပြချုပ် ဂျိုးဆက်ဟီရယ်

# မတ်လ အကောင်းဆုံးဆု နိုင်ငံခြားသားနည်းပြနှင့် ကစားသမားရ

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဧပြီ - ၆

၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၏ မတ်လအတွက် အကောင်းဆုံးဆုများကို နိုင်ငံခြားသားများဖြစ်သော မကွေးအသင်းမှ ကိုနေးနှင့် ရောဝတီယူနိုက်တက်အသင်းနည်းပြချုပ် ဂျိုးဆက်ဟီရယ်ကရရှိခဲ့ကြောင်းသတင်းရရှိသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွက် တစ်လတာ အကောင်းဆုံးနည်းပြဆုနှင့် ကစားသမားဆုများကို မနောမြေအသင်း နည်းပြချုပ်ဦးဝင်းမြင့်သွင်နှင့် နောက်ခံလူမန်ဆာတို့က ရရှိခဲ့သည်။ ထို့ကြောင့် နှစ်လအတွင်း ရရှိခဲ့သည့် အကောင်းဆုံးဆုရ လေးဦးတွင် နိုင်ငံခြားသားသုံးဦးပါဝင်လျက်ရှိသည်။

မတ်လအတွင်း ယှဉ်ပြိုင်ကစားခဲ့သော မကွေးအသင်းပွဲစဉ်များတွင် ကွင်းလယ်ကစားသမားကိုနေးသည် ပွဲစဉ်တိုင်း၌ အသင်းအား ဦးဆောင်မှုပေးနိုင်ခဲ့ခြင်း၊ ယင်းလအတွင်း မကွေးအသင်းရရှိခဲ့သောသွင်းဂိုးခြောက်ဂိုးတွင် ကိုနေးတစ်ဦးတည်း ငါးဂိုးသွင်းယူပေးနိုင်ခဲ့ခြင်း၊ ၎င်းသည် ဘောလုံးဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ဒိုင်လူကြီးဆုံးဖြတ်ချက်များကို လေးစားလိုက်နာခြင်း စသည့်အချက်များကို အခြေခံကာ အကောင်းဆုံးကစားသမားဆု ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ဆုရွေးချယ်ရေးအဖွဲ့က ထုတ်ပြန် ကြေညာသည်။

ဂျိုးဆက်ဟီရယ်အနေဖြင့်လည်း မတ်လအတွင်း ရောဝတီယူနိုက်အသင်း ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်လေးပွဲစလုံး အနိုင်ရရှိခဲ့ပြီး အသင်းကို ချန်ပီယံမျှော်လင့်ချက်များ ပြန်လည်ရှင်သန်လာအောင် စွမ်းဆောင်ပေးနိုင်ခဲ့သောကြောင့် အကောင်းဆုံးနည်းပြဆု ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ဆုရွေးချယ်ရေးအဖွဲ့၏ ထုတ်ပြန်ကြေညာချက်အရသိရသည်။

၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် စုစုပေါင်း အသင်း ၁၄ သင်း ယှဉ်ပြိုင်လျက်ရှိပြီး ပြည်ပနည်းပြ ၁၂ ဦးနှင့် ပြည်ပကစားသမား ၃၃ ဦး၊ ပြည်တွင်းနည်းပြ ၄၇ ဦးနှင့်ပြည်တွင်းကစားသမား ၃၆၈ ဦးပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်းသတင်းရရှိသည်။

တစ်လတာ အကောင်းဆုံးကစားသမားဆုအတွက် ကျပ် ၁၀ သိန်းနှင့် နည်းပြဆုအတွက် ကျပ်ငါးသိန်းကို မြန်မာဘရူဝါရီလီမိတက်က ချီးမြှင့်ခြင်းဖြစ်သည်။

## ဖူဆယ်အလွတ်တန်း ယှဉ်ပြိုင်မည့် နယ်မှအသင်းများအတွက် နေထိုင်စားသောက်မှု စီစဉ်ပေးမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဧပြီ-၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဖူဆယ်အလွတ်တန်းပြိုင်ပွဲတွင် နယ်မှယှဉ်ပြိုင်မည့် အသင်းများအား နေထိုင်မှုစီစဉ်ပေးမည့်အပြင် စားသောက်မှုစရိတ်အတွက်လည်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို လာမည့်မေလအတွင်း ရန်ကုန်မြို့၌ ကျင်းပရန် စီစဉ်ထားပြီး နိုင်ငံတစ်ဝန်းမှ ဖူဆယ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ယခုကဲ့သို့ စီစဉ်ခြင်းဖြစ်ကြောင်းမြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဖူဆယ်ကော်မတီတာဝန်ရှိသူတစ်ဦးကပြောသည်။

"အနယ်နယ် အရပ်ရပ်က စိတ်ဝင်စားလို့ လာပြိုင်ချင်တဲ့ အသင်းတွေအတွက် နေထိုင်မှုကို စီစဉ်ပေးပြီး စားသောက်မှုစရိတ်အတွက်လည်း သင့်တော်တဲ့နှုန်းထားတစ်ခု ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်"ဟု ဖူဆယ်ကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းမြင့်တင်ကပြောသည်။

ပြိုင်ပွဲဝင်ဖူဆယ်အသင်းများတွင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင်အသင်းများ၌ မှတ်ပုံတင်စာရင်းသွင်းထားသည့် အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိကြောင်း သိရပြီး ပြိုင်ပွဲအသင်းအရေအတွက်ကန့်သတ်ထားခြင်း မရှိကြောင်း သတင်းရရှိသည်။

"ဒီပြိုင်ပွဲမှာ ခြေစွမ်းပြနိုင်ပြီး အလားအလာရှိတဲ့ ကစားသမားတွေကို ရွေးချယ်ပြီး ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပေးသွားမှာပါ။ ပြိုင်ပွဲကျင်းပနေချိန်မှာ နိုင်ငံခြားနည်းပြဆရာလည်း ရောက်ရှိလာမှာဖြစ်သလို ကစားသမားတွေကို သူ့စိတ်ကြိုက်ရွေးချယ်စေပြီး ဆီးဂိမ်းအတွက် ပြင်ဆင်သွားမှာပါ" ဟု ဦးရဲထွန်းမြင့်တင်က ဆိုသည်။

ယင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဖူဆယ်အသင်းများသည် တစ်သင်းလျှင် ပြိုင်ပွဲဝင်ကြေး ကျပ်လေးသောင်းဖြစ်ပြီး၊ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၉-၅၀၁၅၅၆၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

## အာရှလူငယ်နှင့် အငယ်တန်းအလေးမပြိုင်ပွဲ ရန်ကုန်တွင် ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဧပြီ-၄

အာရှလူငယ်နှင့် အငယ်တန်းအလေးမပြိုင်ပွဲကို မြန်မာနိုင်ငံက လာမည့်အောက်တိုဘာ၌ ကျင်းပမည်ဖြစ်ရာ အာရှအဆင့်ပြိုင်ပွဲတစ်ရပ်ကို ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

အာရှအလေးမအဖွဲ့ချုပ်ကကြီးမှူး၍ နှစ်စဉ်ကျင်းပသည့် အဆိုပါ ပြိုင်ပွဲကို ရန်ကုန်မြို့တွင် လာမည့် အောက်တိုဘာ ၁၇ ရက်မှ ၂၃ ရက်အထိ ကျင်းပမည် ဖြစ်သည်။

"၁၉၄၆ ခုနှစ်က စတင်ဖွဲ့စည်းခဲ့တဲ့ အဖွဲ့ချုပ်သက်တမ်းတစ်လျှောက်မှာ အာရှအဆင့်ပြိုင်ပွဲတစ်ရပ်ကိုပထမဆုံးအကြိမ်အိမ်ရှင်လက်ခံကျင်းပခွင့်ရရှိခြင်း ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အတွင်းရေးမှူးဦးမြင့်ဆွေက ပြောသည်။

"အဆိုပါပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ရန် အာရှအလေးမအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံပေါင်း လေးဆယ်ကျော်အား ဖိတ်ကြားသွားမည်ဖြစ်ကာ နိုင်ငံနှစ်ဆယ်ကျော် လာရောက်ယှဉ်ပြိုင်ရန် မျှော်မှန်းထားကြောင်း ၎င်းကဆိုသည်။

အာရှအဆင့်လူငယ်ပြိုင်ပွဲတစ်ရပ်အား အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသည့်အတွက် အလေးမအားကစားကို မြန်မာလူငယ်များ ပိုမိုစိတ်ဝင်စားလာစေရန် လာမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် အတွေ့အကြုံရရှိစေခြင်း၊ အိမ်ရှင်ဖြစ်သည့်အတွက်

စာ(၅၁)သို့



ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

လေ့ကျင့်နေသော အမျိုးသမီးအလေးမသမားများ

7 DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012

# အာဆီယံဖူဆယ် ပြိုင်ပွဲအတွက် လူငယ်များကို ဦးစားပေး ရွေးချယ်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဧပြီ-၅**

၂၀၁၂ အာဆီယံဖူဆယ်ပြိုင်ပွဲ (AFF Futsal Championship 2012)သို့ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအသင်းတွင် လူငယ်အများစု ပါဝင်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ဧပြီ ၁၉ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(က)တွင် ဗီယက်နမ်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်အသင်းများနှင့် ကျရောက်လျက်ရှိသည်။

"လက်ရှိ ပဏာမရွေးချယ်ထားတဲ့ ကစားသမား ၁၈ ဦးမှာ အများစုက ပျမ်းမျှအသက် ၁၈ နှစ်ကနေ ၂၂ နှစ်ကြားတွပါ။ လာမည့် ပြိုင်ပွဲတွေအတွက်ပါ ရည်ရွယ်ပြီး လူငယ်များနဲ့ ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်" ဟု မြန်မာဖူဆယ်အသင်းနည်းပြချုပ် ဦးဌေးမြင့်ကပြောသည်။

အုပ်စု(ခ)တွင် အိမ်ရှင်ထိုင်း၊ အင်ဒိုနီးရှား၊ တီမော၊ ဘရူနိုင်း၊ လာအိုအသင်းများ ပါဝင်လျက်ရှိပြီး ယင်းပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံအသင်းမှာ အင်ဒိုနီးရှားအသင်းဖြစ်သည်။

မြန်မာလက်ရွေးစင် ဖူဆယ်အသင်းသည် ဧပြီ ၁၉ ရက်တွင် ပွဲဦးထွက်အဖြစ် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ နှစ်သင်းစီ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲသို့ မြန်မာလူငယ်နှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဧပြီ-၄**

(၇)ကြိမ်မြောက် အရှေ့တောင်အာရှလူငယ်ပြေးခုန်ပစ်ပြိုင်ပွဲ (7th South East Asia Youth Athletics Championships) သို့ မြန်မာလူငယ်အားကစားသမားနှစ်ဦးဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို စင်ကာပူနိုင်ငံတွင် ဧပြီ ၂၈ ရက်မှ ၂၉ ထိ ကျင်းပမည်ဖြစ်ကာ အာဆီယံနိုင်ငံများမှ လူငယ်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အပြေးပြိုင်ပွဲကိုးမျိုးနှင့် အခုန်ပြိုင်ပွဲလေးမျိုးထည့်သွင်းကျင်းပမည်ဖြစ်ပြီး အသက် ၂၀ နှစ်အောက် ပြိုင်ပွဲတွင် ကျော်ဇင်အောင်ကမီတာ ၂၀၀နှင့်မီတာ ၄၀၀ ပြိုင်ပွဲတွင်လည်းကောင်း၊ အသက် ၁၈ နှစ်အောက် တုတ်ထောက်ခုန်ပြိုင်ပွဲတွင် မျိုးမင်းပိုင်ကလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

"ဒီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မယ့် လူငယ်ကစားသမားနှစ်ဦးက ပြည်ပပြိုင်ပွဲ အတွေ့အကြုံ တစ်ကြိမ်မှမရှိသေးပါဘူး။ ပြီးခဲ့တဲ့ အမျိုးသားတံခွန်စိုက်ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲမှာ စံချိန်ကောင်းရရှိထားတဲ့သူတွေပါ"ဟု မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။




# ကြားရက်မှာ ကစားမယ့် မန်စီးတီး၊ မန်ယူ၊ အာဆင်နယ်၊ လီဗာပူးတို့ရဲ့ ပရီးမီးယားလိဂ်ပွဲစဉ်(၃၃) ပွဲကြိုခန့်မှန်းချက်

**ကိုအေးမြတ်**

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ်(၃၃)ကို ကြားရက်တွေဖြစ်တဲ့ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့တွေမှာ ကစားသွားပြီး သင်္ကြန်အမီ စောထွက်မယ့် ဂျာနယ်ထွက်ရက်နဲ့ တိုက်ဆိုင်နေတဲ့ ပွဲစဉ်(၃၃)ရဲ့ ဗုဒ္ဓဟူး၊ ကြာသပတေးနှစ်ရက်မှာ ကစားမယ့်ပွဲငါးပွဲကို ခန့်မှန်းဖော်ပြပေးလိုက်ရပါတယ်။ ဒီငါးပွဲမှာ မန်စီးတီးကလွဲလို့ မန်ယူ၊ အာဆင်နယ်၊ လီဗာပူး သုံးသင်းစလုံး ဇယားမှာ ရပ်တည်မှုအပြောင်းအလဲတွေ ထပ်ဖြစ်လာမလား စောင့်ကြည့်ရပါမယ်။

**<u>ဧပြီ ၁၁၊ ဗုဒ္ဓဟူး</u>**

**နံနက် ၁း၃၀ နာရီ**

**ဘလက်ဘန်း-လီဗာပူး**

**ပထမအကျော့ရလဒ် ၁-၁**

ဘလက်ဘန်းဟာ သူ့အိမ်ကွင်းမှာဆို လီဗာပူးကို ဒုက္ခပေးတတ်တဲ့ အသင်းဖြစ်ပါတယ်။ ဘလက်ဘန်း အိမ်ကွင်း နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ လီဗာပူး တစ်ကြိမ်ပဲ နိုင်ဖူးပြီး သရေတစ်ပွဲ၊ အရှုံးတစ်ပွဲကြုံထားပါတယ်။ ဒါပေမဲ့ လီဗာပူး လက်ရှိခြေစွမ်းကြောင့် ကပ်နိုင်ခြေရှိပါတယ်။ ဂိုးနည်းပါမယ်။

**<u>ဧပြီ ၁၂၊ ကြာသပတေး</u>**

**နံနက် ၁း၁၅ နာရီ**

**မန်စီးတီး-ဝက်စ်ဘရွန်း**

**ပထမအကျော့ရလဒ် ၀-၀**

အိမ်ကွင်းမှာ မန်စီးတီးတို့ အနိုင်ရဖို့ အရေးကြီးနေပါတယ်။ ဝက်စ်ဘရွန်းတို့ နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ မန်စီးတီးကို တစ်ကြိမ်ပဲ သရေရထားတာပါ။ ဘာလော့တယ်လီ၊ တီဗက်ဇ်တို့ရဲ့ မန်စီးတီးကပဲ နှစ်ဂိုးလောက်နဲ့နိုင်သွားမှာပါ။




**ဝီဂန်-မန်ယူ**

**ပထမအကျော့ရလဒ် ၀-၅**

ဝီဂန်တို့ အိမ်ကွင်းမှာ သရေရဖို့တောင် အခွင့်အရေးနည်းနေပါတယ်။ လိဂ်ချန်ပီယံမျှော်လင့်ချက်ထားနေတဲ့မန်ယူတို့ အဝေးကွင်းမှာ နိုင်ပွဲရသွားဖို့များပါတယ်။ သရေဖြစ်ဖို့ မရှိပါဘူး။ မန်ယူနှစ်ဂိုးလောက်ရနိုင်တယ်။

**ဝုလ်-အာဆင်နယ်**

**ပထမအကျော့ရလဒ် ၁-၁**

ပထမအကျော့က မထင်မှတ်ဘဲ သရေကျခဲ့ပေမယ့် အာဆင်နယ်တို့ လက်ရှိခြေစွမ်းအရ အနိုင်ရဖို့များတယ်။ အာဆင်နယ်နဲ့ နောက်ဆုံးတွေ့ဆုံဖူးတဲ့ အိမ်ကွင်းသုံးပွဲစလုံးကို ဝုလ်တို့ဂိုးပြတ်ရှုံးထားတာပါ။ အာဆင်နယ်ဘက်ကပဲ နှစ်ဂိုးလောက်နဲ့ ရပ်တည်သင့်ပါတယ်။

**နံနက် ၁း၃၀ နာရီ**

**ကျူပီအာ-ဆွမ်းဆီး**

**ပထမအကျော့ရလဒ် ၁-၁**

ပထမတန်း ချန်ပီယံရှစ်မှာ တုန်းကလည်း အကြိတ်အနယ်ကစားခဲ့တဲ့နှစ်သင်းဖြစ်ပါတယ်။ လက်ရှိမှာ ကျူပီအာ အိမ်ကွင်းအားသာပေမယ့် ညှော်သည် ဆွမ်းဆီးတို့တိုက်စစ်ပိုင်းကောင်းတာမို့ ဆွမ်းဆီးဘက်က တစ်ဂိုးအသာလောက်နဲ့နေသင့်ပါတယ်။ သရေလည်းဖြစ်နိုင်ပါတယ်။

စာ(၅၀) - အာရှလူငယ်နှင့် အငယ်တန်းအလေးမပြိုင်ပွဲ ရန်ကုန်တွင် ကျင်းပမည် မှ

မြန်မာလူငယ်အားကစားသမားများ အင်အားပြည့် ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိခြင်း၊ ပြိုင်ပွဲကျင်းပစဉ် ပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးစာမေးပွဲ နည်းသင်တန်းများအား ဖြေဆိုတက်ရောက်ခွင့်ရရှိစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ဦးမြင့်ဆွေက ဆို သည်။

အဆိုပါ ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်၊ အာရှအလေးမအဖွဲ့ချုပ်အလုပ်အမှုဆောင် အစည်းအဝေးတွင် ကန့်ကွက်မဲမရှိ ရရှိခဲ့ခြင်းဖြစ်ကာ ၂၀၁၂ ခုနှစ် မတ်လတွင် ကျင်းပမည့်ရက်ကိုအတည်ပြုပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ကိုရီးယားနိုင်ငံ ပြုံးတစ်မြို့တွင် ဧပြီနောက်ဆုံးပတ်အတွင်း ကျင်းပမည့် အာရှအလေးမ အဖွဲ့ချုပ်ကွန်ကရက်အစည်းအဝေးတွင် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ တက်ရောက်မည်ဖြစ်ကာ အိမ်ရှင်ပြုလုပ်မည့် အာရှလူငယ်ပြိုင်ပွဲအကြောင်းကို ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012

## ကမ္ဘာ့ရုံတွင်း စက်ဘီး ချန်ပီယံရှစ်ပြိုင်ပွဲ ဗြိတိန်မှ ပန်ဒယ်လ်တန် ဆဋ္ဌမအကြိမ် ချန်ပီယံဆုဆွတ်ခူး




Photo - AFP

**မဲလ်ဘုန်း၊ ဧပြီ - ၇**

ဗြိတိန်စက်ဘီးမယ် ဗစ်တိုးရီးယား ပန်ဒယ်လ်တန်သည် သောကြာနေ့က ကျင်းပသော ကမ္ဘာ့ရုံတွင်း စက်ဘီးချန်ပီယံရှစ်ပြိုင်ပွဲတွင် လစ်သူယေးနီးယားမှ ဆီမိုနာခရူပက်ကိုက်အား အနိုင်ရကာ ဆဋ္ဌမအကြိမ်မြောက် ချန်ပီယံဘွဲ့ကိုရရှိသွားခဲ့သည်။

ယခုပွဲတွင် ပြီးခဲ့သည့်နှစ်က ရွှေတံဆိပ်ရခဲ့သည့် ဩစတြေးလျစက်ဘီးမယ် အန်နာမေးယက်စ်မှာ တတိယ ကြေးတံဆိပ်သာရခဲ့သည်။ ပန်ဒယ်လ်တန်သည် မကြာသေးမီကပင် အားကစားလောကမှ အနားယူမည်ဟု ကြေညာခဲ့ရာ ယခုအောင်ပွဲမှာ အနားမယူခင် လေးလအတွင်း သူမ၏ အမှတ်တရအောင်ပွဲဖြစ်သည်။

ပန်ဒယ်လ်တန်သည် ၂၀၀၄ ခုနှစ်က မဲလ်ဘုန်းကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲတွင် စတုတ္ထသာရခဲ့ရာ ယခုအကြိမ်မှာ သူမအတွက် ပထမဆုံး ရွှေတံဆိပ်ရခဲ့ခြင်းဖြစ်သည။ တတိယရသည့် အန်နာမေးယက်စ်မှာ မကြာမီ ကျင်းပမည့် လန်ဒန်အိုလံပစ်တွင် ရွှေတံဆိပ်ဆုဆွတ်ခူးရန် ရေပန်းစားနေသော ကစားသမားတစ်ဦးဖြစ်သည်။

*—Ref: AFP*

## ဘာရိန်းမငြိမ်သက်မှုများကို စောင့်ကြည့်နေဟု FIA ပြောကြား

**ပါရီ၊ ဧပြီ - ၇**

လာမည့် ဧပြီ ၂၂ ရက်တွင် ကျင်းပမည့် ဘာရိန်းဂရင်းပရီပြိုင်ပွဲကို နိုင်ငံတွင်း မငြိမ်မသက်မှုများဖြစ်ပွားနေသောကြောင့် အခြေအနေကို နေ့စဉ် စောင့်ကြည့်နေကြောင်း ဖော်မြူလာဝမ်းပြိုင်ပွဲအဖွဲ့ချုပ်(FIA)ကပြောကြားလိုက်သည်။

အဖွဲ့မှ ထုတ်ပြန်သောကြေညာချက်၌ "FIA အဖွဲ့ဟာ ဘာရိန်းမှာရှိတဲ့ ဥရောပသံရုံးတွေအပါအဝင် အမြင့်ဆုံးအာဏာပိုင်တွေနဲ့ နေ့စဉ် ဆက်သွယ်နေပါတယ်။ ဒီထဲမှာ ဒေသခံနဲ့ နိုင်ငံတကာပွဲစီစဉ်သူတွေလည်း အပါအဝင်ဖြစ်ပါတယ်။ FIA ဟာ ကားမောင်းပြိုင်ပွဲလုံခြုံရေးအတွက် အဓိကတာဝန်ခံသူဖြစ်ပါတယ်။ ဒါ့ကြောင့် လုံခြုံရေးအာမခံချက်ရှိရေးအတွက်ဒေသခံအာဏာပိုင်အဖွဲ့တစ်ခုစီနဲ့ ဆက်သွယ်နေရတာပါ။ ကျွန်တော်တို့ဟာ ဘာရိန်းမှာရှိတဲ့ အမြင့်ဆုံးအာဏာပိုင်တွေနဲ့ ဆက်သွယ်ပြီး လုံခြုံရေးအခြေအနေတွေဟာ ထိန်းချုပ်နိုင်စွမ်းရှိ၊ မရှိ သေချာအောင် ပုံမှန်စောင့်ကြည့်နေပါတယ်"ဟုဖော်ပြထားသည်။

ဘာရိန်းနိုင်ငံတွင် လုံခြုံရေးအခြေအနေများ စိုးရိမ်စရာဖြစ်လာသောကြောင့် ယခင် ဖော်မြူလာဝမ်းချန်ပီယံဟောင်း ဒေမွန်ဟီးလ်ကလည်း ပြိုင်ပွဲကျင်းပရေးကိစ္စကိုပြန်လည်စဉ်းစားရန် မကြာသေးမီက တိုက်တွန်းထားသည်။

ဘာရိန်းဂရင်းပရီပြိုင်ပွဲကို ပြီးခဲ့သည့် ၂၀၁၁ ကပင် ကျင်းပရန်စီစဉ်ခဲ့သော်လည်း နိုင်ငံတွင်း မငြိမ်သက်မှုများကြောင့် ယခုနှစ်သို့ ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။

*—Ref: AFP*



## စင်ကာပူသူဌေးတစ်ဦး ရိန်းဂျားအသင်းကို ဝယ်ယူရန် ကမ်းလှမ်း

**လန်ဒန်၊ ဧပြီ - ၇**

စင်ကာပူအက်စ်လိဂ်ဘောလုံးပြိုင်ပွဲဝင် ဟောင်ဂန်ယူနိုက်တက်အသင်းပိုင်ရှင် ဘီလ်နက်ဂ်သည် စကော့တလန်လိဂ်ချန်ပီယံ ရိန်းဂျားအသင်းအား ဝယ်ယူရန်ကမ်းလှမ်းထားသည့် လူလေးဦးတွင် အပါအဝင်ဖြစ်နေကြောင်းသိရသည်။

ရိန်းဂျားအသင်း အုပ်ချုပ်ရေးမှူးများ၏ ထုတ်ပြန်ချက်အရ အသင်းကို ဝယ်ယူရန်ကမ်းလှမ်းထားသူများတွင် ရိန်းဂျားဒါရိုက်တာဟောင်း ပေါလ်မာရေး၊ စင်ကာပူမှ ဟောင်ဂန်ပိုင်ရှင်ဘီလ်နက်ဂ်အပါအဝင် ဂျာမနီနှင့် အမေရိကမှ လုပ်ငန်းရှင်နှစ်ဦး ပါဝင်ကြောင်းသိရသည်။ ရိန်းဂျားတာဝန်ရှိသူများက ၎င်းတို့သည် ကမ်းလှမ်းလာသူလေးဦးမှ သုံးဦးကိုစဉ်းစားနေကြောင်းဆိုသည်။

မစ္စတာနက်ဂ်က အသင်းနှင့်ပတ်သက်၍ "အားနည်းချက်ကတော့ ကလပ်ကို တည်ထောင်နေသူတွေကြား ဖြစ်နေတာပါ။ ကျွန်တော်တို့ ပိုကောင်းအောင် တစ်ခုခုလုပ်နိုင်မယ်ထင်ပါတယ်"ဟု ပြောသည်။

ဒေသခံ စင်ကာပူသတင်းစာတစ်စောင်၏အဆိုအရ မစ္စတာနက်ဂ်၏ စီးပွားရေးလုပ်ငန်းစုသည် ရိန်းဂျားအသင်းအား ဝယ်ယူရန် ပေါင်သန်း ၂၀ ဖြင့် ကမ်းလှမ်းထားကြောင်းသိရသည်။

စင်ကာပူနိုင်ငံမှ ဘီလျံနာတစ်ဦးဖြစ်သူ ပီတာလင်းမ်သည် ၂၀၁၀ ပြည့်နှစ်ကလည်း ပရီးမီးယားလိဂ်ကလပ် လီဗာပူးကို ပေါင်သန်း ၃၂၀ ဖြင့် ဝယ်ယူရန်ကမ်းလှမ်းခဲ့ဖူးသည်။

*—Ref: CNA*

## လန်ဒန်အိုလံပစ်ပြေးခုန်ပစ်ပြိုင်ပွဲများအတွက် လက်မှတ်လေးသောင်း ထပ်မံရောင်းချမည်

**လန်ဒန်၊ ဧပြီ - ၇**

ပြီးခဲ့သည့်နှစ်က စတင်ရောင်းချခဲ့သည့်လန်ဒန်အိုလံပစ်ပြိုင်ပွဲလက်မှတ်စောင်ရေတစ်သန်းတွင်ဝယ်ယူခွင့် မရခဲ့သူများသည် မကြာမီ ရောင်းချမည့် ပြေးခုန်ပစ်ပြိုင်ပွဲများအတွက် လက်မှတ်လေးသောင်းကို ဝယ်ယူခွင့်ရဖွယ်ရှိကြောင်းသိရသည်။




လန်ဒန်အိုလံပစ်ကော်မတီသည် ပြေးခုန်ပစ်ပြိုင်ပွဲများအတွက် လက်မှတ်လေးသောင်းကို ရောင်းချရန် သီးသန့် ချန်ထားခဲ့ခြင်းဖြစ်သည်။ ယခုရောင်းချမည့် ပြေးခုန်ပစ်ပြိုင်ပွဲများအတွက် လက်မှတ်များတွင် ကိုးရက်တာ ကျင်းပမည့် ပြိုင်ပွဲအားလုံးကို ကြည့်ရှုခွင့်ပါဝင်ပြီး ၎င်းတို့ကို အိုလံပစ်ဝက်ဘ်ဆိုက်မှနေ၍ ၂၄နာရီအတွင်း ရောင်းချသွားမည်ဟု တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

ထို့ကြောင့် အိုလံပစ်အတွက် လက်မှတ်ဝယ်ခွင့်မရခဲ့သည့် လူနှစ်သောင်းခန့်သည် လန်ဒန်အိုလံပစ်ကော်မတီဝက်ဘ်ဆိုက်တွင် လက်မှတ်အရောင်းစတင်ဖွင့်လှစ်ချိန်မှစ၍ ၂၄နာရီအတွင်း လက်မှတ်ဝယ်ယူခွင့် လျှောက်ထားနိုင်မည်ဖြစ်သည်။ BBC သတင်း၏ အဆိုအရ ယခု ဧပြီလအတွင်း ရောင်းချခဲ့သည့် လက်မှတ်စောင်ရေတစ်သန်းခန့်တွင် ဘက်စကက်ဘောပြိုင်ပွဲများအတွက်လက်မှတ်ငါးသောင်း၊ ဒိုင်ဗင်ပြိုင်ပွဲများအတွက် လက်မှတ် သုံးသောင်းပါဝင်ခဲ့ကြောင်းသိရသည်။

ထို့ပြင် ရုံတွင်းစက်ဘီးပြိုင်ပွဲများအတွက် ဧပြီလတွင် ရောင်းချခဲ့သော လက်မှတ်များမှာ ဝယ်ယူရခက်ခဲခဲ့သည်။ ယင်းမှာ ပြိုင်ပွဲကျင်းပရာ အိုလံပစ်ဘယ်လိုဒရုန်းမ်အားကစားကွင်းမှာ ပရိသတ်ဝင်ဆံ့မှု ခြောက်ထောင်ခန့်သာ ရှိခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

*—Ref: Reuters*

## WBC စူပါ ဖယ်သာဝိတ်တန်းသရဖူ ဂျပန်လက်ဝှေ့သမား ကာကွယ်

**တိုကျို၊ ဧပြီ - ၇**

ဂျပန်လက်ဝှေ့သမား တာကာဟီရိုအေအိုသည် ကမ္ဘာ့လက်ဝှေ့ကောင်စီ(WBC)၏ စူပါဖယ်သာဝိတ်တန်းတွင် ထိုင်းမှ စိန်ခေါ်သူ တက်ဆက်ဂျန်ဒါအင်အား ဒိုင်ဆုံးဖြတ်ချက်ဖြင့် အနိုင်ရသွားခဲ့သည်။

ထိုပွဲတွင် ဒိုင်လူကြီးသုံးဦးက အေအိုအား ၁၁၆-၁၁၂၊ ၁၁၆-၁၁၂၊ ၁၁၈-၁၁၀ ဖြင့် အနိုင်ပေးခဲ့သည်။ ယခုနိုင်ပွဲမှာ ဂျပန်လက်ဝှေ့သမား အေအိုအတွက် WBC သရဖူကို တတိယအကြိမ်မြောက် ကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် သရဖူကို ၂၀၁၀ နိုဝင်ဘာလက စတင်ရရှိခဲ့သည်။ ၎င်းသည် မှတ်တမ်း အရ ၂၃ ပွဲနိုင်၊ နှစ်ပွဲရှုံး၊ တစ်ပွဲ သရေရလဒ်ရရှိထားသည်။

WBC ၏ ဘင်တန်ဝိတ်တန်းပွဲစဉ်တွင်လည်း ဂျပန်မှ ရှင်ဆုကေယာမာနာကာက ပြိုင်ဘက် ဘစ်ဒါချင်းယန်အား ဒိုင်ဆုံးဖြတ်ချက်ဖြင့် အနိုင်ရကာ သရဖူကာကွယ်သွားနိုင်ခဲ့သည်။

အမေရိကန်နိုင်ငံဖွား ၎င်းဩစတြေးလျလက်ဝှေ့သမားသည် WBC ၏ အဆင့်သတ်မှတ်ချက်အရ အဆင့်-၄ ရှိပြီး၊ ၃၇ပွဲနိုင်၊ လေးပွဲရှုံး၊ တစ်ပွဲသရေရလဒ်ရရှိထားသည်။

*—Ref: AFP*



Photo - AFP

7 DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012



# မာလီအစိုးရအပေါ် ဖိအားများလာစဉ် အစ္စလာမ်မစ်များ အားကောင်းလာ



Photo - AFP

**ဘာမာကို၊ ဧပြီ - ၄**

အာဏာစွန့်လွှတ်ရန် ကမ္ဘာ့နိုင်ငံများက မာလီစစ်အစိုးရခေါင်းဆောင်များအား ဖိအားပေးနေစဉ်မှာပင် မာလီနိုင်ငံမြောက်ပိုင်းတွင် အစ္စလာမ်မစ်များ၏ ချုပ်ကိုင်မှု ပိုမိုတောင့်တင်းလာကြောင်း သိရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီကလည်း မာလီပြဿနာကိုမဲခွဲဆုံးဖြတ်၍ပူးတွဲကြေညာချက်တစ်ရပ်ထုတ်ပြန်မည်ဖြစ်သည်။ မာလီနိုင်ငံတွင် သမ္မတအာမန်ဒိုတိုမာနီထံမှ လက်နက်ဖြင့် အာဏာသိမ်းယူခြင်းနှင့် တွာရက် သူပုန်များနှင့် အစ္စလာမ်မစ်များက နိုင်ငံမြောက်ပိုင်းမြို့ရွာများသို့ ဝင်ရောက်လာခြင်းများကို ရှုတ်ချသည့် ကြေညာချက်တစ်ရပ်ထုတ်ပြန်ရန် အရေးပေါ်အစည်းအဝေးတစ်ရပ် ခေါ်ယူရေး ပြင်သစ်နိုင်ငံက အဖွဲ့ဝင် ၁၅ ဦးပါ လုံခြုံရေးကောင်စီကို တိုက်တွန်းထားသည်။

အမေရိကန်ကမူ ကုလသမဂ္ဂထက်ပင်စော၍ မာလီကိုစကိုစတင်ကိုင်တွယ်ခဲ့ပြီး အာဖရိကသမဂ္ဂနှင့်အတူ အာဏာသိမ်းခေါင်းဆောင်များအပေါ် ခရီးသွားခွင့်ပိတ်ပင်လိုက်သည်။

မာလီနိုင်ငံတွင် ဒီမိုကရေစီနည်းလမ်းကျ ရွေးကောက်တင်မြှောက်ထားသော အစိုးရနှင့် အရပ်ဘက်အုပ်ချုပ်မှု ပြန်လည်ဖြစ်ပေါ်ရေး တားဆီးနေသူများကို အမေရိကန်နိုင်ငံသို့ ခရီးသွားခြင်းကန့်သတ်သွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကပြောကြားသည်။

အာဏာသိမ်းခေါင်းဆောင် ဗိုလ်ကြီးအာမန်ဒိုဆာနိုဂိုအား ထောက်ခံသူများကိုလည်း ခရီးသွားခွင့်ပိတ်သွားမည်ဖြစ်ကြောင်း အမေရိကန်အစိုးရက ပြောကြားထားသည်။

—*Ref: AFP*

# ငြိမ်းချမ်းရေးရက် သတ်မှတ်ချက်ကို ဆီးရီးယားလက်ခံ



Photo - AP

**ကုလသမဂ္ဂ၊ ဧပြီ - ၃**

ကန့်ကွက်ဆန္ဒပြနေသော မြို့များမှတပ်ဖွဲ့ဝင်များအား ချက်ချင်းရုပ်သိမ်းသွားရန် ဆီးရီးယားနိုင်ငံကသဘောတူညီလိုက်ကြောင်းကိုဖီအာနန်ကကုလသမဂ္ဂနှင့် အာရပ်အဖွဲ့ချုပ်ကိုဧပြီ ၂ ရက်တွင် ပြောကြားလိုက်သည်။ သို့သော် ဆီးရီးယားနိုင်ငံက ကတိတည်မည်လားဆိုသည်ကို သံသယရှိကြောင်း အနောက်နိုင်ငံများကပြောကြားသည်။

လာမည့်ဧပြီလ ၁၀ ရက် အလွန်တပ်ဖွဲ့များနှင့် လက်နက်ကြီးများရုပ်သိမ်းသွားရန် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးက သဘောတူညီခဲ့သည်ဟု မစ္စတာကိုဖီအာနန်က ပြောကြားကြောင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆီးရီးယားကိစ္စအစည်းအဝေးအပြီးတွင် အမေရိကန်ကုလသမဂ္ဂကိုယ်စားလှယ် ဆူဇန်ရိုက်စ်က ပြောသည်။

ဆီးရီးယားနိုင်ငံမှ ကုလသမဂ္ဂကိုယ်စားလှယ် ဘာရှားဂျာဖာရီကလည်း ၎င်းတို့အစိုးရနှင့် မစ္စတာအာနန်တို့အကြား ဧပြီ ၁၀ ရက်တွင် သဘောတူညီမှုရရှိထားပြီဟုအတည်ပြုပြောကြားသည်။

အပစ်အခတ်ရပ်စဲရေးကိစ္စတွင်မူ တိုးတက်မှုမရှိသေးဟု မစ္စတာအာနန်က လုံခြုံရေးကောင်စီကို ပြောကြားခဲ့ကြောင်း သံတမန်များက ပြောသည်။

သို့သော် မစ္စတာအာဆတ်အနေဖြင့် ယင်းကတိကဝတ်အသစ်များကို အကောင်အထည်ဖော်မည်လားဆိုသည်ကို အမေရိကန်နှင့် အခြားနိုင်ငံများက သံသယရှိကြောင်း အမေရိကန်ကုလကိုယ်စားလှယ် ဆူဇန်ရိုက်စ်က ပြောကြားသည်။

—*Ref: AFP*

# မြောက်ကိုရီးယား ဒုံးပျံလွှတ်တင်ခြင်း စောင့်ကြည့်ရန် ဖိတ်ကြားမှု ဂျပန်ပယ်ချ

**တိုကျို၊ ဧပြီ - ၃**

ဒုံးပျံလွှတ်တင်ရေးအတွက် လေ့လာသူများစေလွှတ်ပေးရန် မြောက်ကိုရီးယားနိုင်ငံ၏ ဖိတ်ကြားမှုကို ဂျပန်နိုင်ငံကပယ်ချလိုက်သည်။

"ဒုံးပျံလွှတ်တင်တာကို ဂျပန်အရာရှိတွေသွားလေ့လာဖို့ မသင့်လျော်ပါဘူး" ဟု ဂျပန်အစိုးရထိပ်တန်းပြောခွင့်ရပုဂ္ဂိုလ် အိုဆားမူဖူဂျိမူရာကပြောကြားရင်း ပြုယမ်းက ဂျပန်အာကာသလေ့လာရေး အေဂျင်စီမှ လေ့လာသူများကို ဖိတ်ကြားခဲ့ကြောင်း အတည်ပြုသည်။

"ဒုံးပျံမလွှတ်ဖို့ဂျပန်က မြောက်ကိုရီယားကိုပြောထားပါတယ်" ဟု၎င်းကပြောသည်။ မြောက်ကိုရီးယားနိုင်ငံတည်ထောင်သူ ဖခင်ကြီး ကင်အီဆွန်၏ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်ဒုံးပျံပစ်လွှတ်မည့် အစီအစဉ်မှာ ငြိမ်းချမ်းသောရည်ရွယ်ချက်သာရှိကြောင်း မြောက်ကိုရီးယားက အခိုင်အမာပြောကြားခဲ့သည်။

သို့သော်အမေရိကန်၊ ဂျပန်နှင့် ၎င်းတို့၏ မဟာမိတ်များကမူ ဒုံးပျံလွှတ်တင်မှုမှာအယောင်ဆောင်ထားသော တာဝေးပစ်ဒုံးကျည်စမ်းသပ်မှုတစ်ရပ်ဟု သံသယရှိနေကြသည်။

ယခုဖိတ်ကြားမှုကို မြောက်ကိုရီးယား အာကာသနည်းပညာ ကော်မတီကကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး ပထမဦးဆုံးသော ဖိတ်ကြားမှုဖြစ်သည်ဟု ဂျပန်အာကာသလေ့လာရေး အေဂျင်စီမှ ပြောခွင့်ရပုဂ္ဂိုလ် ကက်သူရာအာကာရှီတာက ပြောကြားသည်။

—*Ref: AFP*

# ငွေချေးရန် ဘဏ်များကိုသာအားထားရသည့်စနစ် အဆုံးသတ်ရန် တရုတ်ဝန်ကြီးချုပ် ပြောကြား

**ဘေဂျင်း၊ ဧပြီ - ၄**

စီးပွားရေးလုပ်ငန်းများအနေဖြင့် လုပ်ငန်းတိုးချဲ့ရန် လိုအပ်သည့်ငွေများကို ချေးငှားရာတွင် ဘဏ်များကိုသာ အားကိုးနေရသည့် စနစ်ဖျက်သိမ်းရန် တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင်က ပြောကြောင်းသိရသည်။

တရုတ်နိုင်ငံတွင် ပုဂ္ဂလိကငွေကြေးအရင်းအနှီးများ လွတ်လပ်စွာ စီးဆင်းမှုရှိသည့် ဇုန်အတွက်ဘဏ်များကသာ ချေးငွေထုတ်ပေးသည့်တစ်ဦးတည်းချုပ်ကိုင်စနစ်ကို အစိုးရက ချိုးဖျက်ရန်လို အပ်ကြောင်း မစ္စတာဝမ်ကြားပေါင်ကပြောသည်။

"ဘဏ္ဍာငွေရရှိရေး ကုန်ကျစရိတ်တွေနဲ့ပတ်သက်ပြီး ပြောရရင် ကျွန်တော်တို့ဘဏ်တွေဟာ အမြတ်အစွန်းလွယ်လွယ်ကူကူရနေတယ်လို့ပဲ ပြောပါရစေ။ ဒါဟာဘာဖြစ်လို့လဲ။ ဘာဖြစ်လို့လဲဆိုရင် ဘဏ်ကြီးအနည်းငယ်ကပဲ ထင်သလို လုပ်နိုင်တဲ့ အနေအထားတွေကြောင့်ပါ" ဟုတရုတ်နိုင်ငံတောင်ပိုင်းသို့သွားရောက်သော အလည်အပတ်ခရီးစဉ်တစ်ခုအတွင်း တရုတ်ဝန်ကြီးချုပ်က ပြောသည်။

"ဒီဘဏ်ကြီးတွေကိုပဲချဉ်းကပ်မှပဲ အောင်မြင်စွာ ချေးငွေရနိုင်တယ်။ တခြားနေရာတွေသွားရင်အရမ်းခက်တယ်" ဟုမစ္စတာဝမ်ကြားပေါင်က ပြောကြားရင်း ဘဏ္ဍာရေးစနစ်တွင် ပုဂ္ဂလိကငွေကြေးအရင်းအနှီးများ စီးဆင်းမှုလွယ်ကူစေရန်မှာ ယင်းသို့တစ်ဦးတည်းချုပ်ကိုင်သည့် မိုနိုပိုလီစနစ်ကို ချိုးဖျက်ရေးပင်ဖြစ်ကြောင်း မစ္စတာဝမ်ကြားပေါင်ကပြောသည်။

—*Ref: Bangkok Post*



Photo - Getty Images

7 DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012



Photo - Reuters

## မွန်ဘိုင်းတိုက်ခိုက်မှု ကြိုးကိုင်သူအပေါ် အမေရိကန်က ဆုငွေထုတ်ခြင်းကို အိန္ဒိယကြိုဆို

**နယူးဒေလီ၊ ဧပြီ - ၄**

စစ်သွေးကြွအဖွဲ့ လက်ရှ်ကာအီတိုင်ဘာအား ထူထောင်ခဲ့သူ ဟာဖစ်မိုဟာမက် ဆာအစ်အပေါ် အမေရိကန်နိုင်ငံက ဆုငွေကန်ဒေါ်လာ ၁၀ သန်းထုတ်ပြန်လိုက်ခြင်းကိုအိန္ဒိယနိုင်ငံကကြိုဆိုလိုက်ကြောင်း သိရသည်။ ၂၀၀၈ ခုနှစ်မွန်ဘိုင်းတိုက်ခိုက်မှုများကိုကြိုးကိုင်ခဲ့သည်ဟုဆိုသူ ဆာအစ်ကအရေးယူရန် အိန္ဒိယက ပါကစ္စတန်အားတိုက်တွန်းခဲ့သည်မှာကြာပြီဖြစ်သည်။

အမေရိကန်အစိုးရ၏ ဆုငွေထုတ်ခြင်း အစီအစဉ်မှနေ၍ မွန်ဘိုင်းတိုက်ခိုက်မှု ကျူးလွန်ခဲ့သူများအား တရားဥပဒေအရအပြစ်ပေးရန် အမေရိကန်နှင့် အိန္ဒိယနှစ်နိုင်ငံစလုံး၏ အလေးအနက်ထားမှုကို ထင်ဟပ်နေကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးအက်စ်အမ်ခရစ်ရှနကပြောကြားသည်။

၂၀၀၈ ခုနှစ် မွန်ဘိုင်းမြို့ဖြစ်ပေါ်ခဲ့သည့် လူပေါင်း ၁၆၆ ဦးသေဆုံးခဲ့သော တိုက်ခိုက်မှုအား လက်ရှ်ကာအီတိုင်ဘာအဖွဲ့ကကြိုးကိုင်ဖန်တည်းခဲ့သည်ဟု အိန္ဒိယနိုင်ငံက ပြောသည်။

“ဒါဟာ လက်ရှ်ကာအီတိုင်ဘာအဖွဲ့နဲ့ အဖွဲ့ဝင်တွေအားပေးထောက်ခံနေတဲ့ သူတွေကို နိုင်ငံတကာအသိုင်းအဝိုင်းဟာ အကြမ်းဖက်မှုတိုက်ဖျက်ရေးမှာ စည်းစည်းလုံးလုံးရှိနေတယ်ဆိုတာကိုအခိုင်အမာပြသလိုက်တာပဲဖြစ်ပါတယ်”ဟုအိန္ဒိယနိုင်ငံခြားရေးဝန်ကြီးကပြောသည်။ မိုဟာမက်ဆာအစ်အပေါ် ဆုငွေထုတ်ထားကြောင်းကို အမေရိကန်၏ လက်ထောက်နိုင်ငံခြားရေး အတွင်းဝန်တစ်ဦးဖြစ်သူ ဝင်ဒီရှားမန်းအိန္ဒိယနိုင်ငံသို့လည်ပတ်စဉ် အသိပေးခဲ့ခြင်းဖြစ်သည်။

—*Ref: VOA*

## လစ်ဗျားလေကြောင်းလိုင်းအားလုံး ဥရောပသို့ ပျံသန်းခွင့် အီးယူပိတ်ပင်

**ဘရပ်ဆဲလ်၊ ဧပြီ - ၄**

နိုင်ငံပေါင်း ၂၇ နိုင်ငံပါဝင်သော ဥရောပသမဂ္ဂ (အီးယူ) သည်လစ်ဗျားမှလေကြောင်းလိုင်းအားလုံးနှင့်ဗင်နီဇွဲလားမှကွန်ဗီယာဆာလေကြောင်းလိုင်းတို့ကို လုံခြုံရေးကိစ္စများကြောင့် နာမည်ပျက်စာရင်းသွင်းကာ ပျံသန်းခွင့်ပိတ်ပင်ခဲ့ကြောင်းသိရသည်။ ဗင်နီဇွဲလားလေကြောင်းလိုင်းမှာ လုံခြုံစိတ်ချရမှုဆိုင်ရာမှတ်တမ်းများညံ့ဖျင်းသောကြောင့် နာမည်ပျက် လေကြောင်းလိုင်းများစာရင်းသွင်းခံရပြီးလစ်ဗျား လေကြောင်းလိုင်းများအားလုံးကိုမူ အီးယူအရာရှိများ၏ အကြံပေးချက်ဖြင့် ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။ အီးယူက လစ်ဗျားလေကြောင်းလိုင်းများကို လာမည့် နိုဝင်ဘာ ၂၂ရက်အထိအီးယူနိုင်ငံများသို့ပျံသန်းခွင့်ပိတ်ထားသည်။

အီးယူသည် ဗင်နီဇွဲလားလေကြောင်းလိုင်းနှစ်ခုဖြစ်သော အက်စ်တယ်လာလက်တီနိုအမေရိကနှင့် အယ်ရိုတိုင်းတို့၏ မှတ်တမ်းများကိုလည်း ပြန်လည်သုံးသပ်ခဲ့ပြီး ပိတ်ပင်မှုပြုလုပ်မည့် အစားစောင့်ကြည့်မှု ထပ်မံတိုးမြှင့်ရန် ဆုံးဖြတ်ခဲ့သည်။ အီးယူမှ နောက်ဆုံးထုတ်ပြန်သော လေကြောင်းလုံခြုံမှု စာရင်းတွင် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ လေကြောင်းလိုင်း ၂၇၉ လိုင်းပါဝင်သည်။

—*Ref: AFP*

## BRICS ဘဏ် ထူထောင်ရေး အကြံဉာဏ်ကမ္ဘာ့ဘဏ် ဥက္ကဋ္ဌ ထောက်ခံ

**ဘောင်အို၊ ဧပြီ - ၃**

စီးပွားရေးဖွံ့ဖြိုးမှု အားကောင်းလာသော BRICS နိုင်ငံများက အဆိုပြုသည့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ်အသစ်တစ်ရပ်ထူထောင်ရေးဟူသော စိတ်ကူးကိုလက်ခံကြောင်း ရာထူးမှနုတ်ထွက်တော့မည့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ရောဘတ်ဇိုးလစ်ကပြောကြားသည်။

ကမ္ဘာ့ဘဏ်အနေဖြင့် ယင်းဘဏ်အသစ်နှင့် အလုပ်လုပ်ရန်ပြင်ဆင်သွားမည်ဟု ရောဘတ်ဇိုးလစ်က ပြောသည်။ ယင်းသို့ဖွံ့ဖြိုးရေးဘဏ်အသစ်တစ်ရပ် ထူထောင်ရေးကိစ္စအား ယခင်ရက်သတ္တပတ်က နယူးဒေလီမြို့၌ ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ BRICS နိုင်ငံများအုပ်စုတွင် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံများ ပါဝင်သည်။

“ယေဘုယျ သဘောတရားအနေနဲ့တော့ BRICS နိုင်ငံတွေက အဲဒီလို ဘဏ်တစ်ရပ်ထူထောင်ခဲ့ရင် ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်သွားပါမယ်” ဟု တရုတ်နိုင်ငံတောင်ပိုင်း ဘောင်အိုမြို့၌ ပြုလုပ်သည့် ဆွေးနွေးပွဲတွင် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌကပြောကြားသည်။

BRICS အဖွဲ့အား ၂၀၀၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခင်သီတင်းပတ်အစည်းအဝေးမှာ၎င်းတို့၏ လေးကြိမ်မြောက် ထိပ်သီးဆွေးနွေးပွဲဖြစ်သည်။ ယင်းနိုင်ငံများ၏ လူဦးရေမှာ ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းရှိပြီး ကမ္ဘာ့ဂျီဒီပီ၏ ၁၈ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည်။

—*Ref: AFP*

## ဒေါက်တာဘွဲ့ ရယူရန် အခြားသူများထံမှ ကူးချခဲ့သော ဟန်ဂေရီသမ္မတ ရာထူးမှနုတ်ထွက်ရ

**ဘူဒါပက်စ်၊ ဧပြီ - ၃**

၁၉၉၂ ခုနှစ်တွင် ရရှိခဲ့သော ဒေါက်တာဘွဲ့အတွက် အခြားလူများ၏ စာတမ်းများကို ကူးယူဖော်ပြခဲ့ခြင်းအတွက် ယင်းဒေါက်တာဘွဲ့ပြန်လည် ရုပ်သိမ်းခံခဲ့ရပြီးနောက်ဟန်ဂေရီနိုင်ငံ သမ္မတပေါလ်ရမစ်သည် ဖိအားပေးမှုများကို ဆလံသလိုက်ရကာရာထူးမှနုတ်ထွက်သွားသည်။

“အခြေခံဥပဒေအရသမ္မတဟာ ဟန်ဂေရီနိုင်ငံရဲ့ စည်းလုံးညီညွတ်မှုကိုကိုယ်စားပြုရပါမယ်။ ဒါပေမဲ့လည်း ကျွန်တော်ဟာ ကံမကောင်းအကြောင်းမလှစွာနဲ့ဘဲ သွေးကွဲတဲ့ အမှတ်အသားဖြစ်လာပါတယ်။ ဒါကြောင့် ရာထူးကနုတ်ထွက်ဖို့ရာ ကျွန်တော့်တာဝန်ပဲလို့ခံစားရပါတယ်” ဟုမစ္စတာပေါလ်ရှမစ်က ပါလီမန်တွင်ပြောကြားသည်။

ဟန်ဂေရီနိုင်ငံနှင့်အမျိုးသားစည်းလုံးညီညွတ်ရေး အကျိုးစီးပွားအတွက် သမ္မတရာထူးမှ နုတ်ထွက်လိုက်ပါသည်ဟု၎င်း၏နုတ်ထွက်စာတွင် ရှမစ်က ဖော်ပြထားသည်။ ပါလီမန်အမတ်များကလည်း ၎င်း၏ နုတ်ထွက်မှုကိုလက်ခံခဲ့ပြီး ထောက်ခံမဲ ၃၃၈ မဲ၊ ကန့်ကွက်မဲ ၅ မဲ၊ ပျက်ကွက်မဲ ၆ မဲဖြင့် အတည်ပြုခဲ့သည်။

လောလောဆယ်တွင် ပါလီမန်ဥက္ကဋ္ဌဖြစ်သူလက်စလိုကိုဗာကသမ္မတတာဝန်များထမ်းဆောင်မည်ဖြစ်သည်။ အိုလံပစ် ဓားခုတ်ချန်ပီယံနှစ်ကြိမ်ဖြစ်ခဲ့သူ ပေါလ်ရှမစ်သည်၎င်းပြုစုခဲ့သောဒေါက်တာ ဘွဲ့အတွက်အိုလံပစ်သမိုင်းဆိုင်ရာစာတမ်းတွင် အခြားသုတေသီများ၏ စာပိုဒ်အများအပြားကို ကူးယူဖော်ပြခဲ့ကြောင်း သိရသည်။

—*Ref: AFP*



Photo - Getty Images

7DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012




Photo - AP


Photo - Getty Images

# ဆူဒန်နှင့် တောင်ဆူဒန်ကြား အပစ်အခတ် ရပ်စဲရန် သဘောတူ

**အဒစ်အဘာဘာ၊ ဧပြီ - ၅**

ဆူဒန်နှင့် တောင်ဆူဒန်နှစ်နိုင်ငံကြားချက်ချင်းလက်ငင်း အပစ်အခတ်ရပ်စဲရန်နှင့် နှစ်နိုင်ငံနယ်စပ်နှင့် ရေနံကြွယ်ဝရာ ဒေသများအားလုံခြုံရေး ရယူထားရန် အီသီယိုပီးယားနိုင်ငံ အဒစ်အဘာဘာမြို့၌ ပြုလုပ်သည့် ဆွေးနွေးပွဲတွင် သဘောတူညီခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲမှ ထုတ်ပြန်ချက်အရ နှစ်ဦးနှစ်ဖက်ကြား အချက် ၆ ချက်ပါ သဘောတူညီမှုရရှိခဲ့ပြီး မီဒီယာအသုံးချ၍ အငြင်းပွားမှုကြီးထွားအောင်လုပ်ခြင်းမှ ရှောင်ကြဉ်ရေး၊ နှစ်ဖက်ကြားတွင် ပေါ်ပေါက်လာသည့် တင်းမာမှုများကို အာဖရိကသမဂ္ဂက စောင့်ကြည့်နိုင်မည့် စနစ်တစ်ရပ်ထူထောင်ရေးတို့ကိုလည်း သဘောတူခဲ့ကြသည်။

ယခုဆွေးနွေးပွဲတွင် နှစ်ဖက်စလုံးက စစ်ရေးအရှိန်မြင့်လာခြင်းကို နိုင်ငံရေးအရ ကျော်လွှားရန် စိတ်အားထက်သန်မှုနှင့် လုံခြုံရေးသဘောတူညီမှုရရန်ဆုံးဖြတ်ထားခြင်းကို ပြသခဲ့ပြီးနောက်တစ်ကြိမ်ဆွေးနွေးပွဲတွင်မှ အခြားဖြေရှင်းရန်ကျန်ရှိနေသော အကြောင်းအရာများကို ဆက်လက်ဆွေးနွေးရန်အတည်ပြုခဲ့ကြောင်း အစီရင်ခံစာတွင်ဖော်ပြသည်။

ကျန်ရှိသော ကွဲလွဲမှုများကို နိုင်ငံရေးကော်မတီ အဆင့်ဖြင့် ဖြေရှင်းမည်ဖြစ်ပြီး နယ်စပ်တွင် စစ်ရေးအရှိန်မြင့်လာခြင်းကို အဓိကထားဆွေးနွေးမည်ဖြစ်သည်။

ဆူဒန်နိုင်ငံမှ တောင်ဆူဒန်နိုင်ငံ ခွဲထွက်ပြီးနောက်ပိုင်း နှစ်နိုင်ငံကြား နယ်စပ်နှင့် မြစ်များကို တိတိကျကျပိုင်းခြားသတ်မှတ်ခြင်း မရှိသေးပေ။ တောင်ဆူဒန်တပ်ဖွဲ့များ ဆူဒန်နိုင်ငံအတွင်းသို့ဝင်ရောက်ခဲ့ပြီးနောက် နှစ်နိုင်ငံကြား စစ်ရေးပြဿနာ ကြီးထွားလာခဲ့သည်။

*—Ref: Xinhua*

# ဆီးရီးယားစစ်တပ်ကို အတိုက်အခံများ အနိုင်တိုက်နိုင်မည် မဟုတ်ကြောင်း ရုရှားပြောကြား

**မော်စကို၊ ဧပြီ - ၅**

နိုင်ငံခြားမှ လက်နက်မည်မျှရရှိသည်ဖြစ်စေ ဆီးရီးယားအတိုက်အခံများအနေဖြင့် အစိုးရတပ်ဖွဲ့ဝင်များကို အနိုင်ရရှိအောင် တိုက်ခိုက်နိုင်မည်မဟုတ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့က ပြောကြားသည်။

"သူတို့က ဆီးရီးယားအတိုက်အခံတွေကို လက်နက်အပြည့်အစုံတပ်ဆင်ပေးရင်တောင်မှ စစ်တိုက်လို့ အနိုင်မရနိုင်ဘူးဆိုတာ ရှင်းရှင်းကြီးမြင်နိုင်ပါတယ်" ဟု ဆာဂျီလက်ဗ်ရော့က ပြောသည်။ "ဒီသတ်ဖြတ်မှုကြီးဟာ နှစ်ပေါင်းများစွာကြာမြင့်နိုင်ပါတယ်။ အဲဒီနောက်မှာတော့ အနောက်အုပ်စုက ဖုံးကြဲတဲ့နည်းလမ်းကို အသုံးချနိုင်တယ်။ ဒါဟာ ခိုးကြောင်ခိုးဝှက် နည်းဗျူဟာပဲဖြစ်ပြီး အကျိုးဆက်တွေ ဆိုးရွားပြင်းထန်ပါလိမ့်မယ်" ဟုရင်းကဆက်လက်ပြောသည်။

လစ်ဗျားနိုင်ငံမှာ ယင်းကဲ့သို့သောပေါ်လစီများ၏ အသီးအပွင့်ကိုခံစားနေကြကြောင်း အဇာဘိုင်ဂျန်သို့ သွားရောက်လည်ပတ်စဉ် ရုရှားနိုင်ငံခြားရေးဝန်ကြီးက ဆိုသည်။

ဧပြီလ ၁ ရက်က တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ပြုလုပ်သည့် ဆီးရီးယား၏ မိတ်ဆွေများအစည်းအဝေး ဆုံးဖြတ်ချက်များကိုလည်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြစ်တင်ပြောကြားပြီး ယင်းဆုံးဖြတ်ချက်များမှ အတိုက်အခံများအား ဆွေးနွေးမှုများပြုလုပ်ခြင်းကို ပယ်ချရန်၊ အတိုက်အခံအားလက်နက်တပ်ဆင်ပေးရေးနှင့် ပိတ်ဆို့တားဆီးမှုအသစ်များချမှတ်ရန် အားပေးအားမြှောက်ပြုထားကြောင်း ပြောကြားသည်။

*—Ref: The Hindu*


Photo - AP

# အီးယူသို့ ဝင်ရောက်ရေး ကိုဆိုဗို၏ခြေလှမ်းများကို အမေရိကန်ကြိုဆို

**ဝါရှင်တန်၊ ဧပြီ - ၅**

ဥရောပသမဂ္ဂ အဖွဲ့ဝင်ဖြစ်လာရန် ကိုဆိုဗို၏ ကြိုးပမ်းမှုများတိုးတက်လာခြင်းကိုအမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စဟီလာရီကလင်တန်က ကြိုဆိုလိုက်ပြီး ကိုဆိုဗိုအနေဖြင့် ဝါရှင်တန်၏ ထောက်ခံမှုအပြည့်အဝရရှိထားကြောင်း ပြောကြားသည်။

ကိုဆိုဗိုဝန်ကြီးချုပ် ဟာရှင်သာစီနှင့် အမေရိကန်နိုင်ငံဝါရှင်တန်မြို့တွင် တွေ့ဆုံပြီးနောက် ယခင်ရက်သတ္တပတ်အတွင်း ကိုဆိုဗိုကထုတ်ပြန်ကြေညာခဲ့သော ဖြစ်နိုင်ခြေလေ့လာချက်ကို ကြိုဆိုကြောင်း မစ္စကလင်တန်က ပြောသည်။

"ဒါဟာ ကိုဆိုဗိုအနေနဲ့ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံဖြစ်လာဖို့ရှေ့တစ်လှမ်းတိုးလာတာပါပဲ။ ကိုဆိုဗိုနဲ့ ဥရောပသမဂ္ဂခေါင်းဆောင်တွေဟာ သူတို့ရဲ့ ဆက်ဆံရေးခိုင်မာဖို့ရာတွက် စိတ်ပိုင်းဖြတ်ထားတယ်ဆိုတာကိုလည်း ပြသနေပါတယ်" ဟုပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ကန်နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

ကိုဆိုဗိုနိုင်ငံသားများ ၎င်းတို့တိုင်းပြည်၏ အနာဂတ်ကို ဖော်ဆောင်နေစဉ်မှာပင် အမေရိကန်နိုင်ငံက ကိုဆိုဗိုပြည်သူများနှင့် အတူတကွရပ်တည်နေကြောင်း မစ္စကလင်တန်ကပြောကြားသည်။

အမေရိကန်နှင့် နေတိုးတပ်ဖွဲ့ဝင်များသည် ၁၉၉၉ ခုနှစ်က ဗုံးကြဲတိုက်ခိုက်မှု စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲခဲ့ပြီး ဆာဗီးယားတပ်ဖွဲ့များအား ကိုဆိုဗိုဒေသမှ ထွက်ခွာစေခဲ့သည်။ ကိုဆိုဗိုက ဆာဘီးယားထံမှလွတ်လပ်ရေးရရှိကြောင်း ၂၀၀၈ ခုနှစ်တွင် တစ်ဖက်သတ်ကြေညာခဲ့သည်။ ကိုဆိုဗို၏ လွတ်လပ်ရေးကိုအမေရိကန်အပါအဝင်နိုင်ငံပေါင်း ၈၉ နိုင်ငံက အသိအမှတ်ပြုထားသည်။

*—Ref: AFP*

# အစ္စရေးဝန်ကြီးချုပ်နှင့် ပါလက်စတိုင်း ဝန်ကြီးချုပ် တွေ့ဆုံမည်

**ဂျေရုဆလင်၊ ဧပြီ - ၅**

အစ္စရေးဝန်ကြီးချုပ် နေတန်ညာဟုသည် လာမည့်ရက်သတ္တပတ်အတွင်း ပါလက်စတိုင်းဝန်ကြီးချုပ်ဆာလမ်ဖေယက်နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း အစ္စရေးနှင့်ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

ယင်းသို့တွေ့ဆုံရာတွင် ငြိမ်းချမ်းရေးအစီအစဉ် ရပ်ဆိုင်းနေခြင်းနှင့်ပတ်သက်၍ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်ထံမှ စာတစ်စောင်ကို မစ္စတာဖေးယက်က နေတန်ညာဟုထံ ပေးအပ်မည်ဖြစ်ကြောင်း ပါလက်စတိုင်း အရာရှိများက အစည်းအဝေးအကြောင်း အတည်ပြုရင်း ပြောကြားသည်။

နှစ်ဖက်တိုက်ရိုက်တွေ့ဆုံမှုများကို ၂၀၁၀ စက်တင်ဘာလက ပင်ရပ်နားထားခဲ့ပြီး ငြိမ်းချမ်းရေးဖော်ဆောင်သောလေးပွင့်ဆိုင်အဖွဲ့ကနှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များနှင့်တွေ့ဆုံ နိုင်ရန် ဇန်နဝါရီလက စီစဉ်ပေးခဲ့သည်။ ဂျော်ဒန်နိုင်ငံအမန်မြို့တွင်ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲများမှာ နှစ်ဖက်တိုက်ခိုက်ဆွေးနွေးပွဲများလမ်းခင်းပေးရေးအတွက်ဖြစ်သည်။ သို့သော် ယင်းဆွေးနွေးပွဲများလည်း နှစ်ဖက်တိုက်ရိုက်တွေ့ဆုံမှုများမည်သို့ပြန်လည် စတင်မည်ဆိုသည်ကို သဘောတူညီမှုမရရှိဘဲ အဆုံးသတ်သွားခဲ့သည်။

နှစ်ဖက်ဆွေးနွေးပွဲများအတွက်ကြိုတင်သတ်မှတ်ချက်များမထားရှိရေးကို အစ္စရေးကလိုလားသော်လည်း ပါလက်စတိုင်းဘက်ကတိတိကျကျ သတ်မှတ်ချက်များထားရှိလိုပြီး ဆွေးနွေးညှိနှိုင်းမှုများမစတင်မီ အစ္စရေး၏ အိမ်ရာစီမံကိန်းများကို ရပ်တန့်ထားစေလိုသည်။

*—Ref: AFP*

7 DAY NEWS JOURNAL

# International

Vol.11, No.6 • APRIL 12 , 2012



## အမျိုးသမီးအခွင့်အရေး လှုပ်ရှားမှုခေါင်းဆောင် မာလာဝီနိုင်ငံသမ္မတဖြစ်လာ

**လီလောင်ဝီ၊ ဧပြီ - ၈**

မာလာဝီနိုင်ငံမှ ထင်ရှားသော အမျိုးသမီးအခွင့်အရေး လှုပ်ရှားသူ မစ္စဂျိုက်စ်ဘန်ဒါသည် ဧပြီ ၇ ရက်မှစ၍ ကွယ်လွန်သူမစ္စတာဘင်ဂူဝါမူသာရိကာအားဆက်ခံကာမာလာဝီနိုင်ငံနှင့် အာဖရိကတောင်ပိုင်းဒေသ၏ ပထမဆုံးသော အမျိုးသမီးနိုင်ငံ့ခေါင်းဆောင် ဖြစ်လာသည်။

ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ သမီးဖြစ်သူ ၆၁ နှစ်အရွယ် မစ္စဘန်ဒါသည် ပြီးခဲ့သည့် ကြာသပတေးနေ့က နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည့် သမ္မတမူသာရိကာ လက်အောက်တွင် ဒုသမ္မတအဖြစ် ထမ်းဆောင်ခဲ့သည်။ သူမသည် နိုင်ငံတွင်း၌ ဆင်းရဲနွမ်းပါးသည့် အမျိုးသမီးအခွင့်အရေး လှုပ်ရှားမှုများကြောင့်နိုင်ငံတကာ၏ အသိအမှတ်ပြုခြင်းခံရသူလည်းဖြစ်သည်။

မာလာဝီနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေအရလက်ရှိ သမ္မတ ကွယ်လွန်လျှင် ဒုသမ္မတက သမ္မတတာဝန်ယူရန် သတ်မှတ်ထားသည်။ မစ္စဘန်ဒါသည် ၂၀၁၄ ခုနှစ်တွင် ပြုလုပ်မည့် ရွေးကောက်ပွဲများမတိုင်မီအထိ သမ္မတ တာဝန်များ ထမ်းဆောင်ရမည်ဖြစ်သည်။

*—Ref: Reuters*

Photo - AFP

## ရက်ပိုင်းအတွင်း အရပ်သားအစိုးရထံ အာဏာလွှဲပြောင်းပေးမည်ဟု မာလီစစ်ခေါင်းဆောင် ပြောကြား

**ဘာမာကို(မာလီ)၊ ဧပြီ - ၈**



မာလီနိုင်ငံ၏ အာဏာသိမ်းစစ်ခေါင်းဆောင် အမာဒိုဆာနိုရီက စစ်အစိုးရသည် အိမ်နီးချင်းနိုင်ငံများနှင့် အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းရေးစာချုပ်ချုပ်ဆိုပြီး ရက်ပိုင်းအတွင်း အရပ်သားအစိုးရထံ အာဏာလွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

မာလီနိုင်ငံတွင် သမ္မတဟောင်း အမာဒိုတိုမာနီတိုရေးနှင့် တွာရက်သူပုန်များအကြား နှစ်လတာ အပစ်အခတ်ရပ်စဲရေးကာလ ပြီးဆုံးပြီးနောက် သူပုန်များက နိုင်ငံတောင်ပိုင်းကို သိမ်းပိုက်ကာ နိုင်ငံအသစ်ခွဲထွက်ကြောင်း ကြေညာခဲ့၍ မာလီစစ်ဗိုလ်များခေါင်းဆောင်သော အာဏာသိမ်းမှု မတ်လ ၂၂ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **စာ(၄၅)သို့**

## ဗင်နီဇွဲလားရွေးကောက်ပွဲမတိုင်မီ အနိမ့်ဆုံးလစာကို သုံးဆနီးပါး ဟူဂိုချာဗက်ဇ် တိုးမြှင့်ပေး

**ကာရာကက်စ်၊ ဧပြီ - ၈**

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်သည် လာမည့် အောက်တိုဘာလ ရွေးကောက်ပွဲတွင် ပြန်လည်အရွေးခံနိုင်ရန်နှင့် ဆင်းရဲသား ပြည်သူများအကြား ထောက်ခံမှုပိုမိုရရှိစေရန် နိုင်ငံအတွင်း အနိမ့်ဆုံးလစာနှုန်းထားများကို သုံးဆနီးပါး တိုးမြှင့်ပေးလိုက်ကြောင်း သိရသည်။

ချာဗက်ဇ်သည် ယခုအခါ ကင်ဆာရောဂါကုသရန် ကျူးဘားနိုင်ငံသို့ ခေါက်တုံ့ခေါက်ပြန် သွားလာလျက်ရှိနေပြီး အနာဂတ်အတွက်စိုးရိမ်နေစဥ်ငင်း၏ပြိုင်ဘက်ဖြစ်သူ ပြည်နယ်အုပ်ချုပ်ရေးမှူး ဟင်းနရစ်ကက်ပရီ လက်စ်၏ မဲဆွယ်စည်းရုံးရေးခရီးစဥ်များအောင်မြင်နေသည်။ သို့သော်အသက်၅၇ နှစ်အရွယ် ဆိုရှယ်လစ်ဝါဒီသမ္မတ ချာဗက်ဇ်သည် မကြာသေးမီက ကောက်ယူသောလူထုသဘောထားစစ်တမ်းများအရ အတိုက်အခံသမ္မတလောင်းအပေါ် အသာစီးရနေဆဲဖြစ်သည်။ **စာ(၄၅)သို့**

## ဆီးရီးယားတွင် အပစ်အခတ်မရပ်စဲမီ တိုက်ပွဲများကြောင့် အရပ်သား ၇၄ ဦး သေဆုံး

**လန်ဒန်၊ ဧပြီ - ၈**

ဆီးရီးယားအစိုးရတပ်ဖွဲ့များသည် အတိုက်အခံများတည်ရှိရာနေရာများအား အပြင်းအထန်တိုက်ခိုက်ခဲ့ရာ အရပ်သား ၇၄ဦးသေဆုံးသွားကြောင်းသိရသည်။ ယခုဖြစ်ရပ်မှာ လာမည့်အပတ်တွင် ကုလသမဂ္ဂကျောထောက်နောက်ခံဖြင့်ပြုလုပ်သည့် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲမတိုင်မီ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သေဆုံးသူများထဲတွင် အနည်းဆုံး သူပုန် ၁၅ဦးနှင့် ဆီးရီးယားလုံခြုံရေးတပ်ဖွဲ့ဝင် ၁၇ဦး ပါဝင်ခဲ့ပြီး သေဆုံးသူစုစုပေါင်း ၁၀၀ ကျော်မည်ဖြစ်သည်။ **စာ(၄၅)သို့**

**NEWS ANALYSIS**

## ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌသစ် ရွေးချယ်ရာဝယ်

**စာ(၃၂)သို့**



ဂု ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.6 • APRIL 12 , 2012

# မြို့လယ် ယာဉ်ရပ်နားခ တိုးကောက်

**အေးမြတ်သူ**

**ရန်ကုန်၊ ဧပြီ - ၈**

**ရန်ကုန်မြို့တွင်း၌ ဧပြီလဆန်းပိုင်းမှစ၍ ယာဉ်ရပ်နားခကို တိုးမြှင့်ကောက်ခံခဲ့ကြောင်း သတင်းရရှိသည်။**

အဆိုပါယာဉ်ရပ်နားခများတိုးမြှင့်ကောက်ခံရာတွင်ယခင်နံပါတ်အနက်ကားများကို တစ်စီးလျှင် ကျပ်နှစ်ရာနှုန်း ကောက်ခံခဲ့ရာမှ ယခုဧပြီလ ၁ရက်မှစ၍တစ်စီးလျှင် ကျပ်သုံးရာဖြင့် ပြောင်းလဲကောက်ခံပြီး အချို့နေရာ၌ နာရီကြာမြင့်ချိန်ပေါ် မူတည်ပြီး ပြောင်းလဲကောက်ခံကြောင်း သတင်းရရှိသည်။

"ဧပြီ ၁ရက်နေ့ကတည်းက စပြီး သုံးရာကောက်တာ။ ဒါပေမဲ့ ပေးတဲ့ကားကပေးတယ်။ မပေးတဲ့ကားက မပေးဘူး။ ဥပမာ- ၁၀ စီးဆိုရင် သုံးစီးလောက်ပဲ သုံးရာကိုပေးတာ။ ကျန်တဲ့ကားက နှစ်ရာပဲ ပေးပေးသွားတာ။ ဒီပါကင်နေရာတွေကိုစည်ပင်သာယာက နေ ကန်ထရိုက်သူဌေးတွေက လေလံပစ်ပြီး ဝယ်ရတော့ အဲဒီ့ပေါ်မှာ မူတည်ပြီး တိုးကောက်တာထင်တယ်။ အစ်မတို့လည်း ကောက်ကြေးတွေ အရင်ထက် နှစ်ဆလောက် တက်သွားတယ်"ဟု ကျောက်တံတားမြို့နယ် အနော်ရထာလမ်းအနီးရှိကားပါကင်ကြေးကောက်သည့်ဝန်ထမ်းအမျိုးသမီးတစ်ဦးကပြောသည်။

ရွှေဘုံသာလမ်းရှိ ကားပါကင်ကြေးကောက်ခံသူ ဦးနိုင်လင်းထွန်းက "အစ်ကိုတို့က ဧပြီ ၅ရက်ကစပြီး ကောက်တာ။ အရင်ဆုံး ကားပါကင်ကြေးအနေနဲ့ နှစ်ရာကောက်တယ်။ အဲဒီ့မှာမှ ကြာချိန်ပေါ် မူတည်ပြီး တစ်နေရာကို တစ်ရာတိုးကောက်တယ်။ အရင်တုန်းကတော့ တစ်နေကုန်မှ ငါးရာကောက်တယ်။ အခုက တစ်နာရီကို တစ်ရာနဲ့ တိုးကောက်တယ်။ မြို့ထဲခြောက်မြို့နယ်စလုံး တခြားနေရာတွေမှာလည်း အကုန်လုံး အတူတူဈေးတက်သွားတာ။ ကန်ထရိုက်သူဌေးတွေက စည်ပင်သာယာကနေ လေလံဆွဲရတယ်။ အဲဒါတစ်နှစ်တစ်ခါလေလံပစ်ပြီးရင်ဈေးကတက်သွားရော။ အစ်ကိုတို့လည်း အရင်က ကောက်ကြေးကို ခြောက်ထောင်လောက်အပ်ရတယ်။ အခု တစ်သောင်းခွဲ ဝန်းကျင်လောက် ပေးရတယ်။ အစ်ကိုတို့လည်း မကိုက်တော့ဘူး။ ဒါတောင် မပေးဘဲ မောင်းပြေးတဲ့ကားတွေတောင်ရှိသေးတယ်"ဟုရင်းကပြောသည်။

ယာဉ်မောင်းဦးကျော်လှစိန်က "တကယ်ဆို စည်ပင်ကနေ လမ်းတံတားကြေးတို့ သတ်မှတ်သလို သတ်မှတ်ချက်နဲ့ ကောက်ခိုင်းသင့်တယ်။ အခုဟာက သူတို့က မသတ်မှတ်ပေးတော့ လေလံပစ်လို့ ရတဲ့ ကန်ထရိုက်တာတွေက သူတို့ ကောက်ချင်သလို ကောက်တော့ ကြားထဲက ပြည်သူတွေပဲ ခံရတာပေ့ါ။ စည်ပင်ကနေ ဘယ်လောက်ထက် ပိုမကောက်နဲ့လို့ သတ်မှတ်ပေးရင် ပိုကောင်းတာပေ့ါ။ အခုဟာက တစ်ခါရပ်ရင် နှစ်ရာ၊ ဆယ်ခါသာရပ်ရင် ငွေနှစ်ထောင်ပဲ။ အဲဒီမှာတင် ကားတစ်စီးရဲ့ ကုန်ကျငွေက အဲဒီ့ လောက်ဖြစ်နေရင် ဒီကြားထဲ နာရီနဲ့တိုးကောက်တော့ ဘယ်သူမှပေးချင်မှာမဟုတ်ဘူး"ဟု ပြောသည်။

# ရန်ကုန်မြို့အတွက် သန့်ရှင်းရေးလုပ်သားရရှိရန် ခက်ခဲ

**ကျော်သီဟ**

**ရန်ကုန်၊ ဧပြီ - ၅**

ရန်ကုန်မြို့တွင် သန့်ရှင်းရေးလုပ်ကိုင်လိုသော လုပ်သားများ၊ အလုပ်သမားများရရှိရန် ခက်ခဲနေကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားသည်။



**သန့်ရှင်းရေးဝန်ထမ်းတစ်ဦး**

ရန်ကုန်မြို့တော်အတွင်း နေ့စဉ် သန့်ရှင်းမှုပြုလုပ်နေသော အဝါရောင်ဝတ်ဝန်ထမ်း ၃,၅၄၀ ဦးနှင့် အပြာရောင်ဝတ်ဝန်ထမ်း ၄၀၀ဦး စုစုပေါင်းလေးထောင်နီးပါးသာရှိပြီး နေ့ည အမှိုက်သိမ်းကား ၂၆၇စီးဖြင့် ၎င်းတို့က မြို့တစ်မြို့လုံး လှည့်လည်ကာ အမှိုက်သိမ်းဆည်းရကြောင်း သိရသည်။

"သန့်ရှင်းရေးဝန်ထမ်းရဖို့ သိပ်ခက်တယ်။ ဒါကြောင့် နယ်မှာ သွားရှာရတယ်။ ရလာတဲ့ ဝန်ထမ်းကို စည်ပင်က ဆောက်ထားတဲ့ လိုင်းခန်းတွေမှာ ဝန်ထမ်းမိသားစုကိုပါထားရတယ်"ဟု တာဝန်ရှိသူတစ်ဦးကဆိုသည်။

သန့်ရှင်းရေးဝန်ထမ်းများအား အမှိုက်သိမ်းဆည်းမှုလုပ်ငန်းကြောင့်ထိခိုက်နိုင်သော အဆုတ်ရောဂါ(တီဘီ)စစ်ဆေးမှုကို တစ်နှစ်တစ်ခါလုပ်ပေးခြင်း၊ လစဉ်စည်ပင်ကျန်းမာရေးဌာနမှ တစ်လတစ်ခေါက် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းစသည်တို့ကိုဆောင်ရွက်ပေးသည်ဟုဆိုသည်။ အမှိုက်သိမ်းဆည်းရာတွင် ဘွတ်ဖိနပ်အရှည်၊ လက်အိတ်နှင့် နှာခေါင်းစည်းများပါ တပ်ဆင်ပေးထားကြောင်း၊ ယခုနောက်ပိုင်း၌ စည်ပင်မှ ထုတ်ပေးသော အင်္ကျီကျောပေါ်တွင် ကိုယ်ပိုင်အမှတ်ပါ ထင်ရှားအောင် ရိုက်နှိပ်ပေးထားပြီး အမှိုက်သိမ်းဆည်းစဉ် ငွေကြေးတောင်းခံပါက တိုင်ကြားနိုင်သည်ဟုဆိုသည်။

ယခုအခါ ရန်ကုန်မြို့တော်သည်နေ့စဉ်အမှိုက်တန်ချိန်ပေါင်း ၁၇၀၀နီးပါးထွက်ရှိသည်ဟု သိရသည်။

အမှိုက်သိမ်းဆည်းရမှုမှာ ပြီးခဲ့သည့် ၂၀၁၁ အတွင်း တန်ချိန် ၁၄၀၀ ကျော် ရှိသည်။ ၂၀၁၂ တွင် တန်ချိန် ၁၆၄၀ မှ ၁၇၀၀ နီးပါးထွက်ရှိနေသည်။ ကျန်ရှိအမှိုက်များမှာ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သည့် နောက်ဖေးလမ်းကြား၊ ရွှေပြည်သာမြို့နယ် ကျူးကျော်မြေနိမ့်ချိုင့်ဝှမ်းမှာ စွန့်ပစ်ခြင်းများ စသည်တို့တွင် ရှိနေကြောင်း ဌာနမှ လေ့လာဆန်းစစ်ချက်များအရ သိရသည်ဟု ဆိုသည်။

# တက္ကသိုလ်နှင့် ကောလိပ်အချို့တွင် နည်းပြနှင့် သရုပ်ပြဆရာ၊ ဆရာမများ ခေါ်ယူမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဧပြီ-၄**

ပြည်တွင်းရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များတွင် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်များ၊ နိုင်ငံခြားဘာသာစကားဘာသာရပ်များအတွက် နည်းပြနှင့် သရုပ်ပြတာဝန်ထမ်းဆောင်ရန် ဆရာ၊ ဆရာမ အများအပြား ခေါ်ယူမည်ဖြစ်ကြောင်း အဆင့်မြင့်ပညာဦးစီးဌာနမှ သိရသည်။

ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်များ၊ နိုင်ငံခြားဘာသာစကားများ၊ ခရီးသွားစီမံခန့်ခွဲမှုနှင့် သတင်းအတတ်ပညာတို့ကို သင်ကြားပို့ချရန် နည်းပြနှင့် သရုပ်ပြရာထူးနေရာများ လစ်လပ်နေခြင်းဖြစ်ပြီး ဘာသာရပ် ၃၂ မျိုးအတွက် နည်းပြနှင့် သရုပ်ပြရာထူးများ ခန့်အပ်ရန် စီစဉ်နေခြင်းဖြစ်သည်။

နည်းပြနှင့် သရုပ်ပြရာထူး လျှောက်ထားလိုသူများသည် မဟာဘွဲ့ရရှိရမည်ဖြစ်ပြီး နိုင်ငံခြားဘာသာစကား ဘာသာများနှင့် သတင်းအတတ်ပညာတို့အတွက် သက်ဆိုင်ရာဘာသာရပ်ဖြင့် ဘွဲ့ရရှိ၍ မဟာဘွဲ့သင်တန်းတက်ရောက်ရန် အရည်အချင်း ပြည့်မီရမည်ဖြစ်ကာ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုပညာအတွက် ဘွဲ့တစ်ခုရရှိ၍ ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှု ဒီပလိုမာရရှိထားသူဖြစ်ရန် သတ်မှတ်ထားသည်။

ပါရဂူဘွဲ့ ရရှိထားသူများအနေဖြင့် လူတွေ့နှုတ်ဖြေကိုသာ ဖြေဆိုရမည်ဖြစ်ပြီး၊ မည်သည့်တက္ကသိုလ်၊ ဒီဂရီကောလိပ်တွင်မဆို အနည်းဆုံး သုံးနှစ်သွားရောက်အမှုထမ်းနိုင်ရမည်ဖြစ်သည်။

နည်းပြနှင့် သရုပ်ပြရာထူး လျှောက်လွှာများအတွက် မြန်မာပြည်အောက်ပိုင်းနှင့် မြန်မာပြည်အထက်ပိုင်းရှိ အဆင့်မြင့်ပညာဦးစီးဌာနများတွင် စုံစမ်းဝယ်ယူနိုင်ပြီး မေ၃ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်း ဧပြီ၁ရက်ထုတ်ကြေးမုံသတင်းစာ၌ ကြေညာထားသည်။

## စတည်းချောင်းရေလျှံမှုကြောင့် ကြက်သွန်နီစိုက်ခင်းဧက ၄၀ ကျော် နစ်မြုပ်

**မျိုးမင်းဦး**

**မုံရွာ၊ ဧပြီ - ၅**

မုံရွာမြို့နယ်၊ စတည်းချောင်း(ဒေသအခေါ် သတည်းချောင်း)မှာ မတ်လ နောက်ဆုံးပတ်က ရေလျှံ၍ ကြက်သွန်နီ၊ ပဲနှင့် ဂျုံစိုက်ခင်းဧက ၄၀ ကျော် ရေနစ်မြုပ်ခဲ့ပြီး အချို့ကြက်သွန်စိုက်ခင်းများမှာ သတ်မှတ်ရက်ထက်စော၍ တူးဖော်သည့်အတွက် ကြက်သွန်နီဈေးကွက်တွင် သက်တမ်းနုသော ကြက်သွန်များ ဝင်ရောက်လာကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စားဖိုဆောင် သီးနှံထုတ်လုပ်သူများအဖွဲ့(ကြက်သွန်နီအသင်း)တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဒီနှစ် မတ်လဆန်းပိုင်းက တစ်ကြိမ်၊ လလယ်ရက်ပိုင်းမှာ တစ်ကြိမ် မတ်လ ၂၄ ရက်မှာ တစ်ကြိမ် စတည်းချောင်းရေလျှံလို့ ကော်လပြ ကျေးရွာ စိုက်ကွင်းက လယ်မြေဧက ၃၈ ဧကနဲ့ ကျွဲရဲကျေးရွာ စိုက်ကွင်းမှာ ခြောက်ဧကခွဲ ရေနစ်ပျက်စီးသွားတယ်။ ပထမအကြိမ် ချောင်းရေလျှံစဉ်က စိုက်ခင်းတွေ ပျက်စီးမှုနည်းတယ်။ ရေဝင်တာ တစ်လအတွင်း သုံးကြိမ်ဆိုတော့ ဂျုံ၊ ကုလားပဲ၊ ကြက်သွန်စိုက်ခင်းတွေ ပျက်စီးမှုပိုများတယ်" ဟု မုံရွာမြို့နယ် ကော်လပြကျေးရွာ စိုက်ကွင်းဒေသခံတောင်သူ ဦးတင်လှိုင်က ပြောသည်။

"စတည်းချောင်းဆိုတာ လွန် ခဲ့တဲ့နှစ် ၂၀ ကျော်က တစ်နှစ်လုံး ချောင်းရေစီးဆင်းနေတဲ့ချောင်းပါ။ အဲဒီအချိန်တုန်းက ချောင်းအကျယ်က ပေ ၂၀ကျော်ရှိပြီး အနက်က ၁၀ကျော်ရှိတယ်။ ပြီးခဲ့တဲ့ ၁၉၉၅ ခုနှစ်အတွင်းမှာ အိုးဘိုထောင်ချောင်း အတွင်းမှာ ဆည်ရေတံတား တည်ဆောက်ပြီး အိုးဘိုထောင်အင်းကို ရေလှောင်လိုက်တဲ့နောက်ပိုင်းမှာ ရေနေရေိယာဖြစ်တဲ့ ကော်လပြကျေးရွာ အရှေ့ဘက်ကစပြီး ရေဝင်ချောင်းမှာ မြေသားပို့ပြီး တိမ်ကော သွားတာ။ ချောင်းကောသွားတဲ့ နောက်ပိုင်း ချောင်းရေလာ တိုင်းရေလျှံပြီး စိုက်ခင်းတွေ ရေလွှမ်းတော့တာပဲ။ အခုတောင်သူတွေက စိုက်ခင်းတွေ မပျက်စီး အောင် စတည်းချောင်းကိုပြန်ဖော်မယ်ဆိုရင်သာမန်ချောင်းရေလောက်ကတော့ချင်းတွင်းမြစ်ထဲ တိုက်ရိုက်စီးဆင်းမယ်ဆိုရင် ဘယ်စိုက်ခင်းမှ ပျက်စီးစရာမလိုဘူး။ အခု ကြက်သွန်နီဧက ၄၀ လောက်ရေဝင်သွားတယ်။ နောက်ထပ် ရေက အဆက်မပြတ်လာ နေတော့ ကြက်သွန်နီတွေဖော် ချိန်မဟုတ်ဘဲ ဖော်ရောင်းလို့ ဈေး ကွက်မှာ လှောင်လို့မရတဲ့ ကြက်သွန်နီနုနုလေးတွေ ရောင်းနေတယ်"ဟုမုံရွာမြို့နယ် သမန္တာကျေးရွာ ဒေသခံတောင်သူတစ်ဦးကပြောသည်။

စတည်းချောင်းအတွင်းသို့ ဘုတလင်မြို့နယ် ဘုတလင်ကျေးရွာမြစ်ရေတင်စီမံကိန်းမှမြစ်ရေတင်စိုက်ပျိုးရေများစီးဝင်လေ့ရှိပြီး ကာဘိုးဆည်မှ စိုင်ပြင်-မူးကြီး-ဘုတလင်မြောင်းလက်တံမှတစ်ဆင့် ဆည်ရေများ စီးဝင်လေ့ရှိကြောင်းသိရှိရသည်။

**အချပ်ပို(B)သို့**

7 DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012

မျက်နှာဖုံးဆောင်းပါးမှ

# လွှတ်တော်သို့ ဒေါ်အောင်ဆန်းစုကြည် ရောက်သွားသောအခါ...

ဧပြီ ၁ ရက် ကြားဖြတ်ရွေးကောက်ပွဲတွင် ဒီချုပ်က အပြတ်အသတ်အနိုင်ရရှိခဲ့ပြီးနောက် ပြည်ထောင်စုလွှတ်တော်၌ ဒီချုပ်က ပြည်ခိုင်ဖြိုးပါတီပြီးလျှင် ဒုတိယအင်အားအကြီးဆုံးပါတီဖြစ်လာသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်နှစ်ဦးအပါအဝင် လွှတ်တော်ကိုယ်စားလှယ် ၄၃ နေရာရရှိခဲ့၍ ယခင်ရှိပြီး ဒီချုပ်ကိုယ်စားလှယ်ဦးမြတ်ညဏစိုးပါပေါင်းလျှင် ၄၄ ဦးရှိသည်။

ယခင်ကိုယ်စားလှယ် ၂၂ဦးရှိကာ လွှတ်တော်အတွင်းဒုတိယကိုယ်စားလှယ်အများဆုံးဖြစ်သောကျားဖြူပါတီကတတိယအင်အားအကြီးဆုံးပါတီ ဖြစ်သွားသည်။ လွှတ်တော်အစည်းအဝေးများ တစ်ကြိမ်ထက်တစ်ကြိမ်ပို၍ ဥပဒေပြုအာဏာကိုထိရောက်စွာအသုံးချပြီး အစိုးရနှင့်အပြန်အလှန်ထိန်းကျောင်းမှုကို စတင်အသက်သွင်းနိုင်သော လွှတ်တော်မှာဒေါ်အောင်ဆန်းစုကြည်ရောက်ရှိလာပြီးနောက် ပို၍မြင့်ဆိုင်၊ ထိရောက်လာမည်ဟု နိုင်ငံရေးလေ့လာသူအားလုံးက ခန့်မှန်းနေကြသည်။

"နှစ်ပေါင်း ၂၀ လောက်နီးပါး ဒီမိုကရေစီအတွက်ရပ်တည်လာ ခဲ့တဲ့ အဖွဲ့မပါတဲ့ အတွက် မပြည့်စုံဘူးပေါ့။ ဒါကြောင့် အဲဒီအဖွဲ့တွေဝင်လာတဲ့ အချိန်မှာ ပြည့်စုံသွားပြီ။ အင်္ဂါစုံသွားပြီပေါ့။ တစ်ခြမ်းပဲ့ပဲပေါ့။ လွှတ်တော်က လုပ်နေတယ်ဆိုပေမယ့်မယုံကြည်နိုင်ကြဘူး။ နိုင်ငံတကာကလည်း မယုံကြည်ဘူး။ ပြည်တွင်းကလည်း မယုံကြည်ဘူး။ ဒါတောင်မှ ၈၈ မျိုးဆက်အဖွဲ့ ကျန်သေးတယ်။ ၂၀၁၅ ကျရင်တော့ ပိုပြီးပြည့်စုံလာမှာပေါ့၊ အားလုံးပါဝင်လာမှာပေါ့" ဟု နိုင်ငံရေးဆောင်းပါးရှင် ထက်ခိုင်က လွှတ်တော်အတွင်းသို့ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဒီချုပ်ကိုယ်စားလှယ်များရောက်လာခြင်းနှင့်ပတ်သက်၍ မှတ်ချက်ပြုသည်။

နိုင်ငံရေးဆောင်းပါးရှင်တစ်ဦးဖြစ်သော ဆရာကျော်ဝင်းကလည်းအောက်ပါအတိုင်းမှတ်ချက်ပေးသည်။ "အင်န်အယ်လ်ဒီလည်း တော်တော်များများလောက်နိုင်တယ်ဆိုတော့ လာမယ့် လွှတ်တော်က ပိုမြင့်လာမယ့်သဘောရှိတယ်။ ပိုပြီးတော့ ဒီမိုကရက်တစ်ဆန်လာတာပေါ့။ အားတက်စရာအချက်ပေါ့၊ ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ထဲ ရောက်သွားတော့ ဒီမိုကရေစီရေးက ပိုပြီးမြင့်လာတယ်။ သူ့အပေါ်မှာ တော်တော်လေးမူတည်တယ်။ အားလုံးလိုက်ပါနိုင်တဲ့ပေါ်လစီနဲ့ဆို ၂၀၁၅အခြေအနေကပိုကောင်းတယ်။ အဲဒီလိုမဟုတ်ဘဲနည်းနည်းလေး ဆန္ဒတွေ ရှေ့ရောက်သွားမယ်ဆိုရင်တစ်ဖက်ကသံသယတွေများလာရင် အပြောင်းအလဲမှာ အခုအခံဖြစ်သွားနိုင်တယ်"။

သို့သော် နိုင်ငံရေးလေ့လာသူအများစုက လက်ရှိအခြေအနေတွင် အပျော်မလွန်ရန်နှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းမှုတွင် နောက်ကြောင်းပြန်မလှည့်ရန် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရ အပါအဝင် သက်ဆိုင်သူအားလုံးက ရင့်ကျက်ပြည့်ဝစွာပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း သတိပေးပြောကြားသည်။ "ဒါပေမဲ့ သိပ်အားတက်မလွန်ဖို့လိုမယ်ထင်တယ်။ အပျော်မလွန်ဖို့ ဘာကြောင့်လဲဆိုတော့ နေရာ ၄၀ ကျော်လောက်ပဲဆိုတော့ တစ်ခုလုံးအဖြူအမည်းပြောင်းနိုင်ဖို့မရှိဘူး။ အစိုးရဖွဲ့နိုင်လာအောင် အပြောင်းအလဲမဖြစ်နိုင်တော့ကြီးကြီးမားမား အပြောင်းအလဲမဖြစ်ဘူးထင်တယ်။ ပိုအရေးကြီးတာက ၂၀၁၅ ရွေးကောက်ပွဲ ရလာဒ်ဟာ အခုလိုပဲ ရလာဒ်ဖြစ်သွားရင်တော့ မြန်မာပြည်အနာဂတ်က အတော်လေးကို စိတ်ချရနိုင်မယ်လို့ထင်တယ်။ အဲဒီတော့ ၂၀၁၅ ရွေးကောက်ပွဲ လွတ်လပ်ပြီး တရားမျှတမှုဖြစ်ဖို့ကသိပ်အရေးကြီးတယ်။ ဒါကြောင့် လွှတ်တော်ထဲရောက်သွားမယ့်အင်န်အယ်လ်ဒီအနေနဲ့ အဲဒါကို ပိုပြီးအလေးထားစဉ်းစားစေချင်တယ်"ဟု ဆရာကျော်ဝင်းက ပြောသည်။

အာဏာရှင်အစိုးရမှ ဒီမိုကရေစီနိုင်ငံသို့ ကူးပြောင်းသောနိုင်ငံများတွင် Back Wave နောက်ပြန်လှိုင်းမိကာ တပ်မတော်မှ အာဏာသိမ်းသွားသည့်နိုင်ငံကများသည်။ တပ်မတော်ကအာဏာပြန်မသိမ်းသော်လည်း အာဏာရှင်အစိုးရမဟုတ်၊ ဒီမိုကရေစီမကျ၊ ဟိုမရောက် ဒီမရောက်နိုင်ငံများလည်းရှိသည်။ ၂၀ ရာခိုင်နှုန်းသာ အာဏာရှင်မှ ဒီမိုကရေစီနိုင်ငံသို့ အောင်မြင်စွာကူးပြောင်းနိုင်သည်။ ထို့ကြောင့် လတ်တလောတွင်မှ အာဏာသိမ်းမှုပြန်ဖြစ်သွားသော မာလီနှင့် အခြားနိုင်ငံများကို သင်ခန်းစာယူ၍ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုနောက်ကြောင်းပြန်မလှည့်ရန် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်လိုသည်။

"All Inclusive (အားလုံးပါဝင်ရန်)နီးပါး ဖြစ်သွားတဲ့အခါမှာ အကုန်လုံးက ရင့်ကျက်ဖို့လိုတယ်။ လိမ္မာပါးနပ်ဖို့လိုတယ်။ ဘာကြောင့်လဲဆိုတော့ဒီမိုကရေစီမှာ Dificit ရှိတယ်။ ဒါကို နားလည်လက်ခံဖို့လိုတယ်။ ဒီပုံစံအတိုင်းဆို ကျွန်တော်တို့က ၂၀၁၅ လည်းအိုကေပဲ။ ဒီအတိုင်းပဲသွားမှာပဲ။အစိုးရကလည်းအင်န်အယ်လ်ဒီဝင်လာတာကို လမ်းကြောင်းအကုန်လုံးဖွင့်ပေးတယ်။ ဥပဒေတွေ ပြင်ပေးတယ်။ Free & Fair ဖြစ်အောင်လုပ်ပေးတယ်။ ဒါကြောင့် အဲဒီဟာလေးတစ်ခု သတိပြုကြဖို့လိုတယ်။ လွှတ်တော်ထဲသွားမယ့်လူတွေကော လက်ရှိစတိတ်ဟိုးဒါးတွေကောပေါ့။ ဘက်ခ်ဝှေ့မဝင်အောင် အကုန်လုံးကကြားထဲမှာ နားလည်မှုရှိရှိလုပ်သွားဖို့လိုတယ်။ ကျွန်တော်တို့အားလုံးကတော့ နောက်ပြန်မလှည့်အောင်သွား နေကြတာပဲ။ ဒါ့ကြောင့် ပိုပြီး ရင့်ကျက်ဖို့လိုတယ်"ဟု ထက်ခိုင်ကပြောသည်။

အားလုံးနီးပါး ပါဝင်လာသောလွှတ်တော် ဖြစ်လာသောအခါ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်၏စွမ်းဆောင်မှုက မြန်မာနိုင်ငံ၏အနာဂတ်အတွက်လွန်စွာအရေးပါသည်။ "ဘယ်သူနိုင်နိုင် အင်အားစုတွေအားလုံးလိုက်ပါနိုင်တဲ့ ပေါ်လစီဖြစ်စေချင်တယ်။ အဲဒါမှ ရှေ့ဆက်သွားလို့ဖြစ်တယ်။ ၂၀၁၀ ရွေးကောက်ပွဲမှာ ပြည်ခိုင်ဖြိုးနိုင်တယ်။ သမ္မတဦးသိန်းစိန် ပထမဆုံးမိန့်ခွန်းမှာပဲ တခြားအင်အားစုတွေ လိုက်ပါနိုင်တဲ့ပေါ်လစီတစ်ခုခင်းပြလိုက်တယ်။ အကျိုးဆက်ကတော့အင်န်အယ်လ်ဒီရွေးကောက်ပွဲဝင်ဖြစ်သွားတယ်။ဒါမျိုးဖြစ်စေချင်တယ်" နိုင်ငံရေးလေ့လာသူတစ်ဦးကလည်းပြောသည်။

သို့သော် ငြိမ်းချမ်းရေး နိုဗယ်ဆုအပါအဝင် ကမ္ဘာ့နိုင်ငံများစွာက ဆုတံဆိပ်ပေါင်း ၁၀၀ ကျော်ရရှိထားသော ဒေါ်အောင်ဆန်းစုကြည်က လွှတ်တော်တွင်း အခြေအနေကို ကောင်းစွာသိကြောင်း ဧပြီ ၈ ရက်တွင် သတင်းထောက်များအားပြောကြားခဲ့သော သူမ၏စကားက သက်သေပြနေသည်။

"အန်တီ့ အမြင်မှာတော့ တကယ်ဒီမိုကရေစီ ၁၀၀ ရာခိုင်နှုန်းရတဲ့နိုင်ငံတွေက လွှတ်တော်တွေအတိုင်းတော့ မဟုတ်သေးပေမယ့်လည်း အဲဒီအထဲမှာ ကြိုးစားနေတဲ့ကိုယ်စားလှယ်တွေကိုတွေ့ရလို့ အန်တီတို့အားတက်မိတယ်" ဟု ဒေါ်အောင်ဆန်းစုကြည်က လက်ရှိလွှတ်တော်အခြေအနေနှင့်ပတ်သက်၍ သူမ၏အမြင်ကိုမှတ်ချက်ပေးသွားသည်။

တရားဥပဒေ စိုးမိုးရေး၊ အခြေခံဥပဒေပြင်ဆင်ရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်မည်ဟူသော မူသုံးချက်ဖြင့် လွှတ်တော်အတွင်းသို့ရောက်လာသော ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီချုပ်ကိုယ်စားလှယ်များမှာ အခြေခံ ဥပဒေပြင်ဆင်ရေးအတွက် ရှေ့အလောမကြီးဘဲ အခြေအနေမှန်ကို ပါးနပ်စွာသုံးသပ်ပြီး လုပ်ကိုင်နိုင်ရန်မှာလည်း အရေးကြီးကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အကြံပြုသည်။

"တပ်မတော်သား ၂၅ ရာခိုင်နှုန်းကို မလိုတော့ဘူး ဆိုပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်တာက အကောင်းဆုံးပဲ။ ဒါပေမဲ့ အချိန်မကျသေးဘဲ အဲဒါကိုပြောမယ်၊ လုပ်မယ်ဆိုလို့ရှိရင် တစ်ဖက်နဲ့ တစ်ဖက် အမြင်လွဲပြီးတော့ အတူကြိုးစားလက်တွဲပြီးလုပ်လို့ရတဲ့ကိစ္စတွေ အနှောင့်အယှက်ဖြစ်လိမ့်မယ်။ ပထမဆုံးအရေးကြီးတာက အမျိုးသားရင်ကြားစေ့ရေးပဲ။ လွှတ်တော်ထဲမှာ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ဖို့က ပိုအရေးကြီးတယ်လို့ ထင်တယ်။ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့၊ ပညာရေး မြင့်တင်ဖို့၊ ကျန်းမာရေးမြင့်တင်ဖို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်ပြည်နယ်တွေကို တန်းတူအခွင့်အရေးပေးဖို့စတဲ့ဟာတွေပေါ့။ အဲဒါတွေကို လက်တွဲပူးပေါင်းပြီးအမြန်လုပ်စေချင်တယ်" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းကလည်း အကြံပြုသည်။

ထို့အပြင်အစိုးရကလည်း လွှတ်တော်နှင့် အပြန်အလှန်လေးစားမှုနှင့်ယုံကြည်မှု တည်ဆောက်ပြီး ပူးပေါင်းဆောင်ရွက်ရေးမှာအရေးကြီးသည်။ အစိုးရသစ်တက်လာပြီးတစ်နှစ်အတွင်းတိုင်းပြည်အတွက် အရေးကြီးသောဆုံးဖြတ်ချက်များစွာကိုမှန်ကန်စွာချမှတ်နိုင်ခဲ့သော နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ အခန်းကဏ္ဍမှာလည်း မည်မျှအရေးကြီးသည်ကို ထူး၍ပြောစရာလိုမည်မထင်။ မြန်မာနိုင်ငံ၏သမိုင်းဝင်အလှည့်အပြောင်းတွင် သမ္မတမှာအကောင်းဆုံး သမိုင်းမှတ်တမ်းကိုရေးပြရန် အခွင့်အရေးအပြည့်ရှိနေသည်။

"နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က ဒုတိယမြောက် ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာဖို့ အတွက် အခွင့်အရေးရှိတဲ့ တစ်ဦးတည်းသောပုဂ္ဂိုလ်ပဲ။ ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့ရဲ့အင်အားတွေကို အကျိုးရှိရှိ ပူးပေါင်းအသုံးချနိုင်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့အနာဂတ်က ကောင်းသွားပြီ။ ၂၀၁၅မှာ သမ္မတဖြစ်မယ့် ပုဂ္ဂိုလ်အနေနဲ့က ဒီလိုအခွင့်အရေးမရှိဘူး။ဘာကြောင့်လဲဆိုတော့ဒီကာလက တိုင်းပြည်အတွက် အလှည့်အပြောင်းကာလမို့လို့ပဲ" ဟုနိုင်ငံရေးလေ့လာသူတစ်ဦးကလည်း သူ၏အမြင်ကိုပြောသည်။

ကြားဖြတ်ရွေးကောက်ပွဲကို တရားမျှတလွတ်လပ်စွာ ကျင်းပနိုင်ခဲ့ခြင်းကြောင့် နိုင်ငံရေးလေ့လာသူအားလုံးက ဥရောပ၏ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများမှာ မကြာခင် ဖြေလျှော့သွားတော့မည်ဟု ခန့်မှန်းသည်။

ဥရောပနှင့် အတူ ဂျပန်၊ ဩစတြေးလျ၊ ကနေဒါ၊ နော်ဝေ စသောနိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများ လုံးဝဖယ်ရှားပြီး၊ မြန်မာနိုင်ငံကို အကူအညီများ ပိုမိုပေးနိုင်ကြောင်း တညီတညွတ်တည်း ခန့်မှန်းသည်။ သို့သော် အမေရိကန်နိုင်ငံ၏ အရေးယူပိတ်ဆို့မှုများမှာ ချက်ချင်းလက်ငင်းဖြေလျှော့ပေးမည်မဟုတ်ဘဲ တစ်ဆင့်ချင်းပဲ ဖြေလျှော့သွားမည်ဟု ၎င်းတို့ကဆက်လက်ပြောသည်။

"အားလုံးကကောင်းသွားပြီဆိုပေမယ့် Check and Balance (အပြန်အလှန် ထိန်းကျောင်းမှု) အကန့်အသတ်ရှိတယ်။ အဲဒီအကန့်အသတ်ကို နားလည်ဖို့လိုတယ်။ အုပ်ချုပ်ရေးပိုင်းက လည်း အလားတူပဲပေါ့။ အပြန်အလှန်နားလည်မှုရှိရှိနဲ့လုပ်သွားဖို့လိုတယ်။ ဘက်ခ်ဝှေ့မဝင်တော့ဘူးဆိုရင်တော့အားလုံးကောင်းသွားပြီ။ ၂၀၁၅က Free & Fair တကယ့်စံနမူနာ ဖြစ်သွားမှာ"ဟု နိုင်ငံရေးလေ့လာသူတစ်ဦးကလည်း ပြောသည်။

နေအိမ်အကျယ်ချုပ်ဖြင့် ၁၅ နှစ်ဝန်းကျင်နေထိုင်ခဲ့ရသော ဒေါ်အောင်ဆန်းစုကြည်လွှတ်တော်သို့ရောက်သွားသောအခါ၊ ကြိုတင်မျှော်လင့်ထားသည့်အတိုင်း ပြုပြင်ပြောင်းလဲမှုများပြုလုပ် ရန် လွယ်ကူမည်မဟုတ်ဘဲအချိန်ကုန်နိုင်သည်ဟုဝေဖန်မှုအချို့လည်းနိုင်ငံတကာ မီဒီယာအချို့တွင် တွေ့ရသည်။ ဝေဖန်သူအချို့က ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်အကျယ်ချုပ်ကျမည်ဟုဆိုခြင်းနှင့် ပတ်သက်၍ မှတ်ချက်ကိုမေးမြန်းရာ "ဒီလောက်တောင်မှ နေအိမ်အကျယ်ချုပ်နဲ့ နှစ်ပေါင်းများစွာကျခဲ့ပြီးမှ ဘယ်အကျယ်ချုပ်မှ မကြောက်တော့ဘူး" ဟု ဒေါ်အောင်ဆန်းစုကြည်က ဧပြီ၈ ရက်တွင် ပြောကြားသည်။

ပြည်သူက တစ်ခဲတစ်နက်ထောက်ခံမှုဖြင့် လွှတ်တော်သို့ရောက်ရှိသွားသော ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီချုပ်ကိုယ်စားလှယ်များမှာ ဧပြီ ၂၃ရက်တွင်ပြန်လည်ခေါ်မည့်လွှတ်တော်အစည်းအဝေးများသို့တက်ရန် မြန်မာ့နှစ်ကူး သင်္ကြန်ကာလနှင့် နှစ်သစ်ကူးရုံးပိတ်ရက်များမှာပင်ပြင်ဆင်နေကြပြီဖြစ်၏။

## အချပ်ပို(A)စတည်းချောင်းရေလျှံမှုကြောင့် ကြက်သွန်နီစိုက်ခင်းဧက ၄၀ ကျော် နစ်မြုပ် မှ

မတ်လအတွင်း နွေစပါးစိုက်ခင်းများ စိုက်ပျိုးရေသွင်းချိန်ဖြစ်ပြီး ဘုတလင်မြို့နယ်အတွင်း ရေလှောင်ကန် ၃၂ ကန်အား ရေပေးသွင်းရာမှ စတည်းချောင်းအတွင်း ချောင်းရေများ လျှံကျကာ စိုက်ခင်းများ ရေဝင်ပျက်စီးရခြင်းဖြစ်ကြောင်း ကော်လပြကျေးရွာနှင့် ကျွဲရဲကျေးရွာ ဒေသခံတောင်သူများကပြောသည်။

လွန်ခဲ့သောငါးနှစ်က စတည်းချောင်းရေလျှံမှုကြောင့် မုံရွာမြို့ နယ်အတွင်း ကျွဲရဲကျေးရွာ၊ အိုးဘိုထောင်ကျေးရွာ၊ အလုံကျေးရွာ၊ စစ်ပင်ကျေးရွာ၊ ကော်လပြ ကျေးရွာ စသည့်ကျေးရွာ အုပ်စုငါးစုမှ ဂျုံ၊ ကုလားပဲ၊ နှမ်း၊ ကြက်သွန်စိုက်ဧက ၂,၉၇၉ ဧကအနက် အချို့သော စိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့သည်။ ထို့ကြောင့် သက်ဆိုင်ရာမှ တောင်သူများအား စိုက်ပျိုးစရိတ်နစ်နာမှု လျော်ကြေးရရှိခဲ့ရကြောင်း ဒေသခံတောင်သူများကပြောသည်။ ၂၀၁၁ ခုနှစ် ဧပြီလဆန်းပိုင်းတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုနှင့်အတူ စတည်းချောင်း ရေလျှံကာ စိုက်ခင်းဧက များစွာ ပျက်စီးဆုံးရှုံးခဲ့ပြီး ကြက်သွန်၊ ကုလားပဲ၊ ဂျုံနှင့် နွေစပါးစိုက်ခင်းအချို့ ချောင်းရေနစ်မြုပ် ပျက်စီးခဲ့ကြောင်းသိရှိရသည်။

မုံရွာမြို့နယ် ကော်လပြ၊ ကျွဲရဲ၊ အလုံ၊ စစ်ပင်၊ အိုးဘိုထောင် စသည့်ကျေးရွာအုပ်စုငါးစုဖြတ်သန်းစီးဆင်းသော တိမ်ကောနေသည့် စတည်းချောင်းအား ပြန်လည်ပြုပြင်ရန် တိုင်းတာချက်များအရ ၁၆,၇၇၂ ပေရှိပြီး ချောင်းဘေးဝဲယာ ခြုံနွယ်များ ရှင်းလင်းရန်လိုအပ်ကြောင်းသတင်းရရှိသည်။ ချောင်းရေ ဆည်ရေစီးဆင်းချိန်တွင် တိမ်ကောနေသော စတည်းချောင်းရေလျှံမှုကြောင့် စိုက်ခင်းများ ပျက်စီးဆုံးရှုံးမှု ကြုံတွေ့ခဲ့ရသည့်နောက်ပိုင်း ဒေသခံတောင်သူများ တောင်းဆိုချက်အရ ဒေသဆိုင်ရာတာဝန်ရှိသူများ စတည်းချောင်း ပြန်လည်ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်းသိရှိရသည်။

# အစိုးရသစ်လက်ထက် အများပိုင်ကုမ္ပဏီတစ်ခု ပထမဆုံးအကြိမ်ခွင့်ပြု

ကိုကိုကြီး

ရန်ကုန်၊ ဧပြီ - ၉

**မြန်မာ့စိုက်ပျိုးရေးအခြေခံ စီးပွားရေးကော်ပိုရေးရှင်း (Myanmar Agri-business Public Corporation- MAPCO) တည်ထောင်ခွင့်လျှောက်ထားခြင်းကိုသက်ဆိုင်ရာက ယခုလ၉ရက်တွင်စတင်တည်ထောင်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း အဆိုပါအများပိုင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။**

ထိုသို့ အများပိုင်ကုမ္ပဏီတည်ထောင်ခွင့်ရလိုက်ခြင်းကြောင့် အစိုးရသစ်လက် ထက်တွင်ပထမဆုံးဖွဲ့စည်းဆောင် ရွက်ခွင့်ရသည့်ကုမ္ပဏီတစ်ခုဖြစ်လာသည်။

၎င်းကုမ္ပဏီတွင် ဥက္ကဋ္ဌအဖြစ်ဦးချစ်ခိုင်တာဝန်ယူပြီး ဦးရဲမင်းအောင်က အုပ်ချုပ်မှုဒါရိုက်တာအဖြစ်ပါဝင်ကာ ကျန် အမှုဆောင်ဒါရိုက်တာ၁၅ ဦးတို့က မတည်တည်ထောင်ထားခြင်းဖြစ်သည်။

ကုမ္ပဏီက အစုရှယ်ယာတစ်စုလျှင် ကျပ်ငွေတစ်သောင်းဖြင့် ယခုလကုန်တွင် ရန်ကုန်မြို့၌ ပထမဆုံးရောင်းချမည်ဖြစ်ပြီး တစ်ပတ်အကြာ မန္တလေးမြို့၌ ဆက်လက်ရောင်းချသွားမည် ဖြစ်ကြောင်း ၎င်းကပြောသည်။ လူတစ်ဦးလျှင် ကျပ်သန်းတစ်ထောင်အထိ ရှယ်ယာပမာဏအများဆုံးဝယ်ယူနိုင်ကြောင်း သိရသည်။ လူတစ်ဦးလျှင် ကျပ်သိန်းတစ်ရာပမာဏဝယ်ယူထားပါက ဒါရိုက်တာအဖြစ် ရွေးချယ်ခွင့်ရှိသည်။

ကုမ္ပဏီက ဘီလီယံပေါင်း တစ်ထောင်ရောင်းချနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ ၎င်းကုမ္ပဏီတွင် အဖွဲ့ဝင် ၇၃ ဦးက ကျပ်ငွေ ၄ ဒသမ ၅ဘီလီယံထည့်ဝင်ရန် အဆိုပြုထားကြောင်း သိရသည်။

# ကျန်းမာရေးဝန်ကြီးနှင့်အဖွဲ့ အမေရိကန်ထိပ်တန်းတက္ကသိုလ်သို့ လေ့လာရေးခရီး သွားရောက်

**ကိုကိုကြီး**

**ရန်ကုန်၊ ဧပြီ - ၇**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ဦးဆောင်သောအဖွဲ့ဝင် ၁၀ဦးသည်အမေရိကန်ပြည်ထောင်စုရှိ ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်သည့် John Hopkins တက္ကသိုလ်သို့ ယခုလ ၇ ရက်မှ ၁၄ရက်ထိ လေ့လာရေးခရီးသွားရောက်မည်ဖြစ်ကြောင်း ယင်းခရီးစဉ်တွင် ပါဝင်သူတစ်ဦးဖြစ်သူ မင်္ဂလာမြန်မာဖောင်ဒေးရှင်းမှ ဒေါက်တာဖုန်းဝင်းကပြောသည်။

ယင်းလေ့လာရေး ခရီးစဉ်တွင် ကျန်းမာရေးဝန်ကြီးအပါအဝင်ယင်းဌာနမှ Director General နှစ်ဦး၊ ယင်းတက္ကသိုလ်၌ တက်ရောက်ပညာသင်ကြားခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးတစ်ဦးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တွင် တာဝန်ယူလုပ်ကိုင်နေသူတစ်ဦး၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်၊ သန်လျင်အစိုးရနည်းပညာကောလိပ်မှ ပါမောက္ခချုပ်၊ ရွှေနေချုပ်ရုံးမှညွှန်ကြားရေးမှူးတစ်ဦး၊ သမ္မတအကြံပေးအဖွဲ့မှ ဦးကိုကိုလှိုင်နှင့် ဒေါက်တာဖုန်းဝင်းတို့ ပါဝင်မည်ဖြစ်သည်။

ဝန်ကြီးဦးဆောင်သောအဖွဲ့သည် ယခုလ ၉ ရက်မှ ၁၁ ရက်ထိ ဘော်တီးလ်မိုးမြို့ရှိယင်းတက္ကသိုလ်က ဖွင့်လှစ်ထားသည့် ဆေးတက္ကသိုလ်၊ သူနာပြုကျောင်း၊ ပြည်သူ့ကျန်းမာရေးကျောင်း၊ အင်ဂျင်နီယာကျောင်းတို့တွင် တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများ၊ သက်ဆိုင်ရာဌာနမှ ပါမောက္ခများနှင့် တွေ့ဆုံမှုများ ပြုလုပ်မည်ဖြစ်ကြောင်း၊ ထို့နောက် ဝါရှင်တန်ဒီစီတွင် နှစ်ရက်ကြာ ပြည်သူ့ရေးရာမူဝါဒကျောင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမည်ဟု သတင်းရရှိသည်။

ထို့ပြင် Ford ဖောင်ဒေးရှင်း၊ RockFellera၊ Asia Foundation၊ Blue Moon Foundation၊ Henry Luce Foundation၊ Open Society၊ David & Lucile စသည့် အဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး လက်ရှိမြန်မာနိုင်ငံ၏အခြေအနေကို ရှင်းလင်းပြောကြားမည်ဖြစ်သည်။

"ကျောင်းကြီးတစ်ကျောင်းနဲ့ ပူးပေါင်းလို့ရတယ်ဆိုတော့ Institulization ကို အသားပေး နိုင်တာပေါ့။ ပါမောက္ခတစ်ယောက်လာကူတာနဲ့ တက္ကသိုလ်တစ်ခုက လာကူညီတာ မတူညီဘူးပေါ့။ ဒီတက္ကသိုလ်က ကမ္ဘာပေါ်မှာ ၁ ကနေ ၂၀ အတွင်း ထိပ်တန်းမှာရှိတဲ့ကျောင်း၊ ဒီလို ကျောင်းမျိုးက လာကူမှာဆိုတော့ ဒီဘက်က (မြန်မာနိုင်ငံ) အတွက်တော့ နောက်ဆုံးပေါ် နည်းပညာ၊ စီမံခန့်ခွဲမှုပညာတွေ၊ စနစ်ကောင်းတွေ၊ငွေကြေးပိုင်းပံ့ပိုးမှုတွေ ရလာနိုင်တယ်"ဟု ဒေါက်တာဖုန်းဝင်းကပြောသည်။

ယင်းတက္ကသိုလ်ဥက္ကဋ္ဌကိုယ်တိုင် ကျန်းမာရေးဝန်ကြီး၏ ကုန်ကျစရိတ်ကို တာဝန်ယူပြီး ကျန်အဖွဲ့ဝင်များ ကုန်ကျစရိတ်ကို ယူအက်စ်-ကိုရီးယားအင်စတီးကျူဒ်က တာဝန်ယူကြောင်းသိရသည်။

ထို့အပြင် ပညာရေးဝန်ကြီးဌာနက ကုန်ကျစရိတ်ကို တာဝန်ယူပြီး ယင်းတက္ကသိုလ်မှ ဝိဇ္ဇာနှင့်သိပ္ပံ ဒုတိယကျောင်းအုပ်အပါအဝင် အဖွဲ့ဝင်တစ်ဦးကို မေလ ၁၀ ရက်တွင် မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားထားကြောင်း သိရသည်။

ယင်းတက္ကသိုလ်မှ ဆေးပညာဆိုင်ရာ ပါမောက္ခအချို့သည် မြန်မာနိုင်ငံရှိ ဆေးတက္ကသိုလ်များတွင် သင်ကြားနေသည့် ဆရာ၊ ဆရာမ ၈၀ ခန့်ကို မတ်လ ၂၈ ရက်မှ ၃၀ ရက်ထိ ဆေးပညာဆိုင်ရာ သင်ကြားမှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

## မိုးသက်လေပြင်းကျခြင်း၊ လေပြင်းတိုက်ခြင်း၊ မိုးကြိုးပစ်ခြင်းတို့ကို သတိထားရန်လို

### မြန်မာနိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းတွင် တစ်ပတ်အတွင်း နေ့စဉ်မိုးရွာနိုင်

**အောင်သူရ**

**ရန်ကုန်၊ ဧပြီ - ၉**



ရန်ကုန်တွင် ဧပြီ ၇ရက် မွန်းလွဲပိုင်းက မိုးရွာနေစဉ် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မြန်မာနိုင်ငံအလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင်နောက်တစ်ပတ်အတွင်း နေ့စဉ်လိုလိုမိုးရွာသွန်းမှုဖြစ်နိုင်ကြောင်း မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်ကဧပြီ ၁၉ ရက်နံနက်တွင် ပြောသည်။

မိုးရွာခြင်းနှင့်အတူ မိုးတိမ်တောင်များကြောင့် မိုးထစ်ချုန်းခြင်း (နေရာကွက်၍ မိုးကြီးခြင်း) လေပြင်းတိုက်ခိုက်ခြင်းနှင့် မိုးကြိုးပစ်ခြင်းတို့ဖြစ်ပေါ်နိုင်သဖြင့် သတိထားကြရန် ဦးထွန်းလွင်က သတိပေးပြောကြားသည်။

ပြီးခဲ့သည့်ရက်ပိုင်းကလည်း မိုးတိမ်တောင်များကြောင့် အင်းလေးဒေသ၊ ပြင်ဦးလွင်၊ မန္တလေးနှင့်မုံရွာဒေသတို့တွင် မိုးရွာသွန်းခြင်း၊ မိုးသီးကြွေခြင်းနှင့် အချို့နေရာများ၌ လေပြင်းတိုက်ခတ်ခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး အပျက်အစီးအချို့ရှိခဲ့သည်ဟု သတင်းရရှိသည်။

ထို့ကြောင့် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်အနောက်မြောက်ပိုင်း၊ မန္တလေးတိုင်းမြောက်ပိုင်းတို့တွင် ဧပြီ ၉ ရက်မှ ၁၀ ရက်အထိ မိုးရွာသွန်းနိုင်ခြေမှာ ၅၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းထိရှိပြီး ဧပြီ ၁၁ ရက်နှင့် ၁၂ ရက်များတွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ချင်းပြည်နယ် မြောက်ပိုင်းတို့၌ ရွာရန်ရာခိုင် နှုန်း ၅၀ မှ ၈၀ ထိရှိနိုင်သည်။

"အောက်ပိုင်းဒေသတွေကတော့ဒီတစ်ရက်၊နှစ်ရက်ပဲ သတိထားရမှာ အထက်ပိုင်းနဲ့အလယ်ပိုင်းကတော့ မိုးတိမ်တောင် အန္တရာယ်ကို တစ်ပတ်လုံးသတိထားစေချင်တယ်" ဟု ဦးထွန်းလွင်ကဆိုသည်။

ထို့အပြင် မကြာမီကျရောက်တော့မည့် မိုးကြိုကာလဖြစ်သော ဧပြီ ၁၅ ရက်မှ မေလကုန်အတွင်း မြန်မာနိုင်ငံသို့ နှစ်စဉ်လိုလို မုန်တိုင်းဝင်ရောက်လေ့ရှိသဖြင့် မုန်တိုင်းအန္တရာယ်ကိုသတိထားရတော့မည်ဖြစ်သည်။

## ပြည်ပရောက် မြန်မာလုပ်သားများကို ကားတင်သွင်းခွင့်ပါမစ်ချပေး

**အေးမြတ်သူ**

**ရန်ကုန်၊ ဧပြီ - ၉**

ပြည်ပတွင် သွားရောက် အလုပ်လုပ်ကိုင်သူများမှ ကားတင်သွင်းခွင့်လျှောက်ထားကြသူများအနက် ကားတင်သွင်းခွင့်ပါမစ် ၂,၃၅၂စောင်ထိခွင့်ပြုချက်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

ပထမဆုံး ၃၁ဦးအား ခွင့်ပြုပေးခဲ့ပြီးနောက် လျှောက်လွှာနံပါတ် ၃၂မှစ၍ တစ်ရက်လျှင် စောင်ရေသုံးရာနှုန်းဖြင့် ထုတ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ အဆိုပါ ကားတင်သွင်းခွင့်ရှိသူများအနေဖြင့် နိုင်ငံခြားဘဏ်ငွေစာရင်း၌ ဒေါ်လာတစ်သောင်းနှင့်အထက်ရှိသူများသာ ထုတ်ပေးခြင်းဖြစ်သည်။

"ဧပြီ ၆ ရက်ကတည်းက တစ်နေ့ကို ဦးရေ ၃၀၀ နှုန်းနဲ့ ထုတ်ပေးနေတာ။ အခုဟာကလျှောက်လွှာနံပါတ် ၃၂ ကနေ ၂၃၅၂ထိပဲ ထုတ်ပေးသွားမှာဖြစ်တယ်။ ကျန်တဲ့ ၂၃၅၂နောက်ပိုင်းမှ ၃၀၀၀အထိ လျှောက်လွှာတွေကို ဆက်လက်၍ခွင့်ပြုပေးသွားမှာဖြစ်ပါတယ်"ဟု အလုပ်သမားဝန်ကြီးဌာန အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

## ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း တည်ထောင်မည်

**အောင်သူရ**

**ရန်ကုန်၊ ဧပြီ - ၉**

ဒေါ်အောင်ဆန်းစုကြည်က သူမ၏မိခင်အမည်ဖြစ်သောဒေါ်ခင်ကြည်အမည်နှင့် ဖောင်ဒေးရှင်းတစ်ခုကို ဧပြီ ၁၆ ရက်တွင်ကျရောက်မည့်ဒေါ်ခင်ကြည်နှစ်(၁၀၀)ပြည့်၌တည်ထောင်ကာ လူထုအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်သွားမည်ဟု အင်န်အယ်လ်ဒီမှ ပြောခွင့်ရှိသူဦးဉာဏ်ဝင်းကပြောသည်။

အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲပြုလုပ်သောဧပြီ၇ရက်တွင်ဒေါ်အောင်ဆန်းစုကြည်က ဒေါ်ခင်ကြည်အမည်နှင့် ဖောင်ဒေးရှင်းထူထောင်မည်ဟုပြောကြောင်း အဆိုပါအစည်းအဝေးသို့တက်ရောက်ခဲ့သူ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ အ နိုင်ရရှိခဲ့သူ ဒေါ်စန္ဒာမင်းက ပြောသည်။

"အခုတောင် ကျပ်သိန်းတစ်ရာနဲ့စနေပြီ" ဟုမင်္ဂလာတောင်ညွန့်မြို့နယ်တွင် အနိုင်ရရှိခဲ့သောပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်းကဆိုသည်။

ကူညီရေးအစီအစဉ်များကို ကော့မှူးမြို့နယ်မှ စတင်မည်ဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာအထိ လတ်တလောလိုအပ်ချက်များအား တတ်နိုင်သမျှကူညီသွားမည်ဟု လှည်းကူးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်းကပြောသည်။

ဒေါ်အောင်ဆန်းစုကြည်၏မိခင် ဒေါ်ခင်ကြည်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ၁၉၄၂ ခုနှစ်စက်တင်ဘာ ၆ ရက်တွင် လက်ထပ်ခဲ့ပြီး ၁၉၆၀တွင် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်ခန့်အပ်ခံရကာ ၁၉၈၈ ဒီဇင်ဘာ ၂၇ရက်တွင် ကွယ်လွန်ခဲ့သည်။

## ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီချုပ်ကိုယ်စားလှယ်များကို ဧပြီ ၂၃ လွှတ်တော်စတက်ရန် အကြောင်းကြား

**အောင်သူရ**

**ရန်ကုန်၊ ဧပြီ - ၉**

ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့မှ ကြားဖြတ်ရွေးကောက်ပွဲတွင်အနိုင်ရကိုယ်စားလှယ်များအား ဧပြီ ၂၃ ရက်တွင် လွှတ်တော်တက်ရန်သက်ဆိုင်ရာက ဧပြီလ ၉ ရက်တွင်အကြောင်းကြားလာကြောင်း အဆိုပါ ပါတီမှပြောရေးဆိုခွင့်ရှိသူဦးဉာဏ်ဝင်းက ပြောသည်။

"တနင်္လာနေ့အရောက်သွားပြီသတင်းပို့ရမယ်။ ၂၃ ရက်မှ စပြီးလွှတ်တော်တက်ရမယ်" ဟု ဇမ္ဗူသီရိမြို့နယ်မှ အနိုင်ရရှိခဲ့သူ မစန္ဒာမင်းက ရှင်းပြသည်။

သို့သော် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်းများကိုမူ အကြောင်းမကြားသေးကြောင်းပဲခူးတိုင်းဒေသကြီးကဝမြို့နယ်မှ အနိုင်ရရှိခဲ့သူ ဦးမျိုးခိုင်ကပြောသည်။

လက်ရှိရပ်ဆိုင်းထားသောတတိယအကြိမ်လွှတ်တော်အစည်းအဝေးများအား ဧပြီ ၂၃ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ပြီး ထိုအစည်းအဝေးတွင် ကြားဖြတ်ရွေးကောက်ပွဲ အနိုင်ရကိုယ်စားလှယ်များ တက်ရောက်ရမည်ဖြစ်သည်။

ထို့ကြောင့်ရွေးကောက်ပွဲပြီးနောက် အမြန်ဆုံးလွှတ်တော်တက်နိုင်ရန်အတွက် ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သောကိုယ်စားလှယ်များ၏ ရွေးကောက်ပွဲအသုံးစရိတ်အား ရှင်းလင်းထားရန် ပါတီက ညွှန်ကြားထားခဲ့သည်။

"အစ်မကတော့ရှင်းပြီးသွားပြီ။ သိန်းငါးဆယ်ကျော်လောက်ပဲကုန်ပါတယ်" ဟုဒေါ်စန္ဒာမင်းက ပြောသည်။

ရွေးကောက်ပွဲ ဥပဒေအရ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များသည် ရက်ပေါင်း ၆၀ အတွင်းရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးစရိတ်အား ရှင်းလင်းရပြီးကျပ်သိန်းတစ်ရာကျော်ထက်မကျော်စေရဟု သတ်မှတ်ထားသည်။

အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်သည် ကြားဖြတ်ရွေးကောက်ပွဲတွင် ၄၄ နေရာဝင်ပြိုင်ခဲ့ပြီးအမျိုးသားလွှတ်တော်နှင့်ပြည်သူ့လွှတ်တော်ပေါင်း ၂၁ နေရာနှင့် တိုင်းဒေသကြီးလွှတ်တော် ၂ နေရာအ နိုင်ရရှိခဲ့သည်။

7 ရက် သတင်းဂျာနယ် 7 DAY NEWS JOURNAL
Vol.11, No.6 • APRIL 12 , 2012

# မန္တလေးသင်္ကြန်မဏ္ဍပ်များ ယာယီရေလောင်းအိမ်သာထည့်သွင်းတည်ဆောက်ရမည်

**စိုင်းသာအောင်**

**မန္တလေး၊ ဧပြီ - ၇**



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

မန္တလေးမြို့ မဟာသင်္ကြန်ပွဲတော် ရေကစားကြမည့်မဏ္ဍပ်များ၊အလှပြဖျော်ဖြေမည့်မဏ္ဍပ်များ အားလုံး၌ ယာယီအိမ်သာ ထည့်သွင်းဆောက်လုပ်ရမည်ဖြစ်ကြောင်း မဟာသင်္ကြန်ပွဲတော်များ မဏ္ဍပ်များ ဆောက်လုပ်ကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၎င်းက ဆက်လက်၍ "မန္တလေးသင်္ကြန်မဏ္ဍပ်တွေဟာ ကျုံးဘေးမှာ တည်ဆောက်ကြတာများပါတယ်။ အရင်က မကောင်းတဲ့ရေဆိုးတွေကို တချို့မဏ္ဍပ်တွေက ကျုံးထဲစွန့်ပစ်ကြတယ်။ ဒါဟာ မကောင်းပါဘူး။ စစ်ဆေးတွေ့ရင် ပြင်းပြင်းထန်ထန်အရေးယူပါမယ်။ ဒါကြောင့် ဒီနှစ် ကျွန်တော်တို့ မဏ္ဍပ်တိုင်းမှာ ယာယီအိမ်သာ ဆောက်ရမယ်လို့မတ် ၂၈ ရက်က ရေကစားမဏ္ဍပ်နဲ့ အလှပြမဏ္ဍပ် ပိုင်ရှင် တာဝန်ခံများကို တွေ့ဆုံပြီး မှာကြားပြီးဖြစ်ပါတယ်။ ယာယီအိမ်သာကို အနည်းဆုံး ဂါလန် ၄၀၀ ဆံ့သံကန်ဒါမှမဟုတ်ပလတ်စတစ်ကန်နဲ့ တည်ဆောက်ရပါမယ်။ (လိုအပ်ရင် မိလ္လာကားစုပ်နိုင်ဖို့ မဏ္ဍပ်ဘေးမှာ ရှိရပါမယ်၊ စုပ်ယူနိုင်ရင် တစ်ပေပတ်လည်အပေါက်ရှိရပါမယ်)။ အနံ့ထွက်ခြင်း၊ ရေစိမ့်ထွက်ခြင်းမဖြစ်စေဖို့ဆောင်ရွက်ထားရပါမယ်။ ရေလောင်းအိမ်သာဖြစ်ရမယ်ဆိုတာတွေညွှန်ကြားထားပြီး ယာယီရေလောင်းအိမ်သာကို ဧပြီ ၉ ရက်မှာ အပြီးသတ် ဆောက်လုပ်ရပါမယ်" ဟု ထပ်မံရှင်းလင်းပြောကြားသည်။

# မန္တလေးတွင် ထော်လာဂျီဖြင့် ရေကစားခြင်း တားမြစ်

**စိုင်းသာအောင်**

**မန္တလေး၊ ဧပြီ - ၇**

မန္တလေးမြို့ မဟာသင်္ကြန်ပွဲတော် ကာလအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ယာဉ်မောင်း သူများလိုက်နာရန်စည်းကမ်းချက်များထုတ်ပြန်ပြီး ထော်လာဂျီယာဉ်ဖြင့် ရေကစားခြင်းလုံးဝမပြုလုပ်ရန် လမ်းညွှန်ထားကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက "နှစ်စဉ် သင်္ကြန်ပွဲတော်မှာ ယာဉ်တိုက်မှုတွေ၊ ယာဉ်တိမ်းမှောက်မှုတွေက ထော်လာဂျီယာဉ်က အများဆုံးပါ။ ရွာတွေ၊ နယ်တွေက မန္တလေးမြို့ကိုလာကြပြီး ထော်လာဂျီယာဉ်တိုက်မှု ဖြစ်ရပ်အများဆုံးဖြစ်ကြပါတယ်။ ဒါကြောင့် သင်္ကြန်ပွဲတော်ရက်အတွင်းမှာ ထော်လာဂျီယာဉ်နဲ့ ရေကစားခွင့်လုံးဝ(လုံးဝ) မပြုရပါဘူး" ဟု ပြောသည်။

၎င်းအပြင် ယာဉ်များအားလုံး နံပါတ်ပြားမပါရှိဘဲ မမောင်းရ၊ မော်တော်ယာဉ်၌ နိုင်ငံခြားအလံနှင့်တံဆိပ်များ တပ်ဆင်မောင်းနှင်ခြင်းမပြုရ၊ မော်တော်ယာဉ်၌ ညစ်ညမ်းသော စာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံရေးသားချိတ်ဆွဲ၍ မောင်းနှင်ခြင်းမပြုရ၊ မူးယစ်သောက်စား၍ ယာဉ်မမောင်းရ၊ ပြိုင်မမောင်းရဆို၍ ကြေညာချက်များ ထုတ်ပြန်ထားကြောင်း ၎င်းကထပ်မံပြောသည်။

# မန္တလေး မြို့မတူရိယာအသင်း သင်္ကြန်ပွဲတော်တွင် ငါးရက်ကြာ ဖျော်ဖြေမည်

**စိုင်းသာအောင်**

**မန္တလေး၊ ဧပြီ - ၆**

မန္တလေးမြို့ ဂုဏ်ဆောင်မြို့မတူရိယာအသင်းက ယခုနှစ် မန္တလေး မဟာသင်္ကြန်ပွဲတော်တွင် နှစ်စဉ်နှစ်တိုင်းကဲ့သို့ မန္တလေးမြို့လူထုအားမန္တလေးမြို့မသင်္ကြန်တေးသီချင်းများနှင့်အတူ လှည့်လည်ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဧပြီ ၁၃ရက် (သင်္ကြန်အကြိုနေ့)တွင် မန္တလေးမဟာမုနိဘုရားကြီးအား မြို့မတူရိယာအသင်းကြီး သွားရောက်ဦးခိုက်ပူဇော်ပြီး အပြန်လမ်းကြောင်းတစ်လျှောက် မြို့လူထုအား သင်္ကြန်သီချင်းများဖြင့် ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်သည်။ ထို့နောက် သင်္ကြန်အကြိုနေ့ မန္တလေးမြို့တော်ဝန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲသို့ သွားရောက်ပြီး၊ ဗဟိုမဏ္ဍပ်ရှေ့ရှိ ခရိုင်အဆင့်အလှပြယာဉ်များအား ဦးဆောင်ကာ မြို့ခံလူထုကို မြူမှုန်ဝေကင်းဖြင့် အစချီသော အေးတဲ့ရေ သင်္ကြန်အဖွင့်တေးသီချင်းဖြင့် မြို့မဌေးဝန်းကြီးက အတောင်ပံခတ်ကာ မြို့နေလူထုအား မြူးမြူးကြွကြွ ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ် မြို့မတေးဂီတအဖွဲ့သည်သင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ မန္တလေးမြို့လူထုအပြင် သီးခြားဖိတ်ကြားထားသော ရပ်ကွက်များ၊ အဖွဲ့အစည်းများ၊ လူနေအိမ်များကိုပါ မိုးလင်းပေါက် ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ကြောင်း မြို့မတူရိယာအသင်းမှ ဦးသန့်ဇော်ကပြောသည်။

လွန်ခဲ့သောနှစ်ပေါင်း ၄၀ ခန့်က နာမည်ကျော် ရုပ်ရှင်မင်းသား ဝင်းဦးသည် မြို့မတေးဂီတနှင့်မန္တလေးသင်္ကြန်တွင် နှစ်စဉ်ဧည့်ခံဖျော်ဖြေခဲ့ရာမန္တလေးသင်္ကြန်တွင်ဝင်းဦးနှင့်မြို့မခွဲခြားမရဖြစ်ခဲ့သည်။ ဝင်းဦး ကွယ်လွန်ပြီးနောက် ရုပ်ရှင်မင်းသားသုမောင်နှင့် သားဖြစ်သူဖိုးသောကြာတို့မြို့မနှင့်လာရောက်တွဲဖက်၍ မန္တလေးမြို့လူထုအား ဧည့်ခံခဲ့ကြသည်။

# မုံရွာ သင်္ကြန်ပွဲတော်တွင် သံချပ်ပြိုင်ပွဲ ခွင့်မပြုသေး

**မျိုးမင်းဦး**

**မုံရွာ၊ ဧပြီ - ၅**

စစ်ကိုင်းတိုင်းဒေသကြီး မဟာသင်္ကြန်ပွဲတော်အား မုံရွာမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မြို့နယ်အဆင့်နှင့် ရပ်ကွက်အဆင့် အလှပြယာဉ်များအနေဖြင့် တေးသီချင်းပြိုင်ပွဲ၊ ယာဉ်အလှပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသော်လည်း မြန်မာ့ရိုးရာ မဟာသင်္ကြန် သံချပ်ပြိုင်ပွဲယှဉ်ပြိုင်မည့် အလှပြယာဉ် တစ်ဖွဲ့မှမရှိသေးကြောင်း မုံရွာမြို့ သင်္ကြန်ပွဲတော်တွင် ယာဉ်အလှပြိုင်ပွဲပါဝင်ယှဉ်ပြိုင်မည့်သူများ၏ ပြောကြားချက်အရသိရှိရသည်။

"မုံရွာမြို့ပေါ်မှာ အက၊ အလှ၊ မဏ္ဍပ်အလှ ယှဉ်ပြိုင်မယ့် မဏ္ဍပ်တွေစဆောက်နေပြီ။ အရင်နှစ်တွေတုန်းက ယာဉ်အလှပြ၊ ယာဉ်တေးသီချင်းပြိုင်ပွဲ ဆုပေးမဏ္ဍပ်ကိုစစ်ကိုင်းတိုင်းဒေသကြီး မဟာသင်္ကြန် ဗဟိုမဏ္ဍပ်တစ်ခုတည်းပဲ ဆုချီးမြှင့်ခဲ့တာ။ ဒီနှစ်တော့ ဗဟိုမဏ္ဍပ်သာမက ဝန်ကြီးဌာနအလိုက် မဟာသင်္ကြန်မဏ္ဍပ်တွေမှာလည်း ဆုချီးမြှင့်သွားဖို့ စီစဉ်နေတယ်။ ယာဉ်အလှပြနဲ့ ယာဉ်တေးသီချင်းပြိုင်ပွဲပဲ ကျင်းပပြီး သံချပ်ပြိုင်ပွဲတော့ လောလောဆယ် ခွင့်မပြုသေးဘူး။ နောင်နှစ်တွေမှာ သံချပ်ပြိုင်ပွဲ ခွင့်ပြုသွားမယ်လို့ပြောတယ်။ မြို့နယ်အလိုက် ယာဉ်အလှ ယှဉ်ပြိုင်တဲ့ ယာဉ်ခြောက်စီးရှိပြီး ရပ်ကွက်အလိုက် အလှပြယာဉ်လေးစီးတော့ စာရင်းပေးထားတယ်။ နောက်ထပ် အလှပြယာဉ်တွေလည်း ယှဉ်ပြိုင်ဖို့စီစဉ်နေတဲ့ အဖွဲ့တွေရှိတယ်" ဟု မုံရွာမြို့နယ် မဟာသင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"မုံရွာမှာ သံချပ်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်မရှိတာ ၁၉၉၀ နောက်ပိုင်းက စခဲ့တာပါ။ မုံရွာမှာ အရင်တုန်းက သံချပ်ပြိုင်ပွဲမှာ ထင်ရှားခဲ့တဲ့ သစ္စာနီသံချပ်အဖွဲ့၊ ပေါက်ကျိုင်းတေး သရုပ်ဖော်နှင့် သံချပ်အဖွဲ့၊ နော်ချင်းထပ်၍ နွဲ့တတ်သူ အမျိုးသားရေသဘင်၊ ငုဝါအမျိုးသားရေသဘင်၊ ရွှေစွန်ညို အမျိုးသားရေသဘင်စတဲ့ အလှပြယာဉ်တွေပါ။ အခုနောက်ပိုင်း မြန်မာ့ရိုးရာသင်္ကြန်သံချပ်ထိုးတာ အပြုသဘောဆောင်တဲ့ အတွက် အချို့လောကသားတွေ ထိခိုက် နစ်နာတဲ့အတွက်သံချပ်ကို ခွင့်မပြုတာထက်အပြုသဘော ဆောင်တဲ့သံချပ်တွေ ခွင့်ပြုပေးမယ်ဆိုရင် ပြုပြင်သင့်တာ ပြုပြင်ကြမယ်ဆိုရင် ဒေသအတွက် အကျိုးပိုရှိပါတယ်" ဟု မုံရွာမြို့ ဒေသခံတေးသီချင်းရေးစပ်သူတစ်ဦးက ပြောသည်။

မုံရွာမြို့တွင် စစ်ကိုင်းတိုင်းဒေသကြီးမဟာသင်္ကြန်ကျင်းပရေးကော်မတီဗဟိုမဏ္ဍပ်၊အနောက်မြောက်တိုင်း စစ်ဌာနချုပ် မဟာသင်္ကြန်မဏ္ဍပ်၊ ပြည်ထဲရေးမဟာသင်္ကြန်မဏ္ဍပ်၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးအဖွဲ့မဟာသင်္ကြန် မဏ္ဍပ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မဟာသင်္ကြန်မဏ္ဍပ်၊ ရတနာသစ်မဟာ သင်္ကြန်မဏ္ဍပ်၊ စွမ်းအင်၊သတ္တုစက်မှုမဟာသင်္ကြန်မဏ္ဍပ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန မဟာသင်္ကြန်မဏ္ဍပ်၊ အခွန်ဘဏ္ဍာ၊ လူမှု၊ ပညာရေးဝန်ကြီးဌာန မဟာသင်္ကြန်မဏ္ဍပ် စသည်ဖြင့်မဏ္ဍပ်အလှ၊မဏ္ဍပ်အကဖျော်ဖြေမည့်မဏ္ဍပ်ကိုးခုရှိပြီး ရပ်ကွက်အလိုက် ရေကစားမဏ္ဍပ် ၂၀ ခန့်ရှိကြောင်း သိရှိရသည်။

ယာဉ်အလှပြ ယှဉ်ပြိုင်မည့် မြို့နယ် အဆင့်တွင် စစ်ကိုင်းမြို့နယ်၊ မုံရွာမြို့နယ်၊ ရွှေဘိုမြို့နယ်၊ မြင်းမူမြို့နယ်၊ ချောင်းဦးမြို့နယ်၊ ရေဦးမြို့နယ်စသည့်မြို့နယ်အလိုက် လာရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ မုံရွာမြို့ပေါ် ရပ်ကွက်အလိုက်ယာဉ်အလှပြပြိုင်ပွဲတွင် ရတနာပုံရပ်ကွက်မှ လွမ်းမောရွှေ အလှပြယာဉ်၊ မြို့သစ်ရပ်ကွက်မှရွှေဦး အလင်္ကာအလှပြယာဉ်၊ ဒေါနဖြုံ ရပ်ကွက်မှ မဖွို့မရင်ခွင်အလှပြယာဉ်၊ စက်မှုဇုန်ရပ်ကွက်မှ ရွှေရည်ပိတောက်စသည့် အလှပြယာဉ်များ မဟာသင်္ကြန်တွင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အချို့ရပ်ကွက်များမှ အလှပြယာဉ်များ ပါဝင်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၀ပြည့်နှစ်အထိမုံရွာမြို့ပေါ်တွင် ကုမ္ပဏီလုပ်ငန်းရှင်များ ဦးစီးကျင်းပသည့် အနုပညာရှင်များ ဖျော်ဖြေသော ရေကစားမဏ္ဍပ်များရှိခဲ့ပြီး ၂၀၁၁ နောက်ပိုင်းအနုပညာရှင်များ လာရောက်ဖျော်ဖြေသည့် ရေကစားမဏ္ဍပ်များ လျော့နည်းစပြုလာကြောင်း သိရသည်။

# ကျုံးရေသုံးစွဲခွင့် လျှော့ထားရမည်

**စိုင်းသာအောင်**

**မန္တလေး၊ ဧပြီ - ၅**

မန္တလေးမြို့ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ကျုံးဘေးပတ်လည်နှင့် မြို့တွင်းတို့တွင် ရေစုပ်စက်ဖြင့် ကျုံးရေသုံးစွဲ၍ ရေပက်ကစားခြင်းများအတွက် ကျပ်ငါးသောင်းပေးသွင်းရမည်ဖြစ်ပြီး ကျုံးရေသုံးစွဲခွင့်ကို မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီရေနှင့်သန့်ရှင်းမှုဌာနသို့ လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)